ဆုပြည့်စုံထွန်းစာပေ

ဗုဒ္ဓဂေါတမ၏ အနန္တစကြဝဠာ နှင့် သိပ္ပံ၏ အနန္တစကြဝဠာ အမြင်များ

တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)

ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂ (၂-ခ) ပထမထပ်၊
ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃။

ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး	ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး	ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး	ဒို့အရေး

ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


ဆုပြည့်စုံထွန်းစာပေ
ဗုဒ္ဓဂေါတမ၏ အနန္တစကြဝဠာ နှင့်
သိပ္ပံ၏ အနန္တစကြဝဠာ အမြင်များ
တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)
2012.GRAPHIC DESIGN : KYAW MINN MOUNG

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ်
၆၀၀၃၆၉၀၅၁၂

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၆၀၀၃၈၉၀၅၁၂

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဆုပြည့်စုံထွန်းစာပေ
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ)

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်
ဦးကျော်ယဉ် (၀၇၈၄၃) ဖမ္မူမော်ပုံနှိပ်တိုက်

ထုတ်ဝေသူ
မခင်မာရွှေ (၀၃၉၀၅) (မြဲ)၊ ဆုပြည့်စုံထွန်းစာပေ
အမှတ် - ၅၀၈/၅၁၂ (၂ - ခ)၊ ပထမထပ်၊
ကုန်သည်လမ်း (ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၈၃၆၆၄၊ ၃၈၆၈၃၃

အတွင်းဖလင်	-	Eagle
စာအုပ်ချုပ်	-	တင်မေထွန်း
ကွန်ပျူတာစာစီ	-	မော်မော်
မျက်နှာဖုံးဒီဇိုင်း	-	ဒီဇိုင်းကျော်မင်းမောင်
အုပ်ရေ	-	၅၀၀
တန်ဖိုး	-	၂၅၀၀ ကျပ်

၂၉၄.၃
သျှင်သီရိ၊ တက္ကသိုလ်၊ မဟာစရိယ ဘီအေ
(၁) ဗုဒ္ဓဂေါတမ၏ အနန္တစကြဝဠာနှင့် သိပ္ပံ၏ အနန္တစကြဝဠာအမြင်များ/
တက္ကသိုလ်သျှင်သီရိ၊ မဟာစရိယ ဘီအေ။ - ရန်ကုန်၊
ဆုပြည့်စုံထွန်းစာပေ၊ ပထမအကြိမ်၊ ၂၀၁၂၊ အောက်တိုဘာလ
၂၀၀ - စာ၊ 15.25 x 25.5 စင်တီ။
(၁) ဗုဒ္ဓဂေါတမ၏ အနန္တစကြဝဠာနှင့် သိပ္ပံ၏ အနန္တစကြဝဠာအမြင်များ

မကြံစည်အပ်ရာ ဌာန်လေးဖြာ

ဗုဒ္ဓ ဝိသယော အစိန္တေယျော
ဗုဒ္ဓါနံ ဘိက္ခဝေ ဗုဒ္ဓဝိသယော အစိန္တေယျော
နစိန္တေတဗ္ဗော ယံ စိန္တေန္တော ဥမ္မာဒဿ အဘာဂိဿ၊
"ရဟန်းတို့ ... ဗုဒ္ဓသာလျှင် သိအပ်သောအရာကို မကြံစည်အပ်၊
မကြံအပ်၊ ကြံသောသူသည် ရူးသွပ်ခြင်း ဆင်းရဲခြင်းသာ ရှိမည်။

ဈာနဝိသယော အစိန္တေယျော
ဈာနယိဿ ဘိက္ခဝေ ဈာနဝိသယော အစိန္တေယျော
နစိန္တေတဗ္ဗော ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ အဘာဂိဿ၊
"ရဟန်းတို့ ... ဈာန်အဘိညာဉ်အရာကို မကြံစည်အပ်၊
ကြံစည်သောသူသည် ရူးသွပ်ခြင်း ဆင်းရဲခြင်းသာရှိမည်။

ကမ္မဝိပါကော အစိန္တေယျော
ကမ္မဝိပါကော ဘိက္ခဝေ အစိန္တေယျော
နစိန္တေတဗ္ဗော ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ အဘာဂိဿ၊
ရဟန်းတို့ ... ကံ၏အကျိုးပေးခြင်းကို မကြံစည်အပ်၊
ကြံစည်သောသူသည် ရူးသွပ်ခြင်း ဆင်းရဲခြင်းသာရှိမည်။

လောကစိန္တာ အစိန္တေယျာ

လောကစိန္တေန္တော ဘိက္ခဝေ အစိန္တေယျာ နစိန္တေတဗ္ဗော

ယံ စိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ ဘာဂီအဿ

"ရဟန်းတို့ ... လ၊ နေ စသော လောက(စကြာဝဠာ)၏တည်ခြင်းကို

မကြံစည်အပ်၊ ကြံသောသူသည် ရူးသွပ်ဆင်းရဲခြင်းသာရှိမည်။

ပုဗ္ဗမတဂ္ဂေ ယံဘိက္ခဝေ သံသရာ

ပုဗ္ဗကောတိ နပညာယတိ

"ရဟန်းတို့ သံသရာ အစကိုရှာမရ အဆုံးမရှိ"

မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
	အမှာစာ...	၁၀
	အခန်း(၁)	
၁။	**ဗုဒ္ဓအမြင်အနန္တစကြဝဠာ**	
	- အနန္တစကြဝဠာ၏ တည်ရှိရာ	၁၄
	- စကြဝဠာဖြစ်တည်ရှိနေမှု	၁၅
	- စကြဝဠာ၏ အဆုံးအစကိုရှာဖွေခဲ့သူ	၁၆
	- ကမ္ဘာမြေကြီး၏သဘာဝ	၁၇
	- ဗုဒ္ဓဂေါတမ၏စကြဝဠာ(ကမ္ဘာ) အမြင်	၁၉
	- စကြဝဠာ(ကမ္ဘာ)ဆိုသည်မှာ	၂၀
	- စကြဝဠာ(ကမ္ဘာ)တည်ဆောက်ထားပုံ	၂၀
	- ဓာတ်ကြီးလေးပါးနှင့် စကြဝဠာသဘာဝ	၂၂
	- ဓာတ်ကြီးလေးပါး၏သဘာဝ	၂၃
	- ကပ်ကမ္ဘာ(၄)မျိုး	၃၀
	- ကမ္ဘာပျက်တော့မည်ကို လောကဗျူဟာနတ်များက သတိပေးခြင်း	၃၃
	- တေဇော(မီး)ကြောင့် စကြဝဠာ(ကမ္ဘာကြီး)ပျက်စီးပုံ (သံဝဋ္ဋကပ်)	၃၄
	- ရေဖျက်သောကမ္ဘာ	၃၅
	- လေဖျက်သောကမ္ဘာ	၃၆
	- ကမ္ဘာပျက်အတိုင်းရှိနေသောကာလ(သံဝဋ္ဋဋ္ဌာယီကပ်)	၃၇
	- ကမ္ဘာမြေပြန်လည်တည်ရှိခြင်း(ဝိဝဋ္ဋကပ်)	၃၇
	- စကြဝဠာတောင်မြင်းမိုရ်တောင် စသည် ဖြစ်ပေါ်လာခြင်း	၃၉
	- တောင်စဉ်(၇)တန်း၊ သမုဒ္ဒရာတို့ ဖြစ်ပေါ်လာခြင်းနှင့်ပမာဏ	၃၉
	- ကျွန်းကြီးလေးကျွန်းဖြစ်ပေါ်လာခြင်း	၄၀
	- ဗုဒ္ဓအဘိဓမ္မာလာ(၃၁)ဘုံ တည်ရှိမှုသဘာဝ	၄၄
	- ပြဟ္မာဘုံ(၂၀)	၅၄

- မြင်းမိုရ်တောင် အယူအဆနှင့်သဘာဝ ၆၀
- မြင်းမိုရ်တောင်နှင့်နေ - လ ဂြိုဟ်တို့သွားလာမှုသဘာဝ ၆၄
- သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်အယူအဆနှင့်သဘာဝ ၆၈
- လေးကျွန်းတစ်မြင်းမိုရ်ယူဆမှုသဘာဝ ၇၀
- လ, နေ သွားလာမှုနှင့် လူသားတို့၏ကံကြမ္မာ ၇၇

အခန်း(၂)

၃။ **ထိပ္ပံအမြင်အနန္တစကြဝဠာ**
- စကြဝဠာ(ကမ္ဘာ)ဖြစ်ပေါ်လာမှု ၈၁
- သိပ္ပံအလိုအရ စကြဝဠာ(၃)မျိုး ၈၃
- စကြဝဠာပုံအမျိုးမျိုး ၈၅
- မဟာစကြဝဠာတို့၏ အရွယ်အစား ၈၆
- လူသားတို့၏မဟာစကြဝဠာ ၈၆
- ပြန့်ကားလျက်ရှိသော စကြဝဠာ ၈၈
- စကြဝဠာကြီးပျက်စီးပုံ ၉၀
- တည်ငြိမ်သောစကြဝဠာ ၉၁
- နေစကြဝဠာနှင့်ကမ္ဘာကြီးစတင်ဖြစ်ပေါ်လာပုံ ၉၃
- ကမ္ဘာနှင့်တကွ နေစကြဝဠာပျက်စီးပုံ ၉၉
- သိပ္ပံအမြင်နေမင်း၏ သဘာဝတရားများ ၁၀၀
- နေစကြဝဠာနှင့် ဂြိုဟ်များဖွဲ့စည်းထားမှုသဘာဝ ၁၀၄
- နေစကြဝဠာအတွင်းမှ ဂြိုဟ်ကြီး(၉)လုံး ၁၀၉
- ထပ်မံရှာဖွေတွေ့ရှိသော ဂြိုဟ်သိမ်များ ၁၂၆
- အခြားဂြိုဟ်များ ၁၂၉
- စကြဝဠာအတွင်းရှိ ရုပ်ဒြပ်များ ၁၂၉
- နဂါးငွေ့တန်း ၁၃၀
- စကြဝဠာကြီးဖြစ်ပေါ်လိုက် - ပျက်စီးလိုက်သဘာဝ ၁၃၅
- စကြဝဠာသိပ္ပံပညာရှင်အမြင်နှင့် ဗုဒ္ဓဝါဒဖြင့် ဝေဖန်စိစစ်ချက် ၁၃၇

အခန်း(၃)

၄။ **ရှေးဟောင်းနက္ခတ္တဗေဒပညာရှင်များ၏ စကြဝဠာ(ကမ္ဘာ)အယူအဆများ**

- ရှေးနက္ခတ္တပညာရှင်များ၏ဂြိုဟ်များအပေါ် အမြင်သဘာဝ ၁၄၃
- ဆန်းသစ်မှုရှိလာသော နက္ခတ္တပညာရှင်များ ပေါ်လာမှု ၁၄၆
- ဗေဒင် - ၁၂ - ရာသီခွင် တည်ရှိသည့်သဘာဝ ၁၄၉
- ဗေဒင်အလိုအရ ဇာတာခွင်ဘာဝ(၁၂)ပါး ၁၅၃
- ဂြိုဟ်အမြင်များဟူသည် ၁၅၄
- မြန်မာနက္ခတ္တဗေဒပညာရှင်များ အယူအဆအရ နေစကြဝဠာဂြိုဟ်များ ၁၅၇
- ၁၂ - ရာသီခွင်နက္ခတ်များ ၁၅၈
- ရာသီ(၁၂)ပါးနှင့် စိုးမိုးဓာတ်ကြီးများ ၁၅၉
- ကိုးနဝင်းခေါ်ဆိုမှုများ ၁၆၁
- တြင်း ၁၆၇
- နက္ခတ်တစ်လုံးသွားနှုန်း ၁၇၀
- ဓာတုပစ္စယကိုးနဝင်း ၁၇၁
- ဝ - လေးလုံး ကိုးနဝင်း ၁၇၂
- အင်္ဂဝိဇ္ဇာနဝင်း ၁၇၄
- စတုရန်းပဋ္ဌာန်းနဝင်းတွဲ ၁၇၅
- တြိရန်းနှင့် ဆပ္ပတ်နဝင်းတွဲ ၁၇၆
- အညွန့်အမြစ်နဝင်းတွဲ ၁၇၇
- အများဆိုင်နဝင်း ၁၇၈
- ပုဂ္ဂလဆိုင်နဝင်း ၁၇၈

အခန်း(၄)

၅။ **ဗုဒ္ဓ၏အာကာသ – သိပ္ပံ၏အာကာသ**

- သိပ္ပံရှုထောင့်အမြင် အာကာသဟင်းလင်းပြင်လေဟာနယ် ၁၈၀
- ဗုဒ္ဓရှုထောင့်အမြင် အာကာသဟင်းလင်းပြင်လေဟာနယ် ၁၈၆
- စကြဝဠာနှင့်(ကမ္ဘာ)တည်ထောင်ဖြစ်ပေါ်လာသောကာလ ၁၉၄
- ကမ္ဘာသစ်တည်ဆောက်ဖြစ်ပေါ်လာပုံ ၁၉၅
- လူသားစစ်စစ်စတင်ဖြစ်ပေါ်လာပုံ ၁၉၇
- ကျမ်းကိုးစာရင်း ၁၉၉

အမှာစာ

စာရေးသူသည် ၁၉၄၇ ခုနှစ်တွင် ညောင်ပင်သာရွာ အစိုးရအထောက်အပံ့ခံ ဘုန်းတော်ကြီးပညာသင်ကျောင်း (စက်ရုံကျောင်း)တွင် ပညာစတင်သင်ခဲ့ရပါသည်။

တစ်နေ့တွင်စာရေးသူတို့ကျောင်းသားငယ်များစုဝေးစကားပြောရာစကားဝိုင်း၌ပဥ္စမတန်းနှင့် ဆဋ္ဌမတန်းမှ ကျောင်းသားကြီးတစ်စုသည် ကမ္ဘာကြီးနှင့်ပတ်သက်၍ လုံးသည်ပြားသည်ဟု အငြင်းအခုန်ဖြစ်နေကြသည်ကို စာရေးသူတို့ ကလေးငယ်များက တငေးတမော နားထောင်ကြရသည်။

ကမ္ဘာကြီးလုံးသည်ဟုပြောဆိုသော ကျောင်းသားက ဆရာသင်ထားသည့်အတိုင်း ပြောဆိုပြီး ပြားသည်ဆိုသော ကျောင်းသားက အကယ်၍ ကမ္ဘာကြီးလုံးတယ်ဆိုလျှင် ရေတွေ လျှောကျကုန်မှာပေါ့ဟု ကလေးအတွေးနှင့်တွေးကာ ကမ္ဘာမလုံးကြောင်း အပြားချပ်ကြီးသာ ဖြစ်ကြောင်းငြင်းသည်။ စာရေးသူတို့ကလေးငယ်တစ်စုကလည်းထိုကျောင်းသား၏အယူအဆကို လက်ခံယုံကြည်နေမိကြပါသည်။

ကမ္ဘာကြီးလုံးသည် ပြားသည်ဟူသော ပြဿနာအတွေးနှင့် စပ်လျဉ်း၍ သေချာစွာ သိလိုသော ဆန္ဒသည်(၆)နှစ်သားအရွယ်ကတည်းက စတင်ပေါ်ပေါက်ခဲ့သည်။

ထိုမှတစ်ဆင့် ပတ်ဝန်းကျင်အခြေအနေ ခေတ်အခြေအနေအရ ဖြူးမြို့ရှိ ဒက္ခိဏာရုံ စာသင်တိုက်သို့ ရှင်သာမဏေဝတ်ဖြင့် ပြောင်းရွှေ့စာသင်ရပြန်သည်။ ထိုစာသင်တိုက်တွင် အခြေခံ ဆယ်စောင်တွဲပါဠိစာများ သင်ယူပြီးသောအခါ အဘိဓမ္မတ္ထသင်္ဂဟခေါ် သင်္ဂြိုဟ်ကို စတင် သင်ရပါ သည်။

သုပြည့်စုံထွန်းစာပေ

သင်္ဂြိုဟ်တွင် စိတ်၊ စေတသိက်၊ ပကိဏ်း၊ ဝီထိခေါ်သော စိတ်အစဉ်ဖြစ်ပေါ်မှုတို့ကို သင်ပြီးသောအခါ ဝီထိမုတ်ပိုင်းခေါ် ဘုံပိုင်းကို သင်ရသည်။ ထိုဘုံပိုင်းကိုသင်ရသောအခါ ဤစကြဝဠာ ကမ္ဘာကြီးတည်ရှိပုံကို စတင်သင်ရသည်။

ဤကမ္ဘာကြီး၏ အောက်အလွှာ၌ လေထုက ၉၆၀၀၀၀ ယူဇနာ ထုထည်ပမာဏဖြင့် ခံထားသည်။ ထိုအပေါ်တွင် ရေထုက ၄၈၀၀၀၀ ယူဇနာထုရှိပြီး၊ လေအပေါ်တွင် တည်နေသည်။ ထိုရေပေါ်တွင် မြေထုတည်ရှိပြီး ရွှံ့မြေ က ၁၂၀၀၀ ယူဇနာ၊ အောက်ခံကျောက်မြေက ယူဇနာ ၁၂၀၀၀ထုထည်ရှိသည်။ မြေထုသည်ယူဇနာ၂၄၀၀၀၀ထုရှိသည်ဟုစာချဆရာတော်က သင်ပြပါသည်။

ထိုအခါစာရေးသူက လူငယ်အတွေးဖြင့် "မြေတွေကရေထဲ ပျော်ဝင်ပြီး မျောကုန်မှာပေါ့" ဟု ပြောမိသည်။

ထိုအခါ စာချဆရာတော်က အောက်က ကျောက်မြေခံထားတာကြောင့် ပျော်မကျနိုင်ပါဟု ထပ်မံအဖြေပေးပါသည်။

စာရေးသူက ဆက်လက်၍ လက်တွေ့မှာတော့ "ကျောက်ခဲ ရေထဲချက မြုပ်သွားတာကိုဘဲ တပည့်တော်တို့ တွေ့ရပါတယ်ဘုရား" ဟု ထပ်မံကွန့်၍လျှောက်ထားရာ စာချဆရာတော်မှာစိတ်မရှည်ဖြစ်ကာ ဒီကိုရင် ဘုရားဟောတာကိုမယုံ၊ ဘုရား၏ဂုဏ်ကျေးဇူးမဲ့ဆိုသဖြင့် လိင်ကျသွားပြီး (သာမဏေ ကိုရင်ဘဝမှလျှောကျပြီး လူ့ဘဝရောက်သွားပြီး) ဟုဆိုကာ သဲဒဏ်ရေဒဏ်ထမ်းခိုင်း၍ စာရေးသူမှာ မကျေမနပ်နှင့် သဲဒဏ်ရေဒဏ်ထမ်းပြီး သီလပြန်လည်ဆောက်တည်ခဲ့ရပါသည်။

စာရေးသူက လောကုတ္တရာစာမေးပွဲကို ဓမ္မာစရိယအောင်ပြီး၍ လောကီပညာခေါ် အတန်းပညာကို (၇)တန်း၊ (၈)တန်း၊ (၉)တန်း၊ တက္ကသိုလ်ဝင်စာမေးပွဲနှင့် တက္ကသိုလ်သို့ဆက်တက် ပညာသင်ကြားရသောအခါ ပထဝီဘာသာက ပါလာပြန်၍ ဤကမ္ဘာလုံးပြဿနာသည် ဆက်လက်ရင်ဆိုင်ရပြန်သည်။ သိပ္ပံပညာက ကမ္ဘာကြီးလုံးသည်။ ဗုဒ္ဓ အဘိဓမ္မာက ကမ္ဘာကြီးကို လုံးသည်ပြားသည်ဟုမဟော။ စကြဝဠာအနေနှင့် ဟောသည်။ မြင်းမိုရ်တောင်ကို တောင်စဉ်ခုနစ်ထပ်က ဝိုင်းရံထားသည်။ ထိုတောင်စဉ်ကြားမှ မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့က စီးဝင်သွားသည်။ ကျွန်းကြီးလေးကျွန်းရှိသည်။ နေ - လ နက္ခတ်တာရာများရှိသည်။ စကြဝဠာအနန္တ ရေတွက်၍မရဟု ဆရာသမားတို့က သင်ကြားထားသော အသိ(၂)ခုကြားဝယ် မဆုံးဖြတ်နိုင်ဘဲ ရှိနေပါသည်။

ဗုဒ္ဓစာပေပိဋကတ်စာပေအထက်တန်းပါဠိတော်အဋ္ဌကထာ၊ဋီကာများကိုဆက်လက်သင်လာရသောအခါဤကမ္ဘာပျက်ပုံ၊ တည်ပုံ များနှင့် သိပ္ပံပညာ၏ကမ္ဘာကြီးပေါက်ကွဲပျက်စီးပုံ၊ ပြန်တည်လာပုံ၊ ရေ - မြေတို့ ဖြစ်ပေါ်လာပုံတို့ကို ချိန်ထိုးနှိုင်းယှဉ်ကြည့်လာမိသည်။

တစ်ဖန် သိပ္ပံပညာရှင်နှင့် နက္ခတ္တဗေဒပညာရှင်တို့၏ပြိုင်ကြီးများတွေ့ရှိမှု၊ သတ်မှတ်ထားမှုတို့ကို လေ့လာကြည့်မိသောအခါ ဗုဒ္ဓ၏ကမ္ဘာတည်ပုံ၊ ပျက်ပုံနှင့် အနန္တစကြာဝဠာတည်ရှိမှုတို့သည် သဘောသဘာဝထပ်တူမျှရှိ၍ အခေါ်အဝေါ်နှင့် အယူအဆ အနည်းငယ်ကွဲနေကြ၍သာ မတူသလိုထင်နေရသည်ဟု ယူဆမိလာသည်။

ဗုဒ္ဓအဘိဓမ္မာပါ စကြာဝဠာ၊ နေသွားလမ်း၊ နေသွားလမ်းကြောင်း သုံးကျွန်းလင်းနိုက်၊ တစ်ကျွန်းမိုက်ဖြစ်ပုံ၊ မြင်းမိုရ်တောင်၏ရေအောက်တစ်ဝက်၊ ရေပေါ်တစ်ဝက်သဘာဝ၊ တောင်စဉ်များသဘာဝ၊ သမုဒ္ဒရာများသဘာဝ၊ ကျွန်းလေးကျွန်းသဘာဝတို့ကို မြန်မာပြန်စကားအသုံးအနှုန်းမဟုတ်သော ပါဠိတော်လာ ဝေါဟာရစကားလုံးများနှင့် နှိုင်းယှဉ်စဉ်းစားဆင်ခြင်သုံးသပ်ဝေဖန်ကြည့်ပါသည်။ ထိုအခါ လွန်ခဲ့သောနှစ် ပေါင်း(၂၅၀၀)ကျော်က ဗုဒ္ဓဂေါတမဟောခဲ့သော အနန္တစကြာဝဠာသဘာဝနှင့် ယနေ့သိပ္ပံပညာရှင်တို့၏ သိပ္ပံစက်ကိရိယာပညာတို့ဖြင့် တွေ့ရှိရသော စကြာဝဠာ၏သဘာဝသည် တူမျှစွာရှိနေသည်ဟု စာရေးသူက ခံစားမိလာပါသည်။

သို့အတွက် စာရေးသူသည် ငယ်စဉ်ကတည်းက ခံစားလာခဲ့ရသော ဤပြဿနာကို ယခုမိမိလေ့လာမိသမျှသော အသိပညာအတိုင်းအတာဖြင့် ပညာရှင်တို့က နှိုင်းယှဉ်ခံစားသိရှိနိုင်ရန် ရေးသားတင်ပြအပ်ပါသည်။

စာရေးသူထက် သိပ္ပံပညာလေ့လာမှုစွမ်းအားကြီးသော ပညာရှင်များအနေနှင့် ဗုဒ္ဓ၏အယူအဆအပေါ် သုံးသပ်ဝေဖန်နိုင်ရန်လည်း လမ်းစဖွင့်ပေးလိုပါသဖြင့် ဤအမြင်(၂)ရပ်ရှိ စကြာဝဠာအကြောင်းကို ရေးသားတင်ပြရခြင်းဖြစ်ပါသည်။

ဤတင်ပြချက်အပေါ် သိပ္ပံပညာရှင် ဗုဒ္ဓစာပေပညာရှင်တို့ထံမှ ဝေဖန်သုံးသပ်မှု ထောက်ပြမှုနှိုင်းယှဉ်မှုတို့ကိုလည်း စာရေးသူမှ အထူးမျှော်လင့်သကဲ့သို့ ဤတင်ပြချက်ကိုခိုင်လုံသောတင်ပြချက်များ၊ ဝေါဟာရအသုံးအနှုန်းအသစ်များလည်း ပေါ်ထွန်းလာစေလိုသော ဆန္ဒအပြည့်အဝရှိနေပါသည်။

ထို့ကြောင့်စာရေးသူသည်မပြည့်စုံသေးသောလေ့လာမှုဖြင့်ပညာရှင်တို့၏အယူအဆအပေါ်မှတည်၍ မိမိလေ့လာမိသမျှ တင်ပြထားခြင်းသာဖြစ်သည်။ မိမိသည် ပညာရှင်မဟုတ်ပါကြောင်း ဝန်ခံအပ်ပါသည်။

တိုးတက်ခေတ်မီနေသော ဤကမ္ဘာ၏ အာကာသကောင်းကင်ဝယ် လပေါ်တက်ပြီး လေ့လာနေသော ယနေ့ခေတ်ဝယ် ဗုဒ္ဓဟောခဲ့သော စကြာဝဠာ၏ သဘာဝသိပ္ပံတွေ့ရှိချက်သဘာဝတို့ကို ဆက်လက်နှိုင်းယှဉ် ဝေဖန်သုံးသပ်နေကြရဦးမည်ဖြစ်ပါသည်။

ထို့ကြောင့် နောက်နောင် ပါဠိပိဋကတ်ပညာရှင် သိပ္ပံပညာရှင်တို့အတွက် စာရေးသူက နှစ်ဘက်အမြင်ကို ပဏာမ မိတ်ဆက်ပေးထားခဲ့ခြင်းဟု ဆိုပါရစေ။

ဘုပြည့်စုံထွန်းစာပေ

ဤစာမူဖြစ်မြောက်ရေးအတွက် ယခင်က ဤစကြဝဠာ၏အကြောင်းကို သိပ္ပံပညာရှင်တို့ တင်ပြချက်များကို မြန်မာဘာသာဖြင့် ရေးသားတင်ပြခဲ့ကြသော စာရေးဆရာများ၊ နက္ခတ္တဗေဒပညာရှင် စာရေးဆရာများအားလည်းကောင်း၊ ဤစာအုပ်ဖြစ်မြောက်ရေးအတွက် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာဖြင့် လေ့လာသုတေသနပြုမှုကိုပေးသော မိသားစုများအားလည်းကောင်း၊ စာအုပ်စာတမ်း ငှားရမ်းကူညီခြင်း၊ မည်သည့်စာအုပ်ကိုဖတ်ပါဟု လမ်းညွှန်မှုပြုကြသော ဓမ္မမိတ်ဆွေများအားလည်းကောင်း၊ ဤစာအုပ်ကို ထုတ်ဝေသူ ဆုပြည့်စုံထွန်းစာပေးတို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းပြုအပ်ပါသည်။

⊙ ⊙ ⊙

တက္ကသိုလ်သျှင်သီရိ

မဟာသဒ္ဓမ္မဇောတိကဓဇ

(ဓမ္မာစရိယ - ဘီအေ)

အခန်း [၁]

ဗုဒ္ဓအမြင် အနန္တစကြဝဠာသဘာဝများ

အနန္တစကြဝဠာ၏ တည်ရှိရာ

ဗုဒ္ဓဂေါတမသည် ဘုရားဖြစ်ပြီးနောက် ရတနဃရသတ္တာဟ (စတုတ္ထမြောက် သတ္တာဟ)ရတနာရွှေအိမ်ချမ်းရိပ်မြိမ်၌ စံနေစဉ် အဘိဓမ္မာတရားတော်များကို သုံးသပ်တော်မူသည်။ ပဋ္ဌာန်းအဘိဓမ္မာတရားကို သုံးသပ်တော်မူသောအခါ ကိုယ်တော်မှ နီလ - ပီတ - လောဟိတ - ဩဒါတ - မဉ္ဇိဋ္ဌ - ပဘာဿရဟူသော ရောင်ခြည်တော် (၆)ဖြာတို့သည် ထွက်ပေါ်တော်မူလာခဲ့သည်။

အောက်မြေပြင်၌ ယူဇနာ(၂၄၀၀၀၀) မြေသားသည် ရွှေခဲသဖွယ်ဖြစ်လေသည်။ မြေကိုဖောက်၍ ယူဇနာ(၄၈၀၀၀၀)ရေထုသို့ ရောက်သည်။ ထိုရေထုကိုဖောက်၍ ယူဇနာ (၉၆၀၀၀၀) လေထုသို့ရောက်သည်။ ထိုလေထုကိုဖောက်၍တစ်ဖန် အာကာသကောင်းကင်သို့ ရောက်သည်။ (ဤ၌ စကြဝဠာဟူသော စကားမပါသေးပါ။)

အထက်သို့ရောင်ခြည်တော်များ တက်သည်ရှိသော် စတုမဟာရာဇ်နတ်ပြည်မှသည် နေဝသညာနာသညာယတနအရူပဘုံသို့တက်၍ အထက်ကောင်းကင်သို့ သွားလေသည်။

(ဤအထိ စကြဝဠာဟူသော စကားမပါသေးပါ)

ဝဲ - ယာ - ရှေ့ - နောက် - အရပ်(၈)မျက်နှာ ဖီလာအရပ်သို့ ရောင်ခြည်တော်တို့သည် အနန္တစကြဝဠာ လောကဓာတ်ကို ပြေးသွားကုန်သည်။

(ဤစကား၌ အနန္တစကြဝဠာပါရှိလာသည်။)

ဤကမ္ဘာ၏ အထက်. အောက်. အရပ်တို့၌ စကြဝဠာမရှိပါ။ ပတ်ပတ်လည် အရပ်ရှစ်မျက်နှာဝန်းကျင်မျက်နှာပြင်၌သာအနန္တစကြဝဠာတည်ရှိသလော၊အရပ်ရှစ်မျက်နှာဝန်းကျင်မျက်နှာ၌ တစ်ပြိုင်တည်း တည်ရှိသလောဟူသော မေးခွန်းများအတွက် အဖြေရသည်။

"ဤစကြဝဠာ ဤကမ္ဘာထက်အောက်၌ တစ်ပါးသော စကြဝဠာမရှိပါ။အရပ်ရှစ်မျက်နှာရှိ ဝန်းကျင်မျက်နှာပြင်၌သာ စကြဝဠာအနန္တရှိပါသည်ဟု အဖြေထုတ်၍ သိရပါမည်။

စကြဝဠာဖြစ်တည်ရှိနေမှု

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်ကာလက အိန္ဒိယပြည်၌ ပေါ်ထွန်းခဲ့သော ဗုဒ္ဓဂေါတမက ဤမဟာလောကဓာတ်ကြီးအတွင်း၌ စကြဝဠာ၊ အနန္တ(အဆုံးအစမရှိ)တည်ရှိကြောင်းကို မိမိရရှိထားသော သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားထားခဲ့ရာ ယနေ့မျက်မှောက်ခေတ် နက္ခတ္တဗေဒသိပ္ပံပညာရှင်တို့ကလည်း အာကာသဟင်းလင်းပြင်. ကော့စမစ်လောကဓာတ်ကြီးအတွင်း စကြဝဠာပေါင်း အသင်္ချေယျအနန္တတည်ရှိကြောင်း ခေတ်ပေါ်သိပ္ပံဆိုင်ရာ ပစ္စည်းကိရိယာများဖြင့် တိုင်းတွာတွက်ဆချက်ဖြင့် ထုတ်ဖော်တင်ပြနေသည်မှာ အလုံးစုံထပ်တူထပ်မျှဖြစ်၍လာသည်မှာ အံ့ဩဖွယ်ရာဖြစ်နေကြသလို သိပ္ပံပညာရှင်တို့သည် ဗုဒ္ဓဂေါတမ၏အဘိဓမ္မာကို စိတ်ဝင်စားလာခဲ့ကြပါသည်။

ဂေါတမဗုဒ္ဓက စကြဝဠာအနန္တတို့သည် အဇဋာကာသတစ်ခွင်တွင် တည်ရှိနေသည်တို့မှာ အတိုင်းအဆပမာဏအားဖြင့် အနာဒိအနန္တ အဆုံးအစမရှိ တည်ရှိနေကြောင်း ဟောကြားခဲ့ပါသည်။

ထိုအလားတူ ယနေ့ နက္ခတ္တဗေဒသိပ္ပံပညာရှင်တို့ကလည်း စကြဝဠာအနန္တတည်ရှိနေပုံနှင့်ပတ်သက်၍အတိအကျတိုင်းတာမရနိုင်ကြသဖြင့် သင်္ချာကိန်းအရတည်ရှိနေပုံအကွာအဝေး အတိုင်းအတာပမာဏကို တွက်ဆမရ အနန္တ (Infinity Infinite) ကိန်းဖြင့်သာ ဖော်ပြနေကြရပါသည်။

သိပ္ပံပညာရှင်တို့ကမူ အလင်းရောင်သွားနှုန်း(အလင်းနှစ်)ဖြင့်သာ တိုင်းတာတွက်ဆကြပါသည်။

ဤအနန္တစကြဝဠာ၏ အပိုင်းအခြား အဆုံးအစ၊ အန္တာဒိ (အန္တ + အာဒိ)(end and beginning) ကိုတိုင်းတာ၍သာ ရရှိကြမည်ဆိုလျှင် သိပ္ပံပညာရှင်တို့သည် စကြဝဠာခွင်တည်ရှိ

နေပုံတို့ကို အတိအကျ အကွာအဝေးပမာဏကို တိကျသောကိန်းတို့ဖြင့် ဖော်ပြကြမည်သာ ဖြစ်သည်။

ဂေါတမဗုဒ္ဓက အဆုံးအစ၊ အပိုင်းအခြားမရှိ တိုင်းဆတွက်ချက်ခြင်းငှာ **မရနိုင်။** (နတ္ထိယဿ အန္တဝိနာသံ တံအနန္တံ)ဟူသော ဟောကြားချက်ကို သိပ္ပံပညာရှင်တို့သည်လည်း အဆုံးအစတည်းဟူသော (indefinite estimate) ကို မဖော်ပြနိုင်သဖြင့် အလုံးစုံခြုံ၍ အဆုံးအစ Infinite မရှိ အနာဒိအနန္တဟူ၍သာ ဖော်ပြခဲ့ကြခြင်းဖြစ်ပါသည်။

စကြဝဠာများ၏ အစအဆုံးကို ရှာဖွေခဲ့သူ

ဗုဒ္ဓဂေါတမ သက်တော်ထင်ရှားရှိစဉ်ကာလက ဤအနန္တစကြဝဠာ တည်ပုံနှင့်အဆုံးကို ရှာဖွေသော ပုဂ္ဂိုလ်တစ်ဦးပေါ်ခဲ့သည်ကို တွေ့ရပါ သည်။

ရောဟိတဿအမည်ရှိသော အဘိညာဉ်ရ. ရသေ့တစ်ပါးသည် မိမိရရှိထားသော အဘိညာဉ်ဈာန်တန်ခိုးဖြင့် အတိုင်းအဆပမာဏမရှိသော အဇ္ဈာကာသတစ်ခွင် လှည့်လည်လျက် စကြဝဠာ၏အဆုံးအစကို ရှာဖွေစူးစမ်းခဲ့သည်။

အပြောကျယ်လှသော အဇ္ဈာကာသအတွင်းဝယ် ရောဟိတဿရသေ့သည် အချိန်တည်းဟူသော အန္တရကာလကို ဖြတ်သန်းရင်း ရုပ် - နာမ်ဓမ္မသင်္ခါရ၏ မပြိုမှုသဘောအရပြောင်းရွှေ့စုတေ ကွယ်လွန်ခဲ့သည်။ သို့သော် သူသည် ရသေ့ဘဝမှစုတေ၍ နတ်သားဘဝရောက်သွားသည်။ နတ်သားဘဝတွင်လည်း ထိုစကြဝဠာ၏ဘဝအဆုံးကို ရှာလို၍ မရပ်မနား ဆက်ရှာရန် ဆုံးဖြတ်ပြီး ဆက်ရှာသည်။

ထိုသို့ရှာရင်း အဇ္ဈာကာသခရီးလှည့်လည်ရင်း သိကြားမင်း (သက္ကရာဇာ)တစ်ပါးနှင့် တွေ့ဆုံမိရပြီး ထိုသိကြားမင်းကို စကြဝဠာ၏ အဆုံးနေရာနှင့် အစနေရာကို မေးမြန်းစုံစမ်းလေသည်။

သိကြားမင်းက မိမိလည်း စကြာဝဠာ၏ အစနှင့်အဆုံးကို မသိပါကြောင်း၊ မိမိထက်မြင့်ပြီး အသိဉာဏ်ပိုများသော မဟာဗြဟ္မာထံ သွားရောက်မေးမြန်းရန် လမ်းညွှန်လိုက်သည်။

ရောဟိတဿနတ်သားသည် မဟာဗြဟ္မာထံသို့သွားကာ မိမိသိရှိလိုသော စကြဝဠာ၏အစနှင့်အဆုံးကိုမေးမြန်းလေသည်။ မဟာဗြဟ္မာကလည်း စကြဝဠာ၏အစနှင့်အဆုံးကိုမသိကြောင်း၊ ဤအရာ၏ အစနှင့်အဆုံးကို သိနိုင်သောပုဂ္ဂိုလ်မှာ ဤလောကဝယ် အလုံးစုံကိုသိသော ဘုရားရှင်ပေါ်ထွန်းနေ၍ ထိုဘုရားရှင်ထံ သွားရောက်မေးမြန်းရန် ဆက်လက်လမ်းညွှန်ခဲ့သည်။

ရောဟိတဿနတ်သားသည် သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းသို့ ရောက်ရှိပြီး မိမိသိလိုသော စကြဝဠာ၏ အစနှင့်အဆုံးတည်နေရာကို မေးလျှောက်လေသည်။

ထိုအခါ ဗုဒ္ဓဂေါတမက…

"ချစ်သား ရောဟိတဿ… ဤစကြဝဠာ၏ အဆုံးနှင့်အစတည်းဟူသော အနန္တာကာသပြဿနာကို သင်သိရှိရခြင်းအားဖြင့် သင့်အတွက် မည်သို့သော အကျိုးထူးကျေးဇူးတရားများရနိုင်ပါအံ့နည်း။ မိမိ၏ ချက်ချင်းလက်ငင်း အကျိုးစီးပွားဖြစ်ခြင်းအတွက်ကိုသာ သင် ကြိုးစားအားထုတ်လုပ်ဆောင်ပါ"

ဟူ၍ မိန့်ကြားခဲ့သည်။

ဤရောဟိတဿနတ်သား၏ စကြဝဠာအစအဆုံး တည်ရာရှာသော သုတ်တော်ဟောကြားချက်အရ အနန္တစကြဝဠာ အဇဋာကာသအတွင်းသို့ လူသားတစ်ယောက်အနေဖြင့် သိပ္ပံဆိုင်ရာ မည်သည့်ကိရိယာပစ္စည်းဟူ၍ တစ်စုံတစ်ရာမျှမပါရှိ၊ အာကာသယဉ်စီးနင်းလိုက်ပါခြင်းလည်းမရှိပါဘဲ ခရီးနှင်ခဲ့သောအဖြစ်အပျက် လွန်ခဲ့သော နှစ်ပေါင်း ၂၅၅၀ ကျော်ကပင် ရှိခဲ့သည်ဟု သိရပါသည်။

ထို့ထက် စကြဝဠာတစ်ခုတွင် နေကိုဗဟိုပြု၍ ဂြိုဟ်နက္ခတ်တာရာများ လှည့်လည်ရွေ့လျားလျက်ရှိကြသော နေစကြဝဠာ၊ (Solar System) သို့ အခြားသောအရေအတွက် မပြုလုပ်နိုင်သည့် စကြဝဠာများလည်း အနန္တရှိကြသည်ဟူသော အဆိုအမိန့်တစ်ရပ်ကို ဤသုတ်တော်အရ သိရပါသည်။

ယနေ့ခေတ်သစ်ကာလ နက္ခတ္တဗေဒ သိပ္ပံပညာရှင်များကလည်း ဤအဆိုကို လက်ခံအဆုံးအဖြတ် ပြုနေကြပါသည်။

ယနေ့ သိပ္ပံပညာရှင်တို့ လေ့လာစူးစမ်းမှုခေတ်သည် လွန်ခဲ့သော နှစ်ပေါင်း (၂၅၅၀) ကျော်က ဗုဒ္ဓဂေါတမဟောထားသည့်အတိုင်း ဖြစ်နေသည်ကို သတိပြုကြရပါမည်။

ကမ္ဘာမြေကြီး၏ သဘာဝ

လူသားတို့နေထိုင်လျက်ရှိသော ကမ္ဘာမြေဂြိုဟ်ကြီးသည် လုံးဝန်းသောပုံသဏ္ဌာန်ရှိ၍ တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းဒေသများတွင် အနည်းငယ် ချိုင့်ဝှမ်းပြားချင့်လျက် အီကွေတာ (မဇ္ဈိမနေသွားလမ်း ကြောင်း) နေရာဒေသများတွင် ဝမ်းပူပြီး အဆိုပါ တောင်နှင့်မြောက် ဖြတ်သန်းတည်ရှိနေသော ဝင်ရိုးမဏ္ဍိုင်၌ မူတည်ကာ လည်ပတ်လျက်ရှိသည်။

ဆုပြည့်စုံထွန်းစာပေ

ဤသို့လည်ပတ်နေသောကြောင့် နေ့နှင့်ညဉ့်တည်းဟူသော ကာလအပိုင်းအခြားတို့ ဖြစ်ပေါ်နေရသည်။

ဥပမာ - မြန်မာနိုင်ငံ၌ နေ့မွန်းတည့်(၁၂) နာရီအချိန်သည် အမေရိက၌ ကမ္ဘာ၏ အမှောင်ပိုင်းဖြစ်ကာ ညဉ့်(၁၂)နာရီဖြစ်နေရပါသည်။

လ.ကမ္ဘာဂြိုဟ်အရံသည် ဤကမ္ဘာမြေကြီးကို ဗဟိုပြု၍ လှည့်လည်လျက်ရှိသောကြောင့် ဤလူသားကမ္ဘာ၌ လဆန်းပက္ခ၊ လဆုတ် ပက္ခဟူ၍ နေ၏အလင်းရောင် ထင်ဟပ်ချက်ဖြင့်ဖြစ်ရသော လ၏အခြင်းအရာတို့ကို ကမ္ဘာမှမြင်ကြရသည်။

ကမ္ဘာမြေကြီးနှင့်လတို့သည်နေကိုဗဟိုပြု၍နေပတ်လမ်းကြောင်းအတွင်းလှည့်လည်လျက်ရှိသည်။ ဤအခြင်းအရာဖြင့် နှစ်တစ်နှစ်ကို သတ်မှတ်ပါသည်။

ဤသို့လှည့်ပတ်နေသောတစ်နှစ်တာကာလအတွင်းနေ၏အကွာအဝေးကြောင့်ရာသီများဖြစ်ပေါ်လာရသည်။ အပူပိုင်းဇုံများ၌ နွေ၊ မိုး၊ ဆောင်းဥတုကာလ(၃)ပါးဖြစ်ပေါ်ပြီး သမပိုင်းဇုံများ၌ နွေဦး(စပရင်း)၊ နွေ(ဆမ်းမား)၊ ဆောင်းဦး (အော်တွန်)၊ ဆောင်း(ဝင်းတား) ဟူ၍ ရာသီကာလ(၄)ပါး ပေါ်ခဲ့ရသည်။

ဤကမ္ဘာမြေဂြိုဟ်ကြီးသည်လည်း တောင်နှင့်မြောက်ဝင်ရိုးမဏ္ဍိုင်ဖြင့် တည့်တည့်မတ်မတ်ရပ်တည်ပြီး လည်ပတ်နေခြင်းမဟုတ်ပါ။ ဝင်ရိုးမဏ္ဍိုင်အနည်းငယ် တိမ်းစောင်းလျက်ရှိသောကြောင့်ကမ္ဘာ၏နေပတ်လမ်းကြောင်းသည်ဥတ္တရာယဉ် (မြောက်ဘက်လမ်း)နှင့်ဒက္ခိဏာယဉ် (တောင်ဘက်လမ်း)ဟူ၍ နေသွားလမ်း(၂)မျိုးဖြစ်ပေါ်သည်။

တစ်ဖန် တောင်ဘက်လမ်းမှ မြောက်ဘက်လမ်း၊ မြောက်ဘက် လမ်းမှတောင်ဘက်လမ်းသို့ ကူးပြောင်းသောအခါ မဇ္ဈေမျဉ်း(အီကွေတာ)၌ ဖြတ်၍သွားစဉ် ဗဟိုမဇ္ဈေလမ်းဟူ၍ဖြစ်ပေါ်လာသည်။

ထိုကြောင့်နေသွားလမ်းကို (၃)လမ်းဖော်ပြထားသည်။ ကမ္ဘာ၏တိမ်းစောင်းမှုကြောင့် နေသွားလမ်းသည် ဥတ္တရာယဉ်၊ ဒက္ခိဏာယဉ်၊ မဇ္ဈေလမ်းတို့ဖြစ်ပေါ်လာရသည်။

ဤကမ္ဘာဝင်ရိုးတိမ်းစောင်းမှုကိုမြန်မာနှင့်အိန္ဒိယတို့အလေးထားသော သုရိယသိဒ္ဓန္တကျမ်း၌ ကြန္တိ (Declination) ဟုခေါ်၍ အနောက်တိုင်း နက္ခတ်ကျမ်းတို့က ကမ္ဘာဝင်ရိုးမဏ္ဍိုင်တိမ်းစောင်းမှု (Eclipticjn clination) ဟုခေါ်သည်။

၁၂ရာသီစက်ဝိုင်းသည်နက္ခတ်တာရာများနှင့်တကွအရှေ့မိုးကုတ်စက်ဝိုင်းမှအနောက်မိုးကုတ်စက်ဝိုင်းသို့ တဖြည်းဖြည်းရွေ့လျက်ရှိစဉ် ကမ္ဘာမြေကြီးဂြိုဟ်နှင့် အနီးကပ်ရှိသော လ

(စန္ဒာ)အပါအဝင်နေစကြဝဠာအတွင်းရှိဂြိုဟ်ကြီးများသည်လည်းအနောက်ဘက်မှအရှေ့ဘက်ဆီသို့ ရွေ့လျားသွားနေသည်ကို တွေ့ရသည်။

သို့သော် (၁၂)ရာသီစက်ဝိုင်း၏ သွားလာမှုသည် ဂြိုဟ်သွားလာရွေ့လျားမှုထက် လျင်မြန်လှသောကြောင့် အမှတ်တမဲ့ကြည့်လျှင် ဂြိုဟ်တို့သည် အရှေ့မှအနောက်သို့ သွားလာရွေ့လျားနေကြသည်ဟု ထင်မှတ်ရ သည်။

၁၂ ရာသီခွင်၏ နက္ခတ်တာရာများကို နောက်ခံပြု၍ ကြည့်ရှုလေ့လာမှသာ ဂြိုဟ်သည် အနောက်မှအရှေ့သို့ ရွေ့လျားနေကြောင်း ထင်ရှားစွာ တွေ့ရပါသည်။

ဗုဒ္ဓဂေါတမ၏ စကြဝဠာ(ကမ္ဘာ)အမြင်

ဗုဒ္ဓဂေါတမသည် ဤစကြဝဠာ(ကမ္ဘာ)နှင့်ပတ်သက်၍ အလွန်ကျယ်ပြန့်လှသောကြောင့်...

"လောကစိန္တာ အစိန္တေယျော

လောကစိန္တေန္တော ဘိက္ခဝေ အစိန္တေယျော၊ နစိန္တေတဗ္ဗော။

ယံစိန္တေန္တော ဥမ္မာဒဿ ဝိဃာတဿ အာဘာဝိဿာ၊

"ရဟန်းတို့...လနေစသော လောက (စကြဝဠာ)၏ တည်ခြင်းကို ကြံခြင်းငှာမသင့်၊ မကြံစည်အပ်၊ ကြံစည်သောသူသည် ရူးသွပ်ခြင်း၊ ဆင်းရဲပင်ပန်းခြင်းအဖို့သာရှိသည်" ဟူ၍ ဟောကြားခဲ့သည်။

သို့သော် ဗုဒ္ဓဂေါတမကိုယ်တိုင်ကမူ မိမိ၏တရားတော်၌ အထူးသဖြင့် အဘိဓမ္မာ တရားတော်၌စကြဝဠာ(ကမ္ဘာလောက) အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် ဟောကြားထားခဲ့ပါသည်။

ဗုဒ္ဓဂေါတမသည် သက်တော်(၄၃)နှစ်၊ ဝါတော်(၇)ဝါ (မဟာသက္ကရာဇ် (၉၄)နှစ်၊ ခရစ်နှစ် ဘီစီ ၅၈၁ - ခု)တွင် အဘိဓမ္မာတရားကို တာဝတိံသာနတ်ပြည်၌ နတ်၊ ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလပတ်လုံး မရပ်မနားဟောကြားခဲ့ပါသည်။

ထိုနတ်ပြည်၌ ဟောကြားသော အဘိဓမ္မာတရားကိုလူ့ပြည်၌ ဉာဏ်ပညာထက်မြက်သော အရှင်သာရိပုတ္တရာအား အကျဉ်းမျှ ပြန်လည်ဟောပြခဲ့သည်။ ထိုအကျဉ်းမျှ ဟောပြခဲ့သော အဘိဓမ္မာဒေသနာသည် ကျမ်းအားဖြင့် (၇) ကျမ်း၊ ဓမ္မက္ခန္ဓာအားဖြင့် (၂၀၀၀)၊ စာမျက်နှာအားဖြင့် (၄၉၈၇)ရှိပြီး စာအုပ်အရေအတွက် (၁၂) ရှိပါသည်။

ထိုအဘိဓမ္မာ(၇)ကျမ်းထဲ၌ဤစကြဝဠာ (ကမ္ဘာလောက) အကြောင်းကို ထည့်သွင်း ဟောကြားခဲ့ပါသည်။

ဤစကြဝဠာအတွင်းရှိသက်ရှိသက်မဲ့ သတ္တဝါရုပ်ဒြပ်များဖြစ်တည်ရာအရပ်ကို ဘုံဟု သတ်မှတ်ဟောခဲ့ပါသည်။

စကြဝဠာ(ကမ္ဘာ)ဆိုသည်မှာ

စက္ကမိဝ ဝဋ္ဋတေလ္လဝတေတိ စက္ကဝါဠော

"စက္ကမိဝ - စက်ဝန်းစက်ဝိုင်းကဲ့သို့၊ ဝဋ္ဋတေလ္လဝတေ - ရေမှပေါ်၍ နေသည်တည်း၊ ဣတိ - ထို့ကြောင့်၊ စက္ကဝါဠော - စက္ကဝါဠမည်၏။

"ရေ၌ပေါ်နေသော အလုံးအဝိုင်းဒြပ်ကြီးကို စက္ကဝါဋ(စကြဝဠာ) ဟု ခေါ်ဆိုပါသည်။

ဤသည်မှာ အနန္တစကြဝဠာအတွင်းရှိ နေ၊ လ၊ နက္ခတ်၊ တာရာ၊ ဂြိုဟ်၊ ကမ္ဘာအားလုံး တို့သည် လုံးဝိုင်းသော သဏ္ဌာန်ရှိသည်ဟု ဗုဒ္ဓဂေါတမက ဖော်ထုတ်ဟောကြားခဲ့ပါသည်။

ဗုဒ္ဓက စကြဝဠာဟူသည် အဏုမြူမှုန်သာရှိသော ရုပ်ဒြပ်များစုဝေးထားရာ ဩကာသ လောကကြီးပင်ဖြစ်သည်။ ထိုအဏုမြူမှုန်ရှိသော ဒြပ်ဝတ္ထုများသည် ရေ၊ မြေ၊ လေ၊ မီး၊ ဓာတ် ကြီးလေးပါးကြောင့်ဖြစ်ပေါ်ပြီး အမြဲ ဖြစ်လိုက်၊ ပျက်လိုက်ဖြစ်နေသည်ဟု ဟောခဲ့ပါသည်။

ဗုဒ္ဓက လူကို၏ခန္ဓာကိုယ်သည် စကြဝဠာနှင့်တူကြောင်း တင်စားဟောခဲ့ပါသည်။ လူသားတို့၏ ခန္ဓာကိုယ်အတွင်း၌ ကလပ်စည်းအပေါင်း သန်းပေါင်းများစွာတို့သည် စက္ကန့် မလပ်ပျက်စီးနေကြသကဲ့သို့အသစ်အသစ်တို့ကလည်းစက္ကန့်မလပ်ဝင်ရောက်ဖြစ်တည်နေကြ သည်ဟု ဆိုပါသည်။

(လူတို့၏ခန္ဓာကိုယ်တွင်ပျက်သော ကလာပ်စည်းက နည်းပြီးဖြစ်သောကလပ်စည်း က များနေပါက ရောဂါဖြစ်တတ်၍ အဖြစ် - အပျက် တူညီနေကြမှသာ လူသားကျန်းမာသည်ဟု ဆိုပါသည်။

စကြဝဠာ (ကမ္ဘာ) တည်ဆောက်ထားပုံ

ဤစကြဝဠာ(ကမ္ဘာ)ကြီးကို လေ၊ ရေ၊ မြေ၊ မီး၊ ဓာတ်ကြီး (၄)ပါးဖြင့် တည်ဆောက် ထားလေသည်။

စက်ဘီးသဏ္ဌာန်ကဲ့သို့ဝန်းဝိုင်း၍တည်သော တစ်ခုသော လောကဓာတ်ကို ဩကာသ လောကတစ်ခုဟု သတ်မှတ်သည်။

ဤသြကာသလောကတစ်ခုအတွင်းဝယ် အာကာသခေတ်(ယနေ့ခေတ်)ဟုဆိုအပ်သော စကြာဝဠာ(ကမ္ဘာ)တစ်သိန်းသည် တစ်ပြင်လုံး တစ်သားတည်းရှိလျက် ကျယ်ဝန်းလှသည်။

စကြာဝဠာတစ်ခုသည်အလျားအနံ ယူဇနာပေါင်း (၁,၂၀၃,၁၅၀) (တစ်သန်းနှစ်သိန်းသုံးထောင့်လေးရာငါးဆယ်)ရှိပြီး ပတ်လည်အဝန်းသည် ယူဇနာပေါင်း (၃,၆၁၀,၃၅၀)(သုံးသန်းခြောက်သိန်းတစ်သောင်းသုံးရာ့ငါးဆယ်)ရှိပါ၏။

ဤစကြာဝဠာ(ကမ္ဘာ)တစ်သိန်း၏အောက်အပြင်၌ယူဇနာ ၉၆၀၀၀၀ ရှိသောလေထုကြီးက ခံထားသည်။

ထိုလေထုကြီးသည် ကမ္ဘာ၏အောက်အပြင်၌ တစ်ခဲနက်တည်ရှိ နေသော ယူဇနာ ၄၈၀၀၀၀ (လေးသိန်းရှစ်သောင်း)ရှိသော ရေထုကြီးအောက်သို့ မယိုမကျအောင် အထက်သို့ အတင်းပင့်၍ မပြတ်မစဲ တစ်ဟုန်တည်း တိုက်ခတ်ပေးနေသည်။

နံပါးလေးမျက်နှာ စကြာဝဠာတစ်ပါးသို့ မစီးမသွားရအောင် ရေ၏ထက်ဝန်းကျင်ပတ်လည်အာကာသခေတ်၏နံပါးရှိအထက်အဇဋာကာသနှင့်အောက်အဇဋာကာသ ထုတ်ချင်းပေါက် ဟင်းလင်းပွင့်၍နေသော အပေါက်ကြီးဖြင့် အောက်ခံကမ္ဘာလေ၊ အထက်အဇဋာကာသလေတို့သည် စုန်ကာ၊ ဆန်ကာအမြဲမပြတ် တိုက်ခတ်ဆီးကာထားပေးကြသည်။ ထိုလေထု၏အောက်၌ အနန္တကောင်းကင်ကြီး အဆုံးမရှိ တည်ရှိသည်။

ထို့ကြောင့် ကမ္ဘာကိုခံထားသော ရေထုကြီးသည် အာကာသခေတ်နှင့်အမျှ မတ်မတ်တည်တံ့၍ နေပါသည်။

ရေအပြင်တွင် လင်ပန်းများကိုချထားရာ အဝိုင်းအဝိုင်းစက်ဝန်း များကဲ့သို့ ပေါလောမျောနေသကဲ့သို့စကြာဝဠာ(ကမ္ဘာ)ဟုခေါ်သော ကမ္ဘာအဝိုင်းများသည်လည်းရေအပြင်၌အဝန်းအဝိုင်းကလေးများသဖွယ်ဖြစ်၍ ပေါလောမျောနေသည်ဟု ဆိုပါသည်။

ဤအဝိုင်းကလေးများသည် အာကာသခေတ်အတွင်း အပြည့်ရှိနေသော ကမ္ဘာရေပြင်ကြီးပေါ်မှပေါ်၍နေသော မြေဝိုင်းကလေးများဟု ဆိုပါသည်။ ထိုမြေဝိုင်းအထုသည်ယူဇနာပေါင်းနှစ်သိန်းလေးသောင်းရှိ (၂၄၀၀၀၀)ရှိပြီး အောက်မှကျောက်မြေသည် ယူဇနာ(၁၂၀၀၀၀) တစ်သိန်းနှစ်သောင်း၊ ရွှံ့မြေသည် (၁၂၀၀၀၀)တစ်သိန်းနှစ်သောင်းရှိသည်ဟု ဆိုပါသည်။

အကနိဋ္ဌပြဟ္မာဘုံမှအောက်ရှိ ကမ္ဘာအဝိုင်းကလေးများကို ကြည့်လိုက်လျှင် ရေအပြင်၌ဥ၍ချထားသောဖားဥကလေးများကိုမြင်ရသကဲ့သို့ရေအပြင်၌ပေါလောမျောနေသော စကြာဝဠာ ကမ္ဘာမြေဝိုင်းကလေးများကို အထင်းသား မြင်ရသည်ဟုဆိုပါသည်။

ဆုပြည့်စုံထွန်းစာပေ

ဓာတ်ကြီး(၄)ပါးနှင့် စကြဝဠာသဘာဝ

ဗုဒ္ဓရှင်တော်ဂေါတမသည် ဤစကြဝဠာ (ကမ္ဘာမြေကြီး)တည် ဆောက်ထားမှု၊ လေ၊ ရေ၊ မြေ၊ မီး၊ ဓာတ်ကြီးလေးပါး ပါဝင်မှုကို လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က ဖော်ထုတ် ဟောခဲ့သည်။

ဗုဒ္ဓဂေါတမ ဖော်ထုတ်ခဲ့သော ကမ္ဘာလေထုအတိုင်းအတာကို ယူဇနာနှင့်ပြခဲ့ပြီး လေထုသည်ယူဇနာ(၉၆၀၀၀၀)ရှိသည်ဟုဖော်ထုတ်ဟောခဲ့သည်။ယင်းကိုယနေ့သိပ္ပံပညာရှင် တို့က လေထု၏တန်ချိန် (၅,၇၀၀,၀၀၀,၀၀၀)ရှိသည်ဟု ခန့်မှန်းကြသည်။

ရေထုကို ဗုဒ္ဓက ယူဇနာ ၄၈၀၀၀၀ ရှိသည်ဟု ဟောထားရာ သိပ္ပံပညာရှင်တို့က...

မြေထုကို ကျောက်မြေက ၁၂၀၀၀၀၊ ရွှံ့မြေက ၁၂၀၀၀ စုစုပေါင်း ၂၄၀၀၀၀ ရှိသည်ဟု ဗုဒ္ဓကဟောထားပြီး သိပ္ပံပညာရှင်တို့က မြေပြင်ထုထည်သည် ၅၉၇၄၂ × ၁၀၁၄ ကီလိုဂရမ် (Marth) ၀၅၉၇၄၂ × ၁၀၁၄ ဟု ဆိုထားပါသည်။

ဤလေ၊ ရေ၊ မြေ၊ မီးဟူသော ဓာတ်သဘာဝကြီးလေးခုသည် သက်ရှိသက်မဲ့အရာ ဝတ္ထုတိုင်းတွင် ရှိနေ၍ ယင်းသဘာဝဓာတ်ကြီးလေးပါးတို့သည် မိမိတို့၏ သဘောလက္ခဏာ အားဖြင့်လည်းကောင်း၊ မိမိတို့၏အဆောက်အဦအားဖြင့်လည်းကောင်း ကြီးကျယ်မှုအံ့ဖွယ်ကို ဖြစ်စေတတ်၍ ပါဠိလို မဟာဘူတဟုခေါ်ပါသည်။

ဤကမ္ဘာလောကရှိ၊ သက်ရှိ၊ တိမိရငါး၊ အသူရိန်ကြီး၊ ပြဟ္မာကြီး တိရစ္ဆာန်ကြီး စသည် တို့သည်လည်းကောင်း၊ သက်မဲ့ဂန္ဓာမာဒနတောင်ကြီး၊ ဟိမဝန္တာတောင်ကြီး၊ အနောတတ္တပ္ပအိုင် ကြီး၊ မြင်းမိုရ်တောင်ကြီး၊ မဥ္ဇူသကနတ်ပန်းပင်၊ မဏိဇောတပတ္တမြား၊ နေဝိမာန်၊ လဝိမာန်၊ တာရာ၊ ကြယ်ကြီး၊ ဥက္ကာကြီးစသော အံ့ဖွယ်အရာများသည် ဤဓာတ်လေးပါးဖြင့် ဖွဲ့စည်းထား သော သဘာဝဓာတ်သဘောများဖြစ်ကြပါသည်။ မဟာဘုတ်လေးပါး၏အဆောက်အဦကြီးများ သာ ဖြစ်ပါသည်။

မျက်လှည့်ဆရာက မျက်လှည့်ပညာဖြင့် လှည့်ဖြားသကဲ့သို့ ဘီလူးမက ဖြားယောင်း သလို၊ ဤမဟာဘုတ်လေးပါးတို့က သတ္တဝါများကို ဖြားယောင်းတတ်ပါသည်။

ထို့ကြောင့် မဟာဘုတ်လေးပါးကို မျက်လှည့်ဆရာကြီး၊ ဘီလူးမကြီးဟူ၍ တင်စားခေါ် ဝေါ်လေ့ရှိပါသည်။

ဤစကြဝဠာ(ကမ္ဘာကြီးသည် ဖြစ်ပျက်သဘာဝအရ ပျက်ချိန်တန်၍ ကမ္ဘာကြီးမီး လောင်သောအခါ ပထမဈာန်ပြဟ္မာဘုံတိုင်အောင် အကုန်လောင်ကျွမ်းပါသည်။

- ကမ္ဘာရေကြီးဖောက်ပြန်ထကြွ တိုးတက်လာသဖြင့် ဒုတိယဈာန် ပြဟ္မာဘုံထိ ကြေမွပျက်စီးပါသည်။

ဆုပြည့်စုံထွန်းစာပေ

- ကမ္ဘာလေကြီးဖောက်ပြန် တိုက်ခတ်သောအခါ တတိယပြဟ္မာရာနတ်တိုင်အောင် အလုံးစုံမှုန့်မှုန့် ညက်ညက်ကြေမွပျက်စီးပါသည်။

သက်ရှိသတ္တဝါများဘက်က ကြည့်လျှင်လည်း...

- ပထဝီဓာတ်ဖောက်ပြန်သည်ရှိသော် တောင့်တင်းခက်ထန်သော ကိုယ်ရှိပြီး ရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်ခံစားကြရသည်။
- အာပေါဓာတ်ထကြွဖောက်ပြန်သည်ရှိသော် ပုပ်ဆွေးသောကိုယ်၊ ယိုစီးသော ကိုယ်ဖြစ်၍ ရောဂါအမျိုးမျိုးတို့ ဖြစ်ပေါ်ခံစားကြရသည်။
- ဝါယောဓာတ်ထကြွဖောက်ပြန်သည်ရှိသော်လေဖြတ်သောကိုယ်၊ကိုက်ခဲသော ကိုယ်၊ မအီမသာ မလုပ်ချင်၊ မကိုင်ချင်သောကိုယ်ဖြစ်ပေါ်ပြီး ရောဂါအမျိုးမျိုး တို့ ဖြစ်ပေါ်ခံစားကြရသည်။
- တေဇောဓာတ်ထကြွဖောက်ပြန်သည်ရှိသော် အပူတက်၍ ဖျားနာသောကိုယ်၊ အအေးမိ၍ ဖျားနာသောကိုယ်စသည်ဖြင့် ရောဂါအမျိုးမျိုးခံစားရသည်။

ထို့ကြောင့် မဟာဘုတ်ဟူသော ဓာတ်သဘာဝကြီးလေးခုသည် ဖောက်ပြန်သော အရာတို့ဖြစ်ကြပါသည်။ သက်ရှိသတ္တဝါတို့ မဟာဘုတ်ကသတ်လျှင် ရုတ်တရက်သေရသည်။ သက်မဲ့မြင်းမိုရ်တောင်ကြီးသည်ပင် ပြိုကျပျက်စီးရသည်။

ဤမဟာဘုတ်ဓာတ်သဘာဝ(၄)ခုတွင် -

မြေဓာတ်၊ ရေဓာတ်သည်ကား လေးလံသောဓာတ်များဖြစ်ကြပြီး လေဓာတ်နှင့် မီး ဓာတ်ပေါ့ပါးသော ဓာတ်သဘာဝများဖြစ်ကြပါသည်။ မီးနှင့်လေ၊ မြေနှင့်ရေတို့အတွဲသည်ကား ညီမျှသင့်တင့်တူသော သဘာဝဓာတ်များဖြစ်ကြသည်။

သက်ရှိလူတစ်ယောက် ခြေတစ်လှမ်းကိုပင်ကြည့်ပါက ခြေတစ်လှမ်း၌ ခြေကြွမှုသည် တေဇောဓာတ်သတ္တိဖြစ်သည်။ ခြေကို ရှေ့သို့တည့်တည့်လှမ်းမှု၊ နံဘေးသို့ကားထွက်မှုတို့သည် ဝါယောဓာတ်၏ သတ္တိများပင်ဖြစ်ပါသည်။ ကြွသောခြေ အောက်သို့ချမှုသည် အာပေါဓာတ် သတ္တိ၊ ခြေကို အောက်မြေ၌ ထိထားမှု၊ ဖိနှိပ်မှုသည် ပထဝီဓာတ်ဖြစ်သည်။

ဓာတ်ကြီး(၄)ပါး၏ သဘာဝ

(မြေဓာတ် - ပထဝီ) ခက်မာခြင်း၊ နူးညံ့ခြင်း၊ အစိုင်အခဲသဘော အခြားဓာတ်တို့ တည်ရာ၊ ရေမှုန်၊ အခိုးမှုန်၊ မြူမှုန်ကြောင့်ဖြစ်သောကြောင့် ခိုင်ခံ့သောသဘော၊ အတူဖြစ်ဘက် ရုပ်ကလာပ်များ၏ တည်ရာမှီရာဖြစ်သည်။

ဤမြေဓာတ်သဘာဝတွင် အနု - အရင့် (၂)မျိုးရှိပါသည်။

၁။ နူးညံ့သောမြေ(ပထဝီ) သဘာဝဓာတ် ရေ၊ သွေး၊ ချွေး၊ လေ၊ **အနံ့၊ အသံ၊ အရောင်** စသည်တို့၌ရှိသော ပထဝီဓာတ်ဖြစ်၍ အလွန်နည်းပါးပြီး အဖတ်၊ အစိုင်**အခဲသဘော** မထင်ရှားသော ဓာတ်ဖြစ်သည်။

ရေထဲ၊ လေထဲ၊ မီးထဲ၌ ပထဝီဓာတ် သဘာဝများရှိပါသည်။

ရေ၌ အေးခြင်း၊ ပူခြင်း တေဇောဓာတ်၏မှီရာအမာခံသည် ပထဝီဓာတ်ဖြစ်သည်။

ရေခဲကို စမ်းသပ်ကြည့်ပါက အေး၏၊ ယင်းအအေး၏ မှီရာ ရေခဲရှိသောကြောင့်ဖြစ်သည်။

မီး၌လည်း အေးခြင်း၊ ပူခြင်း၊ တေဇော ဓာတ်၏မှီရာအမာခံသည် ပထဝီဓာတ်ဖြစ်သည်။

အပူမှီရာဖြစ်သော မီးရှိသောကြောင့် ဖြစ်ပါသည်။

လေ၌လည်း အေးခြင်း၊ ပူခြင်းတေဇော ဓာတ်၏မှီရာ အမာခံပထဝီဓာတ်ရှိပါသည်။ ထိုအအေးအပူတို့မှီရာ အမာခံတည်ရှိနေသောကြောင့် ပူခြင်း၊ အေးခြင်းရှိနေပါသည်။ ရေခဲ၊ မီး၊ လေတို့ကို ဖယ်လိုက်ပါက အပူ၊ အအေးတို့ မရှိတော့ပါ။

အသံထဲတွင်လည်း အသံ၏မှီရာ အမာခံပထဝီဓာတ်ရှိပါသည်။ အရာဝတ္ထု (၂) ခု ရိုက်ခတ်သော် အသံမြည်ပါသည်။

အရာဝတ္ထုတစ်ခု (ဥပမာကြိမ်လုံး)နှင့် လေကိုရိုက်သော်ရွှီးဟူ၍အသံမြည်လာသည်။ ယင်းမှာလေထဲတွင် အမာခံပထဝီရှိနေသောကြောင့် ဖြစ်သည်။

အသံ၏တည်နေရာ အမာခံ ပထဝီရှိနေသည်။ ဥပမာအိုးတစ်ခုထဲတွင် ပြင်းထန်စွာ မြည်ဟည်းပါက အိုးကွဲသွား၏။ နားထဲသို့ ပြင်းထန်စွာ အသံမှုတ်သွင်းပါက နားနာသွား၏၊ အကြောင်းမှာ အသံထဲတွင် ပါဝင်သောအသံ၏မှီရာ အမာခံဓာတ်ပထဝီ၏တွန်းကန်မှုကြောင့် ဖြစ်သည်။

ပထဝီအရင့် (ခက်မာပထဝီ) ဆံပင်၊ မွေးညှင်း၊ အသား၊ အရိုးတို့၌ ရှိသော ပထဝီဓာတ်ဖြစ်သည်။ အလွန်များပြားပြီး အစိုင်အခဲအဖတ် ထင်ရှားသောဓာတ်ဖြစ်သည်။ ယင်းတို့ကို လက္ခဏာ ပထဝီ၊ ပရမတ်စစ်စစ် ပထဝီဟုခေါ်ပါသည်။

ပရမတ္ထသဘာဝအထည်ဒြပ် ဖြစ်ပေါ်လာသော ဤပထဝီဓာတ်သဘာဝကို ဗုဒ္ဓသည် ဒိဗ္ဗစက္ခုဖြင့် ရှုမြင်ခဲ့ရာ ပထဝီဓာတ်သဘာဝ မြူမှုန့်နှင့်ပတ်သက်၍ လေးမျိုးခွဲခြားဟောပြထားခဲ့ပါသည်။ အဏုမြူကို (၃၆) စိတ်အထိအောင် စိတ်နိုင်ပါက ပရမာအဏုမြူကိုရသည်ဟု ဟောခဲ့ပါသည်။

ဗုဒ္ဓဟောခဲ့သော အဏုမြူ(၄)မျိုးမှာ -

၁။ ရထရေဏုမြူ - လမ်းပေါ်တွင်ကားလှည်း၊ ရထားယဉ်များစွာ သွားနေသောအခါ ထ.သော မြူမှုန်များ၊

၂။ တဇ္ဇာရီဏုမြူ - စားပွဲ၊ ကုလားထိုင်၊ အဝတ်များပေါ်တွင် တင်ကျန်ခဲ့နေသော ဖုန်မှုန့်များ၊

၃။ အဏုမြူ - နေရောင်ခြည်ထွက်ပေါ်မှသာ နေရောင်ခြည်အလင်းရောင်ဖြင့် မြင်နိုင်သော မြူမှုန့်များ၊

၄။ ပရမာအဏုမြူ - အလွန်သေးငယ်သော မြူမှုန့်များ ယင်းမြူမှုန့်တို့ကို နှိုင်းဆကြည့်ပါက

- ရထရေဏုမြူသည် တဇ္ဇာရီဏုမြူထက် ၃၆ ဆ
- တဇ္ဇာရီဏုမြူသည် အဏုမြူထက် ၃၆ ဆ
- အဏုမြူသည် ပရမာဏုမြူထက် ၃၆ ဆကြီးမားသည်။

ပထဝီဓာတ်သဘာဝကို ထပ်မံခွဲပါက -

၁။ ကိုယ်တွင်းပထဝီ - သတ္တဝါတို့၏ခန္ဓာကိုယ်တွင် (၃၂)ကောဋ္ဌာသ ရှိရာ ပထဝီဓာတ် (၂၀) ပါဝင်ပါသည်။ ယင်းတို့မှာ ...

၁။ ဆံပင်

၂။ မွေးညှင်း

၃။ ခြေသည်းလက်သည်း

၄။ သွား

၅။ အရေထူ၊ အရေပါး၊

၆။ အသား

၇။ အကြော

၈။ အရိုး

၉။ ရိုးတွင်းခြင်ဆီ

၁၀။ အညှို့

၁၁။ နလုံး

၁၂။ အသည်း

၁၃။ အမြှေး

၁၄။ အဖျဉ်း

၁၅။ အဆုတ်

၁၆။ အူမ

၁၇။ အနုသိမ်
၁၈။ အတာသစ်
၁၉။ အစာဟောင်း
၂၀။ ဦးနှောက် တို့ဖြစ်ကြပါသည်။

၂။ ပြင်ပပထဝီ(သသမ္ဘာရ ပထဝီ) မြ. ရွှေ. ငွေ. ကြေး. ကျောက်ခဲ. သစ်သား စသည် တို့ဖြစ်ပါသည်။

ဗုဒ္ဓက အသေးဆုံးရုပ်ဝတ္ထုဖြစ်သော ပရမာဏုမြူ၌ ရုပ်ဓာတ်သဘာဝ (၈)ခုဖြင့် ဖွဲ့စည်းထားသည်ဟု ဟောထားပါသည်။

ယင်းဓာတ်သဘာဝ (၈)မျိုးတို့မှာ -

၁။ အဆင်း (ဝဏ္ဏ)
၂။ အနံ့ (ဂန္ဓ)
၃။ အရသာ (ရသ)
၄။ အဆီအစေး (ဩဇာ)
၅။ ပထဝီ (အမာဓာတ်၊ (မြေ))
၆။ ရေ (အာပေါ)
၇။ လေ (ဝါယော)
၈။ မီး (တေဇော)

ဤဓာတ်သဘာဝ(၈)ခုသည် မကွဲမပြား အမြဲတွဲဖြစ်နေသော ကြောင့် အဝိနိဗ္ဘောဂ ရုပ်သဘာဝများဟု ခေါ်ဆိုပါသည်။

ဥပမာ - ဆံပင်တစ်ချောင်းကို ဓာတ်ခွဲ ကြည့်ပါက -

- ပျော့ပြောင်းခြင်း၊ မာကြောခြင်း၊ ပထဝီဓာတ်ရှိသည်။
- အချောင်းကလေး၊ အလုံးကလေးဖြစ်အောင် ဖွဲ့စည်းထားသော အာပေါဓာတ် ရှိသည်။
- တိုင်းကြည့်လျှင် ပူခြင်း၊ အေးခြင်းသဘော တေဇောဓာတ်ရှိသည်။
- နှိပ်ကြည့်လျှင် ပြန့်၍တွန့်လန်ခြင်းသဘော၊ လှုပ်ရှားခြင်းသဘော ဝါယောဓာတ် ရှိသည်။
- အနက်ရောင်၊ အဖြူရောင်၊ ရွှေရောင်ဟူသော အဆင်း (ဝဏ္ဏဓာတ်)ရှိသည်။
- နမ်းကြည့်လျှင် အနံ့အသက် ဂန္ဓဓာတ်ရှိသည်။
- လျှာဖြင့်လျက်ကြည့်လျှင် အရသာတစ်မျိုးမျိုး တွေ့ရသော ရသဓာတ်ရှိသည်။
- အဆီး၊ အစေး ဩဇာဓာတ်ရှိသည်။

ပထဝီဓာတ်သဘာဝကို အာပေါဓာတ်ဟူသော ရေက စုရုံးပေးထားသောကြောင့် ပထဝီဓာတ်အစိုင်အခဲဖြစ်လာသည်။ ယူဇနာပေါင်း ၂၄၀၀၀၀ ရှိသော မဟာပထဝီမြေကြီး ဖြစ်ပေါ်လာရသည်။

(၁ ယူဇနာလျှင် ၁၂ မိုင်ခန့်ရှိသည်။)

မကွဲမပြားတည်ရှိသော ဓာတ်သဘာဝ (၈)ခုသည် အရာဝတ္ထုတိုင်း၌ရှိသည်ဟု ဗုဒ္ဓက ဟောကြားခဲ့သည်။ ယနေ့သိပ္ပံပညာရှင်တို့က ဝေါဟာရအားဖြင့် (၁၆) မျိုးခွဲခြားပြထားသည်။

ဗုဒ္ဓဂေါတမအမြင်	ယနေ့သိပ္ပံအမြင်
၁။ ပထဝီဓာတ်	၁။ မာကြောခြင်း
	၂။ နူးညံ့ခြင်း
၂။ အာပေါဓာတ်	၃။ ဖွဲ့စည်းခြင်း
	၄။ ယိုစီးခြင်း
၃။ တေဇောဓာတ်	၅။ ပူခြင်း
	၆။ အေးခြင်း
၄။ ဝါယောဓာတ်	၇။ အားထုတ်ခြင်း
	၈။ တွန်းကန်ခြင်း
	၉။ လှုပ်ရှားခြင်း
	၁၀။ ရုန်းကန်ခြင်း
၅။ ဝဏ္ဏဓာတ်	၁၁။ အရောင်အဆင်းရှိခြင်း
	၁၂။ ရုပ်သဏ္ဍာန်ပေါ်ခြင်း
၆။ ဂန္ဓဓာတ်	၁၃။ အနံ့ရှိခြင်း
၇။ ရသဓာတ်	၁၄။ အရသာရှိခြင်း
၈။ ဩဇာဓာတ်	၁၅။ ဩဇာဓာတ်ရှိခြင်း
	၁၆။ ကြေညက်ခြင်း

၂။ အာပေါ (ရေဓာတ်) သဘာဝ

အာပေါဓာတ်သဘာဝသည် ဖွဲ့စည်းခြင်း၊ စိုစွတ်စေးကပ်ခြင်း၊ ယိုစီးခြင်းသဘောရှိသည်။ အတူဖြစ်ဖက်ရုပ်ကလာပ်တို့ကို ပေါင်းဖွဲ့ပျံ့နှံ့စေသည်။ ရုပ်ဓာတ်အချင်းချင်းကို တစ်ပေါင်းတည်းဖြစ်အောင်ဖွဲ့စည်းပေးသော ဓာတ်သဘာဝဖြစ်သည်။

ယင်းဓာတ်သဘာဝ(၂)မျိုးရှိပါသည်။

၁။ ဖွဲ့စည်းအာပေါဓာတ် သံ၊ ခဲ၊ သစ်သားစသည်များ (အာပေါအနစား)

၂။ ယိုစီးအာပေါဓာတ် ရေ၊ နို့၊ ကြံရည်စသည်များ (အာပေါအရင့်စား)

တစ်ဖန် ထပ်မံခွဲစိပ်ကြည့်ပါက -

၁။ ကိုယ်တွင်းအာပေါဓာတ် သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်ဟူ၍ (၁၂)မျိုးရှိပါသည်။

၂။ ပြင်ပအာပေါ ရေ၊ နို့၊ ဖျော်ရည်၊ ကြံရည်စသည်များ

၃။ တေဇော(မီး)ဓာတ်သဘာဝ

တေဇော(မီး)ဓာတ်သည် ပူခြင်း၊ အေးခြင်းသဘောရှိသည်။ အတူတူဖြစ်ဘက်ရုပ်များကို ရင့်ကျက်စေတတ်၏၊ ထက်စေတတ်၊ ပူစေတတ်၊ နူးညံ့စေတတ်၏။

တေဇောဓာတ်သဘာဝတွင် အပူ၊ အအေး(၂)မျိုးရှိပါသည်။

၁။ သီတတေဇော - အအေး

၂။ ဥဏှတေဇော - အပူ

ယင်းတို့ကို ထပ်မံခွဲခြားကြည့်ပါက ကိုယ်တွင်းတေဇော(မီး) (၅)မျိုးရှိပါသည်။

၁။ သန္တပ္ပနတေဇော - သာမန်ဖျားသောအခါ ပူသောအပူ
(တေဇောဓာတ်ပျက်မှု ဖြစ်သောအပူ)

၂။ ပရိဒဟနတေဇော - အလွန်အမင်း ပူပြင်းသော အပူ မီးယပ်ပူ၊
ဒူလာပူဖြစ်စေသောအပူ

၃။ ဇီရဏတေဇော - အိုမင်း၊ ရင့်ရော်၊ ဆွေးမြေ့စေသောအပူ၊

သွားကျိုးခြင်း၊ ဆံပင်ဖြူခြင်း၊ ခါးကိုင်းခြင်းစသော သတ္တဝါတို့၏ အရွယ်များဖောက်ပြန်ခြင်း၊ သစ်ပင်တို့အရွယ်ကြီးခြင်း၊ သစ်သီးမှည့်ခြင်း၊ ရင့်ခြင်း၊ အထည်အဝတ်အစားများ ဆွေးမြေ့ခြင်းစသော သမ္ပတိဇရာဖြစ်စေသော အပူ၊ ထိုအပူဓာတ်သဘာဝသည် နတ်ပြဟ္မာတို့၌ မရှိ။ လူသားတွင်ဆေးဝါးဖြင့် ကုသက ရနိုင်ပါသည်။

၄။ ဥသ္မာတေဇော - ခန္ဓာကိုယ်၌မပြတ် - ပကတိရှိနေသော ကိုယ်ငွေ့အပူ၊

ဤအပူသည် ချမ်းသောကာလ၊ ပူသောကာလ၊ အေးသောကာလဟူသော အရပ်တို့၌လည်းကောင်း၊ အသားတုံးကို ကျက်အောင်ပူသော မီး၏အနီး၌လည်းကောင်း၊ ရေခဲအောင်အေးသော အရပ်၌လည်းကောင်း၊ မတိုးမဆုတ် အညီအမျှဖြစ်သည်။

လူတို့၏ကိုယ်၌ရှိသော ပကတိကိုယ်ငွေ့ပူသောအပူသည် အပူအအေးတိုင်း ပြဒါးတိုင် အမှတ်အားဖြင့် (၉၈) ဒီဂရီရှိသည်။

ငှက်တို့သည် လူတို့ထက် အပူသာသောကြောင့် (၁၀၈) ဒီဂရီ ရှိသည်။ သူငယ်တို့၌ (၉၆) ဒီဂရီရှိသည်။ အရွယ်ကြီးလျှင် အနည်းငယ် အပူလျော့သည်။

သက်မဲ့ဝတ္ထုကို နေ၊ မီး၊ အပူပြုလုပ်က ခဏမျှသာပူသည်၊ သက်ရှိသတ္တဝါတို့ကမူ အမြဲပူသည်။ သေသော် အပူမရှိတော့ပါ။

၅။ ပါစကတေဇော - အစာအာဟာရကို ကြေညက်စေသော ဝမ်းတွင်းအပူဖြစ်သည်။ စားလိုက်သော အစာအဟာရများကို ကြေညက်အောင် ချက်ပြုတ်ပေးသည်။

၃။ ဝါယောဓာတ်(လေ)သဘာဝ

ဝါယော(လေ)ဓာတ်၏ သဘာဝသည် ထောက်ကန်ခြင်း၊ တွန်းကန်ခြင်း၊ လှုပ်ရှားခြင်း သဘောရှိသည်။ အတူဖြစ်ဘက် ရုပ်ကလာပ် တို့ကို ရွေ့လျားစေတတ်၊ တိုက်လွှင့်ပစ်တတ်သော သဘောရှိသည်။

ဝါယောဓာတ်(၂)မျိုးရှိသည်။

၁။ ထောက်ကန်ဝါယော - ငြိမ်သက်နေသောအရာဝတ္ထုကို ထောက်ကန်နိုင်ပြီး မလှုပ်ရှားနိုင်သောကြောင့် အနစားဝါယော၊

၂။ လှုပ်ရှားဝါယော - လှုပ်ရှားလွှင့်ပါးနေသောအရာဝတ္ထုများလှုပ်ရှားနိုင်သည်အထိ အရှိန်အဟုန်ဖြစ်ပေါ်လာသောကြောင့် အရင့်စားဝါယော၊ ယင်းတို့ကို လက္ခဏာဝါယောဟု အဘိဓမ္မာကခေါ်သည်။

သက်ရှိသတ္တဝါတို့၏ ကိုယ်တွင် ဝါယော (၁၀) မျိုးရှိသည်။

၁။ ဥဒ္ဓင်္ဂမဝါယော - အထက်သို့ ဆန်တက်သောလေ၊ လေထိုးခြင်း၊ ကြို့ထိုးခြင်း၊ ပျို့ခြင်း၊ အန်ခြင်း စသည်တို့ကိုဖြစ်စေသောလေ၊

၂။ အဓောဂမဝါယော - အောက်သို့စုန်ဆင်းသောလေ ကျင်ကြီး၊ ကျင်ငယ်၊ လေသက်မှုတို့ကို ပြုသောလေ၊

၃။ ကုစ္ဆိသယဝါယော - အူ၏အပြင် ဝမ်းခေါင်းအတွင်း၌လှည့်နေသောလေ၊ လေထိုးလေအောင့်ဖြစ်စေသောလေ၊

၄။ ကောဋ္ဌာသဝါယော - အူအတွင်း၌ တည်သောလေ၊

၅။ အင်္ဂမင်္ဂါနုသာရိဝါယော - ကိုယ်လက်၊ အင်္ဂါ ကြီးငယ်တို့ကို ပျံ့နှံ့၍ ရွေ့လျားခြင်း၊ ဆန့်ခြင်းတို့ကို ဖြစ်စေသောလေ၊

၆။ အဿာသ ပဿာသဝါယော - ထွက်သက်လေ၊ ဝင်သက်လေ၊

၇။ သတ္ထကဝါယော - အဆင်း၊ အမျက်၊ အဆစ်၊ အကြောတို့ကို ကပ်ကျေးဖြင့် ဖြတ်သကဲ့သို့ ဖြစ်စေတတ်သောလေ၊

၈။ ခုရကဝါယော - သင်တုန်းဓားကဲ့သို့ နှလုံးသားကို ခွဲတတ်၊ ဖြတ်တတ်သောလေ၊

၉။ ဥပ္ပလကဝါယော - နှလုံးသားအတွင်း၌ တည်သောလေ၊ ဤလေကြောင့် နှလုံးသားသည် ပိန်ချည်၊ ဖောင်းချည်မပြတ် ဖြစ်နေရပါသည်။ ဤနှလုံးသားပိန်ခြင်း၊ ဖောင်းခြင်းကြောင့်၊ သွေးကြောထဲ၌ရှိသော သွေးနှင့်နှလုံးသွေးတို့သည် အထွက်အဝင်၊ အသွားအလာပြုနေကြရသည်။ ထို့ကြောင့် ဆေးဆရာတို့က ခြေချင်းဝတ်၊ လက်ကောက်ဝတ်တို့၏သွေးကြော၌ရှိသော သွေး၏လှုပ်ရှားမှုကို ကြည့်၍ ရောဂါအနာကို စမ်းသပ်ကြည့်ရှုကြလေသည်။

၁၀။ အဘိက္ကမာဒိသဝတ္တကဝါယော - ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်းစသော သွားလာ၊ လှုပ်ရှားမှုကိုဖြစ်စေတတ်သောလေ။ ဤသို့လျှင် ဗုဒ္ဓက သက်ရှိ၊ သက်မဲ့တို့ရှိ ဓာတ်သဘာဝတို့ကို လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခွဲခြမ်းစိတ်ဖြာ၍ ဟောကြားပြသထားခဲ့ပါသည်။ ယနေ့ သိပ္ပံပညာရှင်တို့က ဗုဒ္ဓ၏ဟောပြောချက်တို့ကို တွေ့ရှိအောင် ရှာဖွေစမ်းသပ်နေကြရာ - တွေ့သင့်သလောက် တွေ့ပြီးဖြစ်ပါသည်။ သို့သော် ဗုဒ္ဓ၏ ပရမာအကျဖြူသဘာဝကို မတွေ့ကြသေးပါချေ။

ကပ်ကမ္ဘာ(၄)မျိုး

ဗုဒ္ဓဂေါတမသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော်က စကြဝဠာနှင့်ပတ်သက်၍ ပျက်စီးပုံတို့ကိုလည်းကောင်း၊ ကမ္ဘာသစ်ကြီးတည်ပြီး ဘုံအသီးသီး ဖြစ်ပေါ်လာပုံတို့ကိုလည်းကောင်း ဟောကြားပြထားခဲ့ပါသည်။

ဆုပြည့်စုံထွန်းစာပေ

ဗုဒ္ဓဟောကြားသော ကမ္ဘာကြီးပျက်စီးပုံ ဖြစ်တည်လာပုံတို့သည် ယနေ့သိပ္ပံပညာရှင်တို့၏ အယူအဆအတွေးအမြင်နှင့် ထပ်တူ တူညီနေသည်ကို အံ့သြစွာတွေ့ရပါမည်။

ဗုဒ္ဓသည် သဗ္ဗညုတဉာဏ်တော်ဖြင့် စကြဝဠာကြီးပျက်ခြင်း၊ အပျက်အတိုင်းတည်ရှိခြင်း၊ ပြန်လည်ဖြစ်ခြင်း၊ အဖြစ်အတိုင်း တည်ရှိခြင်းတို့ကို ကပ် (၄) မျိုးဖြင့် တိကျစွာဟောကြားထားခဲ့ပါသည်။

ကပ်(ကမ္ဘာ)ဟူသည့် ဖြစ်တတ် - ပျက်တတ် မမြဲသော သဘောရှိသည်၏။ အဖြစ်ကြောင့်ပျက်စီးခြင်းသို့ ရောက်တတ်သော အချိန်ရှိသလို ဖြစ်တည်သောအချိန်တည်ပြီး ဆက်လက်တည်နေသောအချိန်များ ရှိပါသည်။

ယင်းတို့ကို ကပ်(၄)မျိုးဖြင့် ခွဲခြားဟောထားခဲ့ပါသည်။

၁။ **အာယုကပ်**

သတ္တဝါတို့၏သက်တမ်း ဆုတ်တုံ့တက်တုံ့သည်(ဝါ) ကာလ အားလျော်စွာ သတ်မှတ်ထားသော အသက်အပိုင်းအခြားသည် အာယုကပ်ဖြစ်ပါသည်။

ကမ္ဘာဦးအစ သတ္တဝါတို့၏သက်တမ်းသည် အသင်္ချေယျတမ်းရှိပါသည်။

(ထိုအသင်္ချေယျတမ်းကို အနှစ်တစ်သိန်းဟူ၍ ဆိုကြပါသည်။)

ထိုမှ သက်တမ်းတဖြည်းဖြည်း ဆုတ်ယုတ်လာခဲ့ရာ သက်တမ်း (၁၀)နှစ်အထိ ဆုတ်ယုတ်လာခဲ့သည်။

သက်တမ်းဆုတ်ယုတ်လာရသည်မှာ သတ္တဝါတို့ ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယဟူသော အကုသိုလ်တရားများ တဖြည်းဖြည်းများလာသောကြောင့် သက်တမ်းဆုတ်ယုတ်လာခြင်းဖြစ်သည်။

ထိုမှတစ်ဖန် သတ္တဝါတို့ အသိတရားရပြီး ဒါန၊ သီလ၊ တရားများပြန်လည်ပြုလုပ်လာကြသဖြင့် သက်တမ်းသည် (၁၀)နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ ပြန်လည်မြင့်တက်လာခဲ့သည်။

သက်တမ်းဆုတ်ရာ တက်ရာတွင် ဆုတ်ယုတ်ရာ၌ ဖြည်းဖြည်းဆုတ်ယုတ်ပြီး တက်သောအခါ ထပ်ပိုး ထပ်ပိုး၍ တက်သည်ဟုဆိုပါသည်။

ဤသက်တမ်းဆုတ်ယုတ်ပုံ - တက်ပုံကိုဗုဒ္ဓကဒီဃနိကာယ်သုတ်ပါထေယျ၊ စက္ကဝတ္တိသုတ်၌ ဟောထားခဲ့ပါသည်။

လောကပညတ္တိကျမ်းတွင်မူ အနှစ်တစ်ရာ တစ်ရာလျှင် ဆယ်နှစ်ဆယ်နှစ် ဆုတ်ယုတ်၍ တက်သောအခါ ထပ်ပိုးထပ်ပိုး တက်သည်ဟူ၍ ဆိုထားပါသည်။

ဆရာအချို့ကမူ အနှစ်တစ်ရာလျှင် တစ်နှစ်ဆုတ်ယုတ်သည်။ တက်လျှင်မူ ထပ်ပိုးတက်သည်။ ဥပမာ - ၂ နှစ်၊ ၄ နှစ်၊ ၈ နှစ်၊ ၁၆ နှစ် စသည့် ထပ်ပိုးထပ်ပိုးတက်သည်။

ယနေ့ခေတ် လူတို့၏ ပျမ်းမျှသက်တမ်း (၇၅)နှစ်သည် လူတို့၏ အာယုကပ်မည်ပါသည်။ တာဝတိံသာနတ်တို့၏နတ်သက် နှစ် ၁၀၀၀ သည် တာဝတိံသာနတ်တို့၏ အာယုကပ်မည်ပါသည်။

၂။ အန္တရကပ်

အသက်အသင်္ချေယျတမ်းမှ (၁၀) နှစ်တမ်းသို့ဆုတ်ခြင်း (၁၀) နှစ်တန်းမှအသင်္ချေယျတမ်းတက်ခြင်း၊ ဆုတ်ကပ်တက်ကပ်နှစ်ပါးစုံကို အန္တရကပ်ဟုခေါ်သည်။

၃။ အသင်္ချေယျကပ်

အန္တရကပ်ပေါင်း (၆၄)ကပ်သည် အသင်္ချေယျကပ်တစ်ခုဖြစ်ပါသည်။

၄။ မဟာကပ်

အသင်္ချေယျ (၄) ကပ်ကို မဟာကပ်တစ်ကပ် (တစ်ကမ္ဘာ)တစ်ကမ္ဘာ၌ရှိသော အသင်္ချေယျ(၄)ကပ်၊

၁။ ကမ္ဘာကြီးကို မီး၊ ရေ၊ လေတို့ ပျက်ဆဲကာလ

(သံဝဋ္ဋအသင်္ချေယျကပ်)

စကြဝဠာကုဋေတစ်သိန်းစီရှိသော ဩကာသလောကကြီးသည် ပျက်စီးချိန်ကျရောက်လာသောအခါယခုပစ္စက္ခ၌ရှိနေကြသောမဟာပထဝီကြီး၊ စကြဝဠာတောင်၊ သတ္တရဇန်တောင်၊ မြင်းမိုရ်တောင် အလုံးစုံတို့သည် နှစ်အသင်္ချေပေါင်း မရေမတွက်နိုင်လောက်အောင်ကြာညောင်းလာလတ်သော် ဥတုဟုခေါ်သော မီးဓာတ်၏အစွမ်းဖြင့် ရင့်မှန်းမသိရင့်လာသည်။ ရင့်ဖန်များလာသော် အခွံဓာတ်မျိုး၊ အကာဓာတ်မျိုး အဆင့်ဆင့်တို့သည် တဖြည်းဖြည်းကုန်ခမ်းလာကြသည်။ အနှစ်ဓာတ်မျိုးတို့သည်သာ ကျန်ရှိကြသည်။ အနှစ်ဓာတ်မျိုးတို့သည်လည်းတဖြည်းဖြည်းညှံ့ဖျင်းလာကြသည်။ ညှံ့ဖျင်းလာရာမှကုန်ခမ်းဖန်များလတ်သော်အသား၊ အနှစ်၊ အနှစ်မှ အဆီမျိုးတို့သာ ကျန်ရှိတော့သည်။

ထိုအခါမဟာပထဝီစသည်တို့သည် ဆီဦးခဲ၊ ထောပတ်ခဲ၊ ယမ်းဆီခဲ၊ ကန့်ခဲ၊ ကန့်ဆီခဲကဲ့သို့ မီးထည့်လျှင် လောင်သော အဆီအနှစ်လောက်မျှသာရှိသည်။

ထိုသို့သော အိုမင်းရင့်ရော်မှုမျိုးကို မည်သူကမျှ မဖန်ဆင်းပါ။ ဓမ္မနိယာမသဘာဝအားဖြင့် ဖြစ်လာခြင်းမျှသာဖြစ်ပါသည်။

ဤသို့အိုမင်းရင့်ဆွေးခြင်းသို့ရောက်သောအခါကမ္ဘာပျက်မိုးကြီးဖြစ်ပေါ်သော်ကမ္ဘာပေါ်တွင် မိုးကြီး ကြီးစွာ တစ်ကြိမ်ရွာချသည်။ ယင်းကို ကမ္ဘာဖျက်မိုးဟုခေါ်သည်။

ထိုမှနောက် မိုးမရွာတော့ဘဲအနှစ်တစ်သိန်းခန့်ရှိလတ်သော် ကောင်းကင်၌နေဗိမာန်များ ပွားစီးလာပြီး နေ(၇)စင်း တိုးပွားလာသည်။

စကြာဝဠာကုဋေတစ်သိန်းလျှင် နေဝိမာန်ပေါင်း ကုဋေ (၇) သိန်းဖြစ်လာသည်။ ဤသို့ဖြစ်ပေါ်လာသည့် ဓာတ်သဘာဝအလိုက်အအုံကြီး၏ အဆန်းတကြယ်ဖောက်ပြန်မှုကြီးပင်ဖြစ်ပါသည်။

ဤကမ္ဘာ၌ ရံဖန်ရံခါ မီးတောင်ပေါက်မှု သမုဒ္ဒရာအောက်မှ မီးတောင်များပေါက်ကွဲမှု၊ မိုးကြီးသည်းစွာရွာ၍ ရေလွှမ်းမိုးမှု၊ မြို့ရွာများ မုန်တိုင်းဘေးကြောင့် ပျက်စီးမှု၊ လျှော့လှုပ်မှုကြောင့် မြို့ရွာများ၊ ပျက်စီးမှု စသည်တို့သည် သဘာဝတေဇောဓာတ် ဖောက်ပြန်မှုကြောင့်ဖြစ်သကဲ့သို့ပင် ဤစကြာဝဠာကမ္ဘာကြီးသည် တေဇောဓာတ်ကြောင့် ပျက်ရသည်။

ကမ္ဘာဖျက်မီးလောင်ရာတွင် အောက်ကမ္ဘာကို ခံသောရေနယ်ကို ချန်လှပ်၍ ယူဇနာနှစ်သိန်းလေးသောင်းရှိသော ကျောက်မြေရွှံ့မြေဟူသော မဟာပထဝီမြေကြီး၊ စကြာဝဠာတောင်ကြီး သတ္တရဘ္ဘန် ခုနစ်တန်တို့နှင့်အတူ မြင်းမိုရ်တောင်ကြီးပေါင်း ကုဋေတစ်သိန်းတို့သည်လည်း ပျက်စီးကုန်လေသည်။

ဤကမ္ဘာဖျက်မီးကြီးသည် ပထမဈာန် ဗြဟ္မာဘုံတိုင်အောင် လောင်ကျွမ်းသည် မီးစာဟူ၍ အကျန်မြူမျှမရှိ။ မီးခဲ၊ မီးတောက် အကုန်ချုပ်ငြိမ်းသွားလေသည်။

မီး၏ အခိုက်အတန့်သည် အနု၊ အရင့်၊ အလျှံဟူ၍ (၃) မျိုး ရှိသည်။

(က) ဥတုအခိုက်အတန့် - မီးစာဝတ္ထု၌ မီးမစွဲမီးတည်ရှိသော ဥတုဟုခေါ်သော မီးမျိုးစေ့အစုသည် အနုမည်ပါသည်။

(ခ) မီးခဲအခိုက်အတန့် - မီးစာဝတ္ထု၌ စိုစိုရဲရဲစွဲသော မီးသည် အရင့်မည်၏။

(ဂ) မီးတောက်မီးလျှံအခိုက် - တောက်၍အလျှံထသော မီးတောက်သည် အလျှံမည်၏။

မီးစာဟူ၍ မှုန်ညှင်းစေ့မျှအကြွင်းအကျန်မရှိသော မီးခဲမီးလျှံတို့သည် အကြွင်းအကျန်မရှိ ငြိမ်းကုန်သည်၊ ဥတုဟုခေါ်သော ဓာတ်နတို့သာလျှင် မီးလောင်ရာနယ်တစ်ခွင် ကောင်းကင်နှင့် အပြည့်ကျန်ရှိနေလေတော့သည်။

ကမ္ဘာပျက်တော့မည်ကို လောကဗျူဟာနတ်များက သတိပေးခြင်း

စကြာဝဠာကြီးပျက်စီးခါနီးတွင် ရာသီဥတု အလွန်ဖောက်ပြန်လာပါသည်။ မိုးအလွန်ကြီးခြင်း၊ မိုးအလွန်ခေါင်ခြင်း စသည့် ဖောက်ပြန်မှု များ ဆက်တိုက်ဖြစ်ပွားလာပါသည်။ ထိုအခါတွင် လောကဗျူဟာ ကာမာဝစရနတ်များသည် ဤစကြဝဠာကြီးမပျက်စီးမီ နှစ်ပေါင်းတစ်သိန်းအလိုတွင် လူအများအား စကြာဝဠာကြီး ပျက်စီးတော့မည့်အကြောင်းကို လှည့်လည်ပြီး ကြိုတင်သတိပေးလေ့ရှိပါသည်။

ဆုပြည့်စုံထွန်းစာပေ

လောကဗျူဟာနတ်များသည် နီမြန်းသောအဝတ်ကို ဝတ်ဆင်လျက် ပုလဲသွယ်ကို ဦးခေါင်းတွင်ဝတ်ဆင်ကာ ဆံပင်ကိုဖားလျားချပြီး မျက်ရည်များသုတ်လျက် ဝမ်းနည်းကြေကွဲသော ဟန်အမူအရာကိုပြ၍...

"အို... အချင်းတို့... ယခုမှ နောင်အနှစ်တစ်သိန်း လွန်မြောက်သောအခါ ဤစကြဝဠာ(ကမ္ဘာ) မြေကြီးပျက်စီးပါတော့မည်။ မဟာသမုဒ္ဒရာကြီးများပင် ခြောက်သွေ့၍မြေကြီး မြင်းမိုရ်တောင်နှင့် ဗြဟ္မာပြည်တိုင်အောင် စကြဝဠာ(ကမ္ဘာ)၏ အဆောင်အယောင်အားလုံး ပျက်စီးချေတော့မည်။ တစ်ယောက်နှင့်တစ်ယောက် မေတ္တာ၊ ကရုဏာ စသော ဗြဟ္မစိုရ်တရားတို့ကို ပွားကြပါ၊ လူကြီး၊ မိဘများကို ရိုသေတုပ်ကွ၍ လေးမြတ်စွာ ပြုစုလုပ်ကျွေးကြပါကုန်လော့" ဟု သတိပေးကြွေးကြော်ကြပါသည်။

ထိုအခါ လူနှင့် ဘုမ္မစိုး၊ ရုက္ခစိုးနတ်တို့ပါ လွန်စွာထိတ်လန့်လျက် နှုံးည့်သောစိတ်ထားများပေါ်လာကြပြီး ဗြဟ္မစိုရ်တရားများကို ကြိုးစားပွားများအားထုတ်လာကြရာ သေလွန်သောအခါ အထက်နတ်ဘုံများသို့ ရောက်ကြရသည်။

တိရစ္ဆာန်များ၊ ပြိတ္တာများ (နိယတမိစ္ဆာဒိဋ္ဌိ) အယူရှိသူများမှတစ်ပါး ငရဲစသော သတ္တဝါအားလုံးတို့သည်အပရာပရိယဝေဒနီယ (ဘဝအဆက်ဆက်ကပြုလုပ်ခဲ့ကြသော) ကုသိုလ်ကံများကြောင့် စုတေသေလွန်သောအခါ နတ်ပြည်သို့သာ တက်ရောက်ကြရလေသည်။

နိယတမိစ္ဆာဒိဋ္ဌိအတွက် ငရဲသို့ကျသူတို့ကား အဝီစိငရဲဘုံ သက်ဖြစ်သော အာယုကပ် မစေ့သေးလျှင် မပျက်သောကမ္ဘာသို့ ပြောင်းရွှေ့၍ ခံစားကြရပါသည်။

ဤသို့အားဖြင့် နတ်ပြည်ရောက်သော နတ်သားနတ်သမီးများသည် ယခင်ကကဲ့သို့ ကာမဂုဏ်ဖြင့် မပျော်မွေ့နိုင်ကြတော့ဘဲ စကြဝဠာ(ကမ္ဘာ)ကြီးပျက်တော့မည်ဟူသော သတင်းကြောင့် မေတ္တာ ဗြဟ္မစိုရ်တရားကို အပြင်းအထန်အားထုတ်ကြသဖြင့် ဈာန်များရရှိကြပြီး သေလွန်သောအခါ ကမ္ဘာမီးလောင်မှုမှလွတ်သော ဗြဟ္မာဘုံများသို့ ရောက်ကြရလေသည်။

တေဇော(မီး)ကြောင့် စကြဝဠာ (ကမ္ဘာ)ကြီး ပျက်စီးပုံ

ဤစကြဝဠာ(ကမ္ဘာ)ကြီးပျက်ရာတွင်မပါနိုင်သောဗြဟ္မာဘုံများသို့သတ္တဝါများရောက်လာ၍ အတန်ကြာသော် ပြင်းထန်သော အရောင်အရှိန်ဖြင့် ဒုတိယနေတစ်စင်း ထွက်ပေါ်လာခဲ့ပါသည်။

ထိုဒုတိယနေ၏ ပူပြင်းမှုကြောင့် မြစ်ငယ်ငါးရာရှိ ရေများ ခမ်းခြောက်ကုန်ပါသည်။ နေတစ်စင်းအဝင်မှာ နောက်နေတစ်စင်းဆက်လက်ထွက်လာသောကြောင့် နေ့အချိန်ရှိပြီး ညအချိန်မရှိတော့ပါ။

စကြာဝဠာ ကမ္ဘာတစ်သိန်းတို့၌ ထိုကဲ့သို့ နေနှစ်စင်းထွက်လာပြီး မကြာခင် သုံးစင်းမြောက်နေတစ်စင်းထွက်ပေါ်လာခဲ့သည်။ အပူရှိန်သည်ရှေးကထက်ပြင်းထန်သောကြောင့်ဂင်္ဂါ၊ ယမုံနာ၊ အစီရဝတီ၊ မဟီ၊ သရဘူဟူသော မြစ်ကြီးငါးသွယ်မှ ရေများခမ်းခြောက်ကုန်ပါသည်။

အတန်ကြာသော် စတုတ္ထမြောက်နေတစ်စင်း ထပ်မံ ထွက်ပေါ် လာရာ သီဟပပါတအိုင်၊ ကဏ္ဏမုဏ္ဍအိုင်၊ ရထကာရအိုင်၊ အနောတတ္တအိုင်၊ ဆဒ္ဒန္တအိုင်၊ ကုဏ္ဍာလအိုင်ဟူသော အိုင်ကြီး (၇)အိုင်တို့ ခမ်းခြောက်ကုန်သည်။

ပဉ္စမမြောက် နေတစ်စင်းထွက်လာသောအခါ သမုဒ္ဒရာကြီးအားလုံး ခမ်းခြောက်ကုန်ရသည်။

ဆဋ္ဌမမြောက် နေတစ်စင်းထွက်လာသောအခါ စကြာဝဠာ ကမ္ဘာတစ်သိန်းလုံး မီးဟုန်းဟုန်းတောက်လောင်ကာ နတ်ဘုံများနှင့် ပထမဈာန်သုံးဘုံအထိ လောင်စာဖြစ်ကုန်ကြပါသည်။

(ထိုသို့နေတစ်စင်းပြီးတစ်စင်း ခုနစ်စင်းမြောက်အထိ ပေါ်ပေါက်လာရခြင်းမှာ ယနေ့ခေတ် သိပ္ပံပညာရှင်များတင်ပြလာသော စကြာဝဠာကြီး ကျုံ့ဝင်မှုသဘောအရကြယ်(နေ) စနစ်များ၊ ဂလက်ဆီများ၊ ဂလက်ဆီအုပ်စုများ မဟာဂလက်ဆီအုပ်စုကြီးများ ထပ်လာသည့်သဘောနှင့် အလားတူပါသည်။

ဤသို့ဖြင့် ကမ္ဘာမီးလောင်မှုကြောင့် အာကာသခေတ်ရှိ အောက်ခံ၊ မြေ၊ ရေ၊ လေထုများ ပျောက်ကွယ်သွားပြီဖြစ်၍ ပထမဈာန် ဗြဟ္မာဘုံအောက်တစ်လျှောက်ဝယ် နာမ်သင်္ခါရမဆိုထားဘဲ ရုပ်မှုန်၊ ရုပ်မွှားများ သင်္ခါရအသေးစား ပရမာအဏုမြူမှုပင် မကျန်တော့ပါ။ အာကာသခေတ်ကြီး တစ်ခုလုံးသည် အမှောင်တိုက်ကြီး ဖြစ်နေတော့သည်။

စကြာဝဠာ(ကမ္ဘာ)ဖျက်မိုးကြီး ရွာသောအချိန်မှစ၍ မီးတောက် မီးလျှံများ ငြိမ်းသည့်တိုင်အောင်သောကာလကို ပျက်ဆဲသံဝဋ္ဋ အသင်္ချေယျကပ်ဟု ခေါ်ပါသည်။

(ဤကပ်သည်မဟာကပ်၏လေးပုံတစ်ပုံသာရှိပါသည်၊စကြာဝဠာ(ကမ္ဘာ)အသစ်တည်ဆောက်မည့် မိုးမရွာသေးမီ ပျက်မြဲအတိုင်းတည်ရှိနေသော ကာလကို သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်ဟု ခေါ်ဆိုပါသည်။ ယင်းကပ်သည်လည်း မဟာကပ် လေးဘုံတစ်ပုံခန့်ရှိပါသည်။)

ရေဖျက်သောကမ္ဘာများ

မီးကြောင့်ပျက်ရသောစကြာဝဠာ(ကမ္ဘာ)(၇)ကြိမ်မြောက် ပျက်ပြီးသည့်နောက်တွင် (၈)ကြိမ်မြောက်တွင် ဤစကြာဝဠာ(ကမ္ဘာ)ကို ရေကဖျက်၍ ပျက်ရပါသည်။

(ရေကြောင့် ကမ္ဘာပျက်တော့မည်ဆိုလျှင် လောကဗျူဟာနတ်များက ကြွေးကြော်သတိပေးပုံသည် မီးပျက်ကမ္ဘာကဲ့သို့ပင် အတူတူပင်ဖြစ်ပါသည်)

ရေဖျက်ကမ္ဘာတွင် ဒုတိယနေတစ်စင်း ထွက်ပေါ်လာခြင်းမရှိတော့ဘဲ ဆားငန်မိုးကြီး ရွာချပါတော့သည်။ ထိုဆားငန်မိုးရေကြောင့် မြင်းမိုရ်တောင်မှစ၍ စကြဝဠာ(ကမ္ဘာ)အတွင်းရှိ အရာဝတ္ထုဟူသမျှ မွမွကြေကာ ဒုတိယပြဟ္မာဘုံအထိအောင် ပျက်စီးလေရာ စကြဝဠာ(ကမ္ဘာ) အဆောက်အအုံများ ပျက်စီးကုန်၏။

အာကာသခေတ် စကြဝဠာ(ကမ္ဘာ)တို့နှင့်အမျှ တစ်ခဲနက် အမှောင်တိုက်ကြီး ဖြစ်သွားပါတော့သည်။

လေဖျက်သောကမ္ဘာ

ဤသို့လျှင် ဤကမ္ဘာကြီးကို အစဉ်အတိုင်းဆက်၍ မီးဖျက်ခဲ့ရာ မီးဖျက်ခဲ့သော ကမ္ဘာပေါင်း (၅၆)ကမ္ဘာရှိခဲ့ပါသည်။ (၈)ကြိမ်မြောက် ရေဖျက်သော ကမ္ဘာသည် (၇)ကမ္ဘာ ရှိခဲ့ပါသည်။

ဤကဲ့သို့ မီး(၅၆)ကြိမ်၊ ရေ (၇)ကြိမ်၊ ပျက်ပြီးနောက် (၆၄) ကြိမ်မြောက် ကမ္ဘာပျက်ချိန်တွင် လေဖျက်ကိန်း ကြုံရပါသည်။

ဒုတိယနေပေါ်ချိန်တွင် အလွန်ပြင်းထန်သော လေမုန်တိုင်းကြီး တိုက်ခတ်လာပြီး မြေမှုန့်၊ သဲမှုန့်ကျောက်ခဲမှုန့်တို့ကို အစပြုကာ ကျောက်ဆောင်၊ သစ်ပင်ကြီးငယ်၊ တော၊ တောင်၊ မြေကြီး၊ မြင်းမိုရ်တောင် သတ္တရဘ္ဘာန်တောင်စဉ် ခုနစ်ထပ်စသည်တို့သည် ဦးစောက်ပြောင်းပြန် အထက်အောက်လှန်၍ မိုးကောင်းကင်သို့ လွင့်တက်သွားလေသည်။

အထက်ကောင်းကင် လဟာပြင်ဝယ် မြင်းမိုရ်တောင် အချင်းချင်း မြင်းမိုရ်တောင်တို့ သင့်ရာသင့်ရာ တိုက်ခိုက်ကြရာမှာ အရပ်(၈)မျက်နှာမှ အပြင်းခုတ်မောင်းလာသော ရထားကြီး (၈)စီး မျက်နှာချင်းဆိုင် အပြိုင် တိုက်ခိုက်ပုံထက် အသချေမက ပြင်းထန်သည်။ စကောထဲတွင် ဆီးဖြူသီး၊ ဖန်ခါးသီးတို့ကို ထည့်၍ လှိမ့်ဘိသကဲ့သို့ အာကာသခေတ်တည်းဟူသော ကောင်းကင် ပြင်လင်ပန်းကြီးထဲဝယ် ကုဋေတစ်သိန်းမျှသော မြင်းမိုရ်တောင် စသည်တို့သည် တိုက်ခိုက်ကြကုန်သဖြင့် မြူမှုန့်မကျန် ကြေမွပျက်စီးလေရာ တတိယဈာန်ပြဟ္မာဘုံသုံးဘုံအထိ ပျက်စီးရတော့သည်။

ဤသို့လျှင် ဤစကြဝဠာ(ကမ္ဘာ)ကြီးသည် မီးဖျက်ကမ္ဘာ (၇)၊ ရေဖျက်ကမ္ဘာ(၁) ခုဟူ၍ (၈)ခုရှိပြီး (၈ × ၈ = ၆၄)ကမ္ဘာမြောက်တွင် လေက ဝင်ဖျက်ပါသည်။

အနမတဂ္ဂသံသရာ၌ ရှိသမျှသော အနန္တစကြဝဠာကမ္ဘာများကို မီး၊ ရေ၊ လေသုံးပါး တို့တွင် မီးဓာတ်၊ ရေဓာတ်၊ လေဓာတ်တို့သည် အားရှိ၍ လာသောအခါ ကမ္ဘာကြီးကို ဖျက်ဆီးနိုင်ကြပါသည်။ ကမ္ဘာကြီးပြန်တည်သောအခါ၌လည်း ယင်းဓာတ်သုံးပါးကပင် ပြန်တည်ပါသည်။

ကမ္ဘာပျက်အတိုင်း ရှိနေသောကာလ (သံဝဋ္ဋဌာယီကပ်)

ဗုဒ္ဓက စကြာဝဠာ(ကမ္ဘာကြီး)ပျက်ရာတွင် အောက်ပြဟ္မာဘုံများအထိသာ ပျက်ပြီး ကျန်အထက်ဘုံများ မပျက်ကြောင်းနှင့် ထိုပြဟ္မာကြီးများ အလွန်အသက်ရှည်ကြောင်း အဘိဓမ္မာ၌ ဟောကြားထားသည်။

ထို့ကြောင့်စကြာဝဠာ(ကမ္ဘာ)ကြီးတစ်ခုလုံးပျက်စီးသွားသည်မဟုတ်ဘဲအစိတ်အပိုင်းများလောက်သာ ပျက်စီးသဖြင့် တည်ရှိဆဲ ပြဟ္မာဘုံများ ဆက်လက်တည်ရှိပြီး ပျက်သွားသော အစိတ်အပိုင်းများသည်လည်း ပျက်ဆဲအတိုင်း တည်ရှိမှုအတိုင်းအတာကာလရှိသည်ကို သိရပါသည်။

ဗုဒ္ဓက ပျက်စီးသောအစိတ်အပိုင်းကာလများသည် မဟာကပ်၏ လေးပုံတစ်ပုံခန့်သာကြာအောင် ပျက်စီးဆဲဘဝမှာ ရပ်တည်နေသည်ဟု ဆိုပါသည်။ ယင်းကာလကို ပျက်ပြီးအတိုင်း တည်ရှိနေသောကာလ (သံဝဋ္ဋဌာယီကပ်)ဟုခေါ်ပါသည်။

ဗလာဟင်းလင်းပြင်ကြီးအဖြစ် တည်ရှိနေသော အပြင်ဝယ်၊ ကောင်းကင်နှင့် အပြည့် ကျန်ရှိနေသော ဥတုမျိုးစေ့တို့သည် အထူးထူး အပြားပြား များလှပါသည်။ အောက်ကျောက်မြေကို လောင်သောမီးတို့မှ ကျန်ရှိသောဥတုတို့သည် နောင်ထိုနေရာတွင် ကျောက်မြေပြန်ဖြစ်ပေါ်လာနိုင်ရန် ကျောက်မြေမျိုးစေ့အနေဖြင့် ကျန်ရှိနေသည်။ အလားတူ စကြာဝဠာကိုလောင်သောမီး၊ သတ္တရမ္မှာန်ကို လောင်သောမီး၊ မြင်းမိုရ်တောင်ကို လောင်သောမီး၊ နေ၊ လ၊ နက္ခတ်တာရာတို့ကို လောင်သောမီးတို့မှ ကျန်ရှိခဲ့သော ဥတုမျိုးစေ့တို့သည် နောင်ကမ္ဘာပြန်တည်သောအခါ ထိုနေရာများ၌သာ ထိုအရာများကို ပြန်လည်ပေါ်ပေါက်ရန် မျိုးစေ့သဘော ကျန်ရှိနေပါသည်။

နတ်၊ ပြဟ္မာဘုံတို့ကို လောင်သောမီးတို့မှ ကောင်းကင်နှင့်အပြည့် ကျန်ရှိနေခဲ့သော ဥတုတို့သည် တဖြည်းဖြည်း ပွားစီးကုန်ကြ၍ ကာလကြာမြင့်သော် မိုးတိမ်၊ မိုးဓာတ်၊ မိုးဥတု၊ မိုးရာသီအဖြစ် ရောက်ရှိကုန်ကြသည်။

ထိုအခါ၌ လေတို့သည် သံဝဋ္ဋဌာယီကပ်ထက်ဝက် ကာလမှ နောက်၌ အပူရှိန် အပူငွေ့အလျဉ်းမတွေ့ကြကုန်သဖြင့် အတိုင်းထက် အလွန်အေးမြကြကုန်တော့သည်။

ကမ္ဘာပြန်လည်တည်ရှိခြင်း(ဝိဝဋ္ဋကပ်)

ပျက်စီးသွားသော ကမ္ဘာလောကဓာတ် အာကာသဟင်းလင်းပြင်ကြီးထဲတွင် လျှောင်ရပ် မီးကလာပ်စည်းတွေသာရှိနေခဲ့ပြီး ထိုလျှောင်ရပ်မီးကလာပ်စည်းတို့သည် အလွန်သိမ်မွေ့ကြသဖြင့် ရုပ်ဟူ၍လည်းကောင်း၊ သင်္ခါရဟူ၍လည်းကောင်း မခေါ်ဆိုကြဘဲ ကောင်းကင်အာကာသဓာတ်ဟူ၍သာ ခေါ်ဆိုခဲ့ကြသည်။

ကမ္ဘာပြုမိုး ရွာချလာခြင်း

ဤသို့လျှင် ကမ္ဘာကြီးပျက်စီးပြီးသည့်နောက် ပျက်စီးသည့်အတိုင်းတည်ရှိနေသည်ကို သံဝဋ္ဋဋ္ဌာယီကပ်ဟူ၍ ခေါ်ဆိုပါသည်။ ထိုကပ်သည် အသင်္ချေယျကပ်တစ်ကပ်ကြာ၏။

ထို့နောက် ဩကာသလောကကြီး ပြန်လည်ဖြစ်ပေါ်လာရန် အထက်ပိုင်း၊ မှောင်ရုပ်ကြီးကလာပ်တို့သည် သီတာ(အအေး)ဓာတ် လွန်ကဲလာကြပြီး အောက်ပိုင်းမှောင်ရုပ်မီးကလာပ်တို့သည်ကား ဥဏှ (အပူ)ဓာတ်လွန်ကဲလာကြသည်။

ဤအပူဓာတ်(ဥဏှဓာတ်)တို့သည် အထက်သို့တက်၍ အအေး (သီတဓာတ်)လွန်ကဲသော မှောင်ရုပ်မီးကလာပ်တို့နှင့် တွေ့ကြုံထိခိုက်မိကြသဖြင့် ချွေးပြန်လျက် အရည်ဖြစ်ကာ ကမ္ဘာပြုမိုးကြီး စတင်ရွာသွန်းလေသည်။

ထိုမိုးသည် ရှေးဦးစွာ တပို့တွဲလနှင့် တပေါင်းလကြား ကျဆင်းသော ဆီးနှင်းပေါက်ပမာဏရှိသော မိုးသေးမိုးဖွဲကလေးများ စတင်ရွာ သွန်းလေသည်။

တဖြည်းဖြည်းနှင့်အချိန်ကြာလာသောအခါမိုးပေါက်တို့သည်နှမ်းစေ့ပမာဏ၊ ဆန်ကွဲပမာဏ၊ ဆန်လုံးပမာဏ၊ ပဲနောက်စေ့ ပမာဏ၊ ပဲကြီးစေ့ပမာဏ၊ ဆီးသီးပမာဏ၊ သျှစ်သျှားသီးပမာဏ၊ သခွားသီး ပမာဏ၊ ဖရုံသီးပမာဏ၊ ဘူးသီးပမာဏတိုင်အောင် မိုးပေါက်ကြီးများ ကြီးမားလာကြသည်။

ဤနည်းဖြင့် မိုးပေါက်တို့သည် တစ်ဥသဘ၊ နှစ်ဥသဘ၊ ဂါဝုတ် ဝက်၊ တစ်ဂါဝုတ်၊ နှစ်ဂါဝုတ်၊ ယူဇနာဝက်၊ တစ်ယူဇနာ၊ နှစ်ယူဇနာ၊ ယူဇနာ တစ်ရာ၊ ယူဇနာတစ်ထောင်၊ ယူဇနာတစ်သိန်း အကျယ်အဝန်းပမာဏ စသည်အပြားရှိသော မိုးပေါက်ကြီးများရွာသွန်းလေသည်။

မိုးရေတို့သည် ကုဋေတစ်သိန်းသော စကြဝဠာတိုက်ကြီး၏ အတွင်း၌ အောက်ခံလေပြင်ကြီးမှစ၍ မီးဖြင့်ပျက်သော ကမ္ဘာဖြစ်အံ့၊ အာဘဿရာပြဟ္မာဘုံတိုင်အောင်၊ ရေဖြင့်ပျက်သော ကမ္ဘာဖြစ်အံ့၊ သုဘကိဏှာပြဟ္မာဘုံတိုင်အောင် လေဖြင့်ပျက်သော ကမ္ဘာဖြစ်အံ့၊ ဝေဟပ္ဖိုလ်ပြဟ္မာတိုင်အောင် ရေအပြည့်တည်ပါသည်။

ဤသို့လျှင် ကမ္ဘာပြုမိုးကြီး ရွာသွန်းပြီးနောက် မိုးရေတို့သည် အစဉ်အတိုင်း လှိုင်းထနယ်ကျ ပျစ်ထူလျက် တဖြည်းဖြည်းခမ်း၍ လျော့လျော့လာသဖြင့် ကာလကြာမြင့်သော် ပထမဈာန်ပြဟ္မာဘုံနေရာအောက်သို့ ရောက်ရှိလာသည်။ ထိုအခါ ပထမဈာန်ဘုံတည်မည့်နေရာ၌ သတ္တဝါတို့ကင်းဆိတ်သော (သတ္တဝါတို့မရှိသော) ပြဟ္မာဘုံဗိမာန်သည် အထင်အရှားဖြစ်ပေါ်လာကုန်သည်။

(ဝိသုဒ္ဓိမဂ် - ဌာ - ဒု - ၄၇၊ ဒီ - ဋ္ဌ၂ - ၅ သာရတ္ထဒီပနီ
ဋီ ၊ - ၂၈၁၊ ပဏ္ဍိတဝေဒနီယကျမ်း ၁၇၆)

ဆုပြည့်စုံထွန်းစာပေ

စကြဝဠာတောင် မြင်းမိုရ်တောင် စသည်ဖြစ်ပေါ်လာခြင်း

ရေတို့သည် တဖြည်းဖြည်း ခမ်း၍ခမ်း၍ လျော့ကျလာသဖြင့် တာဝတိံသာနတ်ဘုံ တည်ရာ မြင်းမိုရ်တောင်ထိပ်များအရပ်သို့ ရောက်လာသည်။

ထိုမြင်းမိုရ်တောင်ဖြစ်မည့် နေရာတို့သည် အလွန်ပျစ်ချွဲကုန်၏။ မြေမှုန့်တစ်ပြည်၊ ရေနှစ်ပြည် ရော၍ မွှေ၍ ထားသကဲ့သို့နေ၏။ ထို့ထက်လွန် တဖြည်းဖြည်း ပျစ်ချွဲလာသဖြင့် ကာလကြာသောအခါ ရွှံ့ပြစ်ချွဲကြီး ရွှံ့ပြစ်ခဲကြီး ဖြစ်၍သွား၏။

ဤရွှံ့ပြစ်ခဲကြီးကား လည်းဘီးလို ဝိုင်းဝိုင်းကြီးဖြစ်ပြီး အကျယ်အားဖြင့် စတုရန်း ယူဇနာ(၈၄၀၀၀၀)ရှိသည်။

ဤရွှံ့ခဲပြင်ကြီး၏ ဘေးပတ်ဝန်းကျင် ရေမှုကား လွန်စွာ ကြည်လင်၍ကျဲသည်။

ထို့နောက် ကာလကြာမြင့်သောအခါ ထိုရေကြည် ရေကျဲတို့သည် ခမ်းလျက် လျော့ကျလာပြန်သည်။ မြင်းမိုရ်ရွှံ့လွှာခဲကြီးကား မလျော့ကျဘဲ အခဲကြီးသည် တည်မြဲရာနေရာ၌ တည်၍ အောက်သို့တိုး၍ခဲကာ ထုထပ်ထုထပ်၍ လာပါသည်။

ရေကြည်ရေကျဲတို့ ဤကဲ့သို့ လျော့ကျလာသဖြင့် စကြဝဠာ တံတိုင်းထိပ်ဖျားနှင့်အမျှ လောက်ရောက်လျှင်စကြဝဠာတံတိုင်းဖြစ်မည့်နေရာတွင် ရေတို့သည် ပျစ်ချွဲကြပြန်ကုန်သည်။ ကြာလာသောအခါ ရွှံ့ညွန်၊ ရွှံ့ခဲကြီးဖြစ်လာသည်။ ကြွင်းသောနေရာ၌ရှိ ရေတို့မှာကား အလွန် ကြည်လင်၍ ကျဲလေသည်။

တောင်စဉ်(၇)တန်း၊ သမုဒ္ဒရာတို့ ဖြစ်ပေါ်လာခြင်းနှင့် ပမာဏ

ထိုရေကြည်၊ ရေကျဲတို့သည် တစ်ဖန် ခမ်းခြောက်လာသဖြင့် အစဉ်အတိုင်း ရေဖြင့် ခြားနားသော တောင်စဉ်(၇)တန်တို့သည် အသီးသီး ဖြစ်ပေါ်လာကြသည်။

၁။ ယုဂန္ဓိုရ်တောင်
၂။ ဣသန္ဓိုရ်တောင်
၃။ ကရဝိကတောင်
၄။ သုဒဿနတောင်
၅။ နေမိန္ဓရတောင်
၆။ ဝိနတကတောင်
၇။ အဿကဏ်တောင်

ကျွန်းကြီးလေးကျွန်း ဖြစ်ပေါ်လာခြင်း

ထို့နောက် ဟိမဝန္တာတောင်အောက်ငယ်သော တောင်ကြီး၊ တောင်ငယ်၊ ရွှေခဲ၊ ကုန်းမြေ၊ ရွှံ့ခဲတို့သည်လည်း အစဉ်အတိုင်း ဖြစ်ပေါ်လာကြပါသည်။

ထိုဟိမဝန္တာရွှံ့ခဲအတွင်းအိုင်ကြီး (၇) အိုင်ဖြစ်ပေါ်လာမည့်နေရာတွင် ပကတိရေကြည်ရေကျဲအတိုင်းပင် တည်ရှိနေပါသည်။

သမုဒ္ဒရာဖြစ်မည့်နေရာတို့၌လည်း ပကတိ ရေကြည်ရေကျဲ အတိုင်းပင် တည်နေလေသည်။

အဿကဏ်တောင်၏အပြင်ဘက်ကိုပတ်လည်ဝိုင်း၍နေသော သမုဒ္ဒရာနှင့်စကြဝဠာတောင်ခြေရင်းက သမုဒ္ဒရာသည် မြင်းမိုရ်တောင် ၏ထောင့်လေးထောင့်အရပ်တို့၌ အချင်းချင်း တစ်စပ်တည်းတစ်ဆက်တည်း နေကြသည်။

ဤသမုဒ္ဒရာ (၇) ခုတို့၏အကြား မြင်းမိုရ်တောင်မှ အရပ်လေးမျက်နှာအရပ်တို့၌ ကျွန်းငယ် (၅၀၀) စီ အခြံအရံနှင့်တကွ ကျွန်းကြီး (၄) ကျွန်းတို့ ဖြစ်ပေါ်လာသည်။ ထိုကျွန်းကြီး (၄) ကျွန်းနှင့် ပမာဏမှာ -

- အရှေ့ကျွန်း ယူဇနာ - ၇၀၀၀
- တောင်ကျွန်း ယူဇနာ - ၁၀၀၀၀
- အနောက်ကျွန်း ယူဇနာ - ၇၀၀၀
- မြောက်ကျွန်း ယူဇနာ - ၈၀၀၀

တောင်စဉ်သမုဒ္ဒရာတို့၏ ပမာဏ

ရေ (၂) ဆခန့်ထည့်၍ ကျိုအပ်သော ဖယောင်းရေများသည် အေးအောင်ထားသော အခါ ရေပြင်သို့တက်လျက် အပေါ်ယံမှစ၍ အောက်သို့ တဖြည်းဖြည်း ခဲသွားဘိသကဲ့သို့လည်းကောင်း၊

- ကျိုအပ်သော အမဲဆီ၏ ရေများသည် အေးအောင်ထားသောအခါ ရေ၏အပြင်သို့ တက်လျက် အပေါ်ယံမှစ၍ အောက်သို့ တဖြည်းဖြည်း ခဲ၍သွားဘိသကဲ့သို့လည်းကောင်း၊

မြင်းမိုရ်တောင် ရွှံ့ခဲအစရှိသော ရွှံ့လွှာ ရွှံ့ခဲတို့သည် အပေါ်ယံမှ စ၍ အောက်သို့တိုး၍ တိုး၍ခဲသွားပြီး ထုထပ်ထုထပ်သွားသဖြင့် မဟာပထဝီကျွန်းမြေပေါ်မှ အောက်သို့ (၆၅၆)

ယူဇနာ တစ်ဂါဝုတ်လောက်ထု၍ နက်သောအခါ ကျွန်းမြေနှင့် အသသကဏ်တောင်ခြေ အခြေ ချင်းစပ်လျက် တစ်ခုတည်း တစ်လုံးတည်းဖြစ်ကာ အောက်သို့ တိုး၍ခဲလျက် ထူ၍ထူ၍ သွား ပါသည်။

ထို့ကြောင့် အသသကဏ်တောင်သည် ရေထဲသို့ (၆၅၆) ယူဇနာ တစ်ဂါဝုတ် နစ်သည်၊ ရေပေါ်၌လည်း ထိုမျှလောက်ပေါ်တက်သည်ဟု ဆိုပါသည်။ အထုလည်း ထိုမျှလောက်ပင် ထူ ပါသည်။

ဝိနတကတောင်သည် အသသကဏ်တောင်ထက် တံပိုးတိုး၍ ရေထဲသို့နစ်သည်၊ ရေမှ ပေါ်တက်သည်၊ ထုလည်းထု၏။

ဤဝိနတကတောင်၏နက်သလောက်ပင် သမုဒ္ဒရာ၏အနက်၊ အကျယ်ပမာဏသည် နက်သည် ကျယ်ပါသည်။

အလားတူ မြင်းမိုရ်တောင်ခြေရင်းက သမုဒ္ဒရာနှင့် မြင်းမိုရ်တောင်အထိ ကြွင်းသော သမုဒ္ဒရာ၊ ကြွင်းသောတောင်စဉ်တို့သည် အစဉ်အတိုင်း တစ်ဆတစ်ဆတိုး၍ တိုး၍နက်ကြ၊ ကျယ်ကြပါသည်။ ရေထဲသို့ နစ်ကြ၊ ရေပေါ်မှာ ပေါ်ကြကုန်သည်။

သီတာ (၇)တန်

ဤတောင်စဉ်တို့၏ အကြားအကြား၌ (၇)တန်သော သမုဒ္ဒရာရေတို့သည် အလွန် ကြည်လင်ကုန်၏။ သိမ်မွေ့ကုန်၏။ ထို့ကြောင့် အလွန်ပေါ့သော ဥဒေါင်း၏ အမွေးငယ်ကလေး များပင် ထိုရေထဲသို့ကျပါက ရေပေါ်၌ မတည်နိုင် နစ်မြုပ်ကြသည်။

ဤသို့နစ်စေတတ်သောကြောင့် ထိုသမုဒ္ဒရာကို သီတာဟူ၍ ခေါ်ဆိုကြသည်။ တောင် တို့အတွင်း၌ နေကြသောကြောင့် အန္တောသမုဒ္ဒရာ (အတွင်းသမုဒ္ဒရာ) ဟူ၍လည်း ခေါ်ဆိုအပ် ကုန်၏။

ဤသီတာ(၇)တန်၊ တောင်စဉ်(၇)တန်တို့သည်ကား မြင်းမိုရ်တောင်ကိုအစပြု၍အစဉ် အတိုင်း အထပ်ထပ်ဝိုင်းကာ စွပ်၍စွပ်၍နေသဖြင့် ရေတွင်းတောင်တွင်းကြီးများသဖွယ် ဖြစ် နေပါသည်။

ကျွန်းမြေမှ အောက်သို့ ယူဇနာ (၈၂၀၀၀၀) နက်သောအခါ ကျွန်းမြေနှင့် စကြဝဠာ တံတိုင်းတိုင်အောင် မြေစပ်လျက် တစ်ခုတည်း တစ်လုံးတည်း ဖြစ်၍သွားပါသည်။

ထို့ကြောင့် စကြဝဠာတံတိုင်းတောင်သည် ရေထဲသို့ (၈၂၀၀၀၀) နစ်နေပါသည်။ ရေ ပေါ်မှာလည်း ထိုမျှလောက်ပင် ပေါ်နေပါသည်။ အထုလည်း ထိုရေထဲသို့နစ်သလောက်ပင် ထူပါ

သည်။ ဤစကြဝဠာတံတိုင်းတောင်ခြေရင်း၌ရှိသော ပြင်ပသမုဒ္ဒရာသည် (၈၄၀၀၀)နက်သလို အကျယ်သည်လည်း (၈၄၀၀၀)ပင် ကျယ်ပါသည်။

တောင်စဉ်တို့၏အတွင်း၌ရှိသော သီတာဟုခေါ်ဆိုအပ်သော **အတွင်းသမုဒ္ဒရာ**၊ အသကက်တောင်မှ အပြင်ဘက် စကြဝဠာတံတိုင်းတောင်အထိ တည်ရှိသော ဗဟိုသမုဒ္ဒရာ ဤအလုံးစုံသောသမုဒ္ဒရာတို့သည် နံဘေးထက်ဝန်းကျင်မှလည်းကောင်း၊ အောက်မှလည်းကောင်း၊ မြေကြီး ကန်ခြားပိတ်ဆို့လိုက်သောအခါမှ ငန်သောအရသာ လွန်ကဲလျက် ရေငန်အတိ ဖြစ်သွားကြရကုန်၏။

ဟိမဝန္တာတောင်ပေါ်ရှိ အိုင်ကြီး(၇)အိုင်ရေတို့ကား ငန်သောအရသာမရှိပါ။ အလွန်ကြည်လင်သိမ်မွေ့လျက် ချိုမြိန်ကောင်းမြတ်ကြပါသည်။

အသူရာဘုံနှင့် ငရဲဘုံများ ဖြစ်ပေါ်လာခြင်း

အောက်ရေထဲသို့ယူဇနာ (၈၄၀၀၀) စူးဝင်သောမြင်းမိုရ်တောင်ခြေအဆုံးတွင် ရေမခံမိ ရေ၏အတွင်း၌ လေပြင်းမှန်တိုင်းကြီးထကြွလျက် ရေတို့ကို တိုက်လှင့်ဖယ်ရှားကာ ထက်ဝန်းကျင် ယူဇနာ (၁၀၀၀၀)တိုင်တိုင်ကျယ်အောင် လေပြင်းလေခဲကြီး ဝင်၍နေလေသည်။

နောင် အထက်အောက်နံဘေးတို့မှ ရေများခဲ၍သွားသောအခါ ထိုလေပြင်းလေခဲကြီးသည် ချုပ်ပျောက်ငြိမ်သက်၍ သွားပါသည်။ ထိုနေရာသည် ဥမင်လိုဏ်ခေါင်းကြီး ဖြစ်ကျန်ရစ်ခဲ့၍ အသူရာတို့နေရာဘုံ ဖြစ်လေသည်။

ဤဇမ္ဗူဒိပ်ကျွန်းမြေမှ အောက်သို့ ယူဇနာ(၁၅၀၀၀)မျှလောက် နက်သောနေရာ၌ လေပြင်းမှန်တိုင်းကြီး ထကြွပြီးလျှင် ဝပ်၍နေသော နေရာသည် သဉ္ဇိုင်းငရဲအိုးကြီး ဖြစ်လာသည်။

ဤနည်းအတူ အောက်သို့ယူဇနာ (၁၅၀၀၀)စီခြားလျက် ထက်ဝန်းကျင်ယူဇနာ (၁၅၀၀၀)ကျယ်အောင် လေဥမင်ထွင်း၍ ထွင်း၍ ကာလသုတ်ငရဲ၊ သံဃာတငရဲ၊ ရောရုဝငရဲ၊ မဟာရောရုဝငရဲ၊ တာပနငရဲ၊ မဟာတာပနငရဲ၊ အဝိစီငရဲဟုဆိုအပ်သော ကျန်ငရဲကြီး(၇)ထပ်တို့သည် ဖြစ်ပေါ်၍လာပါသည်။

ထို့ပြင် ဝသုန္ဓရာနတ်များ၊ နဂါးများနေရာ၊ မထင်ရှားသော ဥမင်လိုဏ်ငယ်များသည် မဟာပထဝီမြေကြီးထဲ၌ များစွာရှိကုန်ပါသည်။

အဝိစီငရဲကြီးမှ မြေပေါ်သို့ ယူဇနာ (၁၂၀၀၀၀) ကွာခြားပါသည်။ ဤ (၁၂၀၀၀၀ သည်ကား ရွှံ့မြေပင်ဖြစ်ပါသည်။

အဝိစီငရဲကြီးမှ အောက်သို့ ကျောက်မြေဖြစ်ရန် ယူဇနာ (၁၂၀၀၀၀)တိုင်အောင် ရေများခဲ၍ သွားပါသည်။

ဤကျောက်မြေ၊ ရွှံ့မြေ(၂)ခုကို ယူပေါင်း၍ မဟာပထဝီမြေကြီးသည် ယူဇနာ (၂၄၀၀၀၀) အထု ရှိပါသည်။

ကမ္ဘာ့အခြေခံ ရေထု-လေထု

ရေ(၂)ဆထည့်၍ကျိုအပ်သောဖယောင်းရည်၊အမဲဆီရည်တို့၌ဖယောင်းဆီတို့သည် ရေပေါ်သို့တက်လျက် အားလုံးခဲ၍ သွားသောအခါ နှစ်ဆများသောရေကျဲတို့သည် အဆီအနှစ်မှကင်းလျက် အောက်၌ကျန်၍ ဖယောင်းခံ အဆီခံရေဖြစ်သကဲ့သို့ ဤကမ္ဘာပြု မိုးရေခံ အဆီအနှစ်တို့သည် အထက်သို့တက်လျှင် စကြာဝဠာကြီးဖြစ်အောင် ခဲသွားသဖြင့် ကျောက်မြေမှ အောက်၌ အဆီအနှစ်မှကင်းသော ပကတိရေကြည်၊ ရေကျဲတို့သည် မခဲဘဲ စကြာဝဠာခံရေအဖြစ်ဖြင့် ကျန်ရှိခဲ့ကြလေသည်။

ဤစကြာဝဠာရေထု၏ ပမာဏသည် ယူဇနာ(၄၈၀၀၀၀) အထု ရှိလေသည်။

ဤရေအောက်၌ ရေကိုခံသော လေထုသည် ယူဇနာ (၉၆၀၀၀၀) အထုရှိလေသည်။

ဤလေပြင်းလေထုအောက်၌မှောင်ရပ်မီးကလာပ်များပြည့်၍နေသောအနန္တာဇဋာကာသကောင်းကင်ကြီးသာ ရှိပါသည်။

တာဝတိံသာနတ်ပြည် စသည်တို့ ဖြစ်ပေါ်လာခြင်း

မြင်းမိုရ်တောင်ထိပ်အရပ်နှင့်တကွ ထိုအရပ်နှင့် တပြေးတည်းသောကောင်းကင်တို့၌ တာဝတိံသာနတ်ဘုံတို့ ဖြစ်ပေါ်လာကြပါသည်။

ယုဂန္ဓိုရ်တောင်ထိပ်နှင့်အမျှ ကောင်းကင်တစ်ပြင်လုံး၌ သတ္တဝါမှ ဆိတ်သောနေလနှင့်တကွ ကြယ်ဗိမာန်များ ဖြစ်ပေါ်လာကြပါသည်။ ထိုနေရာသည် စတုမဟာရာဇ်နတ်တို့၏ ဘုံဖြစ်လာပါသည်။

ကျွန်းကြီး(၄)ကျွန်းတို့သည်ကားလူပြည်ဌာနဌ်ဖြစ်လာပါသည်။ ဤသို့လျှင်စကြဝဠာကမ္ဘာ လောကဓာတ်ကြီးတစ်ခုဖြစ်တည်မှုသည် ကာလအားဖြင့် ဝိဝဋ္ဋအသင်္ချေ (ကမ္ဘာပျက်တည်ဆဲ)ကပ်တစ်ကပ်ထိ ကြာပါသည်။

ဤကား ဗုဒ္ဓတရားတော်လာအရ ကမ္ဘာကြီး စတင်ဖြစ်ပေါ်လာပုံဖြစ်ပါသည်။

ဗုဒ္ဓအဘိဓမ္မာလာ (၃၁)ဘုံ တည်ရှိမှုသဘာဝ

ဗုဒ္ဓအဘိဓမ္မာအရ ဤစကြဝဠာကမ္ဘာကြီးသည် ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းထားသည်။ လေထု၊ ရေထု၊ မြေထု၊ အဆင့်ဆင့် ခံထားသည်။ သိပ္ပံပညာရှင်တို့ကလည်းကမ္ဘာကိုလေ၊ ရေ၊ မြေ၊ တည်ရှိပုံ သဘာဝ ဗုဒ္ဓ၏အယူအဆနှင့် တူညီသည်ဟုဆိုပါသည်။

ဗုဒ္ဓက ဤကမ္ဘာစကြဝဠာ၌ (၃၁) ဘုံတည်ရှိကြောင်းဟောကြားခဲ့ပြီး (၃၁) ဘုံ၏တည်ရှိပုံသဘာဝနှင့် (၃၁) ဘုံတို့၏ တည်နေရာ၊ သက်တမ်းနှင့် စွမ်းရည်သဘာဝတို့ကို ဟောကြားထားသည်ကို တွေ့ရပါသည်။

အပါယ်	(၄) ဘုံ
လူဘုံ	(၁) ဘုံ
နတ်ပြည်	(၆) ဘုံ
ရူပဗြဟ္မာ	(၁၆) ဘုံ
အရူပဗြဟ္မာ	(၄) ဘုံ
စုစုပေါင်း	၃၁ ဘုံ

ဟူ၍ ဟောကြားပြီးနောက် အသေးစိတ် ထပ်မံဟောကြားထားခဲ့ပါသည်။

အပါယ်(၄)ဘုံ

၁။ ငရဲဘုံ - ချမ်းသာမှုလုံးဝမရှိသောဘုံဟု ဆိုပါသည်။
ငရဲကြီး(၈)ဘုံ၊ ထို(၈)ဘုံ၏လေးဘက်လေးတန်၌ ရံထားသော ငရဲငယ်ဘုံ(၄)ဘုံစီရှိ၍ ငရဲဘုံ(၁)ဘုံ၌ ငရဲငယ် (၄ × ၄ = ၁၆) ဘုံရှိပါသည်။
ငရဲကြီး(၈) ဘုံ ရှိသဖြင့် (၁၆ × ၈ = ၁၂၈) ဘုံရှိသည်ဟု ဆိုပါသည်။

ဘုံတည်ရာ - ကမ္ဘာမြေထုအတွင်း၌ မြေထု၏အပူအရှိန်ကြောင့် အပူရှိန်ရင့်ကျက်ပြင်း၍ မီးဖြစ်လျက်နေသော အရပ်ဒေသများသည် မြေအတွင်း၌ တည်ရှိသည်။ ထိုအရပ်ဒေသများ၌ ငရဲဘုံများ တည်ရှိသည်ဟု ဆိုပါသည်။

ယနေ့အိန္ဒိယနိုင်ငံရှိတပေါဒါဖြစ်အပါအဝင်ရေပူထွက်သောနေရာများသည်လောဟကုမ္ဘီကခေါ်သော သတ္တုကြေးအိုးကြီးတည်နေရာမှ ဖြတ်၍လာရသောကြောင့် ထိုမြစ်ရေများသည် ပူရခြင်းဖြစ်သည်ဟုဆိုပါသည်။

ငရဲသို့ရောက်ရသူများ

စိတ်ထားယုတ်မာပြီး ဒုစရိုက်အကုသိုလ်အမှုပြုသူများ အမိသတ်၊ အဖသတ်စသော ပဉ္စာနန္တရိယကံ ကျူးလွန်သူများ၊ မြဲသောမိစ္ဆာအယူရှိသူ များ၊ အသက်၊ ဂုဏ်၊ သိက္ခာကြီးသူများကို မရိုမသေပြုပြီး စော်ကားသူများသည် ထိုထိုငရဲဘုံ၌ မိမိတို့ပြုသော အကုသိုလ်အတိမ်အနက်၊ အနည်းအများလိုက် ကျရောက်ခံစားရသည်ဟု ဆိုပါသည်။

ငရဲကြီး(၈)ထပ်

၁။ သဉ္ဇီဝငရဲ - ကံမကုန်သရွေ့ကံစီရင်မှုကြောင့်တစ်ဖန်ဉပပတ္တိဇာတိအားဖြင့်အဖန်ဖန် အသက်ပြန်ရှင်ပြီး အဖန်ဖန် ဆင်းရဲခံစားရသော ငရဲဘုံဖြစ်သည်။ များစွာသောသတ္တဝါတို့ သတ်ဖြတ်ရာ မဟာသချိုင်းနှင့် တူသည်။ သားသတ်ရုံနှင့်တူသည်ဟု ဆိုပါသည်။

သက်တမ်း (၅၀၀) - လူတို့၏နှစ်(၅၀၀)သည် စတုမဟာရာဇ်နတ်တို့တစ်ရက်ဖြစ်သည်။ စတုမဟာရာဇ်နတ်သက်၅၀၀သည်သဉ္ဇီဝငရဲ၌(၁)ရက်ဖြစ်သည်။ လူတို့၏နှစ်အရေအတွက် (၉)သန်းရှိသဖြင့် (၁)ကုဋေ (၆) သောင်း ရှိသည်။

တည်နေရာ - လူ့ဘုံနှင့် အနီးဆုံးဖြစ်သည်။ ယူဇနာ ၁၅၀၀ ကွာဝေး၌ တည်ရှိသည်။

ငရဲကျခံရသူများ - တရားစောင့်သောရဟန်း၊ သူတော်ကောင်းများကိုပြစ်မှားစော်ကား သူတိုင်း ကျရောက်ခံစားရသည်။

၂။ ကာဠသုတ်ငရဲ - ကိုယ်ပေါ်တွင် မည်းနက်သော မျဉ်းကြောင်းဆွဲပြီး ပဲခွပ်စသည်ဖြင့် ခုတ်ခံရသောငရဲ၊ သက်တမ်းမကုန်သရွေ့ဥပပတ္တိဇာတိအားဖြင့် ပြန်ဖြစ်ပြီး ခံကြရသည်။

သက်တမ်း - အနှစ်(၁၀၀၀၊ လူတို့၏အနှစ် ၁၀၀၀ သည် တာဝတိံသာနတ်တို့၏ တစ်ရက်ဖြစ်သည်) တာဝတိံသာနတ်တို့၏နတ်သက်(၁၀၀၀)သည် ကာဠသုတ်ငရဲ၌ (၁)ရက်ဖြစ်သည်။ လူတို့၏နှစ်အရေအတွက်အား ဖြင့် (၃)ကုဋေ (၆)သန်း ရှိသည်။

တည်နေရာ - သဉ္ဇိုင်းငရဲအောက် ယူဇနာ (၁၅၀၀၀)ကွာဝေး၌ တည်ရှိသည်။ မြေလိုဏ်ဥမင်ကြီးသည် ယူဇနာ (၁၀၀၀၀)ကျယ်သည်။

ကျရောက်ခံစားရသူများ - ရဟန္တာများ၊ သူတော်စင်များကို မရိုမသေမလေးမစား လက်၊ တုတ်၊ လှံ စသည်လက်နက်တို့ဖြင့် ညှင်းဆဲကြသောသူများ ကျရောက်ခံစားရသည်။

၃။ သံဃာတငရဲ - အလျှံတပြောင်ပြောင်တောက်နေသော သံတုံး၊ ဒလိမ့်တုံးကြီးများ ဖြင့် ကြိတ်ချေသတ်ဖြတ်ခံရသော ငရဲဖြစ်သည်။ ငရဲသားတို့သည် ထန်းတော၊ ပေတောပမာ မားမားရပ်နေရပြီး အရပ်လေးမျက်နှာက လာသော သံပူတုံးကြီးများက ကြိတ်ချေသွားခြင်းကို ခံရသည်။ ကံ မကုန်မချင်း ခံကြရသည်။

သက်တမ်း - အနှစ်(၂၀၀၀)၊လူတို့၏အနှစ် ၂၀၀၀သည်ယာမာနတ်တို့၏တစ်ရက် ဖြစ်သည်။ ယာမာနတ်တို့၏နတ်သက် ၂၀၀၀ သည် သံဃာတငရဲ၌ (၁)ရက်ဖြစ်သည်။လူတို့၌နှစ်အရေအတွက်(၁၄၀)ကုဋေ(၄)သန်း ရှိသည်။

တည်နေရာ - ကာဠသုတ်ငရဲအောက် ယူဇနာ (၁၅၀၀)ကွာဝေး၌ တည်ရှိသည်။ မြေဥမင်လိုဏ် ယူဇနာ (၁၀၀၀၀) ကျယ်သည်။

ကျရောက်ခံစားရသူများ - လူအသက်ကို သတ်ဖြတ်ခြင်းစသော မကောင်းမှုအကုသိုလ် ဒုစရိုက်အမှုတို့ကို ပြုသောသူတို့ ကျရောက်ခံစားရသည်။

ဆုပြည့်စုံထွန်းစာပေ

၄။ ရောရုဝငရဲ - ကြီးကျယ်ပြင်းထန်သော အသံတို့ဖြင့် မရပ်မနား ငိုကြွေးမြည်တမ်းနေကြရသော ဆင်းရဲကို ခံစားနေကြရသည်။ တောင်ခေါင်းတွင်းလိုဏ်များသို့ ရေများစီးဝင်သကဲ့သို့ သုံးဂါဝုတ်မျှကြီးသော ငရဲသားတို့၏ ခန္ဓာကိုယ်ထဲသို့ အလွန်ငန်၊ ယား၊ စပ်၊ ခါးခြစ်တူးသော အထူးပူလောင်သော အခိုးအငွေ့တို့သည် ဒွါရ(၉)ပေါက်မှ အတင်းဝင်ခံရပြီး မခံမရပ်နိုင်အောင် ပူလောင်ကျိန်းစပ်သဖြင့် ဟစ်ကြွေးကာ ငိုကြွေးနေရသည်။

သက်တမ်း - အနှစ်(၄၀၀၀)၊ လူတို့၏ အနှစ်(၄၀၀၀)သည် တုသိတာနတ်တို့၏ (၁)ရက်ဖြစ်သည်။ တုသိတာနတ်တို့ (၄၀၀၀) သည် ရောရုဝငရဲ၌ (၁)ရက် ဖြစ်သည်။ လူတို့၏နှစ်အရေအတွက်အားဖြင့် (၅၇)ကုဋေ (၆)သန်း နှစ်ဖြစ်သည်။

တည်နေရာ - သံဃာတငရဲအောက် အစောက်ယူဇနာ (၁၅၀၀၀) ဝေးသော မြေလိုဏ်ဥမင်အတွင်းဝယ် တည်ရှိသည်။ ယူဇနာ (၁၀၀၀၀) အပြန့်ကျယ်သည်။

ကျရောက်ခံစားရသူများ - မကောင်းမှု အကုသိုလ်ဒုစရိုက်မှုတို့ကို အလိုအလျောက် စိတ်နောက်ကိုယ်ပါ၊ စိတ်အားထက်သန်စွာ ပြုလုပ်ကြသောသူတို့ ကျရောက်ခံစားကြရသည်။

၅။ မဟာရောရုဝငရဲ - ကြီးလေးပြင်းထန်စွာ ခံစားနေရသော ငရဲဖြစ်သည်။ ကျင်းငယ်၊ မြောင်းငယ်ထဲသို့ စီးဝင်သောရေကဲ့သို့ မီးလျှံများ ငရဲသားများ၏ ကိုယ်တွင်းသို့ဝင်ကာ အသားအသွေးတို့ကို လောင်ကျွမ်းခံရသည်။ ကံမကုန်သေးသမျှ ခံကြရသည်။

သက်တမ်း - အနှစ်၈၀၀၀။ လူတို့၏အနှစ် (၈၀၀) သည် နိမ္မာနရတိနတ်၌ (၁)ရက်ဖြစ်သည်။ နိမ္မာနရတိနတ်တို့၏အနှစ်(၈၀၀၀) သည် မဟာရောရုဝငရဲ၌ (၁)ရက် ဖြစ်သည်။ လူတို့၏နှစ်အရေအတွက် (၂၃၀)ကုဋေ (၄)သန်း ရှိသည်။

တည်နေရာ - ရောရုဝ ငရဲအောက် ယူဇနာ(၁၅၀၀၀) အဝန်းယူဇနာ (၁၀၀၀၀) ကျယ်သော မြေလိုဏ်ဥမင်အတွင်း၌ တည်ရှိသည်။

ကျရောက်ခံစားရသူများ - သီလ၊ သမာဓိ၊ ပညာနှင့်ပြည့်စုံသော ရဟန်း၊ သံဃာတော်များကို ပြစ်မှားသော မကောင်းမှုတို့ကိုပြုသောသူတို့ ကျရောက်ခံစားကြရသည်။

ဆုပြည့်စုံထွန်းစာပေ

၆။ တာပနငရဲ - မတုန်မလှုပ် မြဲမြံစွာ ရပ်တည်နေကြရပြီး ပူလောင်မှုကို ခံစားကြရသည်။ မြေပြင်မှပေါက်နေသော သံတံကျင်တို့က အောက်ဒွါရမှ အထက်ဦးခေါင်းတိုင်အောင် ထိုးဖောက်ထားခြင်းကို ခံနေရလျက် ရပ်တည်နေရသည်။ ထိုငရဲသားကို ရဲရဲငြီးသော သံပူပြားကြီးများဖြင့် ငရဲသားတို့က လာရောက်ကပ်ကြသည်။ လွန်စွာပူပြင်းသဖြင့် ရုန်းကန်လှုပ်ရှားသော်လည်းမရ၊ သံတံကျင်တို့ကား စင်တင်ငရဲဟုခေါ်သည်။

သက်တမ်း - အနှစ် ၁၆၀၀၀။ လူတို့၏အနှစ် ၁၆၀၀သည် ပရနိမ္မိတဝသဝတ္တီနတ်တို့၏တစ်ရက်ဖြစ်သည်၊ ပရနိမ္မိတဝသဝတ္တီနတ်တို့၏ သက်တမ်း (၁၆၀၀၀)သည်တာပနငရဲ၌(၁)ရက်ဖြစ်သည်။ လူတို့၏နှစ်အရေအတွက် အားဖြင့် (၉၂) ကုဋေ (၆) သန်း ရှိသည်။

တည်နေရာ - မဟာရောရုဝငရဲအောက်အစောက်ယူဇနာ(၁၅၀၀၀)အဝန်းယူဇနာ (၁၀၀၀၀) ကျယ်သော မြေလိုဏ်ဥမင်အတွင်း၌ တည်ရှိသည်။

ကျရောက်ခံစားရသူများ - လင်ယောကျ်ားအား မရှိမသေ မလေးမစား မထေမဲ့မြင်ပြုကြသော အိမ်ရှင်မိန်းမများ ကျရောက်ခံစားရသည်။

၇။ မဟာတာပနငရဲ - တာပနငရဲထက် ဆင်းရဲပိုမို ကြီးလေးပြင်းထန်စွာ ခံစားရသောငရဲဖြစ်သည်။ မီးလျှံအမြဲတောက်နေသော သံတောင်ကြီးပေါ်သို့ နွားကျောင်းသားများက နွားများကို မောင်းတင်သကဲ့သို့ ငရဲထိန်းများက မီးလျှံလက်နက်တို့ ဖြင့် ရိုက်နက်ပုတ်ခတ်ကာ ထိုမီးသံတောင်သို့ တက်စေ၏။ တောင်ပေါ်သို့ရောက်သောအခါ အဆိပ်ခိုးငွေ့ရောသော လေပြင်းမုန်တိုင်းက ငရဲသားတို့ကို အောက်သို့ လွင့်ပစ်ချကုန်သည်။ ကံမကုန်မချင်း ခံစားကြရသည်။

သက်တမ်း - အန္တရကပ် တစ်ဝက်ဖြစ်သည်။

တည်နေရာ - တာပနငရဲအောက် အစောက်ယူဇနာ ၁၅၀၀၀ အဝန်းယူဇနာ (၁၀၀၀၀)ကျယ်သော မြေလိုဏ်ဥမင်အတွင်း၌ တည်ရှိသည်။

ကျရောက်ခံစားရသူများ - အဂတိတရားလိုက်စားသူများ၊ လင်ယောကျ်ားအပေါ်၌ နိုင်လိုမင်းထက် ရက်စက်ကြမ်းကြုတ်စွာပြုတတ်သော မိန်းမယုတ်များ ကျရောက်ခံစားရသည်။

၈။ မဟာအဝီစိငရဲ - ဂရုကံပြု၍ ကံကြီးထိုက်သော သူတို့ခံစားရသော ငရဲဖြစ်သည်။ သတ္တဝါတို့၏ ကွက်လပ်မရှိခြင်း၊ မီးလျှံတို့ ကွက်လပ်မရှိခြင်း၊ ဆင်းရဲဝေဒနာတို့ ညကွက်လပ်မရှိခြင်းသုံးပါးတို့ဖြင့် ခံစားကြရသည်။

သက်တမ်း - ဝိဝဋ္ဋဌာယီ တစ်ကပ်ကြာသည်။

တည်နေရာ - ငရဲ (၈) ထပ် အောက်ဆုံးအထပ်ဖြစ်သည်။ မဟာတာပနငရဲမှ အစောက် ယူဇနာ (၁၅၀၀၀) အဝန်း ယူဇနာ (၁၀၀၀)ကျယ် ဥမင် လိုဏ်၌တည်ရှိသည်။ အထုယူဇနာ (၉)ရှိသော သံတံတိုင်းကြီးဖြင့် အရပ်လေးမျက်နာက ကာထားသည်။ အထက်နံရံ ယူဇနာ (၁၀၀) ရှိသော သံပြားကြီးဖြင့် အသေပိတ်ထားသည်။ လေးထောင့်စပ်ရှိ သော သံသေတ္တာကြီးနှင့် တူသည်။ သံတံခါးကြီး (၄) ခုပိတ်ထား သည်။

ကျရောက်ခံစားရသူများ - အမိသတ်သူ၊ အဖသတ်သူ၊ ရဟန္တာသတ်သူ၊ ဘုရားကို သွေး စိမ်းတည်အောင်ပြုသူ၊ သံဃာကိုကွဲပြားအောင် သင်းခွဲသူဟူသော ပဥ္စာနန္တရိယကံ ကျူးလွန်သူတို့ ကျရောက်ခံစားရသည်။

(ငရဲတို့၌ သက်တမ်းကိုပြထားသော်လည်း ခံရသောသတ္တဝါတို့သည် သက်တမ်း အတိုင်းမခံစားရပါ၊ အကုသိုလ်ကံမကုန်သရွေ့ခံရသည်။ အကုသိုလ်ကံကုန်က လွတ်သည်။ ဥပမာ - မလ္လိကာမိဖုရား အဝီစိငရဲ၌ (၇)ရက်သာ ခံစားရပြီး (၇)ရက်လွန်သော် အကုသိုလ်ကံ ကုန်၍ လွတ်မြောက်ပြီး နိမ္မာနရတိဘုံ၌ ခံစားရသည်။

ဗုဒ္ဓက ဇာလပဏ္ဍိတသုတ်၌ -

"အကြင်မျှလောက်သောမကောင်းမှုကံသည်မကုန်သေး။ ထိုမျှလောက်ငရဲမှမလွတ် မြောက်သေး"

ဟူ၍ ဟောတော်မူခဲ့ပါသည်။

အရံငရဲငယ်များ

ငရဲငယ်များသည် ငရဲကြီးတစ်ခု၌ အရပ်(၄)မျက်နာဖြင့် မြှောက်က (၁၆ × ၈ = ၁၂၈) ငရဲငယ်ပေါင်းရှိသည်ဟု သံကိစ္စဇာတ်တော်၌ ဆိုပါသည်။ ယင်း(၄)မျက်နာရှိ ငရဲငယ်များ မှာ -

၁။ ဘင်ပုပ်ငရဲ - ငရဲမကြီးဘုံ၏ မီးလျှံဆုံးရာ အရပ်၌တည်ရှိသည်။ မစင်ပုပ်တို့ဖြင့် ပြည့်ကာ ကြီးမားသောပိုးလောက်တို့ဖြင့် ပြည့်နေသည်။ ငရဲကြီး

မှလွတ်သောသူတို့သည် ဤငရဲ၌ ခံရလည့်ဆိုက်ပါက ဤငရဲ၌ ဆက်လက်ခံရသည်။ ဤငရဲရှိ ပိုးလောက်တို့က ကိုက်ဖြတ်စား သောက်ခြင်းကို ခံရသည်။

၂။ ပြာပူငရဲ - ကမ္ဘာပတ်လုံးတည်သော ရဲရဲညီးသော အမှုန့်မှုန့်ဖြစ်သော ပြာပူ တို့ဖြင့် ပြည့်လျှံသော ပြာပူပင်လယ်ငရဲဖြစ်သည်။ ပြာပူ၌ချအပ် သော မုန်ညှင်းစေ့၊ နှမ်းစေ့များ၊ ဖျစ်ဖျစ်မြည် ပေါက်ကွဲခဲ့သကဲ့သို့ ပေါက်ကွဲကာ ခံစားနေရသောငရဲဖြစ်သည်။

၃။ လက်ပံတောငရဲ - အလွန်စူးရှသော သန်လျက်နှင့်တူသော အရွက်တို့ဖြင့် ဖုံးလွှမ်း ထားသောလက်ပံတောငရဲဖြစ်သည်။ အလယ်၌ဆင်ကောင်တစ်မျှ ကြီးသောကျီး. လင်းတတို့ရှိသည်။ လက်ပံစူးအရွက်တို့က စူးဝင် သည်။ ကျီးလင်းတတို့က ထိုးဆိတ်စားသောက်ခံရသည်။ (သံလျက်တောငရဲဟူ၍လည်းရှိသည်။)

၄။ ကြိမ်ပိုက်ချောင်းငရဲ - ကြေးနီပူရေဟုခေါ်သော အလွန်စပ်ငန်သည့် မြစ်ချောင်းရေများ အဟုန်ပြင်းစွာစီးဆင်းနေသော ရေပြင်ထက်၌ ပေပင်လုံး၊ ထန်းပင် လုံး၊ ပမာဏရှိသောအလွန်ထက်သောအသွားရှိသည့်သံစူး၊ သံရွက် တို့သည် ကြိမ်နွယ်ပိုက်ကွန်သဖွယ် လိမ်ယှက်၍ ကမ်းနှစ်ဘက်၌ ကူးယှက်ကာ တည်သည်။

ငရဲသားများက နွားများကို မြက်တောထဲသို့ ရိုက်မောင်းသွင်းသကဲ့သို့ အမျိုးမျိုးသော ဓားလှံလက်နက်တို့ဖြင့်ထိုးကာ မောင်းသွင်းခံရပြီး ထိုသံစူးများ၏ စူးဝင်နှိပ်စက်ခြင်းကို ခံရ သည်။

၂။ တိရစ္ဆာန်ဘုံ - မိုးကိုကျောပေး၍ ကန့်လန့်သွားခြင်း၊ ရပ်ခြင်း၊ အိပ်ခြင်း၊ စားခြင်း ပြုတတ်သော သတ္တဝါများ၊ ရေနေ - ကုန်းနေသတ္တဝါအားလုံးကို တိရစ္ဆာန်ဟုခေါ်သည်။ ထိုသတ္တဝါများ နေထိုင်ရာ နေရာဒေသကို တိရစ္ဆာန်ဘုံဟုခေါ်သည်။ ဘုံသီးသန့်မရှိချေ။

၃။ ပြိတ္တာဘုံ - အဝတ်၊အစားအသောက်၊ဘုံဗိမာန်တို့နှင့်ကင်းကွာပြီး တောတောင် မြစ်ချောင်းတို့၌နေရပြီးလျှင် ဆင်းရဲစွာနေထိုင်စားသောက်ရသူများ၊ အချို့မစားမသောက်ရသူများသည်ပြိတ္တာမည်၏။ပြိတ္တာအမျိုးအစား (၂၄) မျိုးရှိသည်။ ထိုပြိတ္တာများတည်နေရာဒေသကို ပြိတ္တာဘုံဟု ခေါ်သည်။

၄။ **အသူရကာယ်ဘုံ** - စည်းစိမ်ခံစားရာ၌နတ်များကဲ့သို့အစိုးတရပိုင်နိုင်စွာမခံစားရသော သူများကို အသူရကာယ်ဟု ခေါ်သည်။ အချို့သော အသူရကာယ် တို့သည် နေ့တွင် သုခချမ်းသာခံစားရပြီး ညတွင် ဆင်းရဲခံစားရပါ သည်။

အချို့သည် ညတွင် ချမ်းသာခံစားရပြီး နေ့တွင်ဆင်းရဲခံစားရသည်။ အချို့မှာ (၇)ရက် ချမ်းသာခံစားရပြီး (၇)ရက်ဆင်းရဲခံစားရသည်။

ဤသို့ဖြင့် နေ့ခံ - ညစံ၊ ညခံ - နေ့စံ စသည်အားဖြင့် ဆင်းရဲခံစား ရသောအချိန်များက ကြားဝင်နေသောကြောင့် စည်းစိမ်ခံစားရာ၌ စိတ် အေးလက်အေးမခံစားရ၊ ရဲရင့်ခြင်းမရှိသော သတ္တဝါအစုကို အသူရ ကာယ်ဟုခေါ်သည်။

အများအားဖြင့် ကုသိုလ်၊ အကုသိုလ် ရောနှောဆောင်ရွက်သူများ ကုသိုလ်လုပ်ခဲ့မှု က အားကြီးလျှင် ထိုအသူရကာယ်ဘုံသို့ ရောက်ကြလေသည်။

အသူရာ(၃)မျိုးရှိသည်။

(က) နတ်အသုရာ - မြင်းမိုရ်တောင်ခြေ၌နေသောအဆင့်မြင့်နတ်အသုရာ ဖြစ်သည်။ တာဝတိံသာမှပစ်ချခံခဲ့ရသောတာဝတိံသာ နတ်မျိုးအနွယ်ဝင် အသုရာများဖြစ်သည်။

(ခ) ပြိတ္တာအသုရာ - သမုဒ္ဒရာမြစ်ကမ်းခြေ၌နေပြီးအလွန်ငတ်မွတ်စွာခံစား နေရသောကာလကဉ္စိကပြိတ္တာအသုရာအမျိုးများဖြစ် သည်။ မြစ်ထဲရောက်က ရေခမ်းသွားသည်။ အမြဲဆာ လောင်နေရသော ပြိတ္တာမျိုးဖြစ်သည်။

(ဂ) ဝိနိပါတိကအသုရာ - ဘုမ္မစိုး - ရုက္ခစိုးနတ်မင်းကြီးများကိုမှီတွယ်ကပ်ရပ်နေ ရသော နတ်သေး - နတ်မွှားများဖြစ်သည်။

(တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်တို့တွင် ဘုံသီးသန့်မရှိ၊ ယင်းတို့၏ ခန္ဓာတည်ရှိရာ နေရာသည် ဘုံမည်ကြသည်။

ကာမသုဂတိ(၇)ဘုံ

မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဟူသော အာရုံငါးပါး ကာမဂုဏ်ချမ်းသာဖြင့် ကောင်းစွာ လားရောက်ရသော လူ့ပြည်နှင့် နတ်ပြည်(၆)ထပ်ကို ကာမသုဂတိဘုံဟူ၍ခေါ်ပါသည်။

လူ့ဘုံ= လူသားတို့ နေထိုင်ရာဘုံ

ဖြစ်တတ် - ပျက်တတ်သော သဘောသဘာဝရှိသောအရာကို လောကဟုခေါ်သည်။ ထိုလောကမှ လော - ကိုယူ၍ (ေ-ါ) သရကို (ူ) သရပြုပြီး လူဟူ၍ ခေါ်ဆိုသည်။

- အကြောင်းနှင့်အကျိုး အကောင်းနှင့်အဆိုးကို ခွဲခြားသိတတ်လာသောကြောင့် လူဟူ၍လည်းခေါ်သည်။ ထိုလူ့ဘုံသည် တာဝတိံသာနတ်၊ မြောက်ကျွန်း(ဥတ္တရကုရု)တို့ထက် ရဲရင့်မှု၊ ခိုင်မြဲသောသတိရှိမှု၊ မြတ်သောအကျင့်ကို ကျင့်နိုင်မှုဟူသော (၃)ချက် သာလွန်သည်။

- မင်္ဂဖိုလ် နိဗ္ဗာန်ရနိုင်သော အခွင့်ထူး ဂုဏ်ထူး ဘုရားရဟန္တာ ပစ္စေကဗုဒ္ဓါ စသည်တို့အဖြစ်ကို ရဲရင့်စွာ ဆုပန်နိုင်၊ ကျင့်နိုင်သော ထက်မြက်ရဲရင့်သော စိတ်ဓာတ်မွေးမြူနိုင်သလို အပါယ်လေးပါးသို့ ကျရောက်နိုင်သော အမိသတ်၊ အဖသတ်ဟူသော ပဉ္စာနန္တရိယကံကိုလည်း ရဲရင့်ထက်မြက်သော စိတ်ဖြင့်ပြုနိုင်သော ဘုံဖြစ်သည်။

နတ်ပြည် (၆)ထပ်

၁။ စတုမဟာရာဇ်နတ်ဘုံ - ကြီးမြတ်သောနတ်မင်းကြီး (၄)ပါးအုပ်ချုပ်နေရာမြင်းမိုရ်တောင်တစ်ဝက် အရပ်ဒေသဖြစ်သည်။

(၁) ဓတရဋ္ဌ - ငွေရောင်တောက်ပနေသော အလယ်မြင်းမိုရ်တောင်အရှေ့ဘက်၌ ဂန္ဓဗ္ဗ(ကချေသည်နတ်များ)ကို အုပ်ချုပ်သည်။

(၂) ဝိရူဠှက - မြရောင်တောက်ပသော မြင်းမိုရ်တောင်၏ တောင်ဘက်အလယ်မျက်နှာ၌ ကုမ္ဘဏ် (ဥစ္စာစောင့်)များကို အုပ်ချုပ်သည်။

(၃) ဝိရူပက္ခ - ပုလဲရောင်တောက်ပသော မြင်းမိုရ်တောင်၏ အနောက်ဘက် အလယ်မျက်နှာ၌ နဂါးတို့ကို အုပ်ချုပ်သည်။

(၄) ကုဝေရ - ရွှေရောင်တောက်ပသော မြောက်ဘက်မြင်းမိုရ်တောင်၏အလယ်မျက်နှာ၌ နတ်ဘီလူးများကိုအုပ်ချုပ်သည်။ သက်တမ်းနတ်သက် အနှစ်(၅၀၀) ရှိ၏။ လူတို့၏အနှစ်(၅၀)သည် စတုမဟာရာဇ်(၁)ရက် လူတို့၏နှစ်အရေအတွက် (၉)သန်း၊

၂။ တာဝတိံသာနတ်ဘုံ - မြင်းမိုရ်တောင်ထိပ်တွင်ရှိပြီး သိကြားမင်း အမှူးပြုသော (၃၃)ဦးသော နတ်စစ်သူကြီးတို့ အုပ်ချုပ်ရသော အရပ်ဒေသဖြစ်သည်၊ သိကြားမင်းက အုပ်ချုပ်သည်။ ပဇာပတိ၊ ဝရုဏ၊ ဤသာနအမည်ရှိ

သော နတ်စစ်သူကြီး (၃)ဦး ဦးဆောင်သည်။ ဝေဇယန္တာပြာသာဒ်၊ ပင်လယ်ကသစ်ပင် ပဏ္ဍုကမ္ဗလာကျောက်ဖျာ၊ နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာရေကန်၊ သုဓမ္မာဇရပ်၊ စူဠာမုနိစေတီစသော ထင်ရှားသောအဆောက်အအုံများရှိသည်။

သက်တမ်း - ၁၀၀၀ နှစ်လူတို့၏ အနှစ်(၁၀၀)သည် တာဝတိံသာ၌ (၁)ရက်ဖြစ်သည်။ လူတို့၏ နှစ်အရေအတွက်အားဖြင့် ၃၆ သန်းရှိသည်။ (နတ်ပြည်တစ်ပြည်နှင့်တစ်ပြည် ၄ ဆကွာသည်) (၉၀၀၀၀၀၀ × ၄ = ၃၆၀၀၀၀၀၀)

၃။ ယာမာနတ်ဘုံ - ပူပန်ပြင်းထန်သော ဆင်းရဲမရှိဘဲ နတ်စည်းစိမ်ကို ကောင်းစွာခံစားရသောဘုံဖြစ်သည်။ သုယာမနတ်မင်း အုပ်ချုပ်သည်။

သက်တမ်း - ၂၀၀၀ နှစ်၊ လူတို့၏နှစ် ၂၀၀ သည် ယာမာနတ်တို့၌ (၁)ရက်၊ လူတို့၏နှစ်အရေအတွက်အားဖြင့် ၁၄ ကုဋေ ၄ သန်း၊

၄။ တုသိတာနတ်ဘုံ - များစွာနှစ်သက်ရွှင်လန်းပျော်ရွှင်ကြီးကျယ်မြင့်မြတ်သော စည်းစိမ်ကျက်သရေများနှင့် ပြည့်စုံသောဘုံဖြစ်သည်။သန္တုသိတနတ်မင်းက အုပ်ချုပ်သည်။

သက်တမ်း - ၄၀၀၀ နှစ်၊ လူတို့၏နှစ် ၄၀၀ သည် ယာမာ၌ ၁ရက် လူတို့၏နှစ်အရေအတွက်အားဖြင့် (၅၇)ကုဋေ (၆)သန်း ရှိသည်။

၅။ နိမ္မာနရတိဘုံ - တန်ခိုးဖန်ဆင်းခြင်းဖြင့် ပျော်ပါးမွေ့လျော်သော နတ်တို့၏ နေထိုင်ရာ အရပ်ဒေသဖြစ်သည်။ သုနိမ္မိတနတ်မင်းက အုပ်ချုပ်သည်။

သက်တမ်း - ၈၀၀၀ နှစ်၊ လူတို့၏နှစ်(၈၀၀)သည် နိမ္မာနရတိဘုံ၌ (၁)ရက် လူတို့၏နှစ်အရေအတွက်အားဖြင့် ၂၃၀ ကုဋေ ၄ သန်း၊

၆။ ပရနိမ္မိတဝသဝတ္တီဘုံ - သူတစ်ပါးဖန်ဆင်းထားသည့်အတိုင်း အလိုသို့လိုက်၍နေရသော နတ်တို့၏ နေရာဒေသဝသ၊ ဝတ္တီနတ်မင်းက အုပ်ချုပ်သည်။ မာရ်နတ်မင်းလည်းရှိသည်။

သက်တမ်း - ၁၆၀၀၀ နှစ်၊ လူတို့၏အနှစ် ၁၆၀၀ သည် (၁)ရက် လူတို့၏နှစ်အရေအတွက်၉၂၁ကုဋေ၆သန်းရှိသည်။ နတ်ဘုံတို့၏တစ်ဘုံနှင့်တစ်ဘုံ အကွာအဝေးသည် ယူဇနာ ၄၂၀၀၀ ကွာဝေးသည်။

⊙ ⊙ ⊙

ပြဟ္မာဘုံ (၂၀)

ရူပါဝစရပြဟ္မာ(၁၆)ဘုံ

ပြဟ္မာ = ပြဟ္မာတို့သည် ကာမဂုဏ်အာရုံငါးပါး ခံစားခြင်းမရှိ၊ အလွန်မြတ်သော ချမ်းသာတို့ဖြင့် စင်ကြယ်စွာ ကြီးပွားကြသူများဖြစ်သည်။

ဈာန်တရားနှစ်သက်ခြင်းကို ခံစားသည်၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ကာမဂုဏ်ခံစားမှု မရှိ၊ ဘုရားဖူးရန် တရားနာရန် မျက်စိနားရှိသည်။ ခန္ဓာကိုယ် အလွန်နူးညံ့သိမ်မွေ့သည်။ အထက်ပြဟ္မာ၏ကိုယ်ကို အောက်ပြဟ္မာက မမြင်ရပါ။ ဖန်ဆင်းပြမှ မြင်ရသည်။

ကာမဘုံသားများ ကာမဂုဏ်ဝတ္ထုများလေလေ သူဌေးဘွဲ့ရပြီး ကြီးပွားလာလေလေ ဖြစ်သကဲ့သို့ ပြဟ္မာတို့မှာ ကာမဂုဏ်နည်းလေလေ ပထမဈာန်စသော ဈာန်များကြွယ်ဝလေလေ၊ ပြဟ္မာအဆင့်အတန်း ကွာခြားလေလေ ဖြစ်ရသည်။

အသညသတ်ပြဟ္မာမှတစ်ပါး ကျန်ပြဟ္မာ(၁၅)ဘုံမှာ နတ်ပြည်ထက် ခမ်းနားကြီးကျယ်သော ဥယျာဉ်၊ ဗိမာန်ပဒေသာပင်များရှိ၍ ထိုနေရာများ၌ ပျော်ရွှင်စွာနေလေ့ရှိသည်။

သို့သော် ကာမဂုဏ်စက်ဆုပ်သူများဖြစ်၍ ကာမဂုဏ်ချမ်းသာမရှိ၊ မိန်းမ မရှိ၊ ယောကျ်ားသဏ္ဌာန်သာ ရှိကြသည်။

မေတ္တာစသော ပြဟ္မစိုရ်တရားနှင့်နေသည်။ ဈာန်ပီတိကိုသာ စားကြသည်။ ပုထုဇဉ်ပြဟ္မာများက လောကီဈာန်သမာပတ်ဝင်စားနေနိုင်သည်။ အရိယာပြဟ္မာများက ဖလသမာပတ်ဝင်စားနေနိုင်သည်။

ရူပပြဟ္မာ(၁၅)ဘုံကို ပထမဆင့်၊ ဒုတိယဆင့်၊ တတိယဆင့်၊ စတုတ္ထအဆင့်ဖြင့် ခွဲခြားထားသည်။

ပြဟ္မာပြည်ရောက်နိုင်သောအကျင့် = ယောဂီပုဂ္ဂိုလ်သည် ဦးစွာဘာဝနာကို ကြိုးစားအားထုတ်သဖြင့် ရတာနှင့် ကိလေသာတရားများ အနယ်ထိုင်ပြီး သမာဓိတရားရလာသည်။ ထို့နောက် ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခ၊ ဧကဂ္ဂတာဟူသော ဈာန်တရားတို့ကို စူးစူးစိုက်စိုက်အားထုတ်သဖြင့် သမာဓိတည်ကာ ပထမဈာန်ကို ရရှိသည်။

ဈာန်တရားအားထုတ်ကြရာတွင် ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ ဟူသော ဈာန်နှင့်ယှဉ်သော တရားတို့တွင် တစ်ပါးပါးက ဦးစီးရသည်။ အကြီးအမှူး(အဓိပတိ) ဖြစ်ထိုက်သော တရားညံ့နေပါက ပရိတ္တဈာန် ရသည်ဟုဆိုပါသည်။ အလယ်အလတ်စား အကြီးအမှူးဖြစ်က မဇ္ဈိမဈာန်ရသည်။ ထက်မြက်လျှင် အမြတ်ဆုံး ပဏီတဈာန်ရသည်ဟုဆိုသည်။

အသညသတ်ပြဟ္မာ = လူပြည်က ထိုင်၍သေလျှင် ထိုင်လျက်ပုံစံအတိုင်းဖြစ်သည်။ လဲလျောင်းသေလျှင် လဲလျောင်းပုံစံအတိုင်းဖြစ်သည်။ နာမ် တရားမရှိ၍ တရားမနာနိုင်၊ ဇီဝိတနဝကကလာပ်သာရှိသည်။ ရုပ်ပြစ် (၈)ပါး၌ ပါဝင်သည်။

ပထမဈာန်ပြဟ္မာ(၃)ဘုံ

၁။ ပြဟ္မာပါရိသဇ္ဇာ - မဟာပြဟ္မာမင်းကြီး၏ပရိသတ်ဖြစ်သောလက်ပါးစေအလုပ်အကျွေး ပြဟ္မာတို့နေရာဖြစ်သည်။

ရောက်သူ - ပထမဈာန်ကို အညံ့စားပွားသူ (ပရိတ္တပွားသူ)၊

သက်တမ်း - အန္တရကပ် (၂)ကပ်၊

(အသင်္ချေယျတစ်ခုမှာ အန္တရကပ် ၆၄ ကပ်ရှိသည်။ အသင်္ချေယျ၏ ၁/၃ အသက်ရှည်သည်)

၂။ ပြဟ္မပုရောဟိတ - ပြဟ္မာအတိုင်ပင်ခံပုရောဟိတ်အရာ၌တည်သော ပြဟ္မာတို့၏နေရာဖြစ်သည်။

ရောက်သူ - ပထမဈာန်ကို အလတ်စားပွားသူ (မဇ္ဈိမပွားသူ)

သက်တမ်း - အန္တရကပ် ၃၂ ကပ် (အသင်္ချေယျကပ်၏ ၁/၂ ပုံ)

၃။ မဟာပြဟ္မာ - ကြီးမြတ်သော မဟာပြဟ္မာတို့၏ နေရာဖြစ်သည်။

မဟာပြဟ္မာ(၃)မျိုးရှိသည်။

(က) သဟာဿပြဟ္မာ စကြဝဠာ ၁၀၀၀ ကို အစိုးရသည်။

(ခ) ဒွိသဟာဿပြဟ္မာ စကြဝဠာ ၂၀၀၀ ကို အစိုးရသည်။

(ဂ) တိသဟာဿပြဟ္မာ စကြဝဠာ ၃၀၀၀ ကို အစိုးရသည်။

မဟာပြဟ္မာများသည် တန်ခိုးကြီးလှသဖြင့် မိမိကိုယ်ကို သတ္တဝါများကို ဖန်ဆင်းသည်။ အခြားပြဟ္မာများကို ဖန်ဆင်းပေးရသည်ဟု ထင်မှတ်နေကြသည်။

ရောက်သူ - ပထမဈာန်ကို ထက်မြတ်စွာပွားသူ (ပဏီတပွားသူ)များ၊

သက်တမ်း - အသင်္ချေယျ(၁)ကပ်

ထို ၃ ဘုံသည် တစ်တန်းတည်း တည်ရှိပါသည်။

ဒုတိယဈာန်(၃)ဘုံ

၁။ ပရိတ္တာဘာဘုံ - အာဘဿရာပြဟ္မာတို့လောက် ကိုယ်ရောင် မတောက်ပဘဲ နည်းသောကိုယ်ရောင်ကိုယ်ဝါရှိသော ပြဟ္မာတို့ တည်ရာနေရာဖြစ်သည်။

ရောက်သူ - ဒုတိယဈာန်၊ တတိယဈာန်တို့ကို အညံ့စားပွားသူ (ပရိတ္တပွားသူ)

သက်တမ်း - မဟာကပ် (၂)ကပ်

၂။ အပ္ပမာဏာဘာဘုံ - အတိုင်းအရှည်ပမာဏမပြောပြနိုင်လောက်အောင်များမြောင်သောကိုယ်ရောင်ကိုယ်ဝါရှိသော ပြဟ္မာတို့တည်နေရာ နေရာဖြစ်သည်။

ရောက်သူ - ဒုတိယဈာန်၊ တတိယဈာန်တို့ကို အလတ်စားပွားသူ(မဇ္ဈိမပွားသူ)

သက်တမ်း - မဟာကပ်(၄)ကပ် သက်တမ်းရှည်သည်။

၃။ အာဘဿရာဘုံ - တိမ်တိုက်မှ လျှပ်စစ်တွေ ကွန့်မြူးနေသလို ခန္ဓာကိုယ်မှ ကိုယ်ရောင်ကိုယ်ဝါများ တလျှပ်လျှပ်ထွက်နေသော ပြဟ္မာတို့နေရာဖြစ်သည်။

ဤပြဟ္မာများသည် မိမိတို့၏ဈာန်စိတ်ဖြင့် လွန်စွာ ပျော်မွေ့ပီတိများကျလျက်ရှိပြီး ထိုပီတိပြည့်လျှမ်းသော ဈာန်အစွမ်းကြောင့်ဖြစ်သော စိတ္တဇရုပ်အပေါင်းဖြင့် တစ်ကိုယ်လုံး ဖုံးလွှမ်းလျက်ရှိသည်။

ရောက်သူ - ဒုတိယဈာန်၊ တတိယဈာန်တို့ကို အမြတ်စားပွားသူ (ပဏီတပွားသူ)

သက်တမ်း - မဟာကပ်(၈)ကပ် သက်တမ်းရှည်သည်။

ဤဒုတိယဈာန်(၃)ဘုံသည်လည်း ကောင်းကင်တစ်ပြင်တည်းမှာ တည်သည်။

တတိယဈာန် (၃)ဘုံ

၁။ ပရိတ္တာသုဘာဘုံ - မလှုပ်မယှက်တစ်ခဲနက် တောက်ပတင့်တယ်သော ကိုယ်ရောင်ရှိသော ပြဟ္မာတို့၏နေရာ

ရောက်သူ - စတုတ္ထဈာန်ကို အညံ့စားပွားသူ (ပရိတ္တပွားသူ)များ

သက်တမ်း - မဟာကပ် ၁၆ ကပ်

၂။ အပ္ပမာဏာသုဘာဘုံ - အတိုင်းအရှည်မသိသော အလွန်တင့်တယ်၍ မလှုပ်မယှက် တခဲနက်တောက်ပတင့်တယ်သောကိုယ်ရောင်ရှိသောပြဟ္မာတို့၏ နေရာ

ရောက်သူ - စတုတ္ထဈာန်ကို အလတ်စားပွားသူ (မဇ္ဈိမပွားသူ)

သက်တမ်း - မဟာကပ်၃၂ကပ်

၃။ သုဘကိဏှာဘုံ - မလှုပ်မယှက်တခဲနက်သော တင့်တယ်သော ကိုယ်ရောင်တို့ဖြင့် ရောပြွမ်းသော ပြဟ္မာတို့၏နေရာ

ရောက်သူ - စတုတ္ထဈာန်ကို မြတ်စွာပွားသူ (ပဏီတပွားသူ)

သက်တမ်း - မဟာကပ် ၆၄ ကပ်

(ကမ္ဘာကို မီး၊ ရေ၊ လေ၊ ဖျက်သောအခါ) မပါဝင်၍ (၆၄) ကပ်တိုင်အောင် အသက်ရှည်ကြပါသည်။

ထို ၃ - ဘုံသည် တစ်တန်းတည်း ရှိပါသည်။

စတုတ္ထဈာန် (၇) ဘုံ

၁။ ဝေဟပ္ဖိုလ်ဘုံ - ဈာန်အာနုဘော်ဖြင့် ကြီးကျယ်ပြန့်ပြောသော အကျိုးရှိသော ပြဟ္မာတို့၏နေရာ

ရောက်သူ - ပဥ္စမဈာန်ပွားသူများ

သက်တမ်း - မဟာကပ် ၅၀၀

၂။ အသညသတ်ဘုံ - နာမ်ခန္ဓာမရှိ၊ ရုပ်ခန္ဓာသာ ရွှေတုံးရွှေခဲကြီးကဲ့သို့ မလှုပ်မယှက်တည်နေသော ပြဟ္မာတို့၏နေရာ။ သညာ၌ စက်ဆုပ်ရွံရှာသော ဘာဝနာ၏အစွမ်းဖြင့် သညာစေတသိက်နှင့်တကွ စိတ်၊ **စေတသိက်** အားလုံး မရှိသောကြောင့် ရုပ်ချည်းသက်သက်ဖြစ်၍ **သတ္တဝါ**မှုဟုတ်ပါရဲ့လားဟု ထင်ရလောက်အောင် အလွန်ငြိမ်သက်သော ပြဟ္မာတို့၏နေရာ၊

ရောက်သူ - ဝါယောကသိုဏ်း၌ သညာမရှိသော ဘာဝနာကိုပွားပြီး ပဉ္စမဈာန်ကို ရသူများ၊

သက်တမ်း - မဟာကပ် ၅၀၀

(ထို ၂ ဘုံသည် တစ်တန်းတည်း တည်ရှိပါသည်။)

သုဒ္ဓါဝါသ (၅) ဘုံ (စင်ကြယ်သောသူတို့၏ နေရာဘုံ)

၃။ အဝိဟာဘုံ - မိမိတို့ဘုံဌာနကို ခေတ္တခဏပင် မစွန့်လွှတ်နိုင်ဘဲ ကမ္ဘာပေါင်းများစွာ တည်နေလိုသော ပြဟ္မာတို့၏နေရာ

ရောက်သူ - သဒ္ဓိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များ

သက်တမ်း - မဟာကပ် ၁၀၀၀

၄။ အတပ္ပာဘုံ - ပူပန်ခြင်းမရှိသော ပြဟ္မာတို့၏နေရာ

ရောက်သူ - ဝီရိယိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များ

သက်တမ်း - မဟာကပ် ၂၀၀၀

၅။ သုဒဿာဘုံ - လွန်စွာစင်ကြယ်သော ပသာဒစက္ခု၊ ဒိဗ္ဗစက္ခု၊ ပညာ စက္ခုနှင့်ပြည့်စုံ၍ အလွန်ကောင်းမွန်စွာ မြင်နိုင်စွမ်းရှိသော ပြဟ္မာတို့၏နေရာ

ရောက်သူ - သတိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များ

သက်တမ်း - မဟာကပ် ၄၀၀၀

၆။ သုဒဿီဘုံ - ပညာမျက်စိနှင့်ဖြစ်စေ၊ သာမန်မျက်စိနှင့်ဖြစ်စေ အကောင်းဘက်ကိုသာ ကြည့်ရှုလေ့ရှိသော ပြဟ္မာတို့၏နေရာ

ရောက်သူ - သမာဓိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များ

သက်တမ်း - မဟာကပ် ၈၀၀၀

၇။ **အကနိဋ္ဌဘုံ** - ငယ်သူမရှိ၊ ကြီးမြတ်သော ရဟန္တာဖြစ်ကြတော့မည့် အနာဂါမ်ပုဂ္ဂိုလ်များ ရောက်ရာနေရာ ဤဘုံသို့ ရောက်လာသော အနာဂါမ်ပုဂ္ဂိုလ်သည် ဤဘုံ၌ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံဝင်ရသည်။

ရောက်သူ - ပညိန္ဒြေလွန်ကဲသော အနာဂါမ်ပုဂ္ဂိုလ်များ

သက်တမ်း - မဟာကပ် ၁၆၀၀၀

ဤဘုံများသည် မီး၊ ရေ၊ လေ ကမ္ဘာဖျက်ရာတွင် မပါဝင်၍ သက်တမ်းဆုတ်ယုတ်မှုမရှိကြပါချေ။

ပြဟ္မာဘုံများ၏တစ်ဘုံနှင့်တစ်ဘုံအကွာအဝေးသည် ယူဇနာ - ၅၅၀၈၀၀၀ - ကွာဝေးပါသည်။

အရူပ(၄)ဘုံ

အရူပ = ရုပ်မရှိ၊ နာမ်သာရှိသည်။

လူ့ပြည်ဝယ် ရုပ်တရားများကို အပြစ်မြင်ပြီး နာမ်ကို ဦးစားပေး၍ အရူပကုသိုလ်ကို ပွားများအားထုတ်သူများသည် အရူပဈာန်အဆင့်ဆင့် ကိုရရှိပြီး အရူပဘုံအသီးသီးသို့ ရောက်ရှိကြသည်။

အရူပဘုံဟုဆိုသော်လည်း ဘုံမဟုတ်ပါ။ နာမ်ခန္ဓာအစဉ်ဖြစ်ပြီး ထိုပုဂ္ဂိုလ်များအလိုရှိတိုင်းသာ တည်ရှိပါသည်။

၁။ **အာကာသာနဉ္စာယတနဘုံ** - အာကာသာနဉ္စာယတနဈာန်ရသူတို့ သွားရောက်နေရာအရပ်၊

ရောက်သူ - ကသိုဏ်းမှခွာ၍ရသော ကောင်းကင်ကို မတုန်မလှုပ်အာရုံပြုနေသော ပထမအရူပ ဈာန်ဟုခေါ်သော အာကာသနဉ္စာယတနဈာန်ရသူများ၊

သက်တမ်း - မဟာကပ် ၂သောင်း၊

၂။ **ဝိညာဏဉ္စာယတနဘုံ** - ဝိညာဏဉ္စာယတနဈာန်ရသူတို့ သွားရောက်နေရာအရပ်၊

ရောက်သူ - ပထမအရူပဝိညာဉ်ကို မတုန်မလှုပ်၊ အာရုံပြုနေသော ဒုတိယဈာန်စိတ် ဝိညာဏဉ္စာ ယတနဈာန်စိတ်ရသူများ၊

သက်တမ်း - မဟာကပ် ၄ သောင်း၊

၃။ အာကိဥ္စညာယတနဘုံ - အာကိဉ္စညာယတနဈာန်ရသူတို့ သွားရောက်နေရာအရပ်

ရောက်သူ - အနည်းငယ်မျှမရှိသည်ကို အာရုံပြုသောဈာန်ပထမအရူပဝိညာဉ် စိတ်၏ စိုးစဉ်းမျှမရှိခြင်း (နတ္ထိဘောပညတ်) ကို အာရုံပြုသော တတိယအရူပဈာန်ရသူများ

သက်တမ်း - မဟာကပ် ၆ သောင်း

၄။ နေဝသညာနာသညာယတနဘုံ - နေဝသညာ နာသညာယတနဈာန် ရသူတို့နေရာ အရပ်

ရောက်သူ - စိတ်မဟုတ်၊ စိတ်မဟုတ်သည်လည်း မဟုတ်ဟုဆိုလောက်သော အလွန်သိမ်မွေ့သော တတိယအရူပဈာန် စိတ်ကိုအာရုံပြုသော၊ စတုတ္ထအရူပဈာန်ဟုခေါ်သော နေဝသညာနာသညာယတနဈာန် ရသူများ

သက်တမ်း - မဟာကပ် ၈၄၀၀၀

ဤအရူပဘုံများသည် အထက်အောက် အစဉ်လိုက်တည်ရှိပါသည်။ အထွဋ်အဖျား ဘုံဖြစ်၍ ဘဝဂ်ဘုံဟူ၍လည်း ခေါ်ပါသည်၊

လူ့ပြည်မှ နေဝသညာနာသညာယတနာဘုံသို့ ယူဇနာပေါင်း ၇၁၈၅၆၀၀၀၀ ကွာ ဝေးသည် ဟုဆိုပါသည်။

မြင်းမိုရ်တောင် အယူအဆနှင့် သဘာဝ

သတ္တဂုံတ္တရပါဠိတော်၌မြင်းမိုရ်တောင်သည်ရေ၌ ယူဇနာပေါင်း (၈၄၀၀၀)မြှုပ်နေပြီး ရေမှ ယူဇနာပေါင်း (၈၄၀၀၀)ပေါ်နေသည်ဟု ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

ဤဟောကြားချက်အရ ရေမရှိသောအရပ်၌မြင်းမိုရ်တောင်ရှိသည်ဟူ၍ သတ်မှတ်၍ မရတော့ပါ။ မြင်းမိုရ်တောင်သည် ဤကမ္ဘာမြေပြင် ရေပြင်၌သာလျှင် တည်ရှိနေကြောင်း ဖော် ညွှန်းသကဲ့သို့ ရှိနေပါသည်။

ယနေ့ သိပ္ပံပညာရှင်တို့၏ကမ္ဘာ အနိမ့်အမြင့်အတိုင်းအတာနှင့် ပတ်သက်၍ကမ္ဘာ၏ သမုဒ္ဒရာပျမ်းမျှအနက်သည် (၁၂၄၆၀) ပေရှိသည်ဟု ဆိုပါသည်။

ဤကမ္ဘာတွင် အမြင့်ဆုံးဧဝရက်တောင်သည်အမြင့်ဆုံးနေရာ၌ပေပေါင်း (၂၉၁၄၀) ရှိကြောင်း၊ ဖိလစ်ပိုင်ကျွန်းစုအနီးရှိ ဘဲ့ဂိုင်လာချောက်၏ အနက်ဆုံးနေရာသည် ပေပေါင်း (၃၄၄၃၀)ရှိကြောင်း သိရပါသည်။

ဆုပြည့်စုံထွန်းစာပေ

ဇေရတ်တောင်အမြင့်၏အတိုင်းအတာပမာဏနှင့် ဘွိုင်လာချောက်အနက်အတိုင်းအတာပမာဏတို့ နှိုင်းယှဉ်လျှင် ၃၄၄၃၀ - ၂၉၁၄၀ = ၄၂၉၀ မျှ ကွာပါသည်။ မြေပြင်မြင့်တက်လာမှု၏ သင်္ကေတပင်ဖြစ်ပါသည်။

ထို့ကြောင့် မြင်းမိုရ်တောင်၏ရေ၌မြှုပ်နေသောပမာဏနှင့် ရေပေါ်ပမာဏအညီအမျှ ယူဇနာ (၈၄၀၀၀၀)ကို မိုင်ဖွဲ့၍နှိုင်းယှဉ်လျှင် လည်း (၁၀) မိုင်နီးပါးမျှသာ ကွာသည်။ ပါဠိတော်အဆိုမှာ ကမ္ဘာအနိမ့်အမြင့် ရေပေါ်ပမာဏ ရေမြှုပ်ပမာဏနှင့် တူညီသည်ဟု ဆိုနိုင်ပါသည်။

ဝိသုဒ္ဓိမဂ်၌ စကြဝဠာတောင်သည် ယူဇနာ ၈၂၀၀၀ ရေမြှုပ်ပြီး ၈၂၀၀၀ = ရေပေါ်သည်။ ဝိသုဒ္ဓိမဂ်၌ မြင်းမိုရ်တောင်သည် ယူဇနာ = ၈၄၀၀၀ ရေမြှုပ်ပြီး ၈၄၀၀၀ ရေပေါ်သည်။

ဝိသုဒ္ဓိမဂ်၌ ယုဂန္ဓိုရ်တောင်သည် မြင်းမိုရ်တောင်တစ်ဝက်ချိုး ရေမြှုပ်ပြီး တစ်ဝက်ချိုး ရေပေါ်သည်။

(ဣသန္ဓရ၊ ကရဝိကစသော တောင်တို့သည်လည်း ထက်ဝက်ချိုးပမာဏဖြင့် အစဉ်အတိုင်း ရေမြှုပ်ရေပေါ်ကြောင်း ဖော်ပြပါသည်)

မြင်းမိုရ်တောင်၏ အရောင်

ပရိတ်ကြီးပါဠိတော်၌ ဝရကနကမယေ မေရုရာဇေဟူ၍ ရေးသားထားရာ မြင်းမိုရ်တောင်သည် ရွှေရောင်ရှိသည်ဟု ဆိုပါသည်။

ပါထိကဝဂ်ပါဠိတော်၊ အာဋာနာဋိယသုတ် အဋ္ဌကထာ၌ -

- အရှေ့ ရွှေရောင်
- တောင် မြရောင် (ပတ္တမြားစိမ်းရောင်)
- အနောက် ဖန်ရောင်
- မြောက် ရွှေရောင်ဟူ၍ ဖော်ပြထားပါသည်။

ယနေ့ သိပ္ပံခေတ် အာကာသသုံ့ရဲကောင်းများက အာကာသယာဉ်မှ (သို့မဟုတ်) လပေါ်မှကြည့်လျှင် ဤကမ္ဘာသည် အရောင်တောက်နေသည်ကို တွေ့ရသည်ဟုဆိုထားရာ အဋ္ဌကထာအဖွင့်နှင့် ညီသည်ဟုဆိုရပါမည်။

သိပ္ပံပညာရှင်များက အရောင်တောက်နေသည်ဟုဆိုသော စကားသည် အမြင်မတူသူတို့အတွက် ငွေရောင်၊ မြရောင်၊ ဖန်ရောင်၊ ရွှေရောင်တောက်နေသည့်အဖြစ်အမျိုးမျိုးဖြစ်နိုင်ပါသည်။ ကြည့်ပုံအရပ်ဒေသ ခြားနားမှုအပေါ်မူတည်၍ အရောင်ကွဲပြားမြင်မှုရှိနိုင်သည်။

သာရတ္ထဒီပနီဋီကာကျမ်းနှင့် လောကဒီပနီကျမ်းတို့၌ တာဝတိံသာနတ်ပြည်၌ နေမင်းအရောင်မထွန်းကြောင်း၊ အာလိန်ငါးဆင့်သည် နေမင်း၏အောက်ဖြစ်၍နေရောင်ထွန်းသင့်သော်လည်း ယုဂန္ဓိုရ်ကျယ်ဝန်းမထွန်းကြောင်း နေမင်းသည် ကြေးမုံမှောက်ထားသကဲ့သို့ အောက်ကိုသာ အလင်းရောင်ဖြစ်စေပြီး နံပါးနှင့်အထက်သို့ မဖြစ်စေကြောင်း ဖော်ပြထားပါသည်။

ထို့ပြင် အာလိန်ငါးဆင့်တွင် အာလိန်တစ်ဆင့်၏အဖြစ်သည် ယူဇနာ ၅၀၀၀ ကျယ်ပြီး နဂါးဂဠုန်တို့ပြည်တည်နေကြောင်း၊ မြင်းမိုရ်တောင်ခြေ၌တည်သော အသူရာပြည်ကို တာဝတိံသာနတ်ပြည်၌ သွင်းယူရသည်ဟု ဋီကာကျမ်း၌ ဖော်ပြထားသည်။

အဘိတန်ကျမ်း၌ မြင်းမိုရ်တောင်ခြေတောင်စဉ် (သတ္တရဏ္ဏာန်) (၇)ထပ်ကို ဖော်ပြထားရာ၌ သုဒဿနတောင်၊ ကရဝိကတောင်၊ ဣ သန္ဓာရတောင်၊ ယုဂန္ဓရတောင်၊ နေမိန္ဓရတောင်၊ ဝိနတကတောင်၊ အဿကဏ်တောင်တို့ ဟူ၍ဖြစ်ပါသည်။

ယင်းတောင်စဉ်တို့သည်မြင်းမိုရ်တောင်မင်း၏ထက်ဝက်ထက်ဝက်ဖြစ်သောအတိုင်းအရှည်ဖြင့် အစဉ်အတိုင်း၊ ရေသို့ မြုပ်ကုန်၊ ရေမှပေါ်ကုန်သော နတ်၌ဖြစ်ကုန်သော အထူးထူးသောရတနာတို့ဖြင့် ဆန်းကြယ်ကုန်သော တောင်စဉ် (၇) ထပ်တို့တည်ပြီး မြင်းမိုရ်တောင်၏ထက်ဝန်းကျင်မှာ စတုမဟာရာဇ် နတ်မင်းကြီးတို့၏နေရာ နတ်ဘီလူးတို့၏ အမြဲမှီရာဖြစ်သည်ဟု ပါရာဇိကဏ်အဋ္ဌကထာ၌ ဖော်ပြထားသည်။

အဿကဏ်တောင်သည် မြင်းမိုရ်တောင်၏ အပြင်စွန်းဖြစ်ပြီး ယုဂန္ဓိုရ်တောင်သည် အတွင်းစွန်းဖြစ်သည်ဟု အင်္ဂုဉ္ဆုတ်အဋ္ဌကထာ၌ ဖော်ပြထားသည်။

လောကပညတ္တိကျမ်း၌ မြင်းမိုရ်တောင်သည် ရေ၌ ယူဇနာ (၈၄၀၀၀)စီ ငုတ် - ပေါ်ကြောင်း ခံလောက်အတွင်း ယူဇနာ(၄၀၀၀)ဝင်၍တည်ကြောင်း အထွတ်အလယ်၌ပံသုပထဝီတည်ပြီး ထိုပထဝီ၏ ရတနာဖြင့်ပြီးသော သဲပြင်၌ အသူရာပြည်တည်ကြောင်း ဆိုထားပါသည်။

"ပရိတ်ကြီးနိသျသစ်၌ မြင်းမိုရ်တောင်သည် မြေပြင်၊ မြင်းမိုရ်တောင်ထိပ်တာဝတိံသာမှ အောက်မြေပြင် သစ်ပင်တောတောင် စသည်တို့၌ ဖြစ်ကုန်သော နတ်များကို ဘုမ္မ (မြေ၌ဖြစ်သောနတ်များ) ဆိုအပ်၏" ဟု ဆရာတော်အရှင်ဝါသေဋ္ဌက ဆိုထားပါသည်။

သဒ္ဓမ္မ ပကိဏ္ဏက အနုဒီပနီကျမ်း၌ -

"စကြဝဠာတောင်ဝန်း၏ အလယ်ဗဟိုတည့်တည့်ဖြစ်သော သီတာသမုဒ္ဒရာ၌ကား ရေတွင်းသို့ ယူဇနာ(၈၄၀၀၀) နစ်မြုပ်ပြီး အထက်အာကာသကောင်းကင်သို့ ယူဇနာ(၈၄၀၀၀) မြင့်ခေါင်ကြီးမားသော မြင်းမိုရ်တောင်မင်းတည်ကြောင်း၊

မြင်းမိုရ်တောင်ထက်ဝယ် လူ့ပြည်မှ ယူဇနာ(၄၂၀၀၀)ရှိအရပ်၌ စတုမဟာရာဇ်နတ်ဘုံ၊ မြင်းမိုရ်တောင်ထိပ် တာဝတိံသာနတ်ဘုံရှိကြောင်း မိုးညှင်းဥတ္တရာရာမကျောင်း အရှင်ဇနိတမထေရ်က ဆိုထားပါသည်။

ဆုပြည့်စုံထွန်းစာပေ

အာကာသစိုးမိုးရေးနှင့် ဗုဒ္ဓဝါဒီတစ်ဦး အမြင်စာအုပ်၌ -

"ဤကမ္ဘာကြီး အလယ်တည့်တည့်၌ အီကွေတာခေါ် နေသွားလမ်းကြောင်းရှိသည် ဟူသောစကားသည် စကြဝဠာတောင်၏အလယ်၌ နေသွားကြောင်း သာရတ္ထဒီပနီကျမ်းအဆို နှင့်ညီခြင်း၊

"ကမ္ဘာကြီး၏ အောက်ပိုင်းတစ်ခုလုံး သမုဒ္ဒရာရေများအတိ ဖုံးလွှမ်းနေခြင်းကြောင့် နက်ရှိုင်းကြောင်း စကားသည် ဥဒါန်းအဋ္ဌကထာ အဆိုနှင့်ညီခြင်း၊

အာကာသသုရဲကောင်းများကလပေါ်မှကြည့်ကြသောအခါဤကမ္ဘာလုံးကြီးအရောင် တောက်ပနေသည်ဆိုသော စကားသည် မြင်းမိုရ်တောင်အရှေ့- ငွေရောင်၊ တောင် - မြရောင် (ပတ္တမြားစိမ်းရောင်) အနောက် - ဖန်ရောင်၊ မြောက် - ရွှေရောင်ရှိကြောင်း ဖော်ပြထားသော သုတ်ပါထေယျ အဋ္ဌကထာ အာဋာနာဋိယသုတ်အဖွင့်နှင့်ညီခြင်း၊

မူလက သမုဒ္ဒရာတစ်စင်းသာ တည်ရှိသော်လည်း မြင်းမိုရ်တောင် ရိပ်ဖုံးလွှမ်းလိုက် သောကြောင့် (၄)စင်းဖြစ်သွားကြောင်း၊

ဝစနတ္ထဇောတိဋီကာအဆိုအရ ကမ္ဘာလုံးပုံစံကို ကြည့်လျှင် အောက်ပိုင်းတစ်ခုလုံး ရေပြင်ကြီးဖုံးလွှမ်းနေပြီး သူ့နေရာနှင့်သူအလိုက် သမုဒ္ဒရာအမည်များ ကွဲပြားနေသည်ကိုတွေ့ ရှိရခြင်း ဤအကြောင်းအရာများကြောင့် ကမ္ဘာလုံးသည် မြင်းမိုရ်တောင်၊ မြင်းမိုရ်တောင်သည် ပင် ကမ္ဘာလုံးဖြစ်ကြောင်း ဆိုပါသည်။

တထာဂတဥဒါနဒီပနီကျမ်း၌တစ်ခုသောလောကဓာတ်ဟုဆိုအပ်သော တစ်ခုသော စကြဝဠာတည်နေဟန်အခြင်းအရာမှာ အလျားအနံအားဖြင့် ယူဇနာ (၁၂,၀၃၄၅၀) အဝန်းအား ဖြင့် ယူဇနာ (၃၆၁၀၃၅၀) ရှိကြောင်း၊

စကြဝဠာ၏ အမည်သည်လည်း မြင်းမိုရ်၊ သီတာ၊ သတ္တရဘ္ဘာန်၊ ကျွန်းကြီးကျွန်းငယ်၊ ဆားငန်၊ ဤသမုဒ္ဒရာ ဤအလုံးစုံကို ဝန်းရံလျက် ရထားစက်ဝန်းအလွန်ကဲ့သို့လည်းကောင်း၊ အစောက်နက်သောတွင်းကဲ့သို့လည်းကောင်း၊ထက်ဝန်းကျင်ပတ်၍တည်သောကျောက်အတိ ပြီးသော စကြဝဠာကို စွဲ၍ဖြစ်ကြောင်း၊

ဤစကြဝဠာတောင်သည်ဆားငန်သမုဒ္ဒရာပေါ်တက်၍ယူဇနာ (၈၂၀၀၀)မြင့်ပြီးပံသု ပထဝီအောက်၌တည်သော သီလပထဝီနှင့် တစ်စပ်တည်းတည်ကြောင်း၊

စကြဝဠာအထုကား ယူဇနာ (၈၂၀၀၀) ရှိကြောင်း၊

မြင်းမိုရ်တောင်သည်သီလပထဝီမှတက်လာသောပံသုပထဝီထဲသို့ယူဇနာ (၃၆၀၀၀) ဝင်လာကာ ခုံလောက်(ဗိုခနောက်)ကဲ့သို့ ကျောက်တောင်ထွတ်သုံးလုံး၌ ပံသုပထဝီယူဇနာ (၄၀၀၀၀)ဝင်၍ တည်ကြောင်း၊

မြင်းမိုရ်တောင် သီလပထဝီအကြား၌ ပံသုပထဝီယူဇနာ (၃၂၀၀၀)ခြားနေကြောင်း၊

မြင်းမိုရ်တောင်ကား ဆားငန်၊ သမုဒ္ဒရာရေမှပေါ်တက်၍မြင့် သောယူဇနာ(၈၄၀၀၀)၊ ရေထဲသို့ဝင်သော ယူဇနာ(၈၄၀၀၀)ဖြစ်ကြောင်း စသည်ဖြင့် ဆိုထားပါသည်။

သူရိယသိဒ္ဓန္တကျမ်း၌မူ -

နေစ. ထွက်ချိန် အရှေ့ဘက်ကိုကြည့်က နေသည် မိုးကုတ်စက်ဝိုင်းမြေကြီးစွန်းမှ တစ်စတစ်စမြင့်တက်လာသည်ကိုမြင်ရသည်။ နေဝင်ချိန်အနောက်ဘက်ကို ကြည့်လျှင်လည်း နေသည် မိုးကုတ်စက်ဝိုင်း မြေကြီးအစွန်ထဲသို့ တစ်စတစ်စဝင်သွားသည်ကို တွေ့ရပါသည်။

နေသည် ကောင်းကင်မှထွက်ပေါ်၍ ကောင်းကင်မှ ပျောက်ကွယ်သွားသည်မဟုတ်ဘဲ မြေကြီးအစွန်းမှ ထွက်ပေါ်လာပြီး မြေကြီးအစွန်း၌ပင် ပျောက်ကွယ်သွားခြင်းဖြစ်သည်။

ထို့ကြောင့် ကမ္ဘာလုံးသည် လည်နေသည်။ ကမ္ဘာမြေကြီး အလယ်တည့်တည့် မြင့်တက်လာသောနေရာသည် မြင်းမိုရ်တောင်ဖြစ်သည်ဟု ဆိုထားသည်။

ဤကျမ်းအဆိုများအရ မြင်းမိုရ်တောင်ဟူသည် အခြားမဟုတ်။ ဤကမ္ဘာမြေလုံးကြီးပင်ဖြစ်သည်ဟု သတ္တုချကြပါသည်။

မြင်းမိုရ်တောင်နှင့် နေ-လကြိုဟ်တို့ သွားလာမှုသဘာဝ

ဗုဒ္ဓဘာသာစာပေ အဋ္ဌကထာ၊ ဋီကာများအဆိုအရ နေလတို့သည် မြင်းမိုရ်တောင်ခေါ်သော ဤကမ္ဘာမြေကြီးကို ပတ်၍သွားနေသည်။

နေကအထက် လကအောက်ဖြစ်လျက် လှည့်ပတ်နေခြင်းဖြစ်သည်။ လှည့်ပတ်နေသည်ဆိုရာ၌ မြင်းမိုရ်တောင်တစ်ဝက်ဖြစ်သော ယုဂန္ဓိုရ်တောင်နှင့်အမျှ ယူဇနာ (၄၂၀၀၀) အမြင့်မှ လှည့်ပတ်သွားနေခြင်းဖြစ်သည်။

ယုဂန္ဓိုရ်တောင်သည် မြင်းမိုရ်တောင် ထက်ဝက်တွင်ရှိနေသဖြင့် ယနေ့သိပ္ပံပညာရှင်တို့ပြောသော အီကွေတာအပိုင်းပင်ဖြစ်သည်။

နေသည် အရှေ့နှင့်အနောက်သွားလျှင် အသွားမြန်ပြီး တောင်နှင့်မြောက်သွားလျှင် အသွားနှေးသည်။

လသည် အရှေ့နှင့်အနောက်သွားလျှင် အသွားနှေးပြီး တောင်နှင့်မြောက်သွားလျှင် အသွားမြန်သည်။

လကွယ်နေ့၌ နေနှင့်လ တစ်ထပ်တည်း ကျသွားပြီး နေ၏ဖုံးကွယ်မှု ပိခံရသဖြင့် လရောင်မလင်းနိုင်တော့ဘဲ မှောင်မိုက်သွားရသည်။

လဆန်း(၁)ရက်နေ့တွင် နေ၏အသွားမြန်၍လကအသွားနှေးသောကြောင့် လသည် နေနောက် ယူဇနာတစ်သိန်းခန့် ကျန်ရစ်ခဲ့သည်။ ထို့ကြောင့် ကောင်းကင်၌ လကလေးရေးရေး ကွေးကွေးထွက်လာသည်ကို တွေ့ရှိရခြင်းဖြစ်သည်။

ဤသို့ နေ့စဉ် ယူဇနာတစ်သိန်းကျန်ရစ်ပြီး လပြည့်နေ့တွင် နေ၏ဖုံးကွယ်မှုအောက်မှ လုံးဝလွတ်မြောက်သွားကာ လပြည့်သဖြင့် လမင်းကြီး ဝိုင်းဝိုင်းစက်စက်ထွက်လာသည်ကို မြင်တွေ့ကြရသည်။

လဆုတ်(၁)ရက်နေ့တွင် နေက လကိုပြန်မီလာသဖြင့် တစ်ရက်ပြီးတစ်ရက် လကိုဖုံးလွှမ်းသွားပြန်သည်။

နေသည် တစ်ရက်တစ်ရက်မှာ ယူဇနာသုံးသိန်း သုံးသိန်းရှိသော ခရီးကိုသွားနေသည်။

သတပဒိက ပုဏ္ဏဝိသဇ္ဇနာကျမ်း၌ နေသည်တစ်နာရီမှာ ယူဇနာ (၅၀၀၀၀) သွားပြီး လသည် တစ်နာရီမှာ ယူဇနာ (၄၈၃၃၃) သွားသည်ဟု ဆိုထားသည်။

ဤ၌နာရီနှင့်ပတ်သက်၍ ဆိုလိုသည်မှာ ယနေ့ခေတ်သုံးသော (၂၄) နာရီကို မဆိုလိုပါ။ မြန်မာနာရီ(၆၀)တစ်ရက်ကို ဆိုခြင်းဖြစ်ပါသည်။

မြန်မာနာရီတစ်နာရီ တွက်နည်းပြုလုပ်နည်းမှာ -

ကြေးနီစစ်စစ် (၁၆)ကျပ်သားကို အစောက်(၇)လက်သစ်၊ မျက်နှာဝ(၉)လက်သစ် မထူမပါး ညီညီညာညာ ချောမွတ်စွာ ဖလားလုပ်ရသည်။

ဖလားအောက်ဘက် အလယ်တည့်တည့်၌ (၁၀) နှစ်သမီး ဆံပင် (၁၆)ပင်ဝင်ရုံမျှ အပေါက်ငယ်ဖောက်ရသည်။

ဖလား၏အပြင်ဘက် နှုတ်ခမ်းမှအောက်ခြေအထိ ပတ်လည်မျဉ်းကြောင်းရေအစိတ်ပေါင်း (၆၀)ညီတူညီမျှ စိတ်ရသည်။ ယင်းမျဉ်းစိတ်(၆၀)ကို ဗီဇနာ (၆၀)ဟုခေါ်သည်။

ထို့နောက် ဖလားမြုပ်ကောင်းရုံ အင်တုံတစ်ခု၌ ရေကြည်ထည့်ရသည်။ ဖလားကို ရေပေါ်တင်ထားပြီး အပေါက်မှရေတစိမ့်စိမ့်ဝင်၍ မျဉ်းစိပ်တစ်စိပ်လျှင် (၁)ဗီဇနာ၊ ဖလားတစ်ခုလုံးနစ်သွားလျှင် ဗီဇနာ (၆၀)ပြည့်၍ မောင်း(၁)ချက်တီးရသည်။ ယင်းကို တစ်မောင်းဟုခေါ်သည်။ ယင်းတစ်မောင်းသည် မြန်မာ(၁)နာရီဖြစ်သည်။

နေ့နာရီ(၃၀)၊ ညနာရီ(၃၀)ဖြစ်၍ မြန်မာ နာရီ(၆၀)ကျော်လျှင် တစ်ရက်ဖြစ်သည်။ ဖလားတစ်ကြိမ်မြုပ်(၁)မောင်း၊ (၂)ကြိမ်မြုပ်(၂) မောင်းစသည်ဖြင့် တီးလာရာ(၇)မောင်းတီးပြီးသောအခါ ဗဟိုစည်တစ်ချက် တီးရသည်။ ယင်းကို (၁)ဗဟိုဟု ခေါ်သည်။

ဒုတိယ(၇)မောင်း တီးသောအခါ ဗဟို စည်(၂)ချက်တီးရသည်။

တတိယ(၇)မောင်း တီးသောအခါ ဗဟို စည်(၃)ချက်တီးရသည်။

စတုတ္ထ(၇)မောင်းတီးသောအခါ ဗဟိုစည်(၄)ချက်တီးရသည်။

ညဘက်လည်းအလားတူတီးရသည်။ နေ့(၄)ဖဟို၊ ညနေ(၄)ဖဟို (၁)ရက်ဖြစ်သည်။ (၇)မောင်း (၄)ကြိမ်မှာ (၂၈)မောင်းသာရှိ၍ (၃၀) မပြည့်ဖြစ်နေသည်။

ထို့ကြောင့် (၇)မောင်းနှင့် (၃၀)ဗီဇနာ တစ်ဖဟိုယူရသည်။ နေ နာရီ (၃၀)လေးဖဟို မြန်၍ တစ်ရက်နာရီ(၆၀)အတိအကျရသည်။

မြန်မာတို့၏နာရီ - လ - နှစ်တွက်ပုံမှာ -

လက်ဖျစ် (၁၀)တွက် (လျှပ်(၁၀)ပျစ်)ကို (၁)ခဏ

- ၁၀ - ခဏ ၁ - မြန်
- ၆ - မြန် ၁ - ဗီဇနာ
- ၁၅ - ဗီဇနာ ၁ - ပါဒ်
- ၄ - ပါဒ် ၁ - နာရီ
- ၆၀ - နာရီ ၁ - ရက်
- ၁၅ - ရက် ၁ - ပက္ခ
- ၂ - ပက္ခ ၁ - လ
- ၁၂ - လ ၁ - နှစ်

တစ်ဖန် -

၆၀ - ခဏ ၁ - ဗီဇနာ

၆၀ - ဗီဇနာ ၁ - လိတ္တာ(၁)နာရီ

၆၀ - လိတ္တာ ၁ - အံသာ(၁ - ရက်)

၃၀ - အံသာ ၁ - ရာသီ(၁ - လ)

၁၂ - ရာသီ ၁ - နှစ်

တစ်ဖန် -

၆၀ - ခဏ ၁ - ဗီဇနာ

၆၀ - ဗီဇနာ ၁ - နာရီ

၆၀ - နာရီ ၁ - ရက်

၇ - ရက် ၁ - သီတင်း

၂ - သီတင်း ၁ - ပက္ခ

၂ - ပက္ခ ၁ - လ

၁၂ - လ ၁ - နှစ်

အထူးမှာ နေ့နာရီ(၃၀) ည(၃၀)နာရီ ဆိုသော်လည်း လအလိုက် နေ့တာရှည်မှု ညတာရှည်မှုရှိသည်။ ဝါဆိုလမှာ နေ့တာရှည်၍ ပြာသိုလတွင် နေ့တိုသည်။

ထိုနေ့နာရီညနာရီသိရန် -

ပတ်သံ - တာ - ရှည် - တီး - သံ - မြည်၊ လက် - ဆီ - ကံ - စာ - ရေးဟူ၍ သံပေါက်ကဗျာပြုထားသည်။

- ပတ် - သံ - တာ - ရှည် - သံပေါက်ကို နံသင် သင်္ချာယူ

- ဒုတိယသံပေါက်အရ (၁၀)တို့ပြီး ထံဖို့ တစ်ပြန်ထပ်မံ၍ တင်လိုက်လျှင်ရသော သင်္ချာသည် နေ့နာရီဖြစ်သည်။ အကြွင်းနာရီသည် ညနာရီဖြစ်သည်။

ဥပမာ -

တံခူး - ပတ် - ၅ ကို ၁၀ - တိုး - ၁၅ - တံပိုးတင် - ၃၀

ကဆုန် သံ - ၆ - ကို ၁၀ - တိုး - ၁၆ - တံပိုးတင် ၃၂

နယုန် တာ - ၇ - ကို ၁၀ - တိုး - ၁၇ - တံပိုးတင် ၃၄

ဝါဆို ရှည် - ၈ - ကို ၁၀ - တိုး - ၁၈ - တံပိုးတင် ၃၆

ဝါခေါင် တီး - ၇ - ကို - ၁၀တိုး - ၁၇ - တံပိုးတင် ၃၄

တော်သလင်း သံ - ၆ - ကို ၁၀ - တိုး - ၁၆ - တံပိုးတင် ၃၂

သီတင်းကျွတ် မြည် - ၅ - ကို ၁၀ - တိုး - ၁၅ တံပိုးတင် ၃၀

တန်ဆောင်မုန်း လက် - ၄ - ကို ၁၀ - တိုး - ၁၄ - တံပိုးတင် ၂၈

နတ်တော် - ဆီ - ၃ - ကို ၁၀ - တိုး ၁၃ - တံပိုးတင် ၂၆

ပြာသို ကံ - ၂ - ကို ၁၀ - တိုး ၁၂ - တံပိုးတင် ၂၄

တပို့တွဲ စာ - ၃ - ကို ၁၀ - တိုး ၁၃ - တံပိုးတင် ၂၆

တပေါင်း ရေး - ၄ - ကို ၁၀ - တိုး ၁၄ - တံပိုးတင် ၂၈

သိပ္ပံစာဆိုအရမူ နေသည် ရွေ့လျားလည်ပတ်မှုမရှိဘဲ မိမိဝင်ရိုးပေါ်၌လည်၍ တစ်နေရာတည့်တည့်တွင် လည်နေသည်။

ကမ္ဘာလုံးအပါအဝင် ဂြိုဟ်ကြီးများက မိမိတို့ဝင်ရိုးပေါ် လှည့်လည်လျက်နေ၏။ ဆွဲငင်အားကြောင့် နေကို လှည့်လည်၍ သွားနေသည်။

ကမ္ဘာ၏ အရံဂြိုဟ် - လများလည်း ကမ္ဘာဂြိုဟ်၏ ဆွဲငင်အားကြောင့် ကမ္ဘာပေါ်တွင် ဒီရေတက်မှု - ကျမှုဖြစ်နေရသည်ဟုဆိုပါသည်။

(ဗုဒ္ဓစာပေအဋ္ဌကထာ ဋီကာကျမ်းများအဆိုအရ ဆားငန်ရေကြွတက်မှုကြောင့် ဒီရေဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု ဆိုပါသည်။)

သိပ္ပံပညာရှင်တို့၏အဆိုအရ ကမ္ဘာသည် ၂၃ ၁/၂ ဒီဂရီ စောင်း၍ ဝင်ရိုးအပေါ် (၂၄) နာရီ တစ်ပတ်နှုန်းဖြင့် လည်နေသည်။ လိမ္မော်သီး၊ ပန်းသီးလုံးကဲ့သို့ တောင်မြောက်ဝင်ရိုးစွန်း မျက်နှာပြင်လုံးမှုလျော့ပြီး ပြားသယောင်ရှိသည်။ အလယ်အီကွေတာပိုင်း နည်းနည်းစူထွက်နေသည်ဟု ဆိုပါသည်။

ဝင်ရိုးစွန်းအရှည် မိုင်(၇၉၀၀)၊ အီကွေတာအချင်းမိုင် (၇၉၂၆.၇) ဖြစ်သည်ဟုဆိုပါသည်။ ဝင်ရိုးနှင့် အီကွေတာ အတိုင်းအတာ ပမာဏ (၂၇) မိုင်ကွာသည်။

ကမ္ဘာကြီး၏ စက်ဝန်းအတိုင်းအတာမှာ မိုင်ပေါင်း(၂၅၀၀၀)ခန့်**ရှိသည်ဟုဆိုသည်။**

ကမ္ဘာကြီးသည် မိမိဝင်ရိုးပေါ်၌ (၂၄) နာရီ တစ်ပတ်လည်နေသဖြင့် **စက်**ဝန်းအတိုင်းအတာ တစ်နာရီမိုင်(၁၀၀၀)နှုန်းဖြင့် ကျင်လည်နေသကဲ့သို့ လည်နေကြောင်း ခန့်မှန်းနိုင်ပါသည်။

(၂၄) နာရီ တစ်ပတ်ဖြင့် လည်ရင်းပင် နေကိုလည်း ဘဲဥပုံသဏ္ဌာန် လှည့်ပတ်၍သွားနေရာ ရက်ပေါင်း ၃၆၅ ရက် (၆၆၁) နာရီနီးပါးလောက်တွင် တစ်ပတ်ပတ်မိသည်ဟုဆိုပါသည်။ ယင်းတစ်ပတ်ပတ်မိကာလကို တစ်နှစ်ကာလအဖြစ် သတ်မှတ်သည်။

ကျမ်းကိုး၊ (သတပဒိကပုစ္ဆာ ဝိသဇ္ဇနာကျမ်း)

သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက် အယူအဆနှင့် သဘာဝ

ဗုဒ္ဓဘာသာစာပေများ၌ နေမင်းသည် ကျွန်းကြီးလေးကျွန်းဖြင့် ပိုင်းခြားသတ်မှတ်ထားသော မြင်းမိုရ်တောင်ကို ပတ်သွားနေရာ နေ၏အလင်းရောင်သည် သုံးကျွန်းလင်း၍ တစ်ကျွန်းမှာမူ မှောင်မိုက်သည်ဟုဆိုသည်။ ယင်းကို သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်ဟု ဆိုပါသည်။

သိပ္ပံပညာမထွန်းကားစဉ်ရှေးအခါကလူသားတို့သည်ပင်လယ်သမုဒ္ဒရာနှင့်သဲကန္တာရများစသော ခရီးခဲသွားလာကြရာ၌ ကြယ်၊ နက္ခတ်၊ အမှတ်အသားဖြင့် သွားလာခဲ့ကြသည်။

ယနေ့ သိပ္ပံပညာထွန်းကားလာသော ခေတ်ဝယ် တောင် - မြောက်အရပ်ကို ညွှန်းဆိုသောအိမ်မြှောင်ကို အသုံးပြု၍၊ မည်သည့်ဒီဂရီတွင် မည်သည့်တိုင်းပြည်ရှိသည်ကို ကမ္ဘာလုံးပေါ်တွင် မျဉ်းများကို စိတ်ဖြာမှတ်သား၍ သွားလာနေကြပါသည်။

ကမ္ဘာမြေပုံပေါ်ရှိ မျဉ်းများ သတ်မှတ်ကြရာ၌ -

- ကန့်လန့်မျဉ်းကို လတ္တီတွဒ်မျဉ်း
- ထောင်လိုက်မျဉ်းကို လောင်ဂျီတွဒ်မျဉ်း
- အလယ်ဗဟိုမျဉ်းကို အီကွေတာမျဉ်း
- ကမ္ဘာလုံး၏ အထက်အပေါ်ပိုင်းကို မြောက်အရပ်
- အောက်ပိုင်းကို တောင်အရပ်
- ကမ္ဘာ၏အလယ်ဗဟိုကို အီကွေတာဟုခေါ်ပြီး ယင်း၏ မြောက် ဘက်ဒီဂရီ (၉၀)၊ တောင်ဘက်ဒီဂရီ(၉၀) ထား၍ စိတ်ထားသော မျဉ်းကြောင်းသည် တစ်ဘက် (၉၀) စီ ရှိသည်။

ကမ္ဘာလုံး၏ အထက်အောက် ဒေါင်လိုက်မျဉ်းကို လောင်ဂျီတွဒ်မျဉ်းဟုခေါ်ပြီး ဒီဂရီ ၃၆၀ ထားပြီး ကမ္ဘာလုံးပြည့် မျဉ်းကြောင်း ၃၆၀ စိတ်ရသည်။

ယင်းမျဉ်းကြောင်း ၃၆၀ တွင် အင်္ဂလန်ပြည်၊ ဂရင်းနစ်မြို့ကို ဖြတ်သန်းသွားသောမျဉ်းကို ဗဟိုပြု၍ အရှေ့ဘက်မျဉ်းကို အရှေ့လောင်ဂျီတွဒ် အနောက်ဘက်မျဉ်းကို အနောက်လောင်ဂျီတွဒ်ဟုခေါ်သည်။

ဂရင်းနစ်လောင်ဂျီတွဒ်မျဉ်းကို သုညဒီဂရီသတ်မှတ်သည်။ လောင်ဂျီတွဒ်မျဉ်းများသည် မျဉ်းတည့်မျဉ်းများ (မီဒီယံမျဉ်း) များဖြစ်သည်။

မိမိတို့နေထိုင်ရာဒေသမှ နေကိုကြည့်လျှင် အမြင့်ဆုံးအချိန် (သို့မဟုတ်) ခေါင်းပေါ်တည့်တည့် နေရောက်သောအချိန်သည် မွန်းတည့်ချိန်ဖြစ်သည်။ လောင်ဂျီတွဒ်မျဉ်းအသီးသီးပေါ်ရှိ ဒေသအားလုံးသည် တစ်ချိန်တည်းပင် မွန်းတည့်ကြသည်။

နေသည် အရှေ့မှထွက်၍ အနောက်သို့ဝင်ကာ ကမ္ဘာကို (၂၄) နာရီလျှင် တစ်ပတ်ပတ်မိသည်။ လောင်ဂျီတွဒ်မျဉ်း(ဝါ)မွန်းတည့်မျဉ်းသည် ၃၆၀ စိတ်ထားသဖြင့် နေသည် မျဉ်းတစ်စိတ်လျှင် (၄) မိနစ်ကြာ ခရီးသွားရသည်။

အာရှတိုက်ရှိ လောင်ဂျီတွဒ်တွင် ဒီဂရီမျဉ်းအမှတ်(၇၀)ရှိသော တိုင်းပြည်များမှာ ပါကစ္စတန်၊ အာဖဂန်နစ္စတန်တို့ဖြစ်သည်။ ယင်းတိုင်းပြည်တိုင်း၌ မွန်းတည့်(၁၂) နာရီ ရှိပြီးဖြစ်လျှင် သီရိလင်္ကာ၊ အိန္ဒိယ၊ မဒရပ်တို့၌ မွန်းလွဲ(၁၂)နာရီ မိနစ်(၄၀)ရှိပြီးဖြစ်သည်။

လောင်ဂျီတွဒ်(၆)ဒီဂရီ၌တည်ရှိသော ရန်ကုန်ပတ်ဝန်းကျင်ရှိ ကွမ်းခြံကုန်း၊ မော်ဘီ၊ တိုက်ကြီးတို့၌ကား မွန်းလွဲ(၁)နာရီ (၂၄)မိနစ်ရှိပြီး ဖြစ်ပါသည်။

ဤနည်းအတိုင်း လောင်ဂျီတွဒ်တွင် ဒီဂရီ(၁၀)လျှင် မိနစ် ၄၀စီ ဖြင့် တွက်ချက်သွားပါက ဒီဂရီအမှတ်(၁၅၀)ရှိ ဩစတြေးလျတိုက် ကင်ဘာရာမြို့စသည်တို့၌ ညနေ(၅)နာရီမိနစ်(၂၀)အချိန်သို့ ရောက်ရှိနေသည်ကိုတွေ့ရပါသည်။

အလားတူ(၇၀)မျဉ်း၏ နောက်ဘက်တိုင်းပြည်များ၌လည်း ဒီဂရီ(၁၀)လျှင် မိနစ်(၄၀)စီကွာခြားသွားသဖြင့် သုညဒီဂရီမျဉ်းပေါ်ရှိ အာဖရိကတိုက်ရှိ အက္ကရာမြို့၊ ဥရောပတိုက်ရှိ အင်္ဂလန်ပြည်၊ လန်ဒန်မြို့တို့၌ နေထွက်(၈)နာရီနှင့် မိနစ်(၄၀)မျှသာ ရှိသည်ကို တွေ့ရသည်။

တောင်အမေရိကတိုက်၊ မြောက်အမေရိကတိုက် (၂)တိုက်ကား ညဥ့်အချိန်ရောက်လျက်ရှိ သည်။

လောင်ဂျီတွဒ်မျဉ်းတစ်ခုလျှင် နေသွား (၄)မိနစ်ကြာသည်ကို မျက်မြင်တွေ့ရှိရသော်လည်း တိုင်းပြည်တစ်ခုအတွက် နေအသွားအနည်းငယ် ကွာခြားသွားမှုကိုလိုက်၍ မှတ်သားရန် မဖြစ်နိုင်ပါ။ စံထားရသော စံတော်ချိန်တစ်ခု သတ်မှတ်ထားရသည်။

ဆုပြည့်စုံထွန်းစာပေ

မြန်မာနိုင်ငံသည် လောင်ဂျီတွဒ်(၉၂)နှင့် (၁၀၀)ဒီဂရီအကြား၌ တည်နေသော ကြောင့် ဒီဂရီ (၁၀၀)ပေါ်ရှိ ရှမ်းပြည်နယ်၊ တာချီလိတ်နှင့် ၉၂/၉၃ ဒီဂရီအကြားရှိ ရခိုင်ပြည် နယ်၊ ဘူးသီးတောင်၊ မောင်တောတို့ နေထွက်ချိန် နေဝင်ချိန် တစ်ထပ်တည်းမရှိပါ။ (၃၂)မိနစ် ခန့် ကွာခြားပါသည်။

မြန်မာနိုင်ငံ၏နေမွန်းတည့်(၁၂)နာရီသည်အမေရိကန်၌ည(၁၂)နာရီဖြစ်သည်။ သို့ ရာတွင် အာရှနှင့် ဩစတြေးလျ၊ ဥရောပ၊ အာဖရိကနေအလင်းရောင်ရရှိကြသော်လည်း နေရ ရှိပုံချင်း မတူကြပါ။ မြန်မာနိုင်ငံရှိ စံတော်ချိန်ကိုစံထား၍ အခြားတိုင်းပြည်များ နေရရှိမှု မတူပုံ ကို ဤသို့ တွေ့ရမည်ဖြစ်သည်။

မြန်မာစံတော်ချိန် ညနေ(၆)နာရီ မိနစ်(၃၀) အချိန်သည်။

- အင်္ဂလန်၌ မွန်းတည့်(၁၂)နာရီ
- အမေရိက ဝါရှင်တန်၌ နံနက်(၇)နာရီ
- ဟဝိုင်ယီ၌ နံနက်(၂)နာရီ
- ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၌ (၇)နာရီ
- မော်စကို၌ ညနေ (၃)နာရီ
- အိန္ဒိယ၌ ညနေ (၃)နာရီ
- တူရကီ၌ ညနေ (၂)နာရီ
- ရှန်ဟဲ၌ ညနေ(၈)နာရီ

ထို့ကြောင့် ဗုဒ္ဓစာပေအဋ္ဌကထာဋီကာလာ သုံးကျွန်းလင်းခိုက် တစ်ကျွန်းမိုက်ဟူ သော စကားသည် အလွန်ကိုက်ညီနေပါသည်။

လေးကျွန်းတစ်မြင်းမိုရ် ယူဆမှုသဘာဝ

လောကဒီပနီကျမ်း၊ သာရတ္ထဒီပနီဋီကာတို့၌နေဗိမာန်သည်ကြေးမုံမှောက်ထားသကဲ့ သို့ အောက်သို့သာ အလင်းရောင်ဖြစ်စေပြီး နံပါးနှစ်ဘက်ကို အလင်းရောင်မဖြစ်စေဟု ဆိုထား ပြီး တာဝတိံသာနတ်ပြည်၌ နေရောင်မထွန်းကြောင်း (အာလိန်(၅)ဆင့်သည် နေအောက်ဖြစ် သော်လည်း ယုဂန္ဓိုရ်တောင်ကွယ်ထား၍နေရောင်မထွန်းကြောင်း ဖော်ပြထားသည်။

ယုဂန္ဓိုရ်တောင်သည် နေတက်ရာ ထွက်ရာတောင်ဖြစ်သည်။ ယုဂန္ဓိုရ်၏အနက် အဓိပ္ပာယ်မှာယုဂဓရေပါဠိပုဒ်ယုဂ = အစုံ၊ဓရ = ဆောင်သည်၊ယုဂဓရ၊နေ - လအစုံကိုဆောင်သည် ဟု အဓိပ္ပာယ်ရပါသည်။

ယုဂန္ဓိုရ်ရှိစသော တောင်စဉ် (၇)ထပ်သည် မြင်းမိုရ်တောင်၏ ပတ်ဝန်းကျင်မှာရှိသည်။

တောင်စဉ်(၇)ထပ်ကြားတွင် အလွန်အေးမြသော သီတာသမုဒ္ဒရာများ ခြားထားကြောင်း ဖော်ပြထားသည်။

သီတာသမုဒ္ဒရာအကျယ်သည်မြင်းမိုရ်တောင်နှင့်နီးလျှင် မြင်းမိုရ်တောင်အတိုင်းရှိ၍ မြင်းမိုရ်တောင်နှင့် ယုဂန္ဓိုရ်တောင်ကြားရှိ သီတာသမုဒ္ဒရာအနက်အကျယ်မှာ ယူဇနာ ၈၄၀၀၀ ကျယ်သည်၊ နက်သည်ရှိသည်ဟု ဆိုပါသည်။

အလားတူ ယုဂန္ဓိုရ်နှင့် ဤသန္ဓရတောင်ကြား သီတာသမုဒ္ဒရာ၏ အနက်အကျယ်သည် ယူဇနာ (၄၂၀၀၀)ကျယ်သည် နက်သည်။

ဤသန္ဓရနှင့်ကရဝိကတောင်ကြားရှိသီတာသမုဒ္ဒရာ၏အနက်အကျယ်သည်ယူဇနာ (၂၁၀၀၀)ကျယ်သည်။ နက်သည်။

ကရဝိကနှင့်သုဒဿနတောင်ကြားရှိသီတာသမုဒ္ဒရာ၏အနက်အကျယ်သည်ယူဇနာ (၁၅၀၀)ကျယ်သည်၊ နက်သည်။

သုဒဿနနှင့် နေမိန္ဓရတောင်ကြား သီတာသမုဒ္ဒရာ၏ အနက်အကျယ်သည် ယူဇနာ (၅၂၅၀) ကျယ်သည်၊ နက်သည်။

နေမိန္ဓရနှင့် ဝိနတကတောင်ကြား သီတာသမုဒ္ဒရာ၏ အနက်အကျယ်သည် ယူဇနာ (၂၆၂၅) ကျယ်သည်၊ နက်သည်။

ဝိနတကနှင့် အဿကဏ်တောင်ကြား သီတာသမုဒ္ဒရာ၏ အနက်အကျယ်သည် ယူဇနာ (၁၃၁၂၁/၂)နက်သည်၊ ကျယ်သည်။

စုစုပေါင်း သီတာသမုဒ္ဒရာ၏ အကျယ်ယူဇနာပေါင်းမှာ (၁၆၆၆၈၇၁/၂) ရှိသည်။

ယုဂန္ဓိုရ်တောင်၏ထုထည်များအမြင့်ပမာဏအတိုင်းအတာ ယူဇနာ(၄၂၀၀၀)ရှိပြီး ကျန်တောင်စဉ်များလည်း အလားတူဖြစ်သည်။ ထို့ကြောင့် စုစုပေါင်း တောင်စဉ်(၇)ထပ်၏ ထုထည်ပမာဏများ ယူဇနာ (၈၃၃၄၃)နှင့် (၃) ဂါဝုတ်ဖြစ်သည်။

တောင်စဉ်(၇)ထပ်၏ ထုထည်နှင့် သီတာသမုဒ္ဒရာအကျယ်ကို ပေါင်းလိုက်လျှင် ယူဇနာပေါင်း (၂၅၀၀၃)နှင့် (၁)ဂါဝုတ်ရသည်။

ဤအတိုင်းအတာရှိသော မြင်းမိုရ်တောင်ကိုနေ၊ လတို့သည် လမ်း(၃)သွယ်ဖြင့် ပတ်သွားနေပါသည်။

- အလယ်လမ်း (မဇ္ဈေဝီထိ)အရ ပျမ်းမျှ မနီးမဝေး ခရီးအရ (၂၇၉၈၆၂) ယူဇနာနှင့် (၁) ဂါဝုတ်ဖြင့် သွားသည်။

အတွင်းလမ်း (အန္တောဝီထိ)အရအနီးဆုံး ခရီးအနေအားဖြင့် (၁၃၉၉၃၁)ယူဇနာနှင့် (၁) ဂါဝုတ်ဖြင့်သွားသည်။

အပြင်လမ်း(ဗာဟိရဝီထိ)အရ အဝေးဆုံး ခရီးအနေအားဖြင့် (၄၁၉၇၉၉)ယူဇနာနှင့် (၃)ဂါဝုတ်ဖြင့်သွားသည်။

ယင်းနေသွားလမ်း (၃)သွယ်အနက် -

- အတွင်းလမ်း (အန္တောဝီထိ)မှာ ယူဇနာပေါင်း ၁၃၀၀၀၀ ကျော်
- အလယ်လမ်း (မဇ္ဈေဝီထိ)မှာ ယူဇနာပေါင်း ၂၇၀၀၀၀ ကျော်ရှိ

သည်ကိုထောက်ဆပါက အန္တောအတွင်း (အန္တောဝီထိ) အစွန်းလမ်းသည် ယုဂန္ဓိုရ်တောင်နှင့် ဤသန္ဓရတောင်ကြား သီတာသမုဒ္ဒရာ အထက်မှ သွားလမ်းကြောင်းဖြစ်ကြောင်း သိရသည်။

အလယ်မဇ္ဈေဝီထိ လမ်းမှာမူ တောင်စဉ် (၇)ထပ်၊ သီတာ(၇)တန်မှလွတ်မြောက်သော မြေပြင်အထက်မှ သွားသောလမ်းဖြစ်သည်။

ယနေ့သိပ္ပံပညာရှင်တို့ အယူအဆအရ တိုက်ကြီး(၇)တိုက် သမုဒ္ဒရာကြီး (၅)စင်းပြထားပါသည်။

တိုက်ကြီး(၇)တိုက်မှာ၊ အာရှ၊ ဥရောပ၊ ဩစတြေးလျ၊ အာဖရိက၊ မြောက်အာဖရိက၊ တောင်အမေရိကနှင့် ရေလွှမ်း၍ ပျောက်သွားသော အန္တာတိကတိုက်တို့ဖြစ်သည်။

ဗုဒ္ဓဘာသာ စာပေအလိုအရနေလများသည်မြင်းမိုရ်တောင်ကိုပတ်၍အလယ်၌သွားနေကြသောဝန်းရံနေသောတောင်စဉ်(၇)ထပ်ဆိုသည်မှာဤတိုက်ကြီး(၇)ခုကို ဆိုလိုသည်ဟုဆိုပါသည်။ အီကွေတာမျဉ်းသည် ကမ္ဘာအလယ်ခေါင်တိုက်ကြီးအချို့အား ဖြတ်သွားသည်ကို တွေ့ရသည်။

လက်ရှိတိုက်ကြီး (၆)တိုက်၏ကုန်းမြေပမာဏမှာ စတုရန်းမိုင် ၅၇.၅ သန်းရှိသည်ဟု ဆိုပါသည်။

ပင်လယ်သမုဒ္ဒရာ၏အောက်ခင်းပြင် စတုရန်းမိုင် ၁၃၉.၄ သန်း ကမ္ဘာလုံးမျက်နှာပြင် စတုရန်းမိုင် ၁၉၆၀.၉ သန်းရှိပြီး ရေပြင်သည် ကမ္ဘာလုံးတစ်ခု၏ ၃/၄ (လေးပုံသုံးပုံ)ရှိကြောင်း ပြထားပါသည်။

ယနေ့ သိပ္ပံပညာရှင်တို့ သတ်မှတ်ချက်အရ နေသွားလမ်းကို ကြည့်ပါက ဥတ္တရာယဉ်စွန်းတန်းသည် မြန်မာပြည်မြောက်ပိုင်း၊ ကွတ်ခိုင်နားမှ ဖြတ်သန်းသွားသည်ကို တွေ့ရပါသည်။ တစ်ကမ္ဘာလုံးကို ခြုံကြည့်ပါက မြေပြင်နှင့်တောင်များရေများ ပေါသောအပိုင်းဖြစ်သည်။

အီကွေတာအပိုင်းမှာ ဘရာဇီးမြောက်ပိုင်းနှင့် အင်ဒိုနီးရှားကျွန်းတို့ကိုဖြတ်သွားသည်ကို တွေ့ရပါသည်။ မြေသားထက် သမုဒ္ဒရာပေါများသော အပိုင်းဖြစ်သည်။

ဒက္ခိဏာယဉ်စွန်းတန်းမှာ မြေသားကမ္ဘာ အလွန်နည်းပါးသွားပြီး ယင်း၏တောင်ဘက်ကဆိုလျှင် ပင်လယ်သမုဒ္ဒရာချည်း သက်သက်ကဲ့သို့ ဖြစ်နေသည်ကို တွေ့ရှိရသည်။

လောကပညတ်ချက်အရ ဓဝရက်၊ အန်နာပူနာ၊ အရှေ့ရိုးမ အနောက်ရိုးမစသည်ဖြင့် ခေါ်ဝေါ်ပြောဆိုနေကြသော်လည်း နိမ့်သောနေရာများ မြင့်သောနေရာများရှိသကဲ့သို့ တောင်စဉ်တောင်တန်းများ များပြားသောအပိုင်းဖြစ်သောကြောင့် တောင်စဉ်(၇)ထပ်သည် မြင်းမိုရ်တောင်ကို ဝိုင်းရံနေကြောင်း မြင်းမိုရ်တောင်ပတ်ဝန်းကျင်တွင်ရှိနေကြောင်း ဖော်ပြထားခြင်းဖြစ်ပါသည်။

ကျွန်းလေးကျွန်းနှင့်ပတ်သက်၍ ဗုဒ္ဓစာပေများက ဤမြင်းမိုရ်တောင်ရှိ မြေသားပထဝီကို တိုက်ကြီးဟူ၍မသုံးဘဲ ကျွန်းကြီးများအဖြစ် သတ်မှတ်ခေါ်ဝေါ်ထားပါသည်။

ကျွန်းလေးကျွန်းနှင့် ပတ်သက်၍ တိုက်ကြီးများကို ဤသို့ခွဲဝေ သတ်မှတ်ထားပါသည်။

၁။	အရှေ့ကျွန်း	ဩစတြေးလျတိုက်
၂။	တောင်ကျွန်း(ဇမ္ဗူဒိပ်)	အာရှတိုက်
၃။	အနောက်ကျွန်း	အာဖရိကနှင့်ဥရောပ
၄။	မြောက်ကျွန်း	တောင်၊ မြောက်အမေရိက

ယူဇနာ တိုင်းတာနည်းများ

ဗုဒ္ဓစာပေများတွင် အကွာအဝေး၊ အတိုင်းအတာတစ်ရပ်ရပ်ကို ဖော်ပြရာတွင် ယူဇနာဟူသောစကားဖြင့် ဖော်ပြထားပါသည်။

ဗုဒ္ဓသက်တော်ထင်ရှားရှိစဉ်ခေတ်က ယူဇနာဝေါဟာရနှင့်ပတ်သက်၍ အတိုင်းအတာကို မည်သို့ယူခဲ့သည်ကို မသိရှိရသော်လည်း ယနေ့ မြန်မာနိုင်ငံတွင် ယူဇနာဝေါဟာရနှင့် ပတ်သက်၍ အတိုင်းအတာအမျိုးမျိုးတို့ကို ဖော်ပြထားသည်ကို တွေ့ရပါသည်။

၁၀ - ဆံခြည်	(၁)နှမ်း
၆ - နှမ်း	(၁)မုယော
၄ - မုယော	(၁)လက်သစ်
၈ - လက်သစ်	(၁) မိုက်
၃ - မိုက်	(၁)တောင်

၇ - တောင်	(၁)တာ
၂၀ - တာ	(၁) ဥသဘ
၂ - ဥသဘ	(၁) ကောသ
၄ - ကောသ	(၁) ဂါဝုတ်
၄ - ဂါဝုတ်	(၁) ယူဇနာ

ဤနည်းအရယနေ့ခေတ်သုံးကမ္ဘာ သုံးမိုင်နှင့်တွက်လျှင် (၁) ယူဇနာသည် ၁၂ - မိုင် ၅ - ဖာလုံ ၈ - သံကြိုး ၄ - ကိုက်ရှိပါသည်။ မြန်မာတို့က (၂)မိုင်ကို (၁) တိုင်ဟူ၍လည်း ခေါ်ကြပြန်သည်။ (၁) ယူဇနာသည် (၆)တိုင်နှင့်တာ (၄၀၀) ရှိပါသည်။ မြင်းမိုရ်တောင်အတိုင်းအတာကို ဤနည်းဖြင့် တွက်ချက်နိုင်ပါသည်။

- သာသနာဝင်ကျမ်းအလိုတွင် ၁ ယူဇနာ၌ ၁၂ မိုင် ၃၂၀ တောင်
- လိလာဝတီကျမ်းအလိုတွင် ၁ ယူဇနာ၌ ၉ မိုင် ၃၂၀ တောင်
- မန္တရကျမ်းအလိုတွင် ၁ ယူဇနာ၌ ၁ မိုင် ၁ ဖာလုံ ၄၀ တောင်

အဘိဓာန်ကျမ်းနှင့် သမ္မောဟဝိနောဒနီ ကျမ်းလာတွက်နည်းများမှာ -

၃၆ - စိတ် ပရမာဏုမြူ	၁ - အဏုမြူ
၃၆ - အဏုမြူ	၁ - တဇ္ဇာရီမြူ
၃၆ - တဇ္ဇာရီမြူ	၁ - ရထရေဏုမြူ
၃၆ - ရထရေဏုမြူ	၁ - လိက္ခာ
၇ - လိက္ခာ	၁ - သန်း
၇ - သန်း	၁ - စပါး
၇ - စပါး	၁ - လက်သစ်
၁၂ - သစ်	၁ - ထွာ
၂ - ထွာ	၁ - တောင်
၇ - တောင်	၁ - တာ
၈၀ - တာ	၁ - ဂါဝုတ်
၄ - ဂါဝုတ်	၁ - ယူဇနာ

ပရမာဏုမြူဟူသည် ကောင်းကင်၌တည်သော ပကတိမျက်စိဖြင့် မမြင်နိုင်သော မြူအစုများဖြစ်ကြသည်။

အဏုမြူဟူသည်နေရောင်ခြည်ထိုးသောပြတင်းပေါက်မှဝင်လာသောနေရောင်ခြည်ထဲတွင် တွေ့မြင်နေရသော မြူမှုန်ကလေးများဖြစ်သည်။ ရထရေဏုမြူဟူသည် လှည်းနွား လှု

တို့သွား၍ထသော မြူမှုန်မှုန့်ဖြစ်သည်။ တဇ္ဇာရီကု မြူဟူသည် တိုက်တာနံရံ၊ အိမ်ကျောင်း စသည်များ၌ ကပ်နေသော မြူမှုန်ဖြစ်သည်။

ဤနည်းအရတွက်လျှင်လည်း (၁) ယူဇနာလို ၁၅ မိုင် ၅ ဖာလုံ ၈ သံကြိုး (၄)ကိုက်ရပါသည်။

တစ်နည်း ယူဇနာအတိုင်းအတာမှာ -

၄ - တောင် ၁ - တာ

၂၀ - တာ ၁ - ဥသဘ

၈ - ဥသဘ များ ၁ - ပစ်

၃၂ - များပစ် ၁ - ယူဇနာ

ဤနည်းအရ အတောင်အားဖြင့် (၂၀၄၈၀) မိုင်အားဖြင့် - ၅ - မိုင် - ၆ - ဖာလုံ - ၅ - သံကြိုး - ၁၀ - ကိုက်ရှိသည်။

မှန်တိုင်ပင်ဆရာတော်၏ နည်းမှာ (၃) နည်းဖြစ်သည်။

၁။ မြင်းမိုရ်တာနည်း

၇ - တောင် ၁ - တာ

၁၀၀ - တာ ၁ - ဥသဘ

၈ - ဥသဘ ၁ - ဂါဝုတ်

၄ - ဂါဝုတ် ၁ - ယူဇနာ

အတောင်အားဖြင့်(၂၀၂၄၀၀)ရှိသည်။မိုင်အားဖြင့် - ၆ - မိုင် - ၂ - ဖာလုံ - ၉ - သံကြိုး - ၂ - ကိုက်

၂။ အရညကင်တိုင်းတာနည်း

ဤနည်းကို ဝိနည်းနှင့်အဘိဓာန်တို့၌ ညွှန်ပြထားသည့်အတိုင်းယူပြီး (၄)တောင်ရှိသော လေးညို့ကိုတင်ပြီး ကုလလေး (၁) ခုယူသည်။

ကုလလေး (၅၀၀) - ၁ - ကောသ (အတောင် ၂၀၀၀)

(၄) ကောသ - ၁ - ဂါဝုတ် (အတောင် ၈၀၀၀)

(၄) ဂါဝုတ် - ၁ - ယူဇနာ (အတောင် ၃၂၀၀၀) မိုင်အားဖြင့် - ၉ - မိုင် - ၇ - သံကြိုး - ၆ - ကိုက် -

မှတ်ချက်။ ။ အသံပမာဏအားဖြင့် တစ်ခေါ်အရပ်ကို ၁ ကောသဟုခေါ်ကြောင်းကျော်အောင်စံထားဆရာတော်၏ အဘိဓာန်နိသျ၌ ရေးထားသည်။

ဆုပြည့်စုံထွန်းစာပေ

၃။ စကြဝဠာတိုင်းတာနည်း

၅ - တောင် ၁ - တာ

၁၀ - တာ ၁ - ဥသဘ

၈၀ - ဥသဘ ၁ - ဂါဝုတ်

၄ - ဂါဝုတ် ၁ - ယူဇနာ

အတောင်အားဖြင့် (၁၆၀၀၀) မိုင်အားဖြင့် - ၄ - မိုင် - ၄ - ဖာလုံ - ၃ - သံကြိုး - ၁၁ - ကိုက်

တောင်ပေါက်ကျောင်း (မော်လမြိုင်) ဆရာတော်အရှင်စက္ကပါလ (အဂ္ဂမဟာပဏ္ဍိတ) နည်းအရမူ -

(၁) ကုန်း ယူဇနာ

(၂) ရေ ယူဇနာ ဟူ၍ (၂) မျိုးခွဲထားသည်။

ကုန်းလမ်းခရီးအတွက် ယူဇနာကို -

၁ - ကောသ ၂ - မိုင်

၈ - မိုင် ၁ - ယူဇနာ ဟူ၍ပြသည်။

ရေလမ်းခရီးအတွက် ယူဇနာကို -

၇ - တောင် ၁ - တာ

၁၀၀ - တာ ၁ - ယူဇနာဟူ၍ ပြသည်။

မိုင်အားဖြင့်...

၁ - မိုင် ၇ - ဖာလုံ

၉ - သံကြိုး ၂ - ကိုက်ရသည်။

အာဒိကပ္ပကျမ်းအလိုအရမူ -

(၁) ၂ - တောင်တွာ ၁ - တာ (ယင်းတာဖြင့် ယူဇနာ အတိုင်းအတာကို တိရစ္ဆာန်သတ္တဝါ၊ ဥယျာဉ်ရေကန်တို့၌ တိုင်းရန်)

(၂) ၇ - တောင် ၁ - တာ (ယင်းတာဖြင့် ယူဇနာအတိုင်းအတာကို မြင်းမိုရ်သတ္တရဘ္ဘန် ဟိမဝန္တာတို့၌ တိုင်းရန်၊

(၃) ၁၂ - တောင် ၁ - တာ (ယင်းတာဖြင့် ယူဇနာအတိုင်းအတာကို စကြဝဠာသမုဒ္ဒရာတို့၌ တိုင်းရန်) ဟူ၍ (၃) မျိုးယူပြီး -

၂၀ - တာ ၁ - ဥသဘ

၈၀ - ဥသဘ ၁ - ဂါဝုတ်

၄ - ဂါဝုတ် ၁ - ယူဇနာ

ဤယူဇနာနည်းများ မည်မျှများပြားစေကာမူ ယနေ့သိပ္ပံခေတ် အတိုင်းအတာအရ တစ်ယူဇနာကို - ၁၂ - မိုင် - ၅ - ဖာလုံ ၈ - သံကြိုး - ၄ - ကိုက်ကိုသာ အတည်ယူပြီး တွက်ချက်ကြပါသည်။

လ,နေသွားလာမှုနှင့် လူသားတို့၏ ကံကြမ္မာ

ဤစကြာဝဠာရှိ ကြယ်များ (သို့မဟုတ်) နေများသည် အာကာသအတွင်း မိမိတို့လမ်းကြောင်းဖြင့် လှုပ်ရှားလှည့်ပတ်သွားနေကြသည်။ သို့ရာတွင် အာကာသကျယ်ပြောသဖြင့် အနီးအနား ရောက်ရှိကြရုံမှလွဲ၍ အချင်းချင်း ထိခိုက်မှုမရှိကြပါ။ အရံဂြိုဟ်ဖြစ်သော လသည်လည်း အလားတူ လှုပ်ရှားလှည့်ပတ်သွားနေခြင်းဖြစ်သည်။

သို့ရာတွင် နေသည် အဖြောင့်သွား အကောက်သွားဟူ၍ (၂) မျိုးရှိနေသဖြင့် အသွားမှန်မှု မမှန်မှုလည်းရှိသည်။

လူသားတို့ခေါ်နေသော ရာသီဥတုဟူသည် နေ.လ (၂) ပါး၏ပူမှု - အေးမှုကိုခေါ်ခြင်းဖြစ်သည်။ ပူမှု အေးမှုသည် တေဇောဓာတ်၏ သတ္တိပင်ဖြစ်သည်။

နေမင်းအဖြောင့်သွား၍အသွားမှန်ကရာသီဥတုကောင်းပြီးအကောက်သွား၍အသွားမမှန်က ရာသီဥတုလည်း ဖောက်ပြန်တော့သည်။

(ယနေ့ ဤကမ္ဘာတွင် ဖြစ်ပေါ်နေသော အပူလှိုင်း အအေးလှိုင်းများ ကျရောက်မှု၊ မုန်တိုင်းအမျိုးမျိုး ကျရောက်မှုများသည် ရာသီဥတု ဖောက်ပြန်ခြင်းကြောင့်ဖြစ်ရသည်။ အပူဓာတ်သည် တက်ကြွသောသဘောရှိသည်။ တက်ကြွမှုရှိက နိမ့်ကျမှုလည်းရှိလာရသည်။ နိမ့်ကျမှုသဘောကိုပင် အအေးဓာတ်ဟု ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် တေဇောဟုခေါ်သော ရာသီဥတုသည် သီတဥတု၊ ဥဏှဥတုဟူ၍ (၂) မျိုးဖြစ်လာရသည်။

ရာသီဥတုမှန်၍အပူအအေးမျှတမှုကြောင့် သစ်ပင်၊ ပန်းပင်၊ သစ်သီး၊ သစ်ဥကောက်ပဲသီးနှံများ ရှင်သန်ဖြစ်ထွန်းကောင်းမွန်၍ လူနှင့်တကွ သက်ရှိများ သြဇာပြည့်ဝသော အာဟာရကို မှီဝဲရသဖြင့် ကျန်းမာအသက်ရှည်ကြရသည်။

ရာသီဥတု အပူအအေးမျှတရန် နေ လတို့အသွားအလာမှန်မှုအပေါ် မူတည်သည်။ ထို နေ လ အသွားအလာမှန်မှုသည်လည်း လူသားတို့ပြုလုပ်နေသော ကုသိုလ်ကံ၊ အကုသိုလ်ကံများအပေါ် အခြေခံမူတည်နေသည်ဟု ဗုဒ္ဓစာပေတို့တွင် ပါရှိပါသည်။

ဆုပြည့်စုံထွန်းစာပေ

သက်ရှိသတ္တဝါ အထူးသဖြင့် လူသားများသည် နေ့စဉ် ကုသိုလ်ကံ အကုသိုလ်ကံ အလုပ်များကို ပြုလုပ်လျက်ရှိနေကြပါသည်။ ထိုကံများပြုလုပ်ရန် စိတ်က စေ့ဆော်ပေးလျက် ရှိနေပါသည်။

ထို့ကြောင့် ထိုလူသားတို့၏ စိတ်ဓာတ်သည် ရာသီဥတု ကောင်း မကောင်းအပေါ် အဓိကကျနေသည်ဟု ဆိုပါသည်။

လူသား၏စိတ်ဓာတ်သည် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဣဿာ၊ မစ္ဆရိယ စသော အကုသိုလ်တရားဆိုးများ လွှမ်းမိုးခံထားရပါက ယုတ်ညံ့သောစိတ်ထားအပူဓာတ်များ ရစ်ပတ်ခံထားရသူအဖြစ်သို့ ရောက်ရှိသွားပါတော့သည်။

ထိုသို့ အပူဓာတ်အကပ်ခံရသော် တစ်ဘက်အပူဓာတ် ထင်ဟပ်မှုကို ခံရသောသူများ၌လည်း သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါ ယာသ စသော မီးပူများ ဆင့်ပွားဖြစ်ပေါ် ခံစားကြရပါသည်။

လောကသဘာဝတွင် မီးအပူသည် လူတို့ကို မကူး၊ လူပူကသာ လူကိုကူးသည်ဟု ဆိုသည့်အတိုင်းလူတစ်ဦးတစ်ယောက်၏အပူသည်အခြားလူတစ်ဦးတစ်ယောက်နှင့် ဆက်စပ်သူများကို ကူးစက်နိုင်ပါသည်။

လောကလူသားများ၌အပူဓာတ်များစုပေါင်းဖြစ်ပြီး ပွားများလာသော် ယင်းအပူဓာတ်များသည် ကောင်းကင်သို့ ကူးစက်သွားနိုင်သည်။ ထိုသူများ၏အပူမီးသည် လူတို့တီထွင်မှုအရ ဖြစ်ပေါ်လာသောအပူများနှင့် ထပ်မံပေါင်းမိသွားသောအခါ ကောင်းကင်တွင် ကြီးမားသောအပူ စုစည်းမိပြီး လွန်ကဲသောအပူစုအပူခဲကြီးအဖြစ်သို့ ရောက်ရှိသွားသည်။

နေနှင့်လတို့သည်တက်ကြွသောအပူဓာတ်နှင့် ရွှေလျားသောလေဓာတ်တို့ရောနှော ဖြစ်စဉ်အရ လှည့်ပတ်သွားလာနေရသဖြင့် မျှတသော အပူနှင့်လေတို့ကြောင့် အသွားမှန်နိုင်သော်လည်း လွန်ကဲသော အပူဓာတ်ဖြစ်လာလျှင် ရောနှောဖြစ်သော လေဓာတ်သည်လည်း လွန်ကဲလာမည်။

ထိုအခါ နေနှင့်လ အသွားမမှန်တော့ဘဲ မြန်မှု၊ နှေးမှုများ ဖြစ်ပေါ်လာရတော့သည်။

ဤကဲ့သို့ နေနှင့်လ အသွားမမှန်သောအခါ ကမ္ဘာပေါ်တွင် အပူအအေးမမျှတမှု၊ ရာသီဥတုမမှန်မှု စသည်များ ဖြစ်လာနိုင်သည်။ ရာသီဥတုမမှန်ပါက ရာသီဥတုကို အမှီပြုပြီး ရှင်သန်ဖြစ်ထွန်းရသော သစ်ပင်၊ သစ်သီး၊ ပန်း၊ သစ်ဥ၊ ကောက်ပဲသီးနှံစသည်များလည်း ရှင်သန်ဖြစ်ထွန်းမှု ပျက်ပြားလာနိုင်ပါသည်။ ဖြစ်ထွန်းလာရသော သီးနှံများ၌လည်း ဩဇာအဆီအနှစ် ပြည့်ဝမှုမရှိသဖြင့် စားသုံးသူတို့၏ အသွေးအသားဖြစ်ထွန်းမှုကို အကျိုးမဖြစ်ထွန်းကြတော့ဘဲ ရောဂါအမျိုးမျိုးသာ တိုးပွားဖြစ်ပေါ်လာကြရတော့သည်။

ယနေ့ ကမ္ဘာလောကတွင် ရာသီဥတုမမှန်ဖောက်ပြန်ပြီး ဘေးအန္တရာယ်အမျိုးမျိုးနှင့် ကြုံတွေ့နေရခြင်းသည် ယနေ့ သိပ္ပံပညာရှင်တို့ ပြောနေကြသော အပူလှိုင်း အအေးလှိုင်းများ လူသားတို့ပြုလုပ်ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသော ဖန်လုံအိမ်ကိစ္စများကြောင့်ဟု အများက ပြောဆိုနေကြပါသည်။

ဤဖန်လုံအိမ်ကိစ္စသည် တစ်စိတ်တစ်ဒေသသောအားဖြင့် သဘာ၀အရ မှန်ကောင်း မှန်မည်ဖြစ်သော်လည်း အဓိကမှာ လူသားများအား လွှမ်းမိုးနေသော လောဘ၊ ဒေါသ၊ မာန၊ ဣဿာ၊ မစ္ဆရိယ ကိလေသာတရားဆိုးအပူဓာတ်များ ထုတ်လွှင့်နေမှုကြောင့်ဖြစ်သည်ကို မည်သည့်သိပ္ပံပညာရှင်ကမျှ သိကြမည် သတိထားကြမည်မဟုတ်ပါ။

ယနေ့ လူသားတို့အား လွှမ်းမိုးနေသော ၀ိသမလောဘ၊ ဒေါသ၊ မောဟ၊ မာနစသော တရားဆိုးများကို မဖယ်ရှားနိုင်သမျှ ခေါင်းပါးအောင် မပြုလုပ်နိုင်သမျှ ကာလပတ်လုံး ဖန်လုံအိမ်လျှော့ချရန် ဆော်သြပြောဆိုနေကြသူများလည်း အပြောသာရှိပြီး အပူဓာတ်လွန်ကဲမှုကို လျှော့ချနိုင်ကြမည် မဟုတ်ကြပါ။

ထို့ကြောင့် လွန်ကဲသော အပူဓာတ်နှင့် လေဓာတ်တို့သည် နေလ အသွားအလာကို ချုပ်ကိုင်မြဲ ချုပ်ကိုင်ထားကြဦးမည်ဖြစ်သလို ယခုကဲ့သို့သော ကပ်ဆိုးအန္တရာယ်ဆိုးများလည်း ကျရောက်မြဲ ကျရောက်နေမည်ဖြစ်သည်။

ယင်းဘေးဆိုးအန္တရာယ်ဆိုးများကို ဖယ်ရှားနိုင်ရန်မှာ နေလအဖြောင့်အားဖြင့် အသွားမှန်ပြီး ရာသီဥတုကောင်းမွန်၍ သစ်ပင် သစ်သီး ပန်းပင်၊ သစ်ဥ၊ ကောက်ပဲသီးနှံများ အာဟာရပြည့်၀ပြီး ဩဇာဓာတ်ပြည့်၀ကာ စားသုံးကြသောလူသားများ ကျန်းမာသက်ရှည်နိုင်ရေးအတွက် ၀ိနည်းမဟာ၀ါ၌ ဗုဒ္ဓဟောကြားခဲ့သော -

၁။	အမျက်ထွက်ခြင်း	(ကောဓ)
	ရန်ငြိုးဖွဲ့ခြင်း၊ သိမ်းမိုးခြင်း	(ဥပနာဟ)
၂။	သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း	(မက္ခ)
	ပြိုင်ဆိုင်ခြင်း	(ပဠာသ)
၃။	မနာလို မရှုဆိတ်ခြင်း	(ဣဿာ)
	၀န်တိုခြင်း	(မစ္ဆရိယ)
၄။	ကောက်ကျစ်စဉ်းလဲခြင်း	(သာဌေယျ)
	ကိုယ့်အပြစ်ကို လှည့်ပတ်ဖုံးလွှမ်းခြင်း	(မာယာ)
၅။	အဆင့်နိမ့်သော အလိုဆန္ဒ	(ပါပမိစ္ဆာ)
	မှားသောအယူ	(ဒိဋ္ဌိ)
၆။	မိမိ၏အယူမှားကို မစွန့်ခြင်း၊	
	မိမိ၏အယူမှားကို စွဲမြဲစွာဆုပ်ကိုင်ထားခြင်း (ဒုပ္ပဋိနိဿဂ္ဂ)	

ဆုပြည့်စုံထွန်းစာပေ

ဤစုံတွဲအယုတ်တရား (၆)ပါး၊ တရားကိုယ်အားဖြင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ဣဿာ၊ မစ္ဆရိယ ဟူသော တရားဆိုးများကို သိရှိနားလည်ပြီး ဝေးစွာရှောင်ရှား အထူးသဖြင့် ရှောင်ရှားပြီး လျှော့ပါးအောင် ပြုလုပ်နိုင်လာကြပါလျှင် ဖန်လုံအိမ်တည်ဆောက်ဖန်တီးမှုများ အလိုအလျောက် လျှော့ပါးလာပါသည်။

ယင်းတရားဆိုးများဖယ်ရှားနိုင်ရန် ကမ္ဘာ့လူသားများသည် အေးမြကြည်လင်မှုကိုပေး စွမ်းနိုင်သောမေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရားများနှင့် သီလ၊ မေတ္တာ၊ ခန္တီ၊ သစ္စာတရားတို့ကို ခါးဝတ်ပုဆိုးကဲ့သို့ အစဉ်ထာဝရ ပွားများကျင့်သုံးနိုင်ရန် လိုအပ်နေပါသည်။

ဤကမ္ဘာသူ၊ ကမ္ဘာသားများသည် ရုပ်အဆင်း ကြမ်းတမ်းညစ်နွမ်းပြီး ကြည်လင်မှု ကင်းမဲ့နေသော လောဘစသော ကိလေသာအပူတရားကင်းစင်ပြီး ရုပ်အဆင်းကြည်လင် အေးမြပြီး ကျက်သရေပြည့်ဝသော မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ၊ ခန္တီ၊ သစ္စာ စသော တရားများ လွှမ်းပတ်ထားသော စိတ်ဓာတ်များ မွေးမြူထားနိုင်လာကြသည်ရှိသော် ယင်းလူသား များ၏ စိတ်မြတ်အအေးဓာတ်ကြောင့် -

ဤကမ္ဘာတွင် နေ လ အသွားအလာမှန်၍ ရာသီဥတု ကောင်းမွန်ပါမည်။ ရာသီဥတု ကောင်းမွန်ပါက ထိုရာသီဥတုကို အမှီပြု၍နေရသော သစ်ပင်၊ သစ်သီး၊ ပန်းပင်၊ သစ်ဥ၊ ကောက်ပဲသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အာဟာရသြဇာဓာတ် ပြည့်ဝလာကြမည်။ ထို အစာအာဟာရကိုစားရသော လူသားတို့သည် အသွေးအသားနှင့် ဓာတ်ကြီးလေးပါး ညီညွတ် ကြသဖြင့် ရောဂါဘေးဆိုးများမှ ကင်းလွတ်ကြပါမည်။

ထို့ကြောင့် အသင်လူသားတို့သည် ရာသီဥတုမှန်၍ ကမ္ဘာကပ်ဆိုးကြီးများ မတွေ့ကြုံ ကြလိုသော် ဗုဒ္ဓဟောကြား အယုတ်တရား (၆)ပါး မှ ရှောင်နိုင်သမျှ ရှောင်နိုင်အောင် ကြိုးစား ပါ။

စိတ်ကောင်းစေတနာကောင်းများသော လူသားကမ္ဘာသည် မုချငြိမ်းချမ်းသာယာ လာပါလိမ့်မည်။

⊙ ⊙ ⊙

အခန်း [၂]

သိပ္ပံအမြင်အနန္တစကြဝဠာ

စကြဝဠာ(ကမ္ဘာ) ဖြစ်ပေါ်လာမှု

ဗုဒ္ဓသည်လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်ကဤ(၃၁)ဘုံတည်ရှိရာနေရာကိုမာဂဓ ဘာသာ(ပါဠိဘာသာ)အားဖြင့်...

"**စက္ကမိဝ ဝါဠတွေပ္ပဝတေတိ စက္ကဝါဠော** = စက်ဝန်းကဲ့သို့ ရေမှပေါ်၍နေသော အလုံး အဝိုင်းဖြစ်သည့် ရုပ်ဒြပ်ကြီး၊ **စက္ကဝါဠ** = အဝန်း၊ အဝိုင်း၊ စကြဝဠာတောင်၊ စကြာဝဠာတိုက်၊ **စက္ကဝါဠဂဗ္ဘ** = စကြဝဠာတိုက်၊ စက္ကဝါဠပရိစ္ဆေဒ = စကြဝဠာအပိုင်းအခြား" ဟူ၍ ဟောကြားခဲ့ ပြီး ထိုစကြဝဠာကြီးသည် အနန္တစကြဝဠာ (အတိုင်းအဆမရှိ အဝန်းအဝိုင်း)ကျယ်ပြန့်ပြီး ဖြစ် လိုက်၊ ပျက်လိုက်ဖြစ်နေသည်မှာ အကြိမ်ပေါင်းမရေမတွက်နိုင်အောင် ရှိခဲ့ကြောင်း၊ ဥပမာ - လူသား၏ခန္ဓာကိုယ်အတွင်းရှိ ကလာပ်စည်းများသည် စက္ကန့်မလပ် အဟောင်းအဟောင်းများ ပျက်စီးချုပ်ငြိမ်းသွားပြီး အသစ်အသစ်များဖြစ်ပေါ်လာသကဲ့သို့ ဤကမ္ဘာကြီးသည် အဟောင်း အဟောင်းများ ပျက်စီးချုပ်ငြိမ်းပြီး အသစ်အသစ်ဖြစ်ပေါ်လာခဲ့သည်ဟု ဟောကြားထုတ်ဖော် ခဲ့သည်။

ယင်းကို သိပ္ပံပညာရှင်တို့က (၂၀)ရာစု နှစ်ပိုင်းရောက်မှသာလျှင် မှန်ကန်ကြောင်း သက်သေပြနိုင်သည်။

သိပ္ပံပညာရှင်တို့၏စကြဝဠာဆိုသည်မှာအဆုံးအစမရှိလောက်အောင်အလွန်အမင်း ကျယ်ဝန်းလှသည်။ လဟာပြင်ဟင်းလင်း(Space) ထဲတွင်မျောပါလှည့်လည်နေကြသောကမ္ဘာ၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ ကြယ်၊ နဂါး ငွေ့တန်း (Milky way)၊ ဂလက်ဆီ (Glaxy) တွင်းနက် (blackhole) စသည့် ရုပ်ဒြပ်များနှင့် ဟင်းလင်းခွင်ကြီးကို ဆိုလိုပါသည်။ ထိုဟင်းလင်းခွင်ကြီး သည် အဆုံးအစမသိရလောက်အောင် ကျယ်ဝန်းသကဲ့သို့ ယင်း၏အတွင်း၌ ရုပ်ဒြပ်များ မရေ မတွက်နိုင်လောက်အောင် အများအပြားရှိသည်ဟု ဆိုပါသည်။

သိပ္ပံပညာရှင်များ၏အယူအဆအရလွန်ခဲ့သောနှစ်ပေါင်း (၂၀) ဘီလီယံခန့်က မဟာ ပေါက်ကွဲမှုကြီး (BIGBANG) တစ်ခုဖြစ်ပေါ်ခဲ့သည်။ ထိုပေါက်ကွဲမှုကြီးသည်ပင်လျှင် စကြဝဠာ ကြီး၏ အစပင်ဖြစ်ခဲ့သည်ဟု ဆိုပါသည်။

ထိုမဟာပေါက်ကွဲမှုကြီးဖြစ်ခြင်းကြောင့် ရုပ်ဒြပ်များ အလွန် သိပ်သည်းကျစ်လျစ် သွားသည် (သို့မဟုတ်) သုညနီးပါး ရောက်ရှိသွားသည်။ ထိုအခါ ရုပ်ဒြပ်များ၏ စွမ်းအင်များ မှာလည်း အလွန်အမင်းကြီးမားလှရကား ထိုအနေအထားတွင် ကြာရှည်စွာ ရပ်တည်နိုင်ခြင်း မရှိသောကြောင့် ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာရသည်။

ထိုပေါက်ကွဲမှုကြီးမှ အလွန်ပူပြင်းသည့်မီးတောက်မီးလျှံများထွက်ပေါ်လာပြီးနောက် လျင်မြန်စွာပြန့်ကားသွားပါသည်။ ပထမငါးမိနစ်အတွင်း၌ရုပ်ပိုင်းဆိုင်ရာဥပဒေသများနှင့်အညီ စွမ်းအင်နှင့် ရုပ်ဒြပ်များ အလွန်အမင်း ပြောင်းလဲလာခဲ့ပါသည်။ ထိုမိနစ်များ၏ နောက်ပိုင်းတွင် စကြဝဠာကြီး၏ အခြေခံရုပ်ဒြပ်များဖြစ်သော ဟိုက်ဒရိုဂျင် (Hydrogen) ဟီလီယံ (Helnium) လစ်ဆီယံ (Lithium) များ စတင်ဖြစ်ပေါ်လာသည် ဟုဆိုပါသည်။

အရာရာသည်အလွန်သိပ်သည်းကျစ်လျစ်ပြီးအလွန်ပူလောင်လျက်ရှိပါသည်၊ ဓာတ် ရောင်ခြည်ဖြာမှုများသာ စကြဝဠာကြီးအား လွှမ်းမိုးနေပါသည်။ တည်ငြိမ်သော အဏုမြူများ မရှိသေးဘဲ အစစအရာရာသည် ဖောက်ထွင်း၍ မမြင်နိုင်လောက်အောင် ပိတ်ပိတ်ပိန်းနေပါ သည်။ ထုတ်သမျှစွမ်းအင်များကိုစုပ်ယူထားပြီးလွတ်နေသောအီလက်ထရွန် (Free Electrons) များအဖြစ် ပြန်လည်ထုတ်လွှတ်ပါသည်။ စကြဝဠာကြီး ပြန့်ကားလာသည်နှင့်အမျှ သိပ်သည်း မှုနှင့် အပူချိန်တို့လည်း လျော့နည်းကျဆင်းလာခဲ့သည်။

ထိုပေါက်ကွဲမှုကြီးဖြစ်ပြီးနောက် နှစ်ပေါင်း သိန်းအနည်းငယ်ခန့် ကြာသောအခါ အီလက်ထရွန်များနှင့် နျူကလီးယားများပေါင်းစပ်ပြီး တည်ငြိမ်သော အဏုမြူများ ဖြစ်နိုင် လောက်အောင်စကြဝဠာကြီးများအေး၍အေး၍လာပြီးဖောက်ထွင်းမြင်နိုင်လောက်သောအနေ အထားသို့ ရောက်ရှိလာပါသည်။ ထိုအခါ ပိတ်လှောင်ထားသော ဓာတ်ရောင်ခြည်များလည်း လွတ်မြောက်၍ လာကြပါသည်။

ဆုပြည့်စုံထွန်းစာပေ

ထိုမှတစ်ဆင့် ဒြပ်စင်ဒြပ်ပေါင်းများဖြင့် ရုပ်ဝတ္ထုများစတင်ဖြစ်ပေါ်လာသည်။ နောက်ဆုံးတွင် ကမ္ဘာ၊ လ၊ နက္ခတ်၊ တာရာ၊ နေ၊ ကြယ်၊ နဂါးငွေ့တန်း၊ ဂလက်ဆီ၊ တွင်းနက်၊ ကွေဆာ (Quasar)စသော စကြဝဠာရုပ်ဒြပ်များ စတင်ထွက်ပေါ်လာပြီး ပီပြင်သောစကြဝဠာကြီး ဖြစ်ပေါ်လာခဲ့သည်။

ထိုစကြဝဠာဒြပ်များသည် ပုံစံအားဖြင့် လုံးဝန်းသောသဏ္ဌာန်ရှိပြီး မူလမဟာပေါက်ကွဲမှုကြီး၏အရှိန်ကြောင့် လဟာပြင်ဟင်းလင်းခွင်ကြီးထဲတွင် မျောပါနေကြသည်။ ယင်းတို့သည် မိမိတို့၏ ဝင်ရိုးစွန်းအသီးသီးအပေါ်တွင် လည်ပတ်နေကြသကဲ့သို့ တစ်စုံတစ်ခုသော နေရာများကို သီးခြားစီဗဟိုပြုပြီး လှည့်ပတ်လျက်ရှိပါသည်။

စကြဝဠာကြီး၏အကျယ်အဝန်းမှာ ၂၀ ဘီလီယံအလင်းနှစ်မျှသာရှိပါသည်။ စကြဝဠာကြီးသည် ထိုထက်မက ဆက်လက်ကျယ်ပြန့်လျက် ရှိသေးသည်ဟု သိပ္ပံပညာရှင်တို့ ယူဆကြသည်။

သို့ရာတွင် ထိုကျယ်ပြန့်မှုသည် နောက်ပိုင်းရပ်သွားပြီး တဖြည်းဖြည်း ပြန့်ပြုံးလာမည်ဖြစ်သည်။ နောက်ဆုံးတွင် ထိုကျုံ့လာသောရုပ်ဒြပ်များအလွန်အမင်းသေးငယ်လာပြီး သုညသို့မဟုတ် သုညနီးပါးအထိ ရောက်လာမည်ဖြစ်ပါသည်။

သိပ်သည်းလွန်းပြီး စွမ်းအင်များစွာရှိသော ရုပ်ဒြပ်များမှာ ထိုအခြေအနေမျိုးတွင် ကြာရှည်စွာ ရပ်တည်နေနိုင်ခြင်းမရှိသောကြောင့် နောက်ထပ်တစ်ဖန် ထပ်မံပြီးပေါက်ကွဲမှုကြီး ဖြစ်ရပါသည်။

ဤနည်းဖြင့် စကြဝဠာကြီးသည် တစ်ခုချုပ်ငြိမ်းလိုက် အသစ်တစ်ခုဖြစ်လိုက်နှင့် အကြိမ်ပေါင်း မရေမတွက်နိုင်လောက်အောင်ပင်ရှိသည်ဟု သိပ္ပံပညာရှင်များက ဆိုကြပါသည်။

သိပ္ပံအလိုအရ စကြဝဠာ(၃)မျိုး

သိပ္ပံနည်းအရစကြဝဠာကို (၃)မျိုး(၃)စားခွဲထားသည်ကို တွေ့ရပါသည်။

(၁) နေစကြဝဠာ

နေတစ်စင်းကို ခြံရံနေသော ဂြိုဟ်များ၊ ဥက္ကာပျံများ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ၊ ကြယ်တံခွန်များ ပါဝင်ဖွဲ့စည်းထားသော ဆိုလာစစ်စတမ် (Solar System) ခေါ်စကြဝဠာဖြစ်သည်။

(၂) မဟာစကြဝဠာ

နေစကြဝဠာပေါင်းများစွာနှင့် ကြယ်များ၊ ဓာတ်ငွေ့များ၊ ဓာတ်ငွေ့တိမ်တိုက်များနှင့် မိုးတိမ်တိုက်များ စသည်တို့ ဖွဲ့စည်းထားသည်။ တစ်နည်းအားဖြင့် ဂြိုဟ်များရံလျက်ရှိသော နေများ၊ ဂြိုဟ်များရံလျက်မရှိသော သန်းထောင်ပေါင်းများစွာသော ကြယ်များနှင့် ဓာတ်ငွေ့များ ဓာတ်ငွေ့တိမ်တိုက်များ ဖုန်တိမ်တိုက်များစသည်တို့ဖြင့် ဖွဲ့စည်းထားသော ဂလက်ဆီခေါ် (Galaxy) ခေါ် မဟာစကြဝဠာကြီးပင်ဖြစ်ပါသည်။

မဟာစကြဝဠာကြီးများသည် အခြေခံဖွဲ့စည်းမှု တူညီကြသော်လည်း အကြီးအငယ် ပုံသဏ္ဌာန်အားဖြင့် တူညီခြင်းမရှိပါ။

(၃) အနန္တစကြဝဠာ

အာကာသအတွင်း မရေမတွက်နိုင်အောင် နေရာအနှံ့အပြားတို့၌ တည်ရှိနေကြသော မဟာစကြဝဠာအပေါင်းတို့ဖြစ်ပါသည်။ မဟာစကြဝဠာတစ်ခုတွင် ကြယ်တာရာ သန်းထောင်ပေါင်းများစွာပါဝင်ဖွဲ့စည်းထားပြီးလျှင် အရံဂြိုဟ်များရှိနေသောကြယ်ပေါင်းများစွာလည်း ပါဝင်ဖွဲ့စည်းလျက်ရှိနေသည်ဟု သိပ္ပံပညာရှင်တို့က ယုံကြည်ထားကြသည်။

ထို့ကြောင့် မဟာစကြဝဠာအနန္တတွင် နေစကြဝဠာသည်လည်း အနန္တပင်ရှိနေပါမည်။

ဤနေရာတွင် ကြယ်နှင့်နေကို ခွဲခြားသိထားရန်လိုပါသည်။ ကြယ်ဆိုသည်မှာ နေပင်ဖြစ်ပါသည်။ ဤကမ္ဘာနှင့် ဝေးကွာလွန်းသဖြင့် သေးငယ်သောကြယ်ကလေးများအဖြစ် တွေ့မြင်ရခြင်းဖြစ်ပါသည်။

အကယ်၍သာ လူသားများသည် ကြယ်စင်တစ်ခုအနီးသို့ရောက်အောင် သွားကြည့်မည်ဆိုပါက ထိုကြယ်ကိုပင် နေတစ်စင်းအဖြစ်သို့ ပြောင်းလဲတွေ့မြင်ပါမည်။ ထို့ကြောင့် နေနှင့်ကြယ်သည် အတူတူပင်ဖြစ်သည်။ အကွာအဝေးပေါ်မူတည်၍ ကြယ်ဟု ပညတ်ထားခြင်းဖြစ်ပါသည်။

ကြယ်စင်တစ်ခု၏အလင်းရောင်နှင့် အပူဓာတ်ကိုရရှိသည်အထိ နီးနေလျှင် ထိုကြယ်သည် နေပင်ဖြစ်ပါတော့သည်။ ကြယ်သည် နေကဲ့သို့ပင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များကို မီးလောင်နေသောကြောင့် ကိုယ်ပိုင်အလင်းရောက်ရှိကာ ပူပြင်းတောက်လောင်နေသော အာကာသတန်ဆာဖြစ်ပါသည်။

ဂြိုဟ်ဆိုသည်မှာကိုယ်ပိုင်အလင်းရောင်မရှိဘဲကြယ်များကိုခြံရံပြီးလှည့်ပတ်နေသော ကမ္ဘာလုံးကဲ့သို့သော ဒြပ်ထုကြီးများဖြစ်ကြပါသည်။

စကြဝဠာပုံအမျိုးမျိုး

မဟာစကြဝဠာမှန်သမျှဖွဲ့စည်းပုံအားဖြင့်အတူတူပင်ဖြစ်သော်လည်း မဟာစကြဝဠာ တံတိုင်း ကြယ်တာရာသန်းထောင်ပေါင်းများစွာတို့ဖြင့် ဖွဲ့စည်းထားပုံမှာ တူညီသော်လည်း ပုံသဏ္ဍာန်အားဖြင့် မတူညီကြသဖြင့် အမေရိကန်နက္ခတ်ပညာရှင်၊ အက်ဒဝင်းဟပ်ဘလီက မဟာစကြဝဠာပုံသဏ္ဍာန်များကို (၄) မျိုး ခွဲခြားပြထားပါသည်။

(၁) ဘဲဥပုံသဏ္ဍာန်စကြဝဠာ

ဤစကြဝဠာသည် မုန်ဘီလူးကဲ့သို့ အလယ်ပိုင်းတွင် မို့မောက်ကာ ခပ်ပြားပြား ပုံသဏ္ဍာန်ရှိနေသည်။ ယင်းမဟာစကြဝဠာအတွင်း၌ ခရုပတ်သဏ္ဍာန် စကြဝဠာများကဲ့သို့ နာမောင်းများ ပါဝင်ခြင်းမရှိသည့်အပြင် ဓာတ်ငွေ့တိမ်တိုက်နှင့် ဖုန်တိမ်တိုက်များလည်း ပါဝင် ဖွဲ့စည်းထားခြင်း မရှိတတ်ပါ။

(၂) လှည်းဘီး(ခရုပတ်)ပုံသဏ္ဍာန်စကြဝဠာ

ဤစကြဝဠာသည် နာမောင်းများ ပါရှိနေသော်လည်း အဝန်းအဝိုင်းသဏ္ဍာန်ဖြင့် လည်ပတ်နေလေ့ရှိသည်။ ထိုနာမောင်းများသည် အစိတ်အကျဲကွာခြားမှုရှိနေကြသော်လည်း ပုံသဏ္ဍာန်တစ်ခုလုံး ခြုံကြည့်ပါက ဝိုင်းနေတတ်ပါသည်။

ထိုခရုပတ်သဏ္ဌာန်မဟာစကြဝဠာအတွင်းတွင် ကြယ်များဖြင့် သာလျှင် စုစည်းဖွဲ့စည်းထားခြင်းမျိုးမဟုတ်ဘဲ ဓာတ်ငွေ့တိမ်တိုက်များလည်း တည်ရှိနေတတ်ပေသည်။ ယနေ့ လူများနေထိုင်ရာ ကမ္ဘာအပါအဝင် နေစကြဝဠာပါဝင်ဖွဲ့စည်းထားသော မီလ်ကီးဝေးဂလက်ဆီ (Milkyway galaxy) ခေါ် မဟာစကြဝဠာကြီးသည် ဤအမျိုးအစားထဲမှ တစ်ခုဖြစ်ပါသည်။

(၃) နာမောင်းနှစ်ခုပါရှိသော စကြဝဠာ

ဤစကြဝဠာ၏ ထိပ်နှစ်ဘက်မှ နာမောင်းတစ်ခုစီသည် စကြဝဠာအလယ်ဗဟိုတစ်ဘက်စီမှ အကာအရံပြုထားဘိသကဲ့သို့ တည်ရှိနေတတ်ပေသည်။ စကြဝဠာဘေး(၂)ဘက်ကို ဘားတန်းတစ်ခုစီဖြင့် ကာရံထားသောပုံဖြစ်သည်။

(၄) ပုံသဏ္ဍာန်မမှန်သောစကြဝဠာ

ဤစကြဝဠာသည် ဝိုင်းသည်၊ ပြားသည်၊ ရှည်သည်ဟု တိကျစွာ မှတ်ယူ၍မရဘဲ ပုံပျက်ပန်းပျက်ရှိနေသော စကြဝဠာမျိုးဖြစ်သည်။ ယင်းကဲ့သို့သော စကြဝဠာများထဲတွင် ဓာတ်ငွေ့၊ ဓာတ်ငွေ့တိမ်တိုက်နှင့် ဖုန်တိမ်တိုက်များ ရှိနေပါသည်။

အာကာသနေရာအနှံ့အပြား၌ မဟာစကြဝဠာပေါင်း အနန္တရှိနေကြပါသည်။ ထို စကြဝဠာများ တစ်ခုနှင့်တစ်ခု အလင်းရောင်နှစ်တစ်သန်းကျော် ကွာဝေးလျက်ရှိနေကြသည်။

ထို့ကြောင့် စကြဝဠာတစ်ခုနှင့်တစ်ခု တွေ့ဆုံတိုက်ခိုက်မိရန် **အကြောင်းမရှိ**။ ယနေ့ လူတို့နေထိုင်ရာ မဟာစကြဝဠာကြီးနှင့် အနီးဆုံး စကြဝဠာကြီးတစ်ခုဖြစ်**သော အင်ဒရိုမီဒါး** (Indromeda) သည် ဤကမ္ဘာနှင့် အလင်းရောင် နှစ်တစ်သန်းခွဲ ကွာဝေးကြသည်။

အလင်းရောင်အမြန်နှုန်းသည် တစ်စက္ကန့်လျှင် ၁၈၆၃၀၀ မိုင်ဖြစ်သည်။ ယင်းအမြန် နှုန်းဖြင့်သွားလျှင်ပင် အင်ဒရိုမီးဒါး (Indromeda) စကြဝဠာသို့ နှစ်ပေါင်းတစ်သန်းခွဲခန့်ကြာ မှ ရောက်ရှိနိုင်ပါသည်။

ထို့ကြောင့်အာကာသအတွင်း၌စကြဝဠာတစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ကြယ် တစ်ခုနှင့်တစ်ခုသော်လည်းကောင်း တွေ့ဆုံတိုက်ခိုက်ရန် မလွယ်ကူပါ။

မဟာစကြဝဠာတို့၏ အရွယ်အစား

စကြဝဠာတစ်ခုတွင် ကြယ်သန်းတစ်သိန်းလောက် ပါဝင်ဖွဲ့စည်းထားသည့်အပြင် ဓာတ်ငွေ့နှင့် ဖုန်မှုန့်ပါ ရောယှက်နေသောကြောင့် အလွန်တရာ ကြီးမားလှပါသည်။

စကြဝဠာအတွင်း၌တည်ရှိနေသောဓာတ်ငွေ့များနှင့်ဖုန်များသည်လည်းကြယ်တာရာ သန်းထောင်ပေါင်းများစွာလောက်ပင် များပြားတည်ရှိနေခြင်းဖြစ်ပါသည်။

ထို့ကြောင့် စကြဝဠာတို့၏အချင်းသည် အလင်းရောင် သိန်းနှင့်ချီ၍ ရှိနေတတ်ပါ သည်။

မဟာစကြဝဠာတို့သည် တစ်ခုနှင့်တစ်ခု အရွယ်အစားတူညီခြင်းမရှိပါ။ အများအား ဖြင့် စကြဝဠာတို့သည် ယနေ့လူများနေထိုင်ရာ စကြဝဠာအောက် သေးငယ်ကြသည်။ သို့ရာ တွင် အချို့သော စကြဝဠာတို့သည် ကျွန်ုပ်တို့လူသား စကြဝဠာထက် ကြီးမားကြသည်။

ဤလူသားကမ္ဘာစကြဝဠာသည် ကြယ်သန်းတစ်သိန်းလောက်ပါရှိနေသော်လည်း အများအားဖြင့် စကြဝဠာများတွင် ကြယ်သန်းတစ်သောင်းလောက်သာ ရှိနေကြပါသည်။

လူသားတို့၏ မဟာစကြဝဠာ

နေစကြဝဠာတွင် ပါဝင်ဖွဲ့စည်းထားသော မဟာစကြဝဠာကြီးကို ရှေးအခါက နို့ရည် ဆမ်းလမ်း(နဂါးငွေ့တန်း)သဖွယ် တွေ့မြင်နေရသော ကြောင့် (milkway) ဟု အမည်ပေးထား

ခဲ့ကြသည်။ ယင်းကို ၁၆၀၉ ခုတွင် ဂဲလီလီယို (Galileo) က သေးငယ်သောမှန်ပြောင်းဖြင့် နဂါးငွေ့တန်းကိုကြည့်မိရာမှ အမှန်ကိုသိခွင့်ရပြီး နဂါးငွေ့တန်းသည် ရေတွက်မရနိုင်လောက်အောင် များပြားသောကြယ်များ စုရုံးဖွဲ့စည်းထားခြင်းသာဖြစ်သည်ဟု ဆိုလိုပါသည်။

အလွန်တရာကွာဝေးလွန်းသဖြင့် ကြယ်တစ်လုံးစီကို ခွဲခြားမြင်နိုင်စွမ်းမရှိဘဲ နဂါးငွေ့တန်းအဖြစ်သာ တွေ့မြင်နေကြရသည်။ အမှန်မှာ ကြယ်သန်းထောင်ပေါင်းများစွာ စုဝေးနေခြင်းသာဖြစ်သည်ဟု ဂယ်လီလီယိုက ထုတ်ဖော်ပြောခဲ့ပါသည်။ ၁၉၁၆ – ခုနှစ်တွင် ဟာလိုရှက်ပလေ (Hanlow shapley)က မဟာစကြဝဠာဗဟိုနား၌မရှိ၊ ဗဟိုနှင့်ဝေးကွာသောနေရာ၌ ရှိသည်ဟု လေ့လာစူးစမ်းပြီး ထုတ်ဖော်ခဲ့ပြန်သည်။ အမှန်မှာ နေသည် စကြဝဠာဗဟိုမှ အလင်းရောင်နှစ် ၂၅၀၀၀ ဝေးကွာသောနေရာ၌ တည်ရှိနေပါသည်။

မဟာစကြဝဠာအချင်းသည် အလင်းရောင်နှစ် ၁၀၀၀၀၀ ရှိပြီး ကြယ်သန်းပေါင်း တစ်သိန်းနှင့် များပြားလှသော ဓာတ်ငွေ့ ဖုန်၊ တိမ်တို့ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပါသည်။

စကြဝဠာအလယ်ပိုင်းသည် မို့မောက်သောသဏ္ဌာန်ရှိသည်။ မှန်ဘီလူးကဲ့သို့အလယ်၌ မို့မောက်နေသော သဘောမျိုးဖြစ်သည်။ ယင်းအပိုင်းသည် အလင်းရောင်နှစ် ၂၀၀၀၀ ရှည်လျားပြီး အထက်အောက် အလင်းရောင်နှစ် ၆၀၀၀ ရှိပါသည်။

ကြယ်တာရာ သန်းပေါင်းတစ်သိန်းနှင့် ကြီးမားသောဓာတ်ငွေ့နှင့် ဖုန်တိမ်တိုက်များအပါအဝင် စကြဝဠာကြီးတစ်ခုလုံးသည် နာရီလက်တံအတိုင်း လက်ျာရစ်အရှိန်အဟုန်ပြင်းစွာ ကြောက်မက်ဖွယ်ရာ ချားရဟတ်သဖွယ် လည်နေပါသည်။

နေသည်လည်းစကြဝဠာကြီးလည်ပတ်ရာတွင်လိုက်ပါလျက်တစ်စက္ကန့်လျှင်မိုင် ၂၀၀ တစ်နာရီလျှင် မိုင် ၇၂၀၀၀၀ မိုင်နှုန်းဖြင့် လည်ပတ်နေသည်။ ယင်းသို့လည်နေရင်းမှ နေကို ယင်း၏ နေပတ်လမ်းကြောင်းမှ တစ်နာရီလျှင် ၆၆၆၀၀ မိုင်နှုန်းဖြင့် လည်ပတ်နေပြန်ပါသည်။

ယင်းသို့ပတ်နေခြင်းမှာ တစ်နာရီလျှင် ၄၃၀၀၀ မိုင်နှုန်းဖြင့် ပြေးလွှားနေသော နေကို အပြေးလိုက်လျက် ပတ်နေရခြင်းဖြစ်သည်။

ထို့ပြင် နေသည်ကမ္ဘာနှင့်တကွ ယင်း၏မိသားစုဂြိုဟ်အားလုံးတို့နှင့်အတူ အနီးအနားမှ ကြယ်များပါ တစ်နာရီလျှင် ၇၂၀၀၀၀ မိုင်နှုန်းဖြင့် စကြဝဠာကြီး လည်ပတ်နေရာတွင်လည်း လိုက်ပါလည်ပတ်နေပါသေးသည်။

မဟာစကြဝဠာကြီးမှာလည်း ယင်းကို ယင်းအရှိန်အဟုန်ပြင်းစွာ ဖြင့် ချားရဟတ်လို လည်ပတ်နေရင်း အခြားသောစကြဝဠာတစ်ခု (သို့မဟုတ်) စကြဝဠာအများကို ဗဟိုပြုလျက် နေကို ကမ္ဘာကပတ်နေဘိသကဲ့သို့ လှည့်ပတ်နေပြန်ချေသည်။

ပြန့်ကားလျက်ရှိသော စကြဝဠာ

အမှန်စင်စင် မဟာစကြဝဠာကြီးများသည် တစ်ခုနှင့်တစ်ခု ပို၍ပို၍ ဝေးကွာရာ အရပ်များဘက်ဆီသို့ အရှိန်အဟုန်ပြင်းစွာဖြင့် ပြေးလွှားလျက်ရှိနေသည်။

ထို့ကြောင့် မဟာစကြဝဠာကြီးများသည် တစ်နေ့ထက်တစ်နေ့ တစ်ခုနှင့်တစ်ခု ပို၍ပို၍ ဝေးကွာလျက်ရှိနေပါသည်။ ဤသို့ဝေးကွာသည်ကိုပင် သိပ္ပံပညာရှင်လီမိတ်တာ (Lemaitre) က စကြဝဠာကြီး ပြန့်ကားလျက်ရှိသည်ဟုဆိုပါသည်။

လီမိတ်တာက စကြဝဠာအစကို ဘောလုံးကွင်းဥပမာဖြင့် တင်ပြခဲ့သည်။ ဘောလုံးပွဲအပြီးတွင် လူအုပ်ကြီးသည် ဂိတ်ပေါက်ဝမှ စုပြုံတိုးထွက်လာကြသည်။ ဂိတ်ပေါက်ဝမှ ကျော်လွန်သည်နှင့် တစ်ပြိုင်နက်တည်း အရပ်ဒေသအသီးသီးသို့ဦးတည်သွားနေကြသည်။ ထိုလူအုပ်ကို ရုပ်ရှင်ရိုက်ထားပြီး ထိုရုပ်ရှင်ကားကို ပြောင်းပြန်ပြကြည့်ပါက ပြန့်ကားနေသောလူအုပ်ကြီးသည် ဘောလုံးကွင်းဂိတ်ပေါက်သို့ စုပြုံရောက်ရှိနေသော ပုံအသွင်ဖြစ်နေပေသည်။

လီမိတ်တာ၏သီဝရီအရလွန်ခဲ့သော နှစ်ပေါင်းထောင်ပေါင်းများစွာက အနန္တစကြဝဠာကြီးတစ်ခုလုံးသည် အင်္ဂါဂြိုဟ်၏ အရွယ်ပမာဏလောက်သာရှိသည်ဟု ယူဆသည်။

အချင်းမိုင်အားဖြင့် ၄၀၀၀ မျှရှိသော ၯပ်ဝတ္ထုသည် အနန္တစကြဝဠာကြီး တစ်ခုလုံး၏ ကနဦး မူလအစ ရုပ်ဒြပ်ထုအမြုတေဖြစ်သည်။

ယနေ့တွေ့မြင်နေကြရသော ကြယ်များ၊ ဓာတ်ငွေ့များနှင့် ဖုန်တိုက်ကြီးများ၊ ဂလက်ဆီခေါ် မဟာစကြဝဠာကြီးများ၊ ဂြိုဟ်များ၊ ကြယ်တံခွန်များ စသည်တို့သည် ထိုအချင်းမိုင် ၄၀၀၀ မျှရှိသော ဒြပ်ထုထဲ၌ သိပ်သည်းကျစ်လျစ်စွာ စုပြုံလျက် တစ်ခုတည်းသော ဒြပ်ထုအဖြစ်ဖြင့် တည်ရှိနေခဲ့သည်ဆိုပါသည်။

အနန္တစကြဝဠာ၏ အရင်းအမြစ်ကနဦးအစ အမြုတေရုပ်ဒြပ်လုံးကြီးကို ကမ္ဘာဦး၏ အဏုမြူဟု ခေါ်ဆိုသတ်မှတ်သည်။ စူပါအက်တမ် (superactom) ဟူ၍လည်း ဆိုပါသည်။

ကမ္ဘာဦးအဏုမြူအချိန်ကာလတွင် အာကာသအတွင်းဝယ် တစ်ခုလုံးမဲမှောင်နေသည်။ နေမရှိ၊ လမရှိ၊ ကြယ်မရှိ၊ ကမ္ဘာမရှိ၊ သက်ရှိသတ္တဝါဟူ၍မရှိ။ အာကာသကြီးတစ်ခုလုံး မှောင်အတိဖုံးကာ တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

(ဗုဒ္ဓဂေါတမဟောခဲ့သော ကမ္ဘာပျက်ကြီးအတိုင်း (သံဝဋ္ဋဋ္ဌာယီကပ်) အတိုင်းတည်ရှိနေသည်ဟူသောသဘောနှင့် ထပ်တူညီမျှနေပါသည်။)

ကမ္ဘာဦးအဏုမြူခေါ်အနန္တစကြဝဠာ၏မူလပထမအမြုတေသည်အစဉ်သဖြင့်မတည်ငြိမ်ဘဲ ပေါက်ကွဲမှုဖြစ်ပြန်သည်။ ထိုကမ္ဘာဦး အဏုမြူပေါက်ကွဲမှုသည် အနန္တစကြဝဠာ၏ အစဖြစ်တော့သည်။

ဆုပြည့်စုံထွန်းစာပေ

ကြီးမားသောပေါက်ကွဲမှုကြောင့် ကမ္ဘာဦးအဏုမြူအစိတ်အပိုင်းတို့သည် အာကာသ အတွင်း နေရာအနှံ့အပြားဒေသများသို့ အရှိန်အဟုန်ပြင်းထန်စွာဖြင့် ပျံ့နှံ့ရောက်ရှိသွားကြသည်။

ထို့ကြောင့် လိမိတ်တာက ပေါက်ကွဲနေသော စကြဝဠာဟူ၍ ခေါ်ပါသည်။

(ယနေ့ခေတ် နက္ခတ်ပညာရှင်များကမူ ပြန့်ကားလျက်ရှိသော စကြဝဠာဟူ၍ ခေါ်ဝေါ် သုံးစွဲကြပါသည်)

(ဗုဒ္ဓဘာသာစာပေအရကမူ ကမ္ဘာကြီးပြန်တည်စ ဝိဝဋ္ဋဟုဆိုပါသည်)

ယင်းပေါက်ကွဲမှုကြီးကို ရုရှားပြည်ဖွား အမေရိကန်သိပ္ပံပညာရှင် ဂျော့ဂမိုး (George Gamow) က အဏုမြူပေါက်ကွဲစဉ် အပူဒီဂရီ ဖာရင်ဟိုက်သည် သန်း ၂၅ဝဝဝ လောက်ရှိသည် ဟု ဆိုပါသည်။

သို့ရာတွင် အဏုမြူသည် လျင်မြန်စွာ ပြန့်ကားသွားသောကြောင့် အပူဒီဂရီသည် လည်း လျင်မြန်စွာကျဆင်းသွားသည်ဟု ဆိုပါသည်။

ကမ္ဘာဦးအဏုမြူပေါက်ကွဲပြီးနောက် (၅) မိနစ်ခန့်အကြာတွင် အပူဒီဂရီသည် သန်း ၁ဝဝဝလောက်ကျဆင်းသွားကာ နောက်နှစ်သန်းပေါင်း ၂၅ဝ ကြာသောအခါစကြဝဠာကြီးတစ်ခု လုံးသည် သုညအောက်ဖာရင်ဟိုက် ဒီဂရီ ၂ဝဝ လောက်အထိ ကျဆင်းသွားသည်ဆိုသည်။

ကမ္ဘာဦးအဏုမြူပေါက်ကွဲစတွင် မီးတောက်မီးလျှံကြီးသည် စကြဝဠာကြီးတစ်ခုလုံး ကို ထွန်းလင်းတောက်ပနေသည်။ သို့ရာတွင် ပြန့်သေးသွားသည်နှင့်အမျှ တဖြည်းဖြည်းအလင်း ရောင်မှိန်လာပြီး နောက်ဆုံးတွင် စကြဝဠာကြီးတစ်ခုလုံး အမှောင်ထုကြီး ဖုံးလွှမ်းသွားသည်။ အာကာသတစ်ခွင်လုံး အမှောင်ထု ဖုံးလွှမ်းနေသည်။

(ဗုဒ္ဓစာပေအရကား ကမ္ဘာမီးဖျက်သောအခါ အလင်းရောင်ဖြစ်နေသည်။ မီးငြိမ်း သွားသောအခါ အမှောင်ထုကျရောက်သွားသည်။ သံဝဋ္ဋကပ်နှင့် သံဝဋ္ဋဋ္ဌာယီကပ်ဟု ခေါ်ဆို သည်)

အမှောင်ထုဖုံးလွှမ်းနေသော ကာလအတွင်း မဟာဓာတ်ငွေ့တိမ် တိုက်ကြီးများသည် ဝဲဂယက်ဖြစ်ကာ လည်ပတ်နေသည်။ ထိုဝဲဂယက်ကြီးအတွင်းမှ ဝဲဂယက်ငယ်များ ဖြစ်ပွားပေါ် ပေါက်လာကာ အစိတ်အပိုင်းများ ပြတ်ထွက်သွားကြသည်။

မဟာဓာတ်ငွေ့တိမ်တိုက်မှ ပြတ်ထွက်လာကြသော ဓာတ်ငွေ့တိမ်တိုက်ကြီးများ သည် မဟာစကြဝဠာကြီးများ ဖြစ်ပွားပေါ်ပေါက်လာကြမည့် ဓာတ်ငွေ့တိုက်ကြီးများ ဖြစ်ကြ သည်။

ထိုမဟာစကြဝဠာကြီးများဖြစ်လာကြမည့် ဓာတ်ငွေ့တိုက်ကြီးများသည် ခြားရဟတ် ကဲ့သို့ အရှိန်အဟုန်ပြင်းစွာ လည်ပတ်နေရာမှ ယင်း၏အတွင်း၌ ဝဲဂယက်ငယ်များ အမြောက် အမြား ဖြစ်ပွားပေါ်ပေါက်လာပြန်သည်။

ဝဲဂယက်ငယ်များဟုဆိုသော်လည်း ထိုဝဲဂယက်များသည် ကြယ်များဖြစ်ပွားလာကြမည်ဖြစ်ရာ ဓာတ်ငွေ့မှုန်တိုက်ကြီးများ ဖြစ်ကြသည်။

ဂြိုဟ်များဖြစ်လာကြမည့် ဝဲဂယက်တိမ်တိုက်တို့၏အချင်းသည် အလင်းရောင်နှစ်ထောင်ပေါင်းများစွာရှိကြသည်။ ဝဲဂယက်များသည် အချိန်နှင့်အမျှ ပို၍ပို၍ လျင်မြန်စွာ လည်ပတ်လာကြသည်။ လည်ပတ်နှုန်းမြန်သည်နှင့်အမျှ ဓာတ်ငွေ့တိမ်တိုက်ကြီးတို့သည် ကျုံ့၍ကျုံ့၍ လာကြသည်။

ဓာတ်ငွေ့တိမ်တိုက်တို့၏ အလယ်ဗဟိုတွင် ဆွဲငင်အားဓာတ် ပိုမိုကြီးမားလာသည်။ အလယ်ဗဟိုဆွဲငင်အားနှင့် အရှိန်အဟုန်ပြင်းစွာ လည်ပတ်နေမှုကြောင့် ဓာတ်ငွေ့နှင့် ဖုန်တိုက်ကြီးများသည် ပို၍ပို၍ သိပ်သည်းကျစ်လျစ်လာကြသည်။ ပြင်ပ၏မီးအားကြီးမားလာမှုကြောင့် အလယ်ဗဟိုသည် ပို၍ပို၍ပူပြင်းလာကာ နောက်ဆုံးမီးရဲရဲနီနေသော ဓာတ်ငွေ့တုံးကြီးများ ဖြစ်လာကြသည်။

အပူဓာတ်အားမြင့်မားလွန်းသောအခါ ဓာတ်ငွေ့ကို အလယ်ဗဟိုတွင် ဟိုက်ဒရိုဂျင်အဏုမြူကလေးတစ်ခုသည် ဟီလီယမ်အဏုမြူတစ်ခုအဖြစ်သို့ ပြောင်းလဲသွားတော့သည်။

ယင်းသို့ပြောင်းလဲလာရာမှဓာတ်ငွေ့ဖုန်တိမ်တိုက်တို့သည်ကြယ်များ(သို့မဟုတ်) နေများအဖြစ်သို့ ပြောင်းလဲရောက်ရှိလာသည်။

ဤသို့ဖြင့် အမှောင်တိဖုံးလွှမ်းနေသော အာကာသကြီးအတွင်း နေတစ်စင်းပြီးတစ်စင်းအဆက်မပြတ်ပေါ်ပေါက်လာခဲ့ရာ အာကာသတစ်ခွင်တွင် ဝင်းခနဲ လက်ခနဲဖြင့် ထိန်ထိန်ညီး အလင်းရောင် တောက်ပလာတော့သည်။

ကြယ်များ ကုဋေကုဋာချီလျက်ရှိနေသော နေစကြဝဠာကြီးမျိုးကဲ့သို့သော စကြဝဠာများသည်လည်း အလျှိုလျှို ပေါ်ပေါက်လာတော့သည်။ ထိုသို့ ပေါ်ပေါက်လာကြသော မဟာစကြဝဠာကြီးများသည် ယနေ့လူသားများ တွေ့မြင်နေရသကဲ့သို့ တစ်ခုနှင့်တစ်ခု ဝေးရာအရပ်များဆီသို့ ပြေးလွှားနေကြသည်။

စကြဝဠာကြီး ပျက်စီးပုံ

အစရှိလျှင် အဆုံးရှိရမည်။ အဖြစ်ရှိရင် အပျက်ရှိရမည်ဟူသော လောကနိယာမ တရားအရ ယနေ့ ပြန့်ကားကျယ်ထွက်နေသော မဟာစကြဝဠာတို့သည် တစ်နေ့သောအခါ၌ အရှိန်ကုန်ကာ တဖြည်းဖြည်း ပြန့်ကားမှု နှေးကွေးလာကြမည်။ နောက် ရပ်တန့်သွားကြမည်။ ထို့နောက် မဟာစကြဝဠာများသည် တဖြည်းဖြည်း တစ်ခုနှင့်တစ်ခု ပြန်လည်ချဉ်းကပ်လာကြမည်။

ဆုပြည့်ပုံနှိပ်စာပေ

ထို့နောက် စကြဝဠာအားလုံးတို့သည် အရှိန်အဟုန်ပြင်းစွာ ပြေးလျက် တစ်ခုနှင့် တစ်ခု ချဉ်းကပ်လာကြပေလိမ့်မည်။

နှစ်ပေါင်း သန်းထောင်ပေါင်းများစွာ ကြာလာကြသောအခါ အနန္တစကြဝဠာကြီးတစ်ခုလုံးသည် စုစည်းမိပြီး ကမ္ဘာဦးအဏုမြူအဖြစ် သိပ်သည်းကျစ်လျစ်စွာ တည်ရှိလာပြီး အာကာသတစ်ခွင်လုံး အလင်းရောင်ဆိတ်သုဉ်းကာ အမှောင်ထုအတိ ဖုံးလွှမ်းသွားပြန်ပါသည်။

ဤသို့ဖြင့် နာရီချိန်သီးပမာ လက်ဝဲဘက်အစွန်းမှ လက်ျာဘက်အစွန်းသို့လည်းကောင်း၊ လက်ယာဘက်အစွန်းမှ လက်ဝဲဘက်အစွန်းသို့လည်းကောင်း ပြောင်းလဲရောက်ရှိနေပါမည်။

တစ်နည်းအားဖြင့် ကမ္ဘာဦးအဏုမြူအခြေအနေမှ အနန္တစကြဝဠာအခြေအနေသို့လည်းကောင်း တစ်လှည့်စီ ပြောင်းလဲနေမည်။

(ဗုဒ္ဓစာပေ၌ကား ကမ္ဘာကြီး ရေ၊ လေ၊ မီး ဖျက်သကဲ့သို့ တစ်ဖန်ပြန်တည်သည်။ ဤဖြစ်မှု - တည်မှုသည် အတောမသတ်ရှိသည်ဟု ဆိုထားပါသည်။)

တည်ငြိမ်သော စကြဝဠာ

ဗြိတိသျှနက္ခတ်ပညာရှင်ဖရက်ဟိုင်းလ် (Fred Hoyle) နှင့် ဟာဘွန်ဒီ (Hermen Bondi) သောမတ်(စ်)ဂိုးလ် (Thomas Gold) တို့က တည်ငြိမ်သောစကြဝဠာတို့ကို တင်ပြခဲ့ပါသည်။

စကြဝဠာကြီးသည် အချိန်နှင့်အတူ ကြီးမားစွာပြောင်းလဲနေခြင်းမရှိ။ ယနေ့အထိ ယခင်ကအတိုင်း ရှိနေခဲ့သည်။

စကြဝဠာတွင် အစမရှိသလို အဆုံးလည်းမရှိ။ အာကာသဟင်းလင်းပြင်ကြီးနှင့် အချိန်တို့သည် အဆုံးအစမရှိ အဆုံးအပိုင်းအခြားမရှိဟု ဆိုကြသည်။ သို့သော် သူတို့သည် စကြဝဠာကြီး ပြန့်ကားနေသည်ကိုမူ လက်ခံခဲ့ကြသည်။

ဂလက်ဆီခေါ် မဟာစကြဝဠာကြီးများ တစ်ခုနှင့်တစ်ခုဝေးသော အရပ်များဆီသို့ အရှိန်အဟုန်ပြင်းစွာ ပြေးလွှားနေကြသောကြောင့် ဖြစ်ပေါ်ကျန်ရစ်ခဲ့သော ကွက်လပ်ကြီးများတွင် မဟာစကြဝဠာအသစ်ကြီးများ ဖြစ်ပေါ်လာသည်ဟု ဆိုပါသည်။

မဟာစကြဝဠာအသစ်များ ဖြစ်ပွားပေါ်ပေါက်လာမှုနှုန်းထားသည် မဟာစကြဝဠာကြီးများ ရွေ့လျားပြေးသွားနေကြသောနှုန်းနှင့် ဟန်ချက်ညီညီ အံဝင်ခွင်ကျဖြစ်နေသည်ဟု ဆိုပါသည်။ အဟောင်းအဟောင်းတို့နေရာ၌ အသစ်အသစ်တို့သည် ဟန်ချက်ညီအောင် နေရာယူလာကြသဖြင့် စကြဝဠာတည်ငြိမ်သည်ဟုဆိုပါသည်။

အာကာသတွင် ဟိုက်ဒရိုဂျင်အဏုမြူများ ဖြစ်ပွားနေသည်။ ထို့ကြောင့် အာကာသ အတွင်းဝယ် ဟိုက်ဒရိုဂျင်ဓာတ်များ အနှံ့အပြားရှိနေသည်။

ထိုဟိုက်ဒရိုဂျင် အဏုမြူဓာတ်များသည် နီးစပ်ရာနီးစပ်ရာ စုပေါင်းလျက် ဟိုက်ဒရိုဂျင် ဓာတ်ငွေ့တိမ်တိုက်ကြီးများ ဖြစ်လာကြသည်။

ဓာတ်ငွေ့တိမ်တိုက်ကြီးများသည် ခြားရဟတ်ကဲ့သို့ လည်ပတ်ကာ အာကာသအတွင်း ရွေ့လျားသွားလာနေကြရင်း ဖုန်မှုန့်များကိုလည်း စုစည်းယူကြသည်။ ဤသို့ တစ်စတစ်စ ဖြစ် ပေါ်တိုးတက်လာရင်း ဟိုက်ဒရိုဂျင်ဓာတ်ငွေ့တိမ်တိုက်ကြီးများသည် တဖြည်းဖြည်း ဂလက်ဆီ ခေါ် မဟာစကြဝဠာကြီးများအဖြစ်သို့ ပြောင်းလဲလာသည်ဟု ဆိုပါသည်။

ဤကဲ့သို့ ဟိုက်ဒရိုဂျင်အဏုမြူများ စဉ်ဆက်မပြတ်ဖြစ်နေသောကြောင့် တည်ငြိမ် သောစကြဝဠာ အစဉ်မပြတ်ဖန်တီးနေသော စကြဝဠာသီဝရီဟု ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

သိပ္ပံပညာရှင် လွိုင်းဟီး(လ်) သည် အာကာသတစ်နေရာ၌ တစ်နှစ်လျှင် ဟိုက်ဒရိုဂျင် အဏုမြူတစ်ခုကိုသာ ဖန်တီးဖြစ်ပေါ်လာလျှင်ပင် ဟိုက်ဒရိုဂျင်အဏုမြူမှုန့်များသည် မိုးထိလု နီးပါး များပြားနေမည်ဟု ခန့်မှန်းထားသည်။ အဆုံးအပိုင်းအခြားမရှိ၊ အပြောကျယ်သော အာကာသတစ်ခွင် ဟင်းလင်းပြင်ကြီးကို သဘောပေါက်လျှင် ဟိုက်ဒရိုဂျင်ဓာတ်အမြောက် အမြား ဖြစ်ပေါ်နေပါမည်။

အာကာသကြီးတစ်ခုလုံးအတွင်း ကုဗအလင်းရောင်တစ်နှစ် ကျယ်ပြန့်သောနေရာ တိုင်းတွင် စက္ကန့်တိုင်းစက္ကန့်တိုင်း ဟိုက်ဒရိုဂျင် အဏုမြူသန်းတစ်သိန်း ဖန်တီးဖြစ်ပေါ်နေသည် ဟု သူကဆိုပါသည်။

ဤအယူအဆအရ ဂလက်ဆီခေါ် မဟာစကြဝဠာကြီးတို့၏အကြားတို့၌ တည်ရှိနေ ကြကုန်သော ပါးလွှာနေကြသော ဟိုက်ဒရိုဂျင်တိမ်တိုက်ကြီးများသည် တဖြည်းဖြည်း ထူ၍ ထူ၍ လာကြပေမည်။

ဓာတ်ငွေ့တို့၏ သဘာဝအတိုင်း ထူ၍ထူ၍လာသော ဓာတ်ငွေ့တိုက်ကြီးများသည် တဖြည်းဖြည်း လည်ပတ်နေရာမှ ယင်းဓာတ်ငွေ့တို့သည် ကျုံ့၍ကျုံ့၍လာကြမည်။ မဟာတိမ် တိုက်ကြီးအတွင်း မဟာဝဲဂယက်များလည်း ဖြစ်ပေါ်လာမည်။

မဟာဝဲဂယက်တစ်ခုစီသည် မဟာဓာတ်ငွေ့တိမ်တိုက်ကြီးများပင် ဖြစ်ပါသည်။ ဓာတ် ငွေ့တိမ်တိုက်တို့သည် ကျစ်လျစ်သိပ်သည်းလာသည့်အလျောက် ဆွဲငင်ဓာတ်အားသည်လည်း သဘာဝအလျောက် ပေါ်ပေါက်လာကြသည်။

ဓာတ်ငွေ့တိမ်တိုက်ကြီးတို့၏ ဆွဲငင်ဓာတ်အားနှင့် လည်ပတ်နေမှုကြောင့်ဖြစ်ပေါ် လာသော အပြင်ပိုင်းဖိနှိပ်အားတို့သည် ဓာတ်ငွေ့တိမ်တိုက်တို့ကို ပိုမိုကျစ်လျစ်သိပ်သည်းလာ စေပါသည်။ ထို့ကြောင့် ဓာတ်ငွေ့တိမ်တိုက်တို့၏အလယ်ဗဟိုမှ စတင်လျက် အပူဓာတ်တို့ ဖြစ် ပေါ်လာကြပါသည်။

ဓာတ်ငွေ့တိမ်တိုက်၏အလယ်ဗဟိုသည်တဖြည်းဖြည်းအပူဒီဂရီတက်လာပြီးနောက်ဆုံးတွင် ဟိုက်ဒရိုဂျင်အဏုမြူလေးခုပေါင်းကာ ဟီလီယမ်အဏုမြူတစ်ခုအဖြစ်သို့ ပြောင်းလဲသွားနိုင်သည်အထိ အပူ အစီအရီထွက်လာသည်။

ဤသည်မှာ ဟိုက်ဒရိုဂျင်ဓာတ်များ ပေါက်ကွဲမီးလောင်ခြင်းဖြစ်သည်။ ဤသို့ပေါက်ကွဲလာခြင်းသည်ပင်လျှင် ဓာတ်ငွေ့တိမ်တိုက်ကြီးများ ကြယ်များအဖြစ်သို့ ပြောင်းလဲရောက်ရှိလာခြင်းဖြစ်သည်။ ကြယ်အပေါင်း သန်းပေါင်းများစွာ ပါဝင်ဖွဲ့စည်းထားခြင်းသည့် ဂလက်ဆီ (Galaxy) ခေါ် မဟာစကြဝဠာဖြစ်သည်။

ဤနည်းအားဖြင့် ရွေ့လျားပြေးလွှားနေကြသော စကြဝဠာအဟောင်းတို့၏နေရာတွင် စကြဝဠာအသစ်တို့သည် ဖြစ်ပေါ်လာနေကြသည်။ ဤသည်မှာ ဗြိတိသျှနက္ခတ်ပညာရှင်တို့၏ အယူအဆ ကမ္ဘာ့စကြဝဠာကြီးများဖြစ်ပေါ်မှုနှင့် တည်တံ့နေမှုတို့ဖြစ်ပါသည်။

နေစကြဝဠာနှင့် ကမ္ဘာကြီး စတင်ဖြစ်ပေါ် လာပုံ

ကမ္ဘာနှင့်တကွ ဂြိုဟ်များ၊ လများပါဝင် သော နေစကြဝဠာ (Solar System) ဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ သိပ္ပံပညာရှင်လောကတွင် အယူအဆအမျိုးမျိုး ကွဲပြားလျက်ရှိပါသည်။

နာမည်ကျော်အတွေးအခေါ်ပညာရှင်ကြီးအင်မင်နူအယ်လ်ကန့် (Immanuel Kant) က "နေစကြဝဠာသည် ကြီးမားသောဓာတ်ငွေ့နှင့် ဓာတ်သတ္တုမှုန်တိုက်ကြီးတစ်ခုမှ စတင်ဖြစ်ပေါ်လာခြင်းဖြစ်သည်" ဟု ၁၇၅၅ ခုနှစ်က ထုတ်ဖော်ပြောခဲ့သည်။

ပြင်သစ်နက္ခတ်ပညာရှင်မယ်ရီဆိုင်မွန် ဒီလက်ပလေ့(စ်) (Pierre Simon Delaplace) က လက်ရှိ နေ၊ လနှင့် ဂြိုဟ်တို့သည် ရှေးဦးပထမတွင် တစ်ခုချင်းအနေနှင့် သီးသန့်မတည်ရှိခဲ့ပေ။ နေ၊ လ ဂြိုဟ်များ မဖြစ်ပေါ်မီက နက်ပကျွန်းဂြိုဟ်သွားလမ်းလောက် ကြီးမားသောဓာတ်ငွေ့နှင့် သတ္တုဖုန်တိမ်တိုက်ကြီးတစ်ခုသည် အလွန်ပူပြင်းစွာ လည်ပတ်နေသောကြောင့် တဖြည်းဖြည်း ကျုံ့လာသည်။ လည်ပတ်မှုသည် တဖြည်းဖြည်း ပို၍ပို၍ မြန်လာသောအခါ ဓာတ်ငွေ့နှင့် ဖုန်တိမ်တိုက်သည် ပို၍ပို၍ သိပ်သည်းလာပါသည်။

ထိုသိပ်သည်းလာသော ဓာတ်ငွေ့နှင့်ဖုန်တိမ်တိုက်သည် အရှိန်အဟုန်ပြင်းစွာ လည်ပတ်နေသည်နှင့်အမျှ ထောင့်ပြောင်းအဟုန် ပိုမိုကြီးမားလာသည်။ နောက်ဆုံးတွင် ဓာတ်ငွေ့ဖုန်တိမ်တိုက်တို့၏လည်ပတ်မှုနှုန်းထားသည်အရှိန်အဟုန်ပြင်းလာသောကြောင့်ထောင့်ပြောင်းအဟုန်လည်းကြီးမားမြင့်မားလာကာ အီကွေတာအရပ်မှ ဓာတ်ငွေ့နှင့် ဖုန်တိမ်တိုက်အချို့သည်

ကွင်းကြီးတစ်ခုအဖြစ် ပြတ်ထွက်သွားတော့သည်။ ကွင်းတစ်ခု မူလဓာတ်ငွေ့နှင့် တိမ်တိုက်ကြီးမှ ထွက်သွားသောကြောင့် မူလဓာတ်ငွေ့နှင့် ဖုန်တိမ်တိုက်ကြီးတို့၏ လည်ပတ်မှုနှုန်းသည် ကျဆင်းသွားသည်။

သို့ရာတွင် ထောင့်ပြောင်းအဟုန်ဆိုသည်မှာ လည်နေသော အရာဝတ္ထု၏ဒြပ်ထုနှင့် ဒြပ်ထု၏အလယ်ဗဟိုချက်မှ အကွာအဝေးတို့၏ ရလဒ်ဖြစ်သောကြောင့် မူလဓာတ်ငွေ့သည် ပြန်လည် လည်ပတ်မှုမြန်လာပြန်သည်။ လည်ပတ်မှုအရှိန်အဟုန် မြင့်မားသောအဆင့်သို့ ရောက်ရှိလာသောအခါ အမြန်ဆုံးလည်ပတ်နေသော ဓာတ်ငွေ့တိမ်တိုက်ကြီးဖြစ်သောကြောင့် အီကွေတာအရပ်မှ ဒုတိယကွင်းကြီးတစ်ခု ထပ်မံပြတ်ထွက်သွား ပြန်သည်။

ဒုတိယကွင်းကြီးတစ်ခုပြတ်ထွက်သွားပြီးနောက် ထိုကွင်းကြီး ပြတ်ထွက်သွားသော အရှိန်ကြောင့် ပြန့်ကျဲကျန်ရစ်ခဲ့သော ဓာတ်ငွေ့တိမ်တိုက်သည် လည်ပတ်မှုအဟုန် ကျဆင်းသွားရပြန်သည်။

သို့ရာတွင် လည်ပတ်မှုကြောင့် ဓာတ်ငွေ့များသည် ကျုံ့ဝင်သိပ်သည်းကျစ်လျစ်လာသည်။ ထို့ကြောင့် လည်နေသောဓာတ်ငွေ့နှင့် ဖုန်တိမ်တိုက်၏အမြင့်ဆုံးအပိုင်းသည် ထိုဓာတ်ငွေ့တိမ်တိုက်တို့၏ အလယ်ဗဟိုနှင့် ပိုမိုနီးကပ်လာ၏။

ထို့ကြောင့် ထောင့်ပြောင်းအဟုန်၏သဘောတရားအတိုင်း ဓာတ်ငွေ့တိမ်တိုက်သည် လည်ပတ်မှုနှုန်း အရှိန်အဟုန် ပိုမိုပြင်းထန်လာပြန်သည်။ ဤသို့ပြင်းထန်သော အရှိန်ဟုန်ဖြင့် လည်ပတ်နေရင်း အရှိန်အဟုန်အဆင့်တစ်ခုသို့ ရောက်ရှိလာသောအခါ ဓာတ်ငွေ့တိမ်တိုက်၏ အီကွေတာအရပ်မှ ကွင်းကြီးတစ်ကွင်းထပ်မံ၍ ပြတ်ထွက်သွားပြန်သည်။

ဤသို့ဖြင့်ကွင်းကြီး (၁၀) ကွင်းအထိ ပြတ်ထွက်သွားကာ ထိုကွင်းကြီးများသည် ကွင်းအဖြစ်မနေဘဲ စုစည်းမိပြီး ဓာတ်ငွေ့မှ အရည် - အရည်မှ အခဲဖြစ်၍ နောက်ဆုံးဂြိုဟ်များ ဖြစ်လာကြသည်။

ဂြိုဟ်များသည်လည်း လည်နေကြသဖြင့် ထိုဂြိုဟ်များမှတစ်ဖန် လဟုခေါ်တွင်သော အရံဂြိုဟ်ကလေးများလွင့်စင်ဖြစ်ပေါ်လာပြန်သည်။

လူသားကမ္ဘာသည်အဆိုပါဓာတ်ငွေ့တိမ်တိုက်ကြီးမှလွင့်စင်ထွက်လာသောဓာတ်ငွေ့ ကွင်းတစ်ခု သိပ်သည်းကျစ်လျစ်ရာမှ ဖြစ်ပေါ်လာရသည်ဆိုသည်။

သို့ရာတွင် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်တို့အကြားမှ ကွင်းကြီးသည် ဂြိုဟ်တစ်ခု အဖြစ်သို့ ရောက်ရှိလာအောင် စုစည်းမှု မပြုနိုင်ခဲ့သောကြောင့် ဂြိုဟ်သိမ်ဂြိုဟ်မွှားများအဖြစ်ဖြင့် တည်ရှိနေခြင်းဖြစ်ပါသည်။

မူလတိမ်တိုက်ကြီးအများစုမှာမူ ဖြစ်ပေါ်လာသော ဂြိုဟ်များ၏ အလယ်ဗဟိုတွင် နေကြီးတစ်စင်းဖြစ်လာသည်ဟု ယူဆထားကြလေသည်။

ထို့ကြောင့် နေမှစ၍ရေတွက်လျှင် နေနှင့်အနီးဆုံးဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ ကမ္ဘာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဂြိုဟ်သိမ်ဂြိုဟ်မွှားခါးပတ်ကွင်း ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်၊ ယူရေးနပ် (စ်) နက်ပကျွန်းနှင့် ပလူတိုဟူ၍ ဂြိုဟ်ကြီး (၉)လုံးနှင့် ဂြိုဟ်သိမ်ဂြိုဟ်မွှား ခါးပတ်ကွင်းကြီးတစ်ခု တည်ရှိနေခြင်းဖြစ်သည်ဟု တင်ပြခဲ့ကြလေသည်။

၎င်းသီဝရီကိုကန့်လက်ပလေ့(စ်) သီဝရီ(Kamt Laplace Theory) ဟူ၍ခေါ်ကြသည်။ နက်ဗျူလာသီဝရီ (Jomes Clerk maxwell) က -

"အခိုးအငွေ့အရည်ကွင်းများသည် တစ်ပေါင်းတစ်စုတည်း ဖြစ်မလာနိုင်။ စနေဂြိုဟ်မှ ကွင်းကြီးများကဲ့သို့ ဂြိုဟ်ပတ်ကွင်းကြီးများသာလျှင် ဖြစ်လာနိုင်သည်" ဟုဆိုကာ ကန့်လက်ပလေ့စ်တို့၏သီဝရီကို လက်မခံခဲ့ပါ။ ယနေ့ခေတ် နက္ခတ်ပညာရှင်တို့ကလည်း လက်မခံခဲ့ပါ။

ဆာဂျိမ်း(စ်)ဂျင်း(စ်) (Sir James Jeans) နှင့် ဆာဟိုနယ်အရိုးဂျက်ဖရီး (Sir Honold-Jeffreys) တို့က "ရှေးဦးပထမတွင် နက်ပကျွန်းဂြိုဟ်သွားလမ်းလောက်အထိပင် ကြီးမားသော ဓာတ်ငွေ့လုံးကြီးတစ်လုံးရှိသည်။ ယင်းမှာ နေဖြစ်သည်။ ထိုဓာတ်ငွေ့လုံး၏ အပြင်ပိုင်းသည် အလွန်ပါး၍ အတွင်းပိုင်းမှာ ထူသည်။

တစ်ရံရောအခါ ထိုနေထက် များစွာကြီးသောနေတစ်စင်းသည် အနားမှကပ်၍ဖြတ်သွားသည်။ ထိုအခါထိုနေသည် မိမိ၏ဆွဲအားဖြင့်၎င်းကမ္ဘာနေမှဓာတ်ခိုးဓာတ်ငွေ့များကိုဆွဲထုတ်သည်။ ဒီရေပမာဏလောက် မောက်ကြွလျက် ဆေးပြင်းလိပ်သဏ္ဌာန် ရှည်လျားလျားပုံဖြင့် ထွက်လိုက်လာသော ဓာတ်ခိုးဓာတ်ငွေ့အစုသည် နေဆွဲရာနောက်သို့ လိုက်ပါသွားသည်။

သို့ရာတွင် နေသည် အလွန်လျင်မြန်ကြီးမားသော အရှိန်အဟုန်ဖြင့် ဖြတ်သန်းထွက်ခွာသွားသည့်အတွက် အထက်ပါအဟိုင်း ထွက်လိုက်လာသော ဓာတ်ခိုးဓာတ်ငွေ့အစုသည် နေနှစ်စင်း၏ဆွဲငင်မှုကြောင့် ပထမ နေကို လှည့်ပတ်ပြီးနေလေသည်။

ထိုဓာတ်ခိုးဓာတ်ငွေ့အစုမှ အများအစားပင် ပထမနေပေါ်သို့ ပြန်ကျသွား၏။ သို့သော် အချို့မှာ နေပေါ်သို့ပြန်ကျရန် ဆင်းလာသော်လည်း နေကိုလှည့်ပတ်နေသောအရှိန်ကြောင့် နေဆီသို့မရောက်ဘဲ လွဲသွားပြီးသော် မလှမ်းမကမ်းနေရာမှ နေကို လှည့်ပတ်ပြီးနေလေသည်။

ထိုဓာတ်ခိုးဓာတ်ငွေ့အစုမှ အများအစားပင် ပထမနေပေါ်သို့ ပြန်ကျသွား၏။ အချို့မှာ နေပေါ်သို့ပြန်ကျရန် ဆင်းလာသော်လည်း နေကိုလှည့်ပတ်နေသောအရှိန်ကြောင့် နေဆီသို့မရောက်ဘဲ ကွဲသွားသော်လည်း မလှမ်းမကမ်းနေရာမှ နေကိုလှည့်ပတ်ပြီး နေလေသည်။

နေလဆွဲထားသောကြောင့် အခြားတစ်ပါးသို့လည်း လွင့်စင်မသွားပေ။ ထိုဓာတ်ခိုးဓာတ်ငွေ့တို့သည် နေကိုလှည့်ပတ်၊ မိမိကိုလည်း မိမိလှည့်ပတ်ရင်း တဖြည်းဖြည်း လုံးဝန်းသိပ်သည်း ကျစ်လျစ်လာသည်။

နှစ်ပရိစ္ဆေဒကြာလာသောအခါ ထိုဓာတ်ငွေ့လုံးတို့သည် အေးခဲ၍ လာကြသည်။ ဤသို့ဖြင့် နေမှဖွဲ့ထွက်လာကုန်သော ဓာတ်ငွေ့များသည် အဆင့်ဆင့် တဖြည်းဖြည်း ဂြိုဟ်ကြီးများ အဆင့်သို့ ရောက်ရှိလာကြသည်ဟု ယူဆကြသည်။

(ထိုသည်ကို တိုက်ဒဲလ်သီအိုရီ (Tidal Theory) ဟုခေါ်ပါသည်)

ဂျက်ဖရီသည် နောက်ပိုင်းတွင် ဤကမ္ဘာနေကြီးအနီးသို့ နေကြီးတစ်လုံး ချဉ်းကပ်လာခဲ့သည်ဟူသော အယူအဆကို စွန့်လွှတ်ကာ နေကြီးသည် နေနှင့် ဦးဆောင်ချဉ်းကပ်ရုံသာမက နေနှင့်ထိသည်အထိ ချဉ်းကပ်လာကာ ပွတ်တိုက်သွားခဲ့ပြန်သည်။ သို့ရာတွင် ဂြိုဟ်များဖြစ်ပေါ်လာပုံကိုမူ မူလက တင်ပြထားသည့်အတိုင်းပင် တင်ပြထားသည်။

အချို့နက္ခတ်ဆရာတို့က တိုက်ဒဲသီအိုရီ (Tidal Theory) နည်းတူပင် ရှေးပဝေသဏီအခါက အခြားနေတစ်စင်းသည် ဤကမ္ဘာရှိ နေအနားသို့ ချဉ်းကပ်လာပြီးနောက် နေမှဓာတ်နိုးဓာတ်ငွေ့တို့ကို ဆွဲထုတ်သွားသည်။

ထွက်လာသော ဓာတ်နိုးဓာတ်ငွေ့တို့သည် တဖြည်းဖြည်း အပူချိန်လျော့သွားသောအခါ သေးငယ်သော အစိုင်အခဲကလေးများအဖြစ် ခွဲထွက်ကြသည်။

ထိုအခဲကလေးများ တစ်ဖန် တဖြည်းဖြည်း ပြန်လည်စုရုံးမိပြီးနောက် ဂြိုဟ်များဖြစ်ပေါ်လာကြသည်။ အခဲကလေးများအချင်းချင်း တစ်ခုချင်းတစ်ခု တိုက်မိကြရာမှ ရရှိလာသောအပူရှိန်မှာ ထိုအခဲကလေးများကို အရည်ပျော်စေ၍ ပေါင်းစည်းသွားစေနိုင်လောက်အောင် ပြင်းထန်သည်ဟု ဆိုပါသည်။

(ထိုသီအိုရီကိုပလန်းနက်တက်စီမယ်ဟိုက်ပေါ့သီဆစ် (Planetesimal hypo Thesis) ဟု ခေါ်ပါသည်)

အိပ်(ချ်) ဆင်(န်)ရပ်ဆဲ(လ်) ကမူ -

"နေလောက်ရှိသော ကြယ်တစ်လုံးသည် နေနှင့်တိုက်မိသည်။ ထိုသို့တိုက်မိသောကြောင့် ပြိုပျက်သွားသောအပိုင်းအစများမှ ဂြိုဟ်များဖြစ်ပေါ်လာခြင်းဖြစ်သည်" ဟူ၍ တင်ပြခဲ့ပါသည်။

ကောင်းကင်မှာမြင်ရသော ကြယ်တို့တွင် လုံးချင်းကြယ်တွေရှိသလို နှစ်လုံးစီတွဲနေသောကြယ်စုံတွဲများလည်း ရှိပါသည်။ ထိုကြယ်စုံတွဲတို့သည် တစ်စင်းကိုတစ်စင်း ပတ်ပြီးလှည့်နေကြသည်။ ထိုကြယ်တို့၏ အကွာအဝေးသည် အမျိုးမျိုးရှိပါသည်။ အချို့ကြယ်စုံတွဲသည် တစ်စင်းနှင့်တစ်စင်းအလင်းရောင်နှစ်တစ်နှစ်၏၁/၁၀ပုံလောက်ဝေးသည်။ အချို့သည်အလင်းရောင်မီးနှစ်၏ အစိတ်အပိုင်းတစ်ပိုင်းလောက်သာ ဝေးပါသည်။

နေကြီးသည်အစ၊ထမဥ္စကြယ်စုံတွဲဖြစ်သည်။ ထိုနေနှင့်တွဲနေသောကြယ်ကြီးသည် သူနှင့် အလင်းရောင် (၁)နာရီလောက်ဝေးသည်။ ထိုကြယ်ကြီးသည် နေထက်ကြီးသည် ပတ်နေကျအတိုင်း နေကိုပတ်ပြီး လှည့်နေသည်။

တစ်နေ့တွင် ထိုကြယ်ကြီးသည် အကြီးအကျယ် ပေါက်ကွဲသွားသောကြောင့် ဖြစ်ပေါ်လာသော အလင်းရောင်ကြီးသည် ကြယ်သန်းပေါင်း၁၀၀၀၀လောက်ကထွက်နေသောအလင်းရောင်လောက်ပင်လင်းပါသည်။ ထိုအလင်းရောင်ကြီးကိုကောင်းကင်မှာရက်ပေါင်းအတော်ကြာမြင်နေရပါသည်။

ကြယ်ကြီးပေါက်ကွဲရာက ထွက်ပေါ်လာသောအပိုင်းအစများသည် နေနှင့်အလွန်ဝေးကွာသော အာကာသကြီးထဲမှာ တစ်နာရီကို မိုင်ပေါင်းသန်းပေါင်းများစွာ သွားနေသော အရှိန်အဟုန်ကြီးဖြင့် လွင့်စင်ကုန်ကြသည်။ ဓာတ်ငွေ့အစိတ်အပိုင်း အချို့လောက်သာ နေ၏အနီးအနားမှာ ကျန်ရစ်ခဲ့သည်။

ထိုကျန်ရစ်ခဲ့သော ဓာတ်ငွေ့များသည် ပန်းကန်ပြားဝိုင်းကြီးကဲ့သို့ နေကို တော်တော်ကြာကြာ ပတ်ချာလှည့်နေကြသည်။ နှစ်ပရိစ္ဆေဒအတော်ကြာသောအခါ ထိုဓာတ်ငွေ့များသည် အပိုင်းပိုင်းပြတ်ထွက်ကြသည်။

ထိုဓာတ်ငွေ့အပိုင်းကြီးများမှ ကမ္ဘာလုံးအရွယ်လောက်ရောက်အောင် မူလဂြိုဟ်များသည် နှစ်ပေါင်းသန်းပေါင်း (၁၀၀၀)လောက်ကြာ သည်။ ထို့နောက် ဒြပ်ဆွဲအားအရှိန်တိုးလာသောကြောင့် မူလဂြိုဟ်များသည် ဂြိုဟ်ကြီးများအရွယ်ထိရောက်အောင် နှစ်ပေါင်း (၁၀၀၀၀၀) လောက် ကြာမြင့်တော့သည်။

သူတို့၏ ဝင်ရိုးပေါ်မှာလည်နေကြသော ထိုမူလဂြိုဟ်များ၏အရှိန်သည် အလွန်ပြင်းထန်လွန်းလှသည်။ ထို့ကြောင့် ထိုမူလဂြိုဟ်များသည် ကြာရှည်မခံဘဲ မကြာမီ ပေါက်ကွဲကုန်ကြသည်။ ထိုသို့ ပေါက်ကွဲသောအခါ၌ အတုံးအတစ်များသည် -

၁။ ဂျူပီတာ (Jupiter)

၂။ ဆယ်တန် (Satunn)

၃။ ယူရေးနပ် (Uranus)

၄။ နတ်ပကျွန်း (Neptunes)

တို့ကဲ့သို့သော ဂြိုဟ်ကြီးများ ဖြစ်လာကြသည်။

ခပ်ကြီးကြီးအစက်တွေသည် -

၅။ မာကျူရီ (Mercury)

၆။ ဗီးနပ် (Venus)

၇။ ကမ္ဘာ (Earth)

၈။ မားစ် (Mars)

တို့ကဲ့သို့ ဂြိုဟ်ငယ်များ ဖြစ်လာကြပါသည်။

ခပ်သေးသေးအစက်များသည် ဂြိုဟ်များကို ပတ်ချာလှည့်နေသော လကဲ့သို့သော အရံဂြိုဟ်များဖြစ်လာကြသည်ဟု ခန့်မှန်းကြသည်။

မည်သည့်နည်းဖြင့်ပင် ကမ္ဘာကြီး ဖြစ်ပေါ်လာသည်ဖြစ်စေ ကမ္ဘာလုံးကြီးတွင် အထပ်ကြီး (၆) ထပ်ပါဝင်သည်ဟု ဆိုပါသည်။

အတွင်းအကျဆုံး ဗဟိုပိုင်းမှာ အချင်းအားဖြင့် မိုင်ပေါင်း ၄၀၀၀၀ ရှိသည်။ ထိုဗဟိုအပိုင်းသည် အလွန်ပူပြင်းသဖြင့် ထိုအပိုင်း၌ရှိသော အရာများသည် ပလတ်စတစ်အနေနှင့်သော်လည်းကောင်း၊ အရည်အနေနှင့်သော်လည်းကောင်း တည်ရှိမည်ဟု သိပ္ပံဆရာများက ယူဆကြသည်။

ဗဟိုပိုင်းကို ဝန်းရံထားသော ဒုတိယအထပ်သည်ကား ကမ္ဘာ၏ အရေးကြီးသော အဓိကအထပ်ပင်ဖြစ်၏။ ထိုအထပ်သည် မိုင် (၂၀၀၀) မျှထုသည်။ ထိုအထပ်တွင် နီကာယ်နှင့် ရောနေသော သံပါရှိသည့်အပြင် အခြားသတ္တုနှင့် ကျောက်များလည်း အနည်းငယ်ရှိသည်။ ထိုအထပ်ကို ဗယ်ရီစဖီးယား (Bary spere) သတ္တုရည်ဟုခေါ်သည်။

ဗယ်ရီစဖီးယားတွင်ရှိသော အပူရှိန်သည် အလွန်များသော်လည်း ပြင်ပမှ ဖိနှိပ်အားမှာ ကြီးမားလှသောကြောင့် ဗယ်ရီစဖီးယားသည် အစိုင်အခဲအဖြစ်ဖြင့်သာ တည်ရှိလျက်ရှိသည်။

ဗယ်ရီစဖီးယားအပေါ်အထပ်မှာ (၂၅) မိုင်မှ (၃၀) မိုင်လောက်သာထုသည်။ ထိုအထပ်တွင် ယင်းနှင့်ကပ်လျက်ရှိသော အတွင်းထပ် အပြင်ထပ်များ၌ သတ္တုများရှိသည်။

ထိုအထပ်သည် တွင်းထွက်ပစ္စည်းများ တည်ရာအထပ်ဖြစ်သည်။ ထိုအထပ်ကို အိုဇုန်း (Ore Zone) သတ္တုရိုင်းထုဟု ခေါ်ပါသည်။

သတ္တုရိုင်းထုဖြစ်သောအထပ်ကို ဝန်းရံထားသောအထပ်မှာ လစ်သိုစဖီးယား (Litho sphere) မြေထုဖြစ်သည်။ ထိုအထပ်သည် မိုင် ၁၅၀ မှ ၂၀၀ အထိထုသည်။

ယင်းလစ်သိုစဖီးယားဖြစ်ပေါ်ရခြင်းမှာ ဗယ်ရီစဖီးယားတွင်ရှိသော သံနှင့်နီကယ်ပေါင်းစပ်သောသတ္တုမှ အချို့ပေါ့သော သတ္တုတို့အပေါ်ဘက်သို့ခွဲ၍ တက်လာခြင်းကြောင့်ဖြစ်သည်ဟု ဘူမိဗေဒပညာရှင်တို့က ဆိုပါသည်။

လစ်သိုစဖီးယား၌ အဓိကအားဖြင့် ပစ္စည်းစု (၂) မျိုး ပါဝင်သည်။

ပထမအစုတွင် အရောင်ဖျော့၍ အလေးချိန်ပေါ့သောသတ္တုနှင့် ကျောက်နမ်းဖတ်စသည်တို့ပါဝင်သည်။ ဒုတိယအစုတွင် သံ၊ မဂ်ဂနီဇီယန် (Megnesium) ကယ်လ်ဆီယမ် (Calcium) စသော အရောင်ရင့်၍ လေးသောသတ္တုများ ပိုမိုပါရှိလေသည်။

လစ်သိုစဖီးယား (Litho sphere) က အပေါ်ဘက်တွင် သမုဒ္ဒရာ၊ ပင်လယ်၊ မြစ်တို့ တည်ရာ ဟိုက်ဒရိုစဖီးယား (Hydrosphere) ရေထုအထပ်ရှိသည်။

ထိုအထပ်သည် ပျမ်းမျှခြင်းအားဖြင့် ၂၁/၂ မိုင်ထုသည် ထိုအထပ်အပေါ်ဘက်တွင် နောက်ဆုံးအထပ်ဖြစ်သော ဓာတ်ငွေ့များပါဝင်သော အထပ်ရှိသည်။

ထိုအထပ်သည် ၂၀၀ ခန့်ထုသည်။ ထိုအထပ်ကို အဒ်တမိုစဖီး ယား (Atmosphere) ဓာတ်ငွေ့ထုဟုခေါ်သည်။

(မြန်မာ့စွယ်စုံကျမ်း စာ - ၄၀၄)

ကမ္ဘာနှင့်တကွ နေစကြဝဠာပျက်စီးပုံ

ဤကမ္ဘာရှိ နေသည် လွန်ခဲ့သော နှစ်သန်း ၅၀၀၀ လောက်က စတင်လျက် တောက်လောင်နေခဲ့သည်။ နေ၏အတွင်းဆွဲအားနှင့် အပြင်ဘက်သို့ ရုန်းကန်အားတို့သည် မျှတနေသောကြောင့် တည်ငြိမ်စွာ တောက်လောင်နေသည်။

နောင်နှစ်သန်း ၅၀၀၀ လောက်တည်ငြိမ်စွာ ဆက်လက်၍နေဦးမည်ဟုသိပ္ပံပညာရှင်၊ နက္ခတ်ပညာရှင်လောကမှ ယူဆထားကြပါသည်။

နေတွင်ပါဝင်ဖွဲ့စည်းသော ဟိုက်ဒရိုဂျင်ဓာတ်လောင်စာများသည် လောင်ကျွမ်းနေရာ တစ်နေ့သောအခါတွင် ယင်းဓာတ်များသည် ကုန်ခမ်းရလိမ့်မည်။

နေ၏ အလယ်ဗဟိုပိုင်းမှ ဟိုက်ဒရိုဂျင်ဓာတ်များကို လောင်ကျွမ်းပြီးသောအခါ နေ၏ မျက်နှာပြင်ပိုင်းရှိ ဟိုက်ဒရိုဂျင်များကို လောင်ကျွမ်းရပေလိမ့်မည်။

နေ၏အပြင်ပိုင်း ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များကို လောင်ကျွမ်းလာသောအခါ နေသည် နီရဲကြီးမားပြန့်ကားလာပေမည်။ ထိုအဆင့်သို့ ရောက်ရှိလာသောအခါ နေ၏အပူဓာတ်ငွေ့များသည် ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်နှင့်တကွ ကမ္ဘာကြီးတစ်ခုလုံးကို လွှမ်းခြုံဖုံးအုပ်သွားပေလိမ့်မည်။ နေသည် ယင်း၏လောင်စာများဖြစ်သော ဟိုက်ဒရိုဂျင်ဓာတ်အားလုံးကို လောင်ကျွမ်းပြီးသောအခါ မီးငြိမ်းလျက် ဆွဲငင်ဓာတ်အားကြောင့် ယခု ကမ္ဘာအလုံးပေါင်း ၁၃၀၀၀၀၀ လောက်ရှိသောအရွယ်မှ ကမ္ဘာ့အရွယ်အထိ ကျုံ့ဝင်လာမည်။

ထိုသို့ကျုံ့ဝင်သဖြင့် ဆွဲငင်အားအလွန်ကြီးမားလာကာ နောက်ဆုံးတွင် တွင်းနက်ကြီးဘဝသို့ ရောက်ရှိသွားပေလိမ့်မည်။ ထိုအခါ ကမ္ဘာကြီးလည်း မှောင်အတိကျပြီး သတ္တဝါဟူသမျှ မရှိနိုင်တော့ပါဟု ယူဆကြသည်။

သိပ္ပံအမြင် နေမင်း၏ သဘာဝတရားများ

နေသည်ကမ္ဘာမြေမှမိုင်ပေါင်း (၉၃) သန်းခန့်ကွာဝေးသည်။ အာကာသဟင်းလင်းပြင်ထဲရှိ အလွန်ကြီးမားသော မီးလုံးကြီးပမာရှိပါသည်။ နေ၏အချင်းသည်မိုင်ပေါင်း (၈၀၆၅၀၀၀) ခန့် ရှိပါသည်။

ယင်းနေကို နက္ခတ္တတို့ကမူ ကြယ်တစ်လုံးအဖြစ် သတ်မှတ်ကြသည်။ နေသည်။ အာကာသဟင်းလင်းခွင်အတွင်းရှိ အခြားသောကြယ်များထက် (၈၀)ပိုကြီးသလို ပိုပြီးလည်း တောက်ပပါသည်။

သို့သော် နေထက်ပိုကြီးပြီး ပိုတောက်ပသော ကြယ်များလည်း ရှိပါသည်။

နေသည် နေအဖွဲ့အစည်းအတွင်းရှိ ဂြိုဟ်များကို ထိန်းချုပ်ထားပြီး ဂြိုဟ်အားလုံးသည် နေကိုဗဟိုပြုပြီး လှည့်ပတ်နေသည်။

နေ၏အလင်းရောင်သည် လ၏အလင်းရောင်ထက် အဆပေါင်းလေးသိန်းပိုပြီး တောက်ပသည်။ ကြယ်အားလုံးထက်အဆပေါင်းခြောက်သန်းပိုပြီး ကမ္ဘာကို အလင်းရောင်ပေးနိုင်ပါသည်။

နေ၏ သိပ်သည်းဆသည် (၁.၄၁)ရှိသည်။ နေ၏အလင်းရောင် ကမ္ဘာသို့ရောက်ရန်မှာ (၈)မိနစ်ကျော်ကျော် အချိန်ကြာသည်။

နေမင်း၏ အလယ်ဗဟိုတွင် နျူကလီးယားဓာတ်ပြုခြင်းကြောင့် အပူရှိန်နှင့်စွမ်းအင်များထွက်ရှိပြီး ဟိုက်ဒရိုဂျင်အက်ုမြူများသည် ဟီလီယံအက်ုမြူများဖြစ်သွားကြပါသည်။ နေ၏အပေါ်ယံအပူချိန်သည် (၉၉၄၁) ဒီဂရီဖာရင်ဟိုက်ရှိသည်။ အတွင်းသားအပူချိန်မှာ (၂၈) သန်းဒီဂရီဖာရင်ဟိုက်ရှိသည်ဟု လက်ခံထားကြသည်။

ထိုအပူချိန်နှင့် အလင်းရောင်တို့သည် ကမ္ဘာမြေပြင်ပေါ်ရှိ သက်ရှိသတ္တဝါဖြစ်ထွန်းမှုနှင့် ရှင်သန်မှုကို ဖြစ်ပေါ်စေပါသည်။

နေကို ရောင်စဉ်ကြည့် မှန်ပြောင်းဖြင့်ကြည့်ပါက သက်တန့်ရောင်(၇)မျိုးဖြစ်သော ခရမ်းရောင်၊ မဲနယ်ရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်တို့ကို တွေ့မြင်ရပါသည်။ ရောင်စဉ်များ၏အကြားတွင် နေ၏အပြင်လွှာတွင်ရှိသော ဓာတ်ငွေ့များကြောင့် အနက်ရောင်များ ဖြစ်ပေါ်ရခြင်းဖြစ်ပါသည်။

စကြဝဠာအတွင်းရှိ ဒြပ်စဉ်များအနက် ၆၀ ကျော်မှာ နေ၏ဒြပ်ထုအတွင်း၌ ရှိနေပြီး အလွန်ပူပြင်းသောကြောင့် ဓာတ်ငွေ့အသွင်ဖြင့် ရှိနေခြင်းဖြစ်သည်။

နေ၏အရောင်ဖြာထွက်နေသော မျက်နှာပြင်ကို ဖိုတိုစဖီးယား (Photosphere) ဟုခေါ်ပြီး ယင်း၏အထက်ရှိ မျက်နှာပြင်ကိုမူ ခရိုမိုစဖီးယား (Chromosphere) ဟုခေါ်ပါသည်။ ယင်း၏အထက်တွင် ကော်ရိုနာ (Corona) ရှိသည်။

နေအပြည့်အဝကြပ်သည့်အခါ ထိုအလွှာ(၃)ခုစလုံးကို သာမန်မျက်စိဖြင့် မြင်နိုင်ပြီး အခြားအချိန်များ၌မူ အထူးကရိယာဖြင့်ကြည့်မှ မြင်နိုင်ပါသည်။ ဓာတ်ပုံလည်းရိုက်၍ ရနိုင်ပါသည်။

ကော်ရိုနာမှ အလင်းရောင်သည် မိုင်သန်းပေါင်းများစွာအထိ ရောက်ရှိပါသည်။ သံနီကယ်နှင့် ကယ်လ်စီယံတို့သည် ဓာတ်ငွေ့အသွင်ဖြင့် ကော်ရိုနာများ၏ဖွဲ့စည်းမှုထဲတွင် ပါဝင်လျက်ရှိသည်။ ကော်ရိုနာမျက်နှာပြင်၏အပူချိန်သည် ဖာရင်ဟိုက်ဒီဂရီ(၂)သန်းခန့်ရှိသည်။

နေမျက်နှာပြင်ပေါ်မှ အပြောက်များသည် ကော်ရိုနာနှင့် ဆက်စပ်လျက်ရှိပါသည်။ နေ၏အပြောက်များ လှုပ်ရှားမှုများချိန်တွင် ကော်ရိုနာသည် နေ၏မျက်နှာပြင်တစ်ခုလုံးမှာ အညီအမျှ ယင်းတို့ကို ထုတ်လုပ်ပြီး လေဟာပြင်ထဲသို့ အကွာအဝေးများစွာသို့ ရောက်ရှိစေပါသည်။

ယင်း၏အပြောက်များ လှုပ်ရှားမှုနည်းချိန်တွင် အီကွေတာပေါ်မှ စူးရှသောရောင်ခြည်များသည် အဝေးနေ၏ဒေသရှိ ရောင်ခြည်များထက် ပို၍ရှည်သည်ဟု ဆိုပါသည်။

နေ၏အပြောက်များသည် အမဲရောင်ဖြစ်သည်။ ပုံစံမညီမညာဖြစ်ပြီး သက်တမ်းအားဖြင့် (၂)လခန့်ကြာသည်။ အချို့မှာ တစ်နှစ်ထက် သက်တမ်းပိုရှည်တတ်ပြီး အချင်းအားဖြင့် မိုင်ထောင်ပေါင်း အနည်းငယ်အထိရှိပါသည်။

နေ၏ဒြပ်ထုသည် ကမ္ဘာ၏ဒြပ်ထုထက် အဆပေါင်း(၃)သိန်းခန့်ပိုကြီးပြီး နေကိုဖွဲ့စည်းထားသော အက္ခုမြူများ၏ (၁၉.၉)ရာခိုင်နှုန်းသည် ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်တို့ဖြစ်ကြသည်။ နေမှအဆက်မပြတ်စွမ်းအင်များ ထွက်နေသည်မှာ ထိုအက္ခုမြူများ၏ ဓာတ်ပြုမှုကြောင့်ဖြစ်ပါသည်။ စုစုပေါင်း (၀) သုညဒသမမှ (၁)ရာခိုင်နှုန်းသာပါဝင်သော ကယ်လ်စီယံကြေးနီ ဆီလီယွန်ဘာနေဒီယ၊ ကလိုရင်း၊ ဖလော်ရင်း၊ ဖော့စ်ဖရပ်နှင့် ပိုတက်စီယမ်စသော ဒြပ်စင်များကို ထုတ်နုတ်ပြီး ကမ္ဘာနှင့် ထုထည်ပမာဏညီမျှသော ဂြိုဟ်ကြီးတစ်လုံးစီ ပြုလုပ်နိုင်ပါသည်။

ကြီးငယ်စဉ်လိုက်နေတွင် ပါဝင်သော ဒြပ်စင်များအနက် အပူ ဒီဂရီအမှတ် (၇၇)ရှိသော ရွှေရည်များဖြင့် ကမ္ဘာကြီးပေါ်သို့ လောင်းချလိုက်ပါက ယင်းရွှေထုကြီးသည် မီတာ ၁၀၀ ခန့်အထိ မြင့်ပါလိမ့်မည်။

နေ၏အတွင်းသား ဗဟိုချက်မတွင် ဖြစ်ပေါ်နေသော အပူချိန်နှင့် သိပ်သည်းမှုတွင် အပူချိန်သည် ဖာရင်ဟိုက်ဒီဂရီ (၂၈) သန်းရှိသည်။ အတွင်းသားဗဟိုချက်မတွင်ရှိသော ဓာတ်ငွေ့များသည် နေ၏အလေးချိန်နှင့် ဖိသိပ်မှုကြောင့် သိပ်သည်းမှုသည် ၁၅၀၀၀၀ ကီလိုဂရမ်၊ မီတာဖြစ်ရာ ရေ၏သိပ်သည်းမှုထက် (၁၅၀) အဆများပါသည်။

အပူချိန်နှင့်သိပ်သည်းမှုသည် အတွင်းပိုင်းမှအပြင်ဘက်သို့ တဖြည်းဖြည်း လျော့ကျသွားသည်။ နေ၏စွမ်းအင်အားလုံးသည် နေ၏အချင်းဝက်၏ (၂၅) ရာခိုင်နှုန်း သို့မဟုတ် နေထုထည်တစ်ခုလုံး၏ (၁.၅)ရာခိုင်နှုန်းထဲမှာသာ ထုတ်လွှင့်နေခြင်းဖြစ်ပါသည်။

နေ၏မျက်နှာပြင်တွင် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့အားလုံး၏ (၇၁) ရာခိုင်နှုန်းအဖြစ် ပါဝင်ပါသည်။ နေ၏ဗဟိုချက်မတွင် ဟိုက်ဒရိုဂျင်ပါဝင်မှုသည် (၃၄) ရာခိုင်နှုန်းရှိသည်။ ယင်းသို့နည်းရခြင်းမှာ ယင်း၏ထွန်းလင်းတောက်ပခဲ့ရသော သက်တမ်းနှစ်ပေါင်း (၄.၆) ဘီလီယံအတွင်းမှာ ဟိုက်ဒရိုဂျင်ကို လောင်စာအဖြစ် သုံးစွဲခဲ့ရသောကြောင့်ဖြစ်သည်ဟု ဆိုပါသည်။

ယနေ့သိပ္ပံပညာရှင်တို့က နေ၏စွမ်းအင်များ ထွက်ရှိနေမှုသည် နျူကလီးယားဓာတ်ပြုမှုကြောင့်ဖြစ်သည်ဟူသောအချက်ကို သိလာကြသည်။ မူလကမူ နျူကလီးယားကွဲခြင်းမှ ဖြစ်သည်ဟု ယူဆခဲ့ကြသည်။

နေတွင် ထိုကဲ့သို့ ဓာတ်ပြုနိုင်သော ယူရေနီယံဒြပ်စဉ်မှာ အလွန်နည်းပါသည်။ ထိုကဲ့သို့ နျူကလီးယားဓာတ်ကွဲခြင်းမှ ဓာတ်ပြုပါက နေတွင်ရှိသော ယူရေနီယံဒြပ်စင်များ (၂) လအတွင်း ကုန်ခမ်းသွားနိုင်သည်ဟု သုံးသပ်ကြ၍ နျူကလီးယားကွဲမှုမဖြစ်နိုင်ဟု ယူဆကြပါသည်။

နျူကလီးယားပေါင်းစည်းခြင်း သည့်သာလျှင် နေ၏အဓိက စွမ်းအင်ထွက်ပေါ်မှုဖြစ်သည်။ နေတွင် ဟိုက်ဒရိုဂျင်သည် ၉၉.၉ ရာခိုင်နှုန်းထက် များနေပါသည်။

ဟိုက်ဒရိုဂျင်၏ ပရိုတွန်၊ သံသရာလည်ပတ်မှုကြောင့် ပရိုတွန် (၆) လုံးမှ ဟီလီယမ်ဒြပ်စဉ်တစ်ခုဖြစ်ပြီး ပရိုတွန် (၂) လုံးပြန်ထွက်လာပါသည်။

ထိုသို့ ပရိုတွန်သည် ဆက်တိုက်ပြောက်မြားစွာ ဖြစ်နေခြင်းကြောင့် နေတွင် စွမ်းအင်များနှင့် ဂမ္မာရောင်ခြည်များ ထွက်ပေါ်လာပါသည်။ ထိုသို့ သံသရာလည်ပတ်ပြီး နေတွင်အများဆုံးရှိသော ဟိုက်ဒရိုဂျင်သည် တဖြည်းဖြည်း အနည်းငယ်လျော့လိုက်လာပြီး ဟီလီယံဒြပ်စဉ်များ တဖြည်းဖြည်း များ၍လာပါသည်။

ထိုသို့ ဟိုက်ဒရိုက်ဂျင်ဓာတ်ငွေ့များမှ အဏုမြူပေါင်းစည်းမှုဖြစ်ပြီး ဟီလီယံဒြပ်စဉ်အဖြစ် ပြောင်းသွားကြောင်း၊ နေမင်းကြီးတွင် အများဆုံးရှိသော ဟိုက်ဒရိုဂျင်ဒြပ်စင်များသည် တစ်နေ့သောအခါတွင် ကုန်ခမ်းသွားဖွယ်ရာရှိပါသည်။ ထိုအချိန်သည် နေမင်းကြီးနှင့်တကွ ဂြိုဟ်ကြီး (၉) လုံး တို့၏ ဘဝနိဂုံးချုပ်ချိန်ဖြစ်လိမ့်မည်ဟု သိပ္ပံဆရာတို့က သုံးသပ်ကြပါသည်။

နေသည် ဟိုက်ဒရိုဂျင်ဓာတ်ငွေ့များ ပေါင်းစည်းခြင်းဖြင့် နျူကလီးယားဓာတ်ပြုမှုဖြစ်ပြီး နေအဖွဲ့အစည်းကြီးအတွင်းရှိဂြိုဟ်ကြီး (၉) လုံးနှင့် အရံဂြိုဟ် (လ) များကို အပူချိန်နှင့် အလင်းရောင် ပေးနေခြင်းဖြစ်ပါသည်။

သိပ္ပံပညာရှင်အချို့က ထိုတာဝန်ကို နေသည် မည်မျှကြာအောင် ထမ်းဆောင်နိုင်မည်လဲ နောက်ထပ်နှစ်ပေါင်း (၁၀၀) ဘီလီယံခန့်အထိ ဆက်လက်ရှိနေဦးမည်ဟု ခန့်မှန်းထားပါသည်။

ဆုပြည့်ဝုံထွန်းစာပေ

ထိုခန့်မှန်းချက်သည် နေအတွင်းရှိ ဟိုက်ဒရိုဂျင်အကုန်လုံးအားလုံး ဓာတ်ပြုခြင်းကို ခန့်မှန်းထားခြင်းကြောင့် အလွန်များနေသည်ဟုဆိုပါသည်။ အမှန်အားဖြင့် နျူကလီယားဓာတ်ပြုထားသော ဟိုက်ဒရိုဂျင်ပမာဏမှာ နေ၏အတွင်းသားရှိ (၂၅) မျှသာဖြစ်သောကြောင့် နေသည် နောက်ထပ်နှစ်ပေါင်း (၁၀) ဘီလီယံခန့်မျှသာ ယခုအနေအတိုင်း ဆက်လက်ရှိနေဦးမည်ဟု ခန့်မှန်းကြပါသည်။ ထို့နောက်ပိုင်းတွင် နေသည် ဂြိုဟ်ကြီး (၉) လုံးအတွက် လုံလောက်သော စွမ်းအားထုတ်လုပ်ပေးနိုင်တော့မည် မဟုတ်တော့။ ထိုအချိန်တွင် နေနှင့်ဂြိုဟ် (၉) လုံးတို့၏ကံကြမ္မာသည် စိုးရိမ်ဖွယ်ရာ အခြေအနေဖြစ်လာမည်ဟု ဆိုပါသည်။

ထိုအခါ ကမ္ဘာပေါ်တွင် သက်ရှိသတ္တဝါများ ရှိနိုင်တော့မည် မဟုတ်တော့ပါချေ။

ဂြိုဟ်ကြီးများသည် နေကိုလှည့်ပတ်နေသည့် ဟန်ချက်ပျောက်ကွယ်သွားပြီး တစ်လုံးနှင့်တစ်လုံး တိုက်မိကြပြီး အစိတ်စိတ်အမွှာမွှာ ဖြစ်သွားနိုင်ပါသည်။ ရုပ်ဒြပ်များ မပျောက်ကွယ်သွားဘဲ အသွင်တစ်မျိုးမျိုးပြောင်းပြီး စကြာဝဠာကြီးအတွင်း၌ ရှိနေဦးမည်သာဖြစ်သည်။

သိပ္ပံအမြင် လ၏သဘာဝ

လ၏မျက်နှာပြင်သည် ကျောက်ပေါက်မာများဖြင့် ပြည့်နှက်နေ သည်။

လတွင် ကိုယ်ပိုင်အလင်းရောင်မရှိ။ နေ၏အလင်းရောင်မှ ရောင်ပြန်ဟပ်ခြင်းဖြင့် လ၏ အေးမြသောအလင်းရောင်ကို ရရှိခံစားနေနိုင်ခြင်းဖြစ်သည်။

လ၏အလယ်ဗဟိုနှင့် ကမ္ဘာ၏အလယ်ဗဟိုတို့ ပျမ်းမျှအကွာအဝေးမှာ ကီလိုမီတာ (၃၈၄၄၀၀) ရှိသည်။ လ၏အချင်းသည် ကီလိုမီ တာ (၃၄၇၆) မီတာရှိသည်။

လတွင်လေထုမရှိဟု ယူဆထားသော်လည်း အလွန်ပါးလွှာသော လေထုကားရှိပါသည်။ လတွင် ဟီလီယံနီယွန်အာဂွန်နှင့် ဟိုက်ဒရိုဂျင်တို့ပါ ဝင်သောလေထုရှိသည်။

ထိုလေထုထဲတွင် ဒြပ်ထုကီလိုမီတာ ထောင်ပေါင်းအနည်းငယ် မျှသာရှိသည်။ ယင်းကို ရေသိပ်သည်းမှုနှင့် ဖိနှိပ်လိုက်ပါက တစ်မီတာပတ်လည်ရှိ အန်စာတုံးထဲ၌ထည့်က ရနိုင်သည်။

လ၏လေထုသည် အလွန်ပါးလွှာလွန်းသဖြင့် အပူကြားခံနယ်အဖြစ် မဆောင်ရွက်နိုင်ပါ။ သို့အတွက် လမျက်နှာပြင်ပေါ်က အပူချိန် သည် ဖာရင်ဟိုက် (၂၈၀ F) ရှိပြီး အရက်တက်ချိန်တွင် ဖာရင်ဟိုက် အနှုတ် (၂၈၀ F) ဒီဂရီ ရှိပါသည်။

လတွင်လေထုမရှိသလောက်ဖြစ်နေမှုအကျိုးဆက်မှာ လ၏ကောင်းကင်သည် နေ့ခင်းပိုင်းမှာပင် မည်းနက်နေခြင်းဖြစ်သည်။

လ၏မူလအစနှင့်ပတ်သက်၍အယူအဆမျိုးမျိုးရှိနေပါသည်။ ကမ္ဘာ၏အမာခံအတွင်း သားသည် သံဖြင့်ဖွဲ့စည်းထားပြီး သံသည်ကမ္ဘာဒြပ်ထုတစ်ခုလုံး၏(၃၂)ရာခိုင်နှုန်းရှိသော်လည်း လတွင် သံမပါဝင်သလောက် နီးပါးရှိသည်ဟုဆိုပါသည်။

ကမ္ဘာကို အင်္ဂါဂြိုဟ်ပမာဏရှိ အရာဝတ္ထုတစ်ခုက ခပ်စွေ့စွေ့ဝင်ဆောင့်ရာမှ လွင့်စင် သွားသော အစအနများက လဖြစ်ပေါ်လာသည်ဟု ယူဆကြပါသည်။

နေစကြဝဠာနှင့် ဂြိုဟ်များ ဖွဲ့စည်းထားမှုသဘာဝ

မဟာပေါက်ကွဲမှုကြီးဖြစ်ရာက ရုပ်ဒြပ်များ ပြန်လည်ထုတ်လုပ်ပြီး စကြဝဠာအသစ် ကြီး စတင်မွေးဖွားလိုက်သည်။ ထိုရုပ်ဒြပ်များသည် နေ၊ လ၊ နက္ခတ်၊ ဂြိုဟ်၊ ကမ္ဘာစသည်ဖြင့် စကြဝဠာကြီး အင်္ဂါတစ်စုံ ဖြစ်လာပါသည်။

လူသားတို့နေထိုင်ရာ ကမ္ဘာမြေကြီးသည် နေစကြဝဠာခေါ် နေအဖွဲ့အစည်းကြီးတစ် လုံးနှင့် ယင်းကိုဝန်းရံနေသော ဂြိုဟ်ကြီး (၉) လုံးပင်ဖြစ်သည်။ ထိုဂြိုဟ်ကြီး (၉) လုံးသည် နေ ကိုဗဟိုပြုပြီး လှည့်ပတ်နေကြပါသည်။ ယင်းကို နေစကြဝဠာ (SOLAR SYSTEM) ဟု ခေါ်ဆို ပါသည်။

ညဥ့်အခါ ကောင်းကင်တွင်မြင်နေရသော မိုတ်တုတ်မိုတ်တုတ် ကြယ်ကလေးများ သည် အမှန်အားဖြင့် နေများသာဖြစ်ပါသည်။ အလင်းနှစ်ပေါင်းများစွာ ကွာဝေးနေသောကြောင့် မိုတ်တုတ်မိုတ်တုတ် ဖြစ်နေရခြင်းဖြစ်ပါသည်။

ထိုနေစကြဝဠာပေါင်း မြောက်မြားစွာ ပါဝင်နေသော အစုအဝေးကြီးကို ဂလက်ဇီ (GALAXY)ဟု ခေါ်ပါသည်။ ထိုဂလက်ဆီ အစုအဖွဲ့ကြီးသည်လည်း တစ်စုံတစ်ခုကို ဗဟိုပြုပြီး လှည့်ပတ်နေပါသည်။ ထိုဂလက်ဆီအစုအဖွဲ့များ ပေါင်းထားသော မဟာဂလက်ဆီအစုအဖွဲ့ များလည်း ရှိပါသည်။

(ဗုဒ္ဓဟောကြားခဲ့သော စကြဝဠာတိုက်တစ်သောင်းဆိုသည်မှာ ထိုဂလက်ဆီအစု အဖွဲ့များဖြစ်ပြီး စကြဝဠာကုဋေတစ်သိန်းဆိုသည်မှာ ထိုဂလက်ဆီအားလုံးကို ဆိုလိုခြင်းဖြစ် ပါသည်။)

နေစကြဝဠာသည် အချင်းအားဖြင့် မိုင်ပေါင်း နှစ်သန်းခြောက်သောင်းငါးထောင်ခန့် ရှိသော စက်ဝန်းလုံးဝိုင်းကြီးပင်ဖြစ်ပါသည်။ တချို့သိပ္ပံပညာရှင်များကလည်းမိုင်ပေါင်းတစ်သန်း ခန့်ဟုဆိုပါသည်။ ထိုပမာဏသည်စကြဝဠာကြီးတစ်ခုလုံးနှင့်နှိုင်းယှဉ်ကြည့်ပါက မြူမှုန်ကလေး တစ်မှုန်ကဲ့သို့ ရှိနေပါသည်။

နေကို လှည့်ပတ်နေသော ဂြိုဟ်ကြီး (၉) လုံးရှိပါသည်။

	သိပ္ပံအခေါ်	နက္ခတ္တဗေဒအခေါ်
၁။	ဗုဒ္ဓဟူးဂြိုဟ်	မာကျူရီ (Mercury)
၂။	သောကြာဂြိုဟ်	ဗီးနပ်(စ်) (Venus)
၃။	ကမ္ဘာဂြိုဟ်	ကမ္ဘာမြေ (Earth)
၄။	အင်္ဂါဂြိုဟ်	မားစ် (Mars) *
၅။	ကြာသပတေးဂြိုဟ်	ဂျူပီတာ (Jupiter)
၆။	စနေဂြိုဟ်	ဆက်တန် (saturn)
၇။	ယူရေးနပ်(စ်)ဂြိုဟ်	ယူရေနပ်စ် (Uranus)
၈။	နက်ပကျွန်းဂြိုဟ်	နက်ပကျွန်း (Neptune)
၉။	ပလူတိုဂြိုဟ်	ပလူတို (Pluto)

ထိုဂြိုဟ်အားလုံးသည် အနောက်ဘက်မှ အရှေ့ဘက်သို့ လှည့်၍ နေကိုဝန်းပတ်နေကြသည်။ မာကျူရီနှင့် ဗီးနပ်စ်ဂြိုဟ်တို့သည် နေနှင့်ကမ္ဘာ အကြားတွင်တည်ရှိ၍ ကျန်ဂြိုဟ်များမှာ ကမ္ဘာ၏ပတ်လမ်းကြောင်းအပြင်ဘက်တွင် ရှိကြသည်။ နေကိုလှည့်ပတ်ရာ မာကျူရီနှင့် ဗီးနပ်ဂြိုဟ်တို့သည် ကမ္ဘာထက်မြန်ကြ၍ ကျန်ဂြိုဟ်များမှာ ကမ္ဘာထက် အရှိန်နှေးကြပါသည်။

မားစ်၊ ဂျူပီတာဂြိုဟ်တို့အကြားတွင် နေကို ဝန်းပတ်နေကြသော ဂြိုဟ်သိမ်ဂြိုဟ်ငယ်နှင့် ဂြိုဟ်မွှားကလေးအပေါင်း မြောက်မြားစွာရှိသည်။ ယင်းဂြိုဟ်ကြီး(၉)လုံးသည် နေစကြဝဠာအတွင်း၌ ပါဝင်နေကြသော်လည်း တစ်ခုနှင့်တစ်ခု မတူညီကြဘဲ ကွဲပြားခြားနားကြသည်။ ဂြိုဟ်အချို့သည် ကမ္ဘာထက်သေးငယ်ကြ၍ အချို့မှာ ကမ္ဘာထက် အဆပေါင်းများစွာ ကြီးမားကြသည်။ အချို့မှာ ကမ္ဘာထက်အလွန်ပူ၍ အချို့မှာ အလွန်အေးသည်။ အချို့သောဂြိုဟ်တို့မှာ ကမ္ဘာကဲ့သို့ လေမရှိကြဘဲ၊ အချို့မှာ ကမ္ဘာကဲ့သို့ ရေမရှိကြပါ။

ဂြိုဟ်ကြီး (၉)လုံးအနက် ဗုဒ္ဓဟူးဂြိုဟ် (မာကျူရီ)နှင့် သောကြာ (ဗီးနပ်စ်)ဂြိုဟ်တို့မှလွဲပြီး ကျန်ဂြိုဟ်(၇)လုံးတွင် အရံဂြိုဟ်(လ)တစ်စင်း (သို့မဟုတ်)တစ်စင်းထက် ပိုမိုရှိကြသည်။ မားစ်၌ အလွန်သေးငယ်သော အရံဂြိုဟ်(၂)လုံး၊ ဂျူပီတာတွင် အရံဂြိုဟ်(၁၀)လုံး၊ ဆက်တန်၌ အရံဂြိုဟ် (၉)လုံး ယူရေးနပ်စ်၌ အရံဂြိုဟ်(၅)လုံး၊ နက်ပကျွန်း၌ အရံဂြိုဟ်(၁)လုံး အသီးသီးရှိကြသည်။

ထိုဂြိုဟ်ကြီး(၉)လုံးနှင့်အရံဂြိုဟ်များအပြင် မရေမတွက်နိုင်အောင် များပြားသော ဝတ္ထုငယ်များဖြင့် နေအဖွဲ့အစည်းကြီးကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဝတ္ထုငယ်များမှာ အလွန်သေးငယ်သော အမှုန်များမှ ဂြိုဟ်သိမ်ဂြိုဟ်မွှားများအထိ ပါဝင်သည်။

ဆုပြည့်စုံထွန်းစာပေ

နေနှင့် နေအဖွဲ့အစည်းအတွင်းရှိ အဏုမြူ(၉၉.၉)သည် ဟိုက်ဒရိုဂျင်နှင့် ဟီလီယမ်တို့ဖြစ်သည်။

ကျန်(၀.၁)သည် အောက်ဆီဂျင်၊ ကာဗွန်နီယွန်၊ နိုက်ထရိုဂျင်၊ မဂ္ဂနီဆီယမ်၊ ဆီလီကွန်သံနှင့်ဆာလ်ဖာတို့ အနည်းအများအလိုက် ပါဝင်ပါသည်။

နေအဖွဲ့အစည်းတွင်း၌ အများဆုံးတွေ့နိုင်သော ဒြပ်ပေါင်းမှာ -

ဓာတ်ပေါင်းအမည်		အခဲ	အရည်	အငွေ့
H20	ရေ	အခဲ	အရည်	အငွေ့
C0	ကာဗွန်မိုနောက်ဆိုက်	-	-	အငွေ့
C02	ကာဗွန်ဒိုင်အောက်ဆိုက်	အခဲ	-	အငွေ့
CH4	မီးသိန်း	အခဲ	-	အငွေ့
N2	နိုက်ထရိုဂျင်	-	-	အငွေ့
NH3	အမိုးနီးယား	အခဲ	-	အငွေ့
S102	ကွပ်ဇ်	အခဲ	-	အငွေ့
Fro	သံအောက်ဆိုက်	အခဲ	-	-
Frs	ထရွိုင်လိုက်	အခဲ	-	-

နေစကြဝဠာအတွင်းရှိ ဒြပ်စင်များ၏ (၉၉)ရာခိုင်နှုန်းသည် ဓာတ်ငွေ့အားဖြင့် တည်ရှိပါသည်။ ထိုဓာတ်ငွေ့များတွင် ကမ္ဘာကြီးကိုဝိုင်းရံထားသော ရေထုနှင့်လေထုပါဝင်ပါသည်။

ယနေ့သက်ရှိသတ္တဝါများရှင်သန်နိုင်ကြခြင်းမှာနေစကြဝဠာအတွင်းရှိ(၉၉.၉)ပမာဏရှိသော ဓာတ်ငွေ့များကြောင့်ဖြစ်ပါသည်။

နေကိုလှည့်ပတ်နေသော အဟုန်ကြောင့်လည်းကောင်း၊ မတည်မငြိမ်ရွေ့လျားတတ်သော သဘာဝအရ အချင်းချင်းတိုက်မိသောကြောင့်လည်းကောင်း၊ တဖြည်းဖြည်း ဂြိုဟ်များပေါ်မှ လဟာပြင်၊ ဟင်းလင်းခွင်အတွင်းသို့ လွတ်မြောက်သွားရန် အလားအလာနည်းပါးသော်လည်း အချိန်ကြာသည့်အခါတွင်မူ လွတ်မြောက်သွားတတ်ပါသည်။

ထိုဓာတ်ငွေ့များ၏အပြုအမူသည် နေအဖွဲ့အစည်းတစ်ခုလုံးကို လွှမ်းမိုးထားပါသည်။ အပေါ့ဆုံးဓာတ်ငွေ့သည် ဟိုက်ဒရိုဂျင်ဖြစ်ပြီး အများဆုံးဓာတ်ငွေ့မှာ အောက်ဆီဂျင်ဖြစ်ပါသည်။

ဓာတ်ငွေ့များနှင့် မော်လီကျူးများသည် တစ်နာရီလျှင် မိုင်(၁၀၀၀) ခန့်ဖြင့် ရွေ့လျားနေကြပြီး အချင်းချင်း တိုက်မိလျက်ရှိနေကြသည်။

(လူသားများ၏ ခန္ဓာကိုယ်ကိုလည်း တိုက်မိနေကြပါသည်။ သို့အတွက် လူသားတို့အသက်ရှင်သန်နေထိုင်ခြင်းဖြစ်ပါသည်။)

ဆုပြည့်ဝုံထွန်းစာပေ

ထိုမော်လီကျူးများသည်အချင်းချင်းတိုက်မိရာမှ လာရာပြောင်းပြီးအပေါ်သို့မရောက်နိုင် ဖြစ်တတ်ကြပါသည်။ သို့ရာတွင် မိုင်(၁၀၀၀) ခန့်တွင်ရှိသော လေထုသည် အလွန်ပါးသောကြောင့် မော်လီကျူးများ လွတ်မြောက်သွားဖွယ်ရာ ရှိပါသည်။

နေအဖွဲ့အစည်းထဲရှိအခြားအခြားဂြိုဟ်များ၏လေထုသည်လည်းအတော်ပါးလှာကြသည်။

(ယနေ့ကမ္ဘာ့အိုဇုန်းလွှာပါးလာ၍အပူများသောသဘောသဘာဝဖြစ်နေသည်ကိုတွေ့နေရပါသည်။)

ထိုဓာတ်ငွေ့များ၏ဖိအားသည် ၅.၅ ကီလိုမီတာမြင့်သွားတိုင်း ထက်ဝက်လျော့သွားတတ်ပါသည်။ ဓာတ်ငွေ့များ၏ဖိအားသည် ကမ္ဘာ့လေထုကြီးကို ကမ္ဘာမြေကြီးပေါ်သို့ ပြုတ်ကျမသွားစေရန်လည်းကောင်း၊ ကြယ်များကို အတွင်းဘက်သို့ ပြိုကျမသွားစေရန်လည်းကောင်း တားဆီးကာကွယ်ပေးထားသည်။

ထို့ကြောင့် ဓာတ်ငွေ့ဖိအားသည် ဒြပ်ဆွဲအား၏ အတွင်းဘက်သို့ ဆွဲနေသည့်အားကို တန်ပြန်သောအားပင်ဖြစ်ပါသည်။

နေအဖွဲ့အစည်းအတွင်း ဒြပ်စင်ပေါင်း (၁၁၀)ခန့်ရှိရာ (၉၉%)မှာ ဓာတ်ငွေ့များဖြစ်ပါသည်။ ထိုဓာတ်ငွေ့များ၏ပြုမူမှုများ နေအဖွဲ့အစည်းတစ်ခုလုံးကို လွှမ်းမိုးထားခြင်းဖြစ်သည်။

ယင်းဓာတ်ငွေ့များတွင် အပေါ့ပါးဆုံး ဓာတ်ငွေ့များမှာ ဟိုက်ဒရိုက်ဂျင်ဖြစ်ပြီး အောက်ဆီဂျင်မှာ အများဆုံးဓာတ်ငွေ့ဖြစ်သည်။

အဏုမြူများ၊ မော်လီကျူးများနှင့် ဖွဲ့စည်းထားသော ဓာတ်ငွေ့များကို လျှပ်စစ်မဲ့ဓာတ်ငွေ့များဟုခေါ်သည်။

အဖိုဓာတ်(အိုင်ယန်)၊ အမဓာတ်(အီလက်ထရွန်)များ ထုတ်ပေးသော အဏုမြူများနှင့် ဖွဲ့စည်းထားသောဓာတ်ငွေ့ကို ပလာစမာဟုခေါ်ပါသည်။

လျှပ်စစ်မဲ့ဓာတ်ငွေ့နှင့် ပလာစမာတို့သည် လျှပ်စစ်နှင့် သံလိုက်စက်ကွင်းများရှိပါက အပြုအမူများကွဲပြားကြသော်လည်း ကျန်နေရာများ၌မူ ဂုဏ်သတ္တိချင်း တူညီကြပါသည်။

ဒြပ်စင်တစ်ခု၏ အဏုမြူမှုန်သမျှသည် ပရိုတွန်အရေအတွက် တစ်မျိုးတည်းသာရှိသော်လည်း ယင်းတို့တွင် ကွဲပြားခြားနားသော နျူထရွန်အရေအတွက်ရှိနိုင်ပါသည်။

ဤကဲ့သို့ နျူထရွန်အရေအတွက် ကွဲပြားသောဒြပ်စင်များကို အိုင်ဆိုတုပ်ဟု ခေါ်ပါသည်။

ဥပမာ - အပေါ့ဆုံးဟိုက်ဒရိုဂျင်သည် ပရိုတွန်တစ်လုံးသာ အစဉ်အမြဲရှိပါသည်။ သို့ရာတွင် ဟိုက်ဒရိုဂျင်အိုင်ဆိုတုပ်(၃)မျိုးရှိနေပါသည်။

တစ်မျိုးသည် နျူထရွန်လုံးဝမရှိသော ဟိုက်ဒရိုဂျင်ဖြစ်ပြီး ကျန် (၂) မျိုးတွင် နျူထရွန် တစ်လုံးနှင့်တစ်လုံးအထက် အသီးသီးရှိကြပါသည်။

ခဲကဲ့သို့လေးသောဒြပ်စင်များတွင် အိုင်ဆိုတုပ်များတစ်ဒါဇင်မကရှိပါသည်။ စကြဝဠာ၏ ဖွဲ့စည်းပုံကို စကြဝဠာ၏အနီးဆုံးကာလများရှိ ဓာတ်ငွေ့များအတွင်းနှင့် ကြယ်များအတွင်း တို့၌ ဖြစ်ပေါ်နေသော နျူကလီးယားဓာတ်ပြုမှုများက ပြဋ္ဌာန်းထားပါသည်။

ကြယ်များကထုတ်လွှတ်သော စွမ်းအင်အားလုံးလိုလိုပင် နျူကလီးယားဓာတ်ပြုမှု များက ထုတ်လုပ်ခြင်းဖြစ်ပါသည်။ ရေဒီယို၊ သတ္တိကြွမှုသည် နေအဖွဲ့အစည်းအတွင်းက ဂြိုဟ် များ၏အတွင်းသားရှိ အပူများကို ထုတ်လုပ်သည်။

နျူကလီးယားဆိုသည်မှာ အက်တမ်မြူ၏အလယ်ဗဟိုတွင်ရှိသော အဖိုဆောင်ဒြပ်ကိုခေါ် ဆိုခြင်းဖြစ်သည်။ ယင်းနျူကလီးယားကို တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အီလက်ထရွန် ခေါ် လျှပ်စစ်အမဓာတ်ဆောင်အမှုန့်များက ဝန်းရံလှည့်ပတ်လျက်ရှိပါသည်။ အက်တမ်မြူတစ်ခု ၏ ဒြပ်ထုအားလုံးလိုလိုပင် နျူကလီးယားတွင်ရှိသည်။

နျူကလီးယားကို အမှုန့် (၂) မျိုးဖြင့် ဖွဲ့စည်းထားသည်။

တစ်မျိုးသည် ပရိုတွန်ဖြစ်ပြီး အီလက်ထရွန်တွင်ရှိသော လျှပ်စစ်အမဓာတ်နှင့် ပမာဏ ညီမျှသော လျှပ်စစ်အဖိုဓာတ်ကို ဆောင်သည်။ တစ်မျိုးမှာ နျူထရွန်ဖြစ်ပြီး လျှပ်စစ်ဓာတ် လုံးဝ မရှိပေ။

ယင်း (၂) မျိုးလုံး၏ ဒြပ်ထုသည် အီလက်ထရွန်တစ်လုံး၏ ဒြပ်ထုထက် အဆပေါင်း နှစ်ထောင်မျှပိုကြီးသည်။ နျူကလီးယားတွင်ရှိသော ပရိုတွန်အရေအတွက်ကို အက်တမ်မြူအမှတ် စဉ်ဟူ၍ ခေါ်ပါသည်။

နျူကလီးယားဓာတ်ပြုမှုကြောင့် စွမ်းအင်များစွာ ထွက်ပေါ်စေပါသည်။

E = mc2

E = သည်စွမ်းအင်

m = ဒြပ်ထု

c = အလင်းရောင်၏အမြန်နှုန်း

(စွမ်းအင်အားသည် ဒြပ်ထုနှင့်အလင်းရောင်အမြန်နှုန်းဖြစ်သည်)

နျူကလီးယားဓာတ်ပြုခြင်းမှာ (၂) မျိုးရှိပါသည်။

ပထမတစ်မျိုးမှာ - နျူကလီးယားကွဲခြင်းဖြစ်ပြီး လေးသော နျူကလီးယားတစ်ခုမှ သေးငယ်ပေါ့ပါးသော နျူကလီးယား (၂) ခု ကွဲသွားခြင်းမျိုးဖြစ်သည်။

ဒုတိယတစ်မျိုးမှာ - ပေါ့ပါးသော နျူကလီးယားနှစ်ခုပေါင်းသွားပြီး ပိုမိုလေးသော နျူကလီးယား ဖြစ်လာခြင်းဖြစ်ပါသည်။ နျူကလီးယားပေါင်းခြင်းကို ဆိုလိုပါသည်။

မည်သည့်နည်းဖြင့်မဆို နျူကလီးယားဓာတ်ပြုပါက စွမ်းအားများစွာထွက်ပါသည်။ (အလွန်အစွမ်းထက်ပြီး အဖျက်အဆီးပမာဏများလှသော အဏုမြူဗုံးများကို ဤ (၂)နည်းစလုံးဖြင့် ပြုလုပ်လေ့ရှိပါသည်။)

နေစကြဝဠာအတွင်းမှ ဂြိုဟ်ကြီး (၉)လုံး

ဤကမ္ဘာမြေကြီးသည် နေစကြဝဠာခေါ် နေစနစ်ကြီးအတွင်းမှာ နေကိုဗဟိုပြုကာ လှည့်ပတ်နေသော ဂြိုဟ်ကြီး(၉)လုံးအနက် တစ်လုံးဖြစ်သည်ဟု ဆိုပါသည်။ နေကို နက္ခတ္တဗေဒပညာအရ ကြယ်ကြီးတစ်လုံးဟု ခေါ်ဆိုကြပါသည်။

ထိုနေသည် နဂါးငွေ့တန်း (Milk way) ဂလက်ဆီကြီး (Galaxy)အတွင်းမှာ တည်ရှိပြီး ထိုနဂါးငွေ့တန်းခေါ် ဂလက်ဆီကြီးထဲ၌ နေဟုခေါ်သော ကြယ်များသန်းပေါင်းများစွာ ဖွဲ့စည်းထားပါသည်။

နေကို ဝန်းရံလှည့်ပတ်နေသောဂြိုဟ်ကြီးများရှိ၍ ထိုဂြိုဟ်ကြီးများထဲတွင် ယနေ့လူသားကမ္ဘာဂြိုဟ်ကဲ့သို့ သက်ရှိသတ္တဝါများရှိသော ဂြိုဟ်များလည်း ပါဝင်နိုင်သည်။ ထိုဂြိုဟ်များကို လှည့်ပတ်နေသော ဂြိုဟ်များပါဝင်သောစနစ်ကို ကြယ်စနစ်(Star System) ဟုခေါ်ပြီး ထိုကြယ်စနစ်ပေါင်း သန်းပေါင်းများစွာ ဖွဲ့စည်းထားသော စနစ်ကြီးကို ဂလက်ဆီဟုခေါ်ပါသည်။

ထိုဂလက်ဆီကြီး၏အကျယ်အဝန်းမှာ အလင်းနှစ်သန်းပေါင်းများစွာ ပါဝင်ပါသည်။ စကြဝဠာကြီးတစ်ခုလုံးသည် ထိုဂလက်ဆီသန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ရာ စကြဝဠာကြီး၏အကျယ်အဝန်းကို အလင်းနှစ်(၂၀)စီ ကျယ်ဝန်းသည်ဟု မှန်းဆကြပါသည်။

နေစကြဝဠာခေါ် နေစနစ်ကို စကြဝဠာနှင့်မှားယွင်းတတ်၍ နေစနစ်ဟူ၍ ခေါ်ဆိုကြပါသည်။ ထိုနေစနစ်ကြီးအတွင်းမှာ အနီးအဝေးလိုက်၍ ဂြိုဟ်ကြီး(၉)လုံး တည်ရှိနေပါသည်။

၁။ ဗုဒ္ဓဟူးဂြိုဟ်

ဗုဒ္ဓဟူးဂြိုဟ်သည် နေနှင့်အနီးဆုံးဂြိုဟ်ဖြစ်သည်။ ကမ္ဘာမှကြည့်လျှင် မည်သည့်အခါမျှ (၂၉)ဒီဂရီထက် ပိုပြီးမများပါ။ နေနှင့် ဗုဒ္ဓဟူးဂြိုဟ်၏ ပျမ်းမျှအကွာအဝေးသည် (၀ဒသမ ၃၉ ၀၀) ဖြစ်ပါသည်။

(၁.၀၀)သည် နေနှင့်ကမ္ဘာ၏ အကွာအဝေးမိုင်ပေါင်း (၉၃) သန်းဖြစ်သည်။

ယင်းဂြိုဟ်၏နေပတ်လမ်းကြောင်းသည် ပလူတိုမှလွဲ၍ ကျန်ဂြိုဟ်များအားလုံး၏ နေပတ်လမ်းကြောင်းထက် များစွာ ပိုပြီးရှဲ့စောင်းပါသည်။ ထို့ကြောင့် ဗုဒ္ဓဟူးဂြိုဟ်သည် (ဝ ဒသမ ၃၁ ဗပ) အထိ နေနိုင်သလို (ဝ ဒသမ ၄၇ ဗပ) **အထိလည်း နေနင့်ဝေးနိုင်သည်**ဟု ဆိုပါသည်။

ဗုဒ္ဓဟူးဂြိုဟ်သည် ကမ္ဘာ၏ နေ့ရက်ပေါင်း (၈၇.၉၇)ရက်လျှင် တစ်ကြိမ်ကျ နေကို လှည့်ပတ်လျက်ရှိသည်။ ယင်းဂြိုဟ်သည် မိမိဝင်ရိုးပေါ်တွင် (၅၈.၆၄)ရက်တွင်မှ တစ်ကြိမ်လည်ပတ်ရာ နေကို တစ်ပတ်ပတ်သောကာလ၏ (၂/၃) အတိအကျဖြစ်သည်။

ဤကာလ(၂)ခုသာ ထပ်တူထပ်မျှ ဖြစ်လျှင် ဗုဒ္ဓဟူးဂြိုဟ်သည် နေဘက်သို့ အစဉ်အမြဲ တစ်ဘက်တည်း မျက်နှာမူနေမည်ဖြစ်ပါသည်။

ဗုဒ္ဓဟူးဂြိုဟ်၏မျက်နှာသည် ကျောက်ပေါက်မာများဖြင့် ပြည့်နက်နေပါသည်။ ထိုသို့ ဖြစ်ရသည်မှာ အစောပိုင်းကာလတွင် အာကာသဝတ္ထုအများအပြားက မိုးမိုးရွာသကဲ့သို့ ဝင်ဆောင့်မှုကြောင့် ဖြစ်ရပါသည်။ ဤကာလသည် လွန်ခဲ့သောနှစ်ပေါင်း(၃.၈)ဘီလီယံခန့်က အဆုံးသတ်သွားခဲ့သည်ဟု ဆိုပါသည်။

ဗုဒ္ဓဟူးဂြိုဟ်၌ လကဲ့သို့ လေထုမရှိသလောက် နည်းပါးသည်။ ဤဂြိုဟ်၌ပါဝင်လာသော ဓာတ်ငွေ့များသည် ဆိုဒီယမ်၊ အောက်ဆီဂျင်၊ ဟီလီယံ၊ ပိုတက်စီယံနှင့် ဟိုက်ဒရိုဂျင်တို့ ဖြစ်ကြသည်။

ရေးဟောင်းတွင်းကြီးများ၏ လေဟိုက်စားမှုခံရခြင်းကင်းသော လက္ခဏာသည် ဤဂြိုဟ်တွင် မည်သည့်အခါကမျှ ထူထပ်သော လေထုမရှိကြောင်း ထင်ရှားပါသည်။

ဗုဒ္ဓဟူးဂြိုဟ်၌ သံပါဝင်မှုမြင့်မားသည်။ ကျောက်ပါဝင်မှုသည်လည်း ရှိနိုင်ပါသည်။ နောက်ပိုင်းတွင် အခြားဂြိုဟ်ငယ်တစ်ခုက ဝင်တိုက်သောကြောင့် အပေါ်ယံကျောက်ချောများ ဆုံးရှုံးလွင့်ထွက်သွားသည်ဟု ယူဆကြသည်။

(ဂြိုဟ်များဖွဲ့စည်းခါးအချိန်တွင် ထိုကဲ့သို့ အခြားဂြိုဟ်ငယ်များ၏ဝင်ဆောင့်မှုသည် မနေစနေတွင် ဖြစ်လေ့ဖြစ်ထရှိသည်ဟု နက္ခတ္တဗေဒပညာရှင်များက လက်ခံထားကြသည်။

၂။ သောကြာဂြိုဟ်

သောကြာဂြိုဟ်သည်ညနေပိုင်းမှာ အနောက်ဘက်ကောင်းကင်တွင်လည်းကောင်း၊ နံနက်ပိုင်းမှာ အရှေ့ဘက်ကောင်းကင်တွင်လည်းကောင်း မြင်တွေ့ရလေ့ရှိပါသည်။

ဤဂြိုဟ်သည် အလွန်ထွန်းလင်းသော ဂြိုဟ်တစ်လုံးဖြစ်ရာ ကောင်းကင်ကြည်လင်နေချိန်တွင် မည်သည့်နေရာကို ကြည့်ရမည်ဟုသိလျှင် နေ့ခင်းပိုင်း၌ပင် မြင်နိုင်သည်ဟုဆိုပါသည်။

ဤဂြိုဟ်သည် (၂၄၃)ရက်တွင် တစ်ပတ်နှုန်းဖြင့် အရှေ့မှအနောက်သို့ အလွန်နှေးကွေးစွာ လည်ပတ်လျက်ရှိပါသည်။

နေစနစ်အတွင်းရှိ ဂြိုဟ်များနှင့် အရံဂြိုဟ်တို့၏လည်ပတ်မှုမှာ အနောက်မှအရှေ့သို့သာ လည်ပတ်ကြသော်လည်း သောကြာဂြိုဟ်များမှာ ယင်းတို့နှင့် ပြောင်းပြန်ဖြစ်ပြီး နောက်ပြန်လှည့်ပတ်မှုဟု ခေါ်ကြပါသည်။

ဤကဲ့သို့ နှေးကွေးစွာ နောက်ပြန်လည်ပတ်မှုသည် သောကြာဂြိုဟ်၏ ရက်နှင့်နှစ်တို့၏အကြား ထူးခြားသောဆက်စပ်မှုကို ဖြစ်စေသည်ဟုဆိုပါသည်။

သောကြာဂြိုဟ်သည် တစ်ရက်ပြည့်အောင် သောကြာဂြိုဟ်နှင့် နစ်တစ်ဝက်ခန့်အချိန်မည်သည့်သောကြာဂြိုဟ်နှစ်(၁)နှစ်အတွင်းသောကြာဂြိုဟ်ရက်(၁.၉၃)သာရှိသည်။ သောကြာဂြိုဟ်ရက်(၁)ရက်သည် ကမ္ဘာရက်(၁၁၆.၈)ရက်သာရှိရာ သောကြာဂြိုဟ်ပေါ်ရှိ ဒေသတစ်ခုအတွက် နေ့တာ - ညတာများသည် ကမ္ဘာရက်ပေါင်း (၅၈.၄)ရက် ကြာသည်ဟု ဆိုရမည်ဖြစ်ပါသည်။

သောကြာဂြိုဟ်လေထုမှာ အလွန်ပူပြင်းသည်။ ဂြိုဟ်မျက်နှာပြင်၏ ပျမ်းမျှအပူချိန်သည် (၁၁၆၈) ဒီဂရီဖာရင်ဟိုက်ရှိသည်။ ဤဂြိုဟ်၏ အီကွေတာနှင့် ဝင်ရိုးစွန်းဒေသများတွင် အပူချိန်အနည်းငယ်မျှသာ ကွာခြားသည်။ နေ့နှင့်ညအပူချိန်မှာလည်း တပြေးညီနီးပါး ရှိပါသည်။

မျက်နှာပြင်အပူချိန်မြင့်မားသကဲ့သို့ပင် လေထုဖိအားသည်လည်း အလွန်မြင့်မားသည်။ ကမ္ဘာလေထုဖိအားထက် (၉၂)ဆရှိသည်။ သောကြာဂြိုဟ်၏လေထုတွင် ကာဘွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့က (၉၆.၅) ရာခိုင်နှုန်း အများဆုံးပါဝင်ပြီး ကျန်(၃.၅)ရာခိုင်နှုန်းမှာ နိုက်ထရိုဂျင်ဓာတ်ငွေ့ဖြစ်သည်။

သောကြာဂြိုဟ်၏ အပူချိန်မြင့်မှုမှာ ဖန်လုံအိမ်အာနိသင်ကြောင့်ဖြစ်သည်ဟု ဆိုပါသည်။ ထူထဲသောလေထုသည် မြေပြင်နှင့်လေထု အောက်ပိုင်းမှလာသော အနီရောင် ရောင်ခြည်ဖြာထွက်မှုကို အာကာသအတွင်း လွတ်ထွက်မသွားစေရန် ဟန့်တားထားသောကြောင့် မြေပြင်အပူချိန် လျော့ကျမသွားခြင်းဖြစ်ပါသည်။

သောကြာဂြိုဟ်၏တိမ်တိုက်များထဲတွင် ဆာလဖျူရစ်အက်ဆစ်အပြင်းစားများ ရေမှုန်များအဖြစ် ပါဝင်နေကြသည်။ အမြင့်(၄၅)နှင့် (၇၀) ကီလိုမီတာအကြားရှိထူထဲသောတိမ်တိုက်လွှာကြီးက သောကြာဂြိုဟ်၏မျက်နှာပြင်ကို လုံးဝမမြင်မတွေ့နိုင်အောင် ဖုံးကွယ်ထားသည်။

သို့ရာတွင် နေရောင်ခြည်က ယင်းတိမ်တိုက်ကြီးကို ဖောက်ထွင်းဝင်ရောက်နိုင်ရာ သောကြာဂြိုဟ်မျက်နှာပြင်သည် ကမ္ဘာပေါ်တွင် တိမ်လွှာထူသောနေ့၌ပင် လင်းသင့်သလောက် လင်းပါသည်။

ဆုပြည့်စုံထွန်းစာပေ

သောကြာဂြိုဟ်နှင့်ကမ္ဘာသည် အပြင်သို့ ဓာတ်ငွေ့ထွက်ခြင်း ဖြစ်စဉ်အရ နိုက်ထရိုဂျင်၊ ကာဘွန်ဒိုင်အောက်ဆိုက်နှင့် ရေငွေ့တို့ကို အတွင်းသားအတွင်းမှ ထုတ်လွှတ်ခဲ့သည်။ နိုက်ထရိုဂျင်နှင့် ကာဘွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ သောကြာဂြိုဟ်၏ လေထုထဲတွင် ကျန်ခဲ့သော်လည်း ရေငွေ့အားလုံးလိုလိုပင် လေထုမှ ပျောက်ကွယ်သွားသည်။

၃။ ကမ္ဘာဂြိုဟ်

ဤကမ္ဘာကြီးသည် လွန်ခဲ့သော နှစ်သန်းပေါင်း(၄၆၀၀)ခန့်က စတင်ဖြစ်ပေါ်ခဲ့သည်ဟု နက္ခတ္တပညာရှင်များက ဆိုကြပါသည်။ နေမှပဲ့ထွက်လာသော အပိုင်းအစပေါ်တွင် အခြားကြီးမားသော ရုပ်ဒြပ်များ အဆက်မပြတ်ကျရောက်ကြောင်း အလွန်ပူပြင်းကာ ကမ္ဘာကြီးတစ်ခုလုံး အတွင်းအပြင် အရည်ပျော်နေပါသည်။

နေအဖွဲ့အစည်းအတွင်းပါဝင်သော ဒြပ်စင်အားလုံး ကမ္ဘာမြေတွင် ပါဝင်ပါသည်။ မူလက ထိုဒြပ်စင်အားလုံးမျှတပြီး တည်ရှိနေခဲ့ရာက ဆွဲအားကြောင့် သံ - နီကယ်နှင့် အခြားသတ္တုများကဲ့သို့ လေးသောအရာများသည် အလယ်ဗဟိုတွင် စုဝေးလာကြပြီး အမာခံအတွင်းသားအဖြစ် ဖြစ်ပေါ်၍လာပါသည်။

သိပ်သည်းမှုနည်းသောအရာများသည် ကမ္ဘာ၏အပေါ်မျက်နှာပြင်သို့ တက်လာကြကာ ကမ္ဘာ၏အပေါ်ခံဖြစ်လာကြသည်။ ကမ္ဘာတွင် အလွန်ကြီးမားသော အပူကြားခံနယ်ကြီး ရှိနေသောကြောင့် အတွင်းတွင် ဝေးသွားနိုင်မည်မဟုတ်ပါ။

ဓာတ်သဘောအရ ကမ္ဘာဦးကာလက ရေသည် ဓာတ်သားများအတွင်း ပိတ်မိနေခဲ့ပါသည်။ အရည်ပျော်နေသောအတွင်းသားအတွင်းမှ ရေသည် တဖြည်းဖြည်း လွတ်မြောက်လာကြပြီး မီးတောင်ပေါက်ကွဲရာမှ ထွက်ပေါ်လာသော ချော်ရည်များနှင့်အတူ မျက်နှာပြင်သို့တက်လာခဲ့ပါသည်။ မျက်နှာပြင်သို့ရောက်သည်နှင့် ရေသည် လေထုအတွင်းသို့ ရေငွေ့အဖြစ်ဖြင့် ရောက်သွားပါသည်။

ထိုမှတစ်ဆင့် ပြန်အေးလာကာ မိုးအဖြစ် ပြန်လည်ရွာပါသည်။ သမုဒ္ဒရာနက်များမည်မျှမြန်မြန်ဖြစ်ထွန်းလာခဲ့သည်ကို မသိရသော်လည်း လွန်ခဲ့သောနှစ်ပေါင်း(၃.၅)ဘီလီယံခန့်ထက် နောက်ကျမည်မဟုတ်ကြောင်း၊ ထိုကာလမှတွေ့ရှိရသော ရေနေသက်ရှိ ဇီဝရုပ်ကြွင်းများအရ သိရပါသည်။

ကမ္ဘာမြေမျက်နှာပြင်သို့ရောက်လာကာ ရေများသည် ကြာရှည်စွာ မတည်တံ့ဘဲ သမုဒ္ဒရာကြမ်းပြင်ရှိ အနယ်များတွင် ပါဝင်နေပြီး ပေါင်းစပ်ဇုန်တွင်ဖြစ်ပွားသော ပလိပ်ပြား၏ ထိပ်ဖျားက ကမ္ဘာအတွင်းသားအတွင်းသို့ တွန်းပို့ခြင်းခံရကာ ပျက်စီးမှုဖြစ်စဉ်တွင် ပါသွားခဲ့သည်။

ဆုပြည့်စုံထွန်းစာပေ

သို့ရာတွင် ထိုရေများသည် မီးတောင်ပေါက်ကွဲရာမှ မျက်နှာပြင်ပေါ်သို့ ပြန်လည် ရောက်ရှိလာပါသည်။ ထိုကဲ့သို့ ရေသံသရာလည်ပတ်မှုသည် နှစ်ပေါင်းသန်းရာချီ၍ နေပြီးဖြစ် ပါသည်။

ကမ္ဘာလေထု

လေထုသည် ကမ္ဘာဦးတွင် ရှိနေခဲ့သည်။ အရာဝတ္ထုများ ကျရောက်ထိခိုက်မှုကြောင့် ကမ္ဘာအတွင်းသားမှ ဓာတ်ငွေ့များပါလာပြီး အပြင်သို့ ဓာတ်ငွေ့ထွက်ခြင်းဖြစ်စဉ်ကြောင့် လေထု ဖြစ်ပေါ်လာရသည်ဟု ဆိုပါသည်။

ထိုလေထုတွင် ဟိုက်ဒရိုဂျင်ရေငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင် အများ ဆုံး ပါဝင်သည်။

ဟိုက်ဒရိုဂျင်သည် အာကာသအတွင်းသို့ လွတ်ထွက်သွားပါသည်။ ရေသည် မိုး အဖြစ် ရွာချကာ သမုဒ္ဒရာများ ဖြစ်လာကြသည်။ ကာဗွန်ဒိုင်အောက်ဆိုက်အားလုံးလိုလို ပင် ကာဗွန်နှစ်အက်ဆစ်များ အပျော့စားဖြစ်လာပြီး ဓာတ်ပြုကာ ဆီလီကိတ်ကျောက်များနှင့် ထုံးကျောက်ကဲ့သို့သော ကာဗွန်နိုက်ကျောက်များ ဖြစ်လာကြပါသည်။

ကြယ်တံခွန်ကဲ့သို့သော ရေခဲနေသော အာကာသဝတ္ထုများ၏ ဝင်ရောက်တိုက်ခိုက် မှုကြောင့်လည်း ဒုတိယလေရရှိရန် အထောက်အကူဖြစ်စေသည်။ ထိုဒုတိယမြောက်လေထု သည် နိုက်ထရိုဂျင်သာ အဓိကပါဝင်ပြီး ကာဗွန်ဒိုက်အောက်ဆိုက်နှင့် ရေငွေ့အနည်းငယ် သာ ပါဝင်သည်။

လေထုအတွင်း အများအပြားရှိနေသော အောက်ဆီဂျင်သည် သစ်ပင်များက ကာ ဗွန်ဒိုင်အောက်ဆိုက်၊ ရေငွေ့နှင့် နေရောင်ခြည်ကိုအသုံးချကာ အော်ဂင်းနစ်ပစ္စည်းနှင့် အောက် ဆီဂျင်အဖြစ်ထုတ်လုပ်သည့် ဖြစ်စဉ်ကြောင့်ဖြစ်ပါသည်။

နှစ်ပေါင်း(၂)ဘီလီယန်မတိုင်မီအထိ လေထုထဲ၌ အောက်ဆီဂျင်များ ရှားပါးနေ သေးသည်ဟု ဆိုပါသည်။ နောက် အောက်ဆီဂျင်မော်လီ ကျူးများပေါများလာပြီး ယင်းတို့ကို နေမှလာသော ခရမ်းလွန်ရောင်ခြည်များက ဖြိုခွဲပြီး တစ်ဖန် အခြားအောက်ဆီဂျင်မော်လီကျူး များနှင့် ပေါင်းစပ်ကာ အိုဇုန်းဓာတ်ငွေ့များကို ဖြစ်ပေါ်စေခဲ့ပါသည်။

ဤပြောင်းလဲမှုသည် ကုန်းပေါ်ရှိ သက်ရှိသတ္တဝါများကို ဖြစ်ပေါ်စေပါသည်။ ထိုအိုဇုန်း လွှာမရှိပါက သက်ရှိသတ္တဝါများသည် သမုဒ္ဒရာအတွင်းများ၌သာ နေနိုင်ကြမည်သာဖြစ်သည် ဟုဆိုပါသည်။

လွန်ခဲ့သောနှစ်ပေါင်း (၃.၅) ဘီလီယံခန့်က ဤကမ္ဘာမြေကြီးသည် အလွန်တည်ငြိမ်သွားပြီး ရာသီဥတုမှာလည်း အေးမြလာသောကြောင့် အယ်လ်ဂျေး (ALGAE)ခေါ် ရေမှော်ပင်များ၊ ပင်လယ်သမုဒ္ဒရာများတွင် ဖြစ်ထွန်းလာပါသည်။

နှစ်ပေါင်း(၁.၈) ဘီလီယံအခါသို့ ရောက်ချိန်တွင် မူလကလာပ်စည်းတစ်ခုပါရှိသော သက်ရှိဇီဝရုပ်များ ဖြစ်ပေါ်လာပါသည်။

နှစ်ပေါင်းသန်း (၆၀၀) ခန့်သို့ ရောက်လာသောအခါတွင် ကလာပ်စည်းများစွာပါရှိသော ရေမှော်ပင်များဖြစ်လာပါသည်။ ထိုမှတစ်ဆင့် ရေသတ္တဝါများ၊ ကုန်းတစ်ပိုင်း ရေတစ်ပိုင်း သတ္တဝါများ၊ တွားသွားသတ္တဝါများ၊ ကျောရိုးပါသတ္တဝါများ မျောက်ဝံများ၊ လူဝံများ၊ ရှေးဦးလူများ အဆင့်ဆင့် ဖြစ်ပေါ်လာသည်။

ထိုရှေးဦးလူမှတစ်ဆင့် နှစ်ပေါင်း (၂) သန်းကျော်ခန့်အတွင်း ယခုခေတ်လူသားများ ဖြစ်ပေါ်လာကြသည်ဟု သိပ္ပံပညာရှင် ချာလ်ဒါဝင် (Charles Darwin)က ဆိုခဲ့သည်။ ထိုအဆိုကို ယနေ့သိပ္ပံပညာရှင် အတော်များများက လက်ခံထားဆဲဖြစ်ပါသည်။

ကမ္ဘာမြေ၏အချင်းသည် မိုင်ပေါင်း (၈၀၀၀) ခန့်ရှိပြီး နေနှင့် မိုင်ပေါင်း(၉၃) သန်းခန့် ကွာဝေးပါသည်။

၄။ အင်္ဂါဂြိုဟ်

အင်္ဂါဂြိုဟ်သည် သူ၏မျက်နှာပြင်ကို လွန်စွာ ထင်ရှားစွာပြပါသည်။ အင်္ဂါဂြိုဟ်၏ တစ်နေ့တာသည် ကမ္ဘာ၏တစ်နေ့တာထက် မိနစ် ၄၀ ခန့်သာ ပိုသဖြင့် မတိမ်းမယိမ်းရှိနေပါသည်။

အင်္ဂါဂြိုဟ်သည် တစ်ခါတစ်ရံ ကမ္ဘာနှင့် နီးကပ်စွာ ဖြတ်သန်းသွားတတ်သည်ဟုဆိုလိုပါသည်။ ထိုအချိန်တွင် အင်္ဂါဂြိုဟ်၏ သေးငယ် သောလ(၂)စင်းဖြစ်သော ပိုဗိုစ်နှင့် ဒေမိုစ်တို့ကို တွေ့ရှိနိုင်သည်ဟု ဆိုပါသည်။

ယနေ့ သိပ္ပံပညာရှင်တို့က အင်္ဂါဂြိုဟ်ပေါ်တွင် တူးမြောင်းဟု ယူဆရသောမြောင်းများကို တွေ့ရသောကြောင့် အသိဉာဏ်ရှိသော လူသားများတူးထားသည်ဟု ယူဆကြကာ ယင်းဂြိုဟ်တွင် သက်ရှိလူသားများ သို့မဟုတ် အသိဉာဏ်ရှိသောသတ္တဝါများရှိနိုင်သည်ဟု သိပ္ပံပညာရှင်များ လွှတ်တင်စူးစမ်းသော မရီနာအာကာသယာဉ်(၄)နှင့်(၇)တို့၏ သတင်းများပို့ချက်အရ ယင်းဂြိုဟ်တွင် သက်ရှိတစ်စုံတစ်ရာမရှိဟု သိပ္ပံပညာရှင်များက ယူဆထားကြသည်။

အင်္ဂါဂြိုဟ်၏လေထုဖိအားသည် ကမ္ဘာ့လေထုဖိအား၏ (၁%) သာရှိသည်။ အင်္ဂါဂြိုဟ်၏လေထုဖိအားသည် ရေဒိုင်တစ်အိုင်ရှိသည်ဆိုပါက ရေတစ်စက်မျှမကျန်အောင် အရည်

ဘဝတွင် မရပ်တည်နိုင်ဘဲ အငွေ့ဘဝသော်လည်းကောင်း၊ ခဲသွားခြင်းသော်လည်းကောင်း တစ်ခုခု ဖြစ်သွားနိုင်သည်။

အင်္ဂါဂြိုဟ်လေထုဖိအားသည် ကမ္ဘာလေထုဖိအား၏ ၁ % ထက်လျော့သဖြင့် ကမ္ဘာ့လေထု၏အမြင့် ၂၁ မိုင်ရှိ ဖိအားနှင့် သွား၍တူညီပါသည်။

သောကြာဂြိုဟ်၏လေထုထက် များစွာပိုအေးပြီး ပါးလွှာသော်လည်း ဓာတုဖွဲ့စည်းပုံချင်းမှု ဆင်တူသည်ဟု ဆိုပါသည်။ ၉၅ % ကို ကာဘွန်ဒိုင်အောက်ဆိုက်နှင့် ဖွဲ့စည်းထားပြီး ကျန်အနည်းငယ်မှာ နိုက်ထရိုဂျင်နှင့် အကျန်များဖြစ်နေကြပါသည်။

အလွန်ပါးလွှာသောလေထုကြောင့် အပူအအေးကို ကြားခံမထိန်းနိုင်သဖြင့် နေ့နှင့်ည အပူအအေးခြားနားချက်သည်လည်းကောင်း၊ ရာသီအလိုက်သော်လည်းကောင်း အတော်ပင် ကွာခြားချက်ရှိနေပါသည်။ နေ့စဉ် အပူချိန်ခြားနားချက်သည် ၁၀၀ F ဒီဂရီဖာရင်ဟိုက်ရှိပါသည်။

အင်္ဂါဂြိုဟ် အမာခံအတွင်းသားကို သံနှင့် နိကာယ်တို့ဖြင့်သာ အဓိက ဖွဲ့စည်းမည်ဆိုက ယင်းအတွင်းသားသည် အလယ်ဗဟိုမှ မျက်နှာပြင်အကွာ၏ ၄၀ % ခန့်နေရာယူထားပါသည်။

ယင်း၏ အတွင်းသားတွင် ဆာလ်ဖာအမြောက်အမြားပါဝင်ပြီး သံ ၁၅% ပါဝင်သည်။ အလယ်သားတွင်ပါသော သံနှင့်ဆိုပါက သံပါဝင်မှု သည် ၂၇ % ရှိပါမည်။ ကမ္ဘာ၏ သံပါဝင်မှုသည် ၄၀% ဖြစ်ရာ နေနှင့်ဝေးကွာသွားပါက ဂြိုဟ်များတွင် သံပါဝင်မှုနည်းသွားနိုင်ပါသည်။ မျက်နှာပြင်တွင် သံပါဝင်မှုကြောင့် အင်္ဂါဂြိုဟ်၏ မျက်နှာပြင်မှာ အနီရောင်ဖြစ်ကာ ဂြိုဟ်နီ (Red Planet) ဟူ၍ တင်စားခေါ်ထားကြပါသည်။

အင်္ဂါဂြိုဟ်တွင် ရေစီးကြောင်းများကို တွေ့ရသောကြောင့် တစ်ချိန်တစ်ခါက ထိုဂြိုဟ်ပေါ်၌ ရေအမြောက်အမြားရှိမည်ဟု လက်ခံထားကြသည်။ ထိုရေများသည် ရေခဲအဖြစ် မျက်နှာပြင်အောက်တွင် ပိတ်မိနေသည်ဟု သိပ္ပံပညာရှင်တို့က ယူဆလက်ခံထားကြသည်။

တစ်ချိန်က အင်္ဂါဂြိုဟ်၏လေထုသည် ဖန်လုံအိမ်အာနိသင် ဖြစ်နိုင်လောက်အောင် ထူထူထဲထဲဖြစ်ခဲ့လိမ့်မည်။ ထိုအချိန်က ဖန်လုံအိမ်အာနိသင်ဖြင့် ဂြိုဟ်သည် ပူနွေးနေရာ ရေသည် အရည်ဘဝတွင် ရပ်တည်နိုင်ခဲ့ပေလိမ့်မည်။

ထိုအခါ လေထုထဲမှ ကာဘွန်ဒိုင်အောက်ဆိုက်များသည် ရေအိုင်များနှင့် သမုဒ္ဒရာများတွင် အရည်ပျော်ပြီး ကာဘွန်နေရုပ်ကျောက်များအဖြစ် အနယ်ထိုင်သွားသည်။

ဤဖြစ်ရပ်မျိုး ကမ္ဘာတွင်လည်း ဖြစ်ခဲ့ဖူးရာ ပလိပ်ပြားများ ထိပ်တိုက်. တိုက်မှုဖြစ်စဉ်မရှိခဲ့သော အင်္ဂါဂြိုဟ်တွင် လေထဲသို့ ကာဘွန် ဒိုင်အောက်ဆိုက်အပေါက် ဖြတ်ရောက်ခြင်းမရှိတော့ပေ။ လေဖိအားကျဆင်းသွားသောကြောင့် အပူချိန်လျော့နည်းလာကာ ရေများခဲပြီးမျက်နှာပြင်အောက်သို့ ရောက်ရှိသွားခြင်းဖြစ်သည်ဟုဆိုပါသည်။

ယနေ့ခေတ်တွင်အမေရိကန်အာကာသစူးစမ်းလေ့လာရေးအဖွဲ့(NASA)ကအင်္ဂါဂြိုဟ်ကို ဂြိုဟ်နီကြီး (The Red Planet) ဟူ၍ အတည်ပြု သုံးစွဲလာပြန်ပါသည်။

မြန်မာတို့၏ နက္ခတ္တဗေဒပညာရပ်တွင် အင်္ဂါဂြိုဟ်သည် **တာရာဂြိုဟ်(၈)လုံးတွင်** တစ်လုံးအပါအဝင်ဖြစ်ပြီး ယင်းကို ပါပဂြိုဟ်ဟူ၍ သတ်မှတ်ထားပါသည်။ (**မြန်မာတို့အယူအဆ**တွင် တနင်္ဂနွေ၊ အင်္ဂါ၊ စနေနှင့် ရာဟုဂြိုဟ်တို့ကို မကောင်းကျိုးပေးသော ဂြိုဟ်ဆိုး (ပါပဂြိုဟ်) ဟု သတ်မှတ်ထားပါသည်။

အင်္ဂါဂြိုဟ်၏ စိတ်သက်အကျိုးမှာ ထက်မြက်သည်၊ ကြမ်းတမ်းသည်၊ ခက်ထန်သည်၊ လျင်မြန်သည်ဟု ဆိုပါသည်။ ကောင်းကင် ဂြိုဟ်ပြ၊ ဂြိုဟ်ထား၊ ဂြိုဟ်သွားဂြိုဟ်လာအရ ယင်းအင်္ဂါဂြိုဟ် သွားရိုးသွားလမ်းကြောင်းအတိုင်းမသွားဘဲ ဖောက်ဖောက်ပြန်ပြန်သွားသော ကာလအချိန်မျိုးတွင် အင်္ဂါဂြိုဟ်၏အရောင်မှာ မူလပင်ကို အရောင်နီဖြူဖြော့အရောင်ထက် အနီရောင်လွန်ကဲ၍ အင်အားပြတ်သား ပေါ်လွင်လျက်ရှိသည်ဟု ဆိုပါသည်။

နက္ခတ္တဝေဒ၊ ပညာရပ်အလိုအရ မန္ဒဖလတက်လေလေ၊ ဖောက်ပြန်အား များလေလေဖြစ်သည်။ ဖောက်ပြန်အားများလာပါက မီးကျီးခဲအရောင် (အနီရောင်ရဲရဲ) လွှမ်းလာသည်ဟု ဆိုပါသည်။

(ထို့ကြောင့် ယင်းကို သက္ကတဘာသာအရ မီးကျီးခဲကို အင်္ဂါရဟုခေါ်ရာမှ မြန်မာဝေါဟာရ၊ အင်္ဂါဂြိုဟ်ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။)

အင်္ဂါဂြိုဟ်၏သဘာဝသည်နဂိုဂြိုဟ်ပုံမှန်အရတည်ငြိမ်သော်လည်းအသွားဖောက်ပြန်သောကာလ (ဝက္က၊ သိဃ်၊ နီယထုံ) တို့၌ အခြားသော ဗုဏ္ဏဇာဂြိုဟ်တို့နှင့်မတူဘဲ အံ့သြလိတ်တာဖောက်ပြန်မှုအားများတတ်သော တစ်မူထူးခြားသောဂြိုဟ်ဟု ဆိုကြပါသည်။

(အကြောင်းမှာ မန္ဒဖလ (2.e, n degree-equation of centre) သံ-၃၂-ပေ ၃-လက်မ အထိတက်နိုင်သော ဂြိုဟ်ဖြစ်သည်ဟု နက္ခတ္တဝေဒအရ တွက်ချက်သည်ဟု ဆိုပါသည်။

ဤအင်္ဂါဂြိုဟ်သည် လူသားတို့နှင့်တကွ ဤကမ္ဘာမြေကြီးပေါ်သို့ ဩဇာသက်ရောက်မှု ရှိနေကြောင်းကို လွန်ခဲ့သော နှစ်ပေါင်းများစွာကပင် ဝါရဟိမိရ ရသေ့ပညာရှိတို့က ဆိုခဲ့ကြသည်ဟုဆိုပါသည်။

အင်းဝခေတ် ဘကြီးတော်မင်းလက်ထက် မောင်းထောင် သာသနာပိုင်တစ်ဖြစ်လဲ အမတ်ကြီးမဟာဓမ္မသင်္ကြံစီရင်သောနေမိတ္တကဝိဇ္ဇာကျမ်း၌ကောင်းကင်ဂြိုဟ်နက္ခတ်တာရာတို့ ဗုဏ္ဏစရိယာသီဟရာဇာ နီယထုံသွားရာ၌ အစီအရင်သွားပြဆိုချက်၊ ဂြိုဟ်တို့၏အမျိုးအစားကို ပြဆိုချက်၊ ဂြိုဟ်တို့၏ အတိတ်နိမိတ်ထင်မြင်ဖူးသော အတိတ်ထုံးစံတို့ သာဓကအမြွက်စကားကို ပြဆိုထားပါသည်။

ယင်းတွင် ပါရာသျှတ္တရဂျမ်းမှ ထုတ်နှုတ်ပြဆိုသော ဗျူသ္တစရိယ သီဟရာဇာ၊ နိယထုံ သွားရာ အပေါလက်ာ၌ - ဗျူသ္တဇာနိယထုံကျင့်မှု ဟူသည် -

"ပန္နရသ၊ ကျယ်စွာသချာ၊ ဘုံသာရိပ်လယ်၊ မြူးစံပယ်သား၊ တင့်တယ်ရောင်ဝါ၊ ဂြိုဟ် အင်္ဂါကား၊ မာသာဒွယ၊ သဘာပဖြင့်၊ ပြောင်းကြမှုန်၊ လျင်ထန်သွားခြင်း၊ မင်း၏မိဘ၊ သေကုန် ကြအံ့၊ ထိုမှတစ်ဖန် ပြောင်းပြန်ဗျူသ္တစရိယာ၊ အမတ်လျာတို့၊ များစွာပုန်ကန်၊ ပြည်ခွင်မလုံ၊ နိယတုံဟု၊ နေတုံအမြဲ၊ လွန်ပြောင်းခဲမှု၊ မလွဲဧပါဒ်၊ ဖြစ်ချင်ကတ်သည်၊ သူမြတ်ရဟန်းကြမ္မာ တည်း"

ဟု ဖွင့်ဆိုရေးသားထားသည်ကို တွေ့ရပါသည်။

အာကာသစကြာဝဠာကြီးကို စိုးမိုးရန် ကြံဆနေကြသော နာဆာနှင့် သိပ္ပံပညာရှင်တို့ သည် အင်္ဂါဂြိုဟ်(ဂြိုဟ်နီ)၏ အကျိုးသက်ရောက်မှုတို့က မိမိတို့၏ ကမ္ဘာလောကနှင့် တိုက်ရိုက် ပါဝင်ပတ်သက်နေကြောင်း စဉ်းစား မှုမရှိကြပါ။

သဘာဝအမှန်တွင် ဤနေစကြာဝဠာကြီးနှင့် တနင်္ဂနွေဂြိုဟ်မင်းအပါအဝင် ရှိရှိသမျှ အရာဝတ္ထုတို့သည်ယင်းတို့အပြန်အလှန် ရိုက်ခတ်လျက်ရှိသော သံလိုက်လှိုင်း (magnetic field) နှင့် မကင်းကြပါ။

သို့အတွက် လူသားတစ်ဦးနှင့်ဖြစ်စေ၊ ဤကမ္ဘာမြေ၌ဖြစ်စေ သူရိယ၊ (နေမင်း) ဖြစ်စေ လွှမ်းခြုံထားသော သံလိုက်လှိုင်းတို့ ချို့ယွင်းပျက်စီးခဲ့ပါမူ ထင်ရှားသော အကျိုးသက်ရောက်မှု တစ်ခုခု ရှိလာနိုင်သည် ဟု ဆိုကြပါသည်။

ဤကဲ့သို့ သံလိုက်လှိုင်းများ ပျက်ယွင်းမှုကြောင့် နေ၏ပရမာဏုမြူ စွမ်းအင်ကျဆင်း ကာ နေဝန်းမျက်နှာပြင်ပေါ်၌ အမဲစက် (Sunspot) များဖြစ်ပေါ်စေတတ်သလို ယင်းအမဲစက် များဖြစ်ပေါ်နေချိန်နှင့် ယှဉ်၍ နေသဗ္ဗကြတ်ခြင်း (Total Solar Eclipse) သို့မဟုတ် လသဗ္ဗကြတ် ခြင်း (Lunar Eclipse) တို့ဖြစ်ပေါ်မှုနှင့် တိုက်ဆိုင်နေပါက ကမ္ဘာမြေကြီး၏ မြောက်ဝင်ရိုးစွန်းနှင့် တောင်ဝင်ရိုးစွန်းများသို့ သံလိုက်မှန်ကိုင်းများ ပိုမိုကျရောက်စေပြီး ကြီးမားသော သဘာဝဘေး အန္တရာယ်များ ကျရောက်စေတတ်သည် ဟု ဆိုပါသည်။

သို့ဖြစ်၍ ဤကမ္ဘာမြေကြီးသို့ ကြီးမားသော ပေါက်ကွဲမှုကြီးများနှင့် လူသားများအပေါ် ကျရောက်ရာ၌သော်လည်းကောင်း၊ ကြီးမားသောပေါက်ကွဲမှုကြီးများနှင့် လူသားတို့၌ သွေး ထွက်သံယိုမှုများ ဖြစ်ကြရာ၌သော်လည်းကောင်း၊ လူတို့၏စိတ်မြန်ဆန်မှုခိုက်ရန် ဖြစ်ပွားလိုမှု၊ စစ်မက်အင်္ဂါ ကြီးထွားလာမှုစသည့် အနိဋ္ဌာရုံများဖြစ်ပေါ်လာမှုတို့သည်လည်းကောင်း ဤအင်္ဂါ ဂြိုဟ်ဖောက်ပြန်မှု၏ အကျိုးဆက်များဖြစ်သည် ဟု ပညာရှင်တို့ ဆိုကြပါသည်။

အင်္ဂါဂြိုဟ်အပါအဝင် ဤနေစကြာဝဠာအတွင်း၌ ပါဝင်သော ဂြိုဟ်များ၏ ပေါင်းစပ်ဖွဲ့ စည်းမှု (Combination) နှင့် အမြင်၊ အယှဉ်၊ အပြိုင်တို့မှလာသော ကော့စမစ်ရောင်ခြည် (Cos-

milray) တို့သည် လူသားတို့၏ဦးနှောက် (Sensor) များသို့လည်းကောင်း၊ ဂြိုဟ်တု (Settlite) ဆက်သွယ်ရေးနှင့် အာကာသယဉ် (Electronic Sensor) များသို့လည်းကောင်း၊ တိုက်ရိုက် အကျိုးသက်ရောက်မှုများ ရှိနေတတ်ပါသည်။

လူသားတို့၏ဦးနှောက်သည်အလင်း (Light) သို့မဟုတ် (Ray's)တို့နှင့်လည်းကောင်း၊ အသံလှိုင်း (Sound wave)တို့နှင့်လည်းကောင်းထိတွေ့တုံ့ပြန်မှုများကို အမြင်အကြားခံစားမှု အာရုံများအရဖြင့် သက်သေခံနေကြပြီးဖြစ်ပါသည်။

ထိုအလင်းလှိုင်း၊အသံလှိုင်း၊ရောင်ခြည်လှိုင်းစသည်တို့ရိုက်ခတ်မှုများကြောင့်လူသား တို့၌ပြစ်မှုကျူးလွန်ခြင်း၊ စိတ်မြန်လက်မြန်ရှိလာခြင်း၊ ခိုက်ရန်ဖြစ်ပွားလာခြင်းများအပြင်၊ ဆေး သိပ္ပံလောက၌လည်းကောင်း၊အင်ဂျင်နီယာသိပ္ပံလောက၊ရေကြောင်းလေကြောင်းသိပ္ပံလောက များ၌လည်းကောင်း၊ အာကာသသိပ္ပံဆိုင်ရာများ၌လည်းကောင်း၊ လူတို့၏အမှားအယွင်းချွတ် ယွင်းချက် (Human error) များဖြစ်ပွားလာရခြင်းတို့သည်လည်းကောင်း၊ ဤအင်္ဂါဂြိုဟ်ဖောက် ပြန်မှု အကျိုးဆက်ရလဒ်များကြောင့် ရာခိုင်နှုန်းများစွာဖြစ်ကြရသည်ဟု ဆိုပါသည်။

အလားတူ လူသားတို့၌ဦးနှောက်ကြောပြတ်ရခြင်း၊ နှလုံးသွေးကြောပေါက်ခြင်း၊ နှလုံး ရုတ်တရက်ရပ်ခြင်း (Heart attack) ရရှိခြင်းစသော ရုတ်တရက် ရောင်တခင်ဖြစ်ရပ်များတို့မှာ လည်း ဤအင်္ဂါဂြိုဟ်ဖောက်ပြန်မှု ဂယက်ရိုက်ခတ်မှုများကြောင့် ဖြစ်ပေါ်လာရသော အကျိုး ဆက်များဖြစ်သည်ဟုဆိုပါသည်။

ပညာရှင်တို့က အင်္ဂါဂြိုဟ် ဝက္ကသွားခြင်း၊ ဗျူဟာဇာကျင့်ခြင်း (Mars Restrogrademo-tion) အချိန်အခါမျိုး၌ စီးပွားရေးလောကတွင် ဖက်စပ်လုပ်ကိုင်နေကြသူတို့ (declination) များ စွာ ကွာဟမှုများအပေါ် အခြေခံ ကွဲရပြဲရတတ်သလို ကြီးမားသော ဆုံးရှုံးနစ်နာမှုကြီးများနှင့် လည်း ရင်ဆိုင်ရသည်။ ခရီးသည်တင်လေယာဉ်များ စစ်လေယာဉ်များ၊ ခဲယမ်းမီးကျောက်စသည့် လက်နက်ပစ္စည်း သိုလှောင်ရုံများကို ဤအချိန်တွင် အထူးဂရုပြုရမည်ဟုဆိုပါသည်။

အင်္ဂါဂြိုဟ် (Mars) သည် နေစကြဝဠာအတွင်း နေမှ စတုတ္ထမြောက် အကွာအဝေး တွင်တည်ရှိသော ဂြိုဟ်ဖြစ်ပါသည်။ ရှေးရောမခေတ်အခါက ထိုဂြိုဟ်ကို စစ်နတ်ဘုရားများ ဂြိုဟ်ဟုခေါ်ကြပါသည်။ ယင်း၏အရောင်များ နီဖြူကျင်ကျင်အရောင်ရှိသဖြင့် ဂြိုဟ်နီဟုခေါ် ကြပါသည်။

အင်္ဂါဂြိုဟ်သည် အချင်းဒိုင်ယာမီတာ ၆၇၈၇ - km ရှိပြီး မိမိ၏ဝင်ရိုးပေါ်တွင် လည်ပတ် နှုန်းမှာ ၂၄ နာရီ ၃၇ မိနစ် နှုန်းဖြင့် နေပတ်လမ်းကြောင်းအတွင်း လည်ပတ်လျက်ရှိသည်။

ယခုအခါကမ္ဘာဂြိုဟ်(Earth)နှင့် အလွန်နီးကပ်လျက်ရှိသည်၊ နေကိုတစ်ပတ်ပတ်မိ၍ (၆၈၇) ရက်ကြာမြင့်ပြီး နေမှ ကီလိုသန်းပေါင်း ၂၂၇၉ ကီလိုမီတာ ကွာဝေးသည်။

ဆုပြည့်စုံထွန်းစာပေ

အင်္ဂါဂြိုဟ်တွင် Phobos နှင့် Delmos အမည်ရှိဂြိုဟ်ရံ(လ) နှစ်စင်းရှိနေပြီး ယင်းတို့က ဆန့်ကျင်ဘက်လာရာအတိုင်း ဂြိုဟ်(လ)အား လှည့်ပတ်နေကြသည်။

နေစကြဝဠာအတွင်းမှ အင်္ဂါဂြိုဟ်အပါအဝင် ပလူတိုဂြိုဟ်၊ ယူရေးနပ်စ်ဂြိုဟ်နှင့် နက်ပကျွန်းဂြိုဟ်တို့ ဖွဲ့စည်းဖြစ်တည်ပုံ (combination) နှင့် အမြင်၊ အယူဉ်တို့ကသာ အတိတ်ကာလမှ ကမ္ဘာစစ်သမိုင်းကြီးများကို ရေးသားခဲ့ကြသလို အနာဂတ်သမိုင်းစာမျက်နှာကို ဖွင့်လှစ်ရန် တာစူနေကြသည်ဟု ပညာရှင်တို့က ဆိုကြပါသည်။

ဤအင်္ဂါဂြိုဟ်သည် စစ်နတ်ဘုရားဂြိုဟ် (god of war) ဖြစ်သည်နှင့်အညီ လူသားတို့အတွက် လောဘ၊ ဒေါသ၊ မောဟတရားများနှင့် ရက်စက်ကြမ်းကြုတ်မှုတို့၏ ဖန်တီးရှင် အရှင်သခင်ဖြစ်သည်ဟု ဆိုပါသည်။

၅။ ကြာသပတေးဂြိုဟ်

ကြာသပတေးဂြိုဟ်သည် နေအဖွဲ့အစည်းတွင် အကြီးဆုံးဂြိုဟ်ဖြစ်ပြီး နေအဖွဲ့အစည်းတစ်ခုလုံးရှိ ရုပ်ဒြပ်အားလုံး၏ ၇၀% ရှိကာ ကမ္ဘာ၏အချင်းထက် ၁၁ ဆကြီးပြီး နေ၏အချင်းထက် ၁၀ ငယ်သည်။

ကမ္ဘာ၏ဒြပ်ထုထက် ၃၁၈ ဆများသည်။ ကမ္ဘာ့သိပ်သည်းမှု၏ ၂၅% ရှိကာ ဟိုက်ဒရိုဂျင်နှင့်ဟီလီယံကဲ့သို့ ပေါ့ပါးသောဓာတ်ငွေ့များဖြင့်သာ ဖွဲ့စည်းထားသည်။

ကြာသပတေးဂြိုဟ်လေထု၏ တစ်ပတ်လည်ကာလများသည် လတ္တီကျူဒ်အလိုက် ပြောင်းလဲနေပါသည်။ ကြာသပတေးဂြိုဟ်ကို ကြည့်လျှင် အလွှာများကို မြင်တွေ့ရရာ ယင်းအလွှာများသည် တိမ်တိုက်နှင့် ဓာတ်ငွေ့များဖြစ်သည်။

ဤဂြိုဟ်တွင် လတ္တီကျူဒ်အလိုက် လေထု၏ တစ်ပတ်လည် ပြောင်းလဲနေမှုကြောင့် အလွန်လျင်မြန်သော ရေစီးကြောင်းများ ဖြစ်ပေါ်နေပါသည်။ ဂြိုဟ်၏မျက်နှာပြင်တွင် အမာခံမရှိ ဓာတ်ငွေ့များသာရှိသည်။ အဓိကပါဝင်သော ဓာတ်ငွေ့များမှာ ဟီလီယံနှင့် မော်လီကျူလာ ဟိုက်ဒရိုဂျင်တို့ဖြစ်ပေါ်သည်။

လေထုသည် အထက်ရောက်မြင့်လာသည်နှင့်အမျှ လေဖိအားလျော့နည်းပြီး အပူချိန် လျော့ကျလာပါသည်။

ဟိုက်ဒရိုဂျင်သည်ဂြိုဟ်အတွင်းသို့ ရောက်လာသည်နှင့် တစ်ပြိုင်နက်တည်း ဓာတ်ငွေ့ဘဝမှ အရည်ဘဝသို့ ပြောင်းလဲသွားသည်။ ပိုမိုနက်သော အတွင်းပိုင်းသို့ ရောက်လျှင်ကားလျှပ်စစ်စီးဆင်းနိုင်သော သတ္တုရည်အဖြစ်သို့ ပြောင်းလဲသွားသည်။

သိပ်သည်းမှုကိုကြည့်ပါက ဟိုက်ဒရိုဂျင်နှင့် ဟီလီယံသက် သက်ချည်းဖြင့်ဖွဲ့စည်းထား သည်မဟုတ်ဘဲ ကျောက်သတ္တုနှင့် ရေခဲများ အထိုက်အလျောက် ပါဝင်နိုင်သည်။ ယင်းသတ္တု တို့သည် ဂြိုဟ်(၂)ခုလုံး၏အလယ်ဗဟိုတွင် စုနေကြပါသည်။

ကြာသပတေးဂြိုဟ်တွင် ကိုယ်ပိုင်အလင်းရောင်ရှိသည်။ ယင်းဂြိုဟ်မှထုတ်လွှတ်သော စွမ်းအင်၏ ၆၅% သည် ယင်းတို့၏အတွင်းပိုင်းမှ ထွက်လာခြင်းဖြစ်သည်။

ကြာသပတေးဂြိုဟ်သည် လက်ရှိအရွယ်အစားသို့ရောက်အောင် ကျုံ့ဝင်ခဲ့ရာတွင် ဒြပ် ဆွဲအား စွမ်းအင်အများအပြားကို အပူစွမ်းအင်အဖြစ် ပြောင်းလဲခဲ့သည်။ ဂြိုဟ်၏ဖြစ်တည်စ ကာလတွင် ဤအပူစွမ်းအင်ကြောင့် လင်းနေ၏။ (၁%) နီးပါး ထွန်းလင်းတောက်ပခဲ့သည်။

ယနေ့ ယင်းဂြိုဟ်ထွန်းလင်းမှု၏အရင်းအမြစ်မှာ အဦးပိုင်း ကျုံ့ဝင်ခဲ့သောကာလ အတွင်းသို့ လှောင်ထားခဲ့သော အပူများကြောင့်ပင် ဖြစ်ပါသည်။

ကြာသပတေးဂြိုဟ်၌ ကွင်းများရှိကြောင်းကို ၁၉၇၉ - ခု၊ ဗွိုင်ယေဂျာအာကာသယာဉ် အမှတ်(၁)ဖြတ်သွားသောအချိန်မှ သိရသည်ဟု ဆိုပါသည်။ ကွင်းများသည် အချင်းချင်းတိုက် မိကြခြင်းကြောင့် အလွန်ပါးလွှာကြသည် ဟုဆိုပါသည်။

၆။ စနေဂြိုဟ်

စနေဂြိုဟ်သည် ကြာသပတေးဂြိုဟ်ထက်ငယ်သော်လည်း အခြားဂြိုဟ်အားလုံးထက် တော့ကြီးပါသည်။ ကမ္ဘာ့အချင်းထက် (၁၀) ဆကျော်ပြီး ကြာသပတေးဂြိုဟ်အချင်း၏ ၈၅% ခန့် ရှိပါသည်။ ယင်း၏ဒြပ်ထုမှာ ကမ္ဘာထက် ၉၅ ဆများပြီး ကြာသပတေးဂြိုဟ်မှအပ ကျန်ဂြိုဟ် အားလုံး၏ ၃ - ဆမျှရှိသည်။

ယင်းဂြိုဟ်၏သိပ်သည်းမှုသည် ရေ၏သိပ်သည်းမှုနှင့် နှိုင်းစာလျှင် ၆၉% သာရှိသဖြင့် ထိုဂြိုဟ်ကြီးကိုရေထဲသို့ထည့်လိုက်ပါက ပေါ့ပါးသော ဓာတ်ငွေ့များဖြင့်ဖွဲ့စည်းထားသောကြောင့် ရေတွင်ပေါ်နေမည်သာဖြစ်ပါသည်။

လေထု၏တစ်ပတ်လည်ကာလများသည် လတ္တီကျူ့အလိုက် အပြောင်းအလဲဖြစ်နေ သည့် အလွှာများကိုမြင်တွေ့ရပြီး ယင်းအလွှာများသည် တိမ်တိုက်နှင့်ဓာတ်ငွေ့များဖြစ်သည်။

လတ္တီကျူဒ်အလိုက် လေထု၏တစ်ပတ်လည် ပြောင်းလဲနေမှုကြောင့် အလွန်လျင်မြန် သောလေစီးကြောင်းများဖြစ်ပေါ်လာသည်။ ဤဂြိုဟ်တွင် မြေမျက်နှာပြင်အမာခံမရှိဘဲ ဓာတ်ငွေ့ များစွာရှိသည်။ ဟီလီယံနှင့် မော်လီကျူလာဟိုက်ဒရိုဂျင်တို့မှာ အဓိကပါဝင်သောဓာတ်ငွေ့များ ဖြစ်ပြီး လေထုသည် အပြင်သို့ရောက်သည်နှင့်အမျှ ဖိအားလျော့နည်းပြီး အပူချိန်ကျပါသည်။

ဟိုက်ဒရိုဂျင်သည် ဂြိုဟ်များအတွင်းသို့ ရောက်လာသည်နှင့်အမျှ ဓာတ်ငွေ့သည် အရည်ဘဝသို့ ပြောင်းလဲသွားပါသည်။ ပို၍နက်သော အတွင်းပိုင်းသို့ရောက်လျှင်ကား လျှပ်စစ် စီးဆင်းနိုင်သော သတ္တုရည်အဖြစ်သို့ ပြောင်းလဲသွားသည်။

သိပ်သည်းမှုကိုကြည့်လျှင် ဟိုက်ဒရိုဂျင်နှင့်ဟီလီယံသက်သက်ဖြင့် ဖွဲ့စည်းထားခြင်း မဖြစ်နိုင်ဟု ယူဆကြသည်။ ကျောက်သတ္တုနှင့်ရေခဲများ အထိုက်အလျောက် ပါဝင်ရမည်ဖြစ်ပြီး ယင်းသတ္တုများသည် ဂြိုဟ်၏အလယ်ဗဟိုတွင် စုနေကြသည်ဟု ဆိုပါသည်။

ဤစနေဂြိုဟ်တွင် ကိုယ်ပိုင်အလင်းရောင်ရှိသည်။ ယင်းမှထုတ်လွှတ်သော ၅၀% တို့သည် အတွင်းပိုင်းထဲမှ လာခြင်းဖြစ်ပါသည်။ စနေဂြိုဟ်၏ထွန်းလင်းမှုသည် အမာခံအတွင်းသား အတွင်းသို့ ယနေ့တိုင် ဆက်လက်ကျနေဆဲဖြစ်သော ဟီလီယံ၏သတ္တုကြောင့်ပင် ဖြစ်ပါသည်။

စနေဂြိုဟ်၏ကွင်းများကို လွန်ခဲ့သောနှစ်ပေါင်း(၃၅၀)ကတည်းက တွေ့ခဲ့သည်ဟု ဆိုပါသည်။ ထိုဂြိုဟ်များ၏ကွင်းများကား အလွန်ပါးလွှာသည်။ ယင်းဂြိုဟ်၏ကွင်းသည် ကန့်လန့်ဖြတ်အကျယ် ကီလိုမီတာ ၂၀၀၀၀၀ - ခန့် ရှိသော်လည်း ထုကမူ မီတာ ၂၀၀ ထက်ပင်နည်းသည်။

ကွင်းများဖြစ်ရခြင်းမှာ ကိုယ်ပိုင်ပတ်လမ်းရှိသော အမှုန်ပေါင်းမြောက်မြားစွာ စုမိသောကြောင့်ဖြစ်သည်။ ယင်းကွင်းများ အလွန်ပါးလွှာရခြင်းမှာ အမှုန်များအချင်းချင်း တိုက်မိကြခြင်းကြောင့်ဖြစ်သည်။

၇။ ယူရေနပ်စ်ဂြိုဟ်

ယူရေနပ်စ်ဂြိုဟ်ကို ၁၇၈၁ - ခု၊ မတ်လ(၁၃)ရက်နေ့တွင် ဝီလျံဟာရှဲလ်က စတင်တွေ့ရှိခဲ့ပြီး တတိယဂျော့ဘုရင်၏ အမည်ကိုဂုဏ်ပြုသောအားဖြင့် ဂျော်ဂျီယံဆစ်ဒပ်ဟု အမည်ပေးခဲ့သည်။

သို့သော် ဂျာမန်နက္ခတ္တပညာရှင် ဂျိုဟန်ဗုဒ် (Johan Bode)ကပေးသော ရောမဒဏ္ဍာရီတွင်ပါသော ဆေတန်၏ဖခင်ဖြစ်သော ယူရေနပ်၏အမည်သာ တွင်ကျယ်စွာ သုံးခဲ့ကြသည်။ ဆေတန်သည် ဂျူပီတာ၏ဖခင်ဖြစ်သည်။

ယူရေနပ်ဂြိုဟ်၏ဒြပ်ထုနှင့်အချင်းသည် ကမ္ဘာနှင့် ကြာသပတေးဂြိုဟ်တို့၏အကြား အလယ်တွင်ရှိသည်။ ကမ္ဘာ၏ဒြပ်ထုထက် ၁၅ - ဆ ခန့်ကြီးပြီး ကြာသပတေးဂြိုဟ်၏ ဒြပ်ထုထက်(၂၀) ခန့်ငယ်သည်။ ယူရေနပ်ဂြိုဟ်သည် နက်ပကျွန်းဂြိုဟ်ထက် အနည်းငယ်ပိုကြီးသော်လည်း ဒြပ်ထုကမူ အနည်းငယ်ပိုပြီးနည်းသည်။

ယူရေနပ်ဂြိုဟ်၏သိပ်သည်းမှုသည် ကြာသပတေးဂြိုဟ်၏ သိပ် သည်းမှုနှင့် အတူတူပင်ဖြစ်ပါသည်။ ယူရေနပ်ဂြိုဟ်သည် ကြာသပတေးဂြိုဟ်၊ စနေဂြိုဟ်တို့နှင့်စာလျှင် သေးငယ်လွန်းသဖြင့် ယင်းတို့၏ဖိအားသည် ဟိုက်ဒရိုဂျင်နှင့်ဟီလီယံတို့ကို ကြာသပတေးနှင့် စနေဂြိုဟ်တို့၏ လက်ရှိသိပ်သည်းမှုအဆင့်သို့ရောက်အောင် ဖိသိပ်နိုင်ခြင်းမရှိပေ။ သို့အတွက် ဤဂြိုဟ်တွင်

ရေသည်သာ အဓိက ပါဝင်ဖွဲ့စည်းထားသောအရာဖြစ်သည်ဟု နက္ခတ္တပညာရှင်များက ယုံကြည်ထားကြသည်။

ယူရေနပ်ဂြိုဟ်တွင် ကွင်းစနစ်ရှိသည်။ ကွင်းများသည် အစိုင်အခဲကြီးများပါဝင်သော ကွင်းကျင်းများနှင့်သာ ဖွဲ့စည်းထားသည်။ ကွင်းတစ်ကွင်းနှင့် တစ်ကွင်းကြားတွင် ဖုန်မှုန့်များနှင့် ပြည့်နက်နေသည်။

၈။ နက်ပကျွန်းဂြိုဟ်

နက်ပကျွန်းဂြိုဟ်ကို ၁၈၄၃ - ခုနှစ်တွင် ကိန်းဘရစ်တက္ကသိုလ်မှ သင်္ချာကျောင်းသား ဂျွန်ကောက်ချ်အဒမ် (Johan Couch Adam) က ထိုဂြိုဟ်ရှိမည့်နေရာကို တွက်ပြခဲ့သည်။ ၁၈၄၆ ခုတွင် ပြင်သစ်လူမျိုး လူငယ်နက္ခတ္တဗေဒပညာရှင် လီဗားနီးယား (Levernier) က ဤဂြိုဟ်သစ်နေရာကို အတိအကျ ထုတ်ဖော်တွက်ပြနိုင်ခဲ့သည်။

သို့ရာတွင် ဤလူငယ်(၂)ဦး၏တွက်ချက်တင်ပြချက်ကို အင်္ဂလိပ်၊ ပြင်သစ်ပညာရှင်တို့က အလေးထားခဲ့ခြင်း မရှိခဲ့ကြပေ။ ထို့ကြောင့် လီဗားနီးယားသည် ဂျာမန်ပြည်ဘာလင် နက္ခတ်ကြည့်မျှော်စင်မှ ဂျိုဟန်ဂေါလ်ထံသို့ စာရေးဆက်သွယ်ကာ အကူအညီတောင်းခဲ့သည်။

ထိုစာရသော ၁၈၄၆ - ခုနှစ်၊ စက်တင်ဘာ (၂၃) ရက်နေ့မှာပင် ဂျိုဟန်ဂေါလ်နှင့် တပည့်ကျောင်းသားတစ်ဦးတို့က ထိုနက်ပကျွန်းဂြိုဟ်ကို ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။

(သို့သော် နောက်ပိုင်းတွင် နက္ခတ္တပညာရှင်တို့က အဒမ်နှင့် လီဗားနီးယားတို့ကိုသာ အသိအမှတ်ပြုခဲ့ကြသည်။)

နက်ပကျွန်းဂြိုဟ်ကို တွေ့ရှိခဲ့ကြသဖြင့် သိပ္ပံပညာရှင်များသည် နောက်ဂြိုဟ်တစ်လုံးရှိလိမ့်ဦးမည်ဟူသော မျှော်လင့်ချက်ဖြင့် ဝိုင်းဝန်းရှာဖွေကြပြန်ရာ ထိုအထဲတွင် ပါစီဗက်လိုဝဲ (Percivallo Well) ဆိုသူ သည် ထင်ရှားခဲ့ပြီး ၁၉၀၅ ခုတွင် စတင်ရှာဖွေခဲ့ရာ သူကွယ်လွန်သော ၁၉၁၆ ခုတွင် အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့သည်။

ပါစီဗက်လိုဝဲ၏ရှာဖွေမှုကို ကလိုက်တွမ်ဗောင် (Clydetom baugh) က ၁၉၃၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၈) ရက်နေ့တွင် လိုဝဲ ဟောကိန်းထုတ်ခဲ့သောတည်နေရာနှင့် (၆) ဒီဂရီအတွင်းမှာ တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ (ထိုအသစ်တွေ့ရှိရသော ဂြိုဟ်၏အမည်မှာ ဗြိတိသျှမှ ၁၁ နှစ်သမီးကလေးတစ်ယောက်၏ အမည်ဖြစ်သည်ဟု ဆိုကြပါသည်။)

နက်ပကျွန်းဂြိုဟ်၏ဒြပ်ထုနှင့် အချင်းသည်လည်း ယူရေနပ်ဂြိုဟ်၏ဒြပ်ထုနှင့် အချင်းအတိုင်းပင်ဖြစ်သည်။ နက်ပကျွန်းဂြိုဟ်သည် ယူရေနပ်ဂြိုဟ်ထက် အနည်းငယ်သေးသော်လည်း ဒြပ်ထုကမူ အနည်းငယ်ပိုပြီးများပါသည်။

နက်ပကျွန်းဂြိုဟ်၏ သိပ်သည်းမှုသည် ကြာသပတေးဂြိုဟ်၏ သိပ်သည်းမှုထက် အဆ (၂၀%) ပို၍များပါသည်။ နက်ပကျွန်းဂြိုဟ်သည်လည်း ယူရေနပ်ဂြိုဟ်ကဲ့သို့ပင် ရေသည်သာ အဓိကပါဝင်ဖွဲ့စည်းထားသော ဂြိုဟ်ဖြစ်သည်ဟုဆိုပါသည်။

နက်ပကျွန်းဂြိုဟ်တွင် ကွင်းစနစ်များတည်ရှိပါသည်။ ဤဂြိုဟ်တွင် ပါးလွှာသော ကွင်း (၂)ကွင်းနှင့်ပိုကျယ်သော အတွင်းကွင်းတစ်ကွင်းရှိသည်။ ကွင်းအားလုံးကို အလွန်သေးငယ်သော အမှုန်များဖြင့် ဖွဲ့စည်းထားပါသည်။

၉။ ပလူတိုဂြိုဟ်

ပလူတိုဂြိုဟ်သည် မြေအောက် ကမ္ဘာမှ ရောမနတ်တစ်ပါး၏ အမည်ဖြစ်ပါသည်။ နေမှမိုင်ပေါင်း (၃၅၆၆) သန်း ကွာဝေးပါသည်။

ပလူတိုဂြိုဟ်သည် လထက်ပင်သေးငယ်သော ဒြပ်ထုရှိသဖြင့် ယူရေနပ်ဂြိုဟ်၏ပတ်လမ်းတွင် အနှောင့်အယှက်မပေးနိုင်ပေ။

ပလူတိုဂြိုဟ်၏ နေပတ်လမ်းကြောင်းသည် ဂြိုဟ်အားလုံးတွင် အထူးခြားဆုံးဖြစ်ပါသည်။ ယင်းဂြိုဟ်၏ နေပတ်လမ်းကြောင်းရှိ ပင်မဝင်ရိုးစွန်းတစ်ဝက်သည် (၄၀ - AU) ခန့်ဖြစ်သည်။

သို့ရာတွင် ပတ်လမ်းရွေ့စောင်းမှုများသဖြင့် ယင်းဂြိုဟ်နှင့်နေ အကွာအဝေးသည် အပြောင်းအလဲများတတ်ပါသည်။ ပလူတိုဂြိုဟ်သည် နေနှင့်(၅၀ကော)ကွာဝေးရာ နက်ပကျွန်းဂြိုဟ်နှင့် နေတို့၏ အကွာအဝေးထက် (၂)ဆနီးပါးခန့် ရှိသည်။

နေနှင့်အနီးဆုံးနေရာမှ ပလူတိုသည်နေနှင့် ၃၀ - AU ပင်မကွာသည့်အပြင်နက်ပကျွန်းဂြိုဟ်၏ နေပတ်လမ်းကြောင်းအတွင်းသို့ပင် ဝင်ရောက်နေပါသည်။

ပလူတိုတွင် လေထုမရှိသဖြင့် ကောင်းကင်သည် နေ့ရောညပါမဲမှောင်နေသည်။ နေ့ပိုင်းတွင် နေသည် ကြယ်တစ်လုံးသာသာ အစက်ကလေးတစ်စက်အဖြစ်သာ မြင်ရပါသည်။

သို့ရာတွင် နေသည် အခြားကြယ်များထက်နီးသောကြောင့် ညဥ့်အခါတွင် ကမ္ဘာပေါ်ရှိ လပြည့်နေ့ညထက် အလင်းရောင်များစွာ ပိုပြီးရပါသည်။

သို့သော်လည်း နေသည် အနွေးဓာတ်ကိုမူ ပေးနိုင်ခြင်းမရှိပါ။ ပလူတိုဂြိုဟ်၏မြေပြင် အပူချိန်သည် (၃၀-f) သာသာရှိသောကြောင့် ရေခဲနိုင်သော အပူချိန်ရှိသော်လည်း လေဖိအားမရှိသောကြောင့် ရေမခဲပါ။

နေသည်ကမ္ဘာမှမိုင်သန်းပေါင်း၉၃ သန်းခန့်ကွာဝေးရာထိုအကွာအဝေးကို၁ - AU ဟု သတ်မှတ်ထားသောကြောင့်ပလူတိုဂြိုဟ်တွင်နေအကွာအဝေးသည်၃၀ - AUမှ၅၀ - AUအတွင်း

မှာရှိသဖြင့် မိုင်ပေါင်း (၄၅၆၆) သန်းရှိပါသည်။ ထိုမျှလောက်ကွာဝေးသောကြောင့် နေကိုကြယ်သာသာအဖြစ်သာ မြင်ရခြင်းဖြစ်ပါသည်။

ပလူတိုဂြိုဟ်နှင့်ပတ်သက်၍ ချက်နိုင်ငံ၊ ပရာဟာမြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒအသင်း(၂၆)ကြိမ်မြောက် အထွေထွေညီလာခံ၌ ယခင်ကာလရှည်စွာ စကြဝဠာမိသားစုတွင်း ထည့်သွင်းလက်ခံထားခဲ့သော ပလူတိုဂြိုဟ်ကို ဂြိုဟ်ကြီး ၉ လုံးစာရင်းမှ ပယ်ဖျက်လိုက်ပြီး သာမန်ဂြိုဟ်သိမ်ဂြိုဟ်ငယ်အဖြစ် သတ်မှတ်ထားလိုက် ကပါသည်။

ယင်းညီလာခံမှ နက္ခတ္တပညာရှင်တို့သည် နက္ခတ်ဗေဒပြဿနာအရပ်ရပ်တို့ကို ဆွေးနွေးကြပြီး အရေးကြီးသော ဆုံးဖြတ်ချက်(၆)ရပ်ကို ချမှတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်(၆)ရပ်မှာ - (SIX 1AV Resoultion)

၁။ နေကြတ်၊ လကြတ်ခြင်းနှင့် စပ်လျဉ်းသော ရှေးကတွေ့ကြုံခဲ့ကြရသောကိစ္စရပ်များမှ ပညာရပ်ဆိုင်ရာ အယူအဆ အဆိုအမိန့်များအပေါ်မှီ၍ နေကြတ်၊ လကြတ်ခြင်း အဓိပ္ပာယ်သတ်မှတ်ချက်ချမှတ်ခြင်း

1. Resoultion 1 for GAXXVI

precession Theory and Definition of the Eclipse.

၂။ ဆုံးဖြတ်ချက် ၂ - ၁ - AU ၂၀၀၀ ဆုံးဖြတ်ချက်များမှ ဂြိုဟ်များဆိုင်ရာကိစ္စရပ်တွင် နောက်ဆက်တွဲ ရည်ညွှန်းစံနစ်များ သတ်မှတ်ခြင်း

2. resolution-2 for gaxxvi

suplement to the 1AU 2000 resoultion on reference systems.

၃။ ဆုံးဖြတ်ချက် ၃ အစဉ်ပြောင်းလဲနေသော ဗယ်ရီစင်ထရမ်အချိန် T.D.B ၏အဓိပ္ပာယ်သတ်မှတ်ချက်ကို ပြန်လည်၍ဖွင့်ဆိုခြင်း

3. Resoulation 3 -for GAXXVI

Redefiniton of Barycentric Dynamical time T.D.B

၄။ ဆုံးဖြတ်ချက် - ၄၊ အများပြည်သူတို့ဆိုင်ရာ နက္ခတ္တဗေဒပညာဆက်သွယ်ရေး ဝါရှင်တန်သဘောတူညီချက်စာတန်းကို လက်ခံအတည်ပြုခြင်း

4. Resoultion-4- for GAXXVI

Endorsement of the Washinton Charter for

Communicating Astronomy with the Public.

ဆုပြည့်စုံထွန်းစာပေ

၅။ ဆုံးဖြတ်ချက် - ၅(က) ဂြိုဟ်နှင့်ပက်သက်၍ အဓိပ္ပာယ်သတ်မှတ်ခြင်း

5. Resoultion-5A -Definiton of planet အဓိပ္ပာယ်သတ်မှတ်ခြင်း

၆။ ဆုံးဖြတ်ချက် - ၆(က) - ပလူတိုဂြိုဟ်၏ဒြပ်ဝတ္ထုအဆင့် အဓိပ္ပာယ်သတ်မှတ်ခြင်း

6. Resoultion-6 A Definition of Pluto-class object

ထိုအစည်းအဝေးမှအောက်ဖော်ပြပါအဓိပ္ပာယ်သတ်မှတ်ချက် အရပ်ရပ်တို့ကိုလည်း သဘောတူခဲ့ကြပါသည်။

ဂြိုဟ်၏အနက်အဓိပ္ပာယ်မှာ ကောင်းကင်၌ဖြစ်သော ကိုယ်ပိုင်အလင်းရောင်မရှိဒြပ်ဝတ္ထုဖြစ်သည်။ ယင်းဂြိုဟ်တို့သည်...

(က) နေကိုဝန်းရံပတ်နေသော ဂြိုဟ်ပတ်လမ်းကြောင်း (orbit) ရှိခြင်း

(ခ) လုံလောက်သောဒြပ်ထု(sufficient mass) ရှိ၍ ကိုယ်ပိုင်ဆွဲငင်အား(self-gravity) ဖြင့်တောင့်တင်းသော ဒြပ်အရှိန် (regitd body forces) ရှိပြီးလျှင် ယင်းဒြပ်ဝတ္ထုပတ်လည်တွင်လည်း ငွေ့ရည်မျှခြေ (hydrostatic equilibrium) အခြေအနေဖြင့် အနီးစပ်ဆုံး လုံးဝန်းသောသဏ္ဍာန်ရှိခြင်း

(ဂ) ဝန်းပတ်နေသောလမ်းကြောင်းတစ်ဝိုက်၌လည်းရှင်းလင်းပြတ်သားသော ကိုယ်ပိုင်အလင်းရှိခြင်း စသည်ဖြင့် သတ်မှတ်ထားသည်။

ဤအဓိပ္ပာယ်သတ်မှတ်ချက်များ၏ဆိုလိုရင်းမှာ နေစကြဝဠာတွင် ဂြိုဟ်ကြီး(၈)လုံး တို့ကိုသာလျှင် ပါဝင်ခွင့်ရှိရမည် ဖြစ်ပါသည်။

ယင်းဂြိုဟ်များမှာ -

၁။ မာကျူရီ (Mercury)

၂။ ဗီးနပ်စ် (Vennus)

၃။ ကမ္ဘာမြေ (Earth)

၄။ မားစ် (Mars)

၅။ ဂျူပီတာ (Jupiter)

၆။ ဆေတန် (Satum)

၇။ ယူရေးနပ်စ် (Uranus)

၈။ နက်ပကျွန်း (Neptums) တို့ဖြစ်သည်။

ထပ်မံရှာဖွေတွေ့ရှိသော ဂြိုဟ်သိမ်များ

အသစ်ရှာတွေ့ရှိကြသောထင်ရှားသောဒြပ်ဝတ္ထုများကိုဂြိုဟ်သိမ် (dwarf planets) အဖြစ် သိပ္ပံပညာနှင့် နက္ခတ်ပညာရှင်အားလုံးက သတ်မှတ်ကြသည်။

ဂြိုဟ်နှင့် ဂြိုဟ်သိမ် (၂)မျိုးလုံးမှာ ထင်ရှားသိသာသော ဒြပ်ဝတ္ထုများ ဖြစ်နေကြပါသည်။

ပထမဆုံးတွေ့ရှိရသော ဂြိုဟ်သိမ်ဆိုသည်မှာ ဆီရက်စ် (ceres) ပလူတို (pluto) နှင့် ယာယီအမည်ပေးထားဆဲဖြစ်သော ၂၀၀၃ UB 313 တို့ဖြစ်ကြပါသည်။ ယင်းဂြိုဟ်သည် ပလူတိုထက် ပို၍ကြီးသော ဒြပ်ပတ္တုတစ်ခုဖြစ်သည်။ ယင်းကို ကယ်လီဖိုးနီးယားတက္ကသိုလ်မှနက္ခတ္တဗေဒပညာရှင်မိုက်ကယ်ဘရောင်းဆိုသူက ၂၀၀၃ - ခုနှစ်ကဟတ်ဘယ်နက္ခတ်တာရာမျှော်စင်မှ အာကာသမှန်ပြောင်းဖြင့် တိုင်းတာခဲ့ရာ အချင်း ၁၀၄၉ - မိုင်ရှိပြီး ပလူတိုထက် မိုင် (၇၀)ပိုကြီးကြောင်း တွေ့ရှိခဲ့ပါသည်။

နက္ခတ်ပညာရှင်အချို့က မိုက်ကယ်ဘရောင်း ရှာဖွေတွေ့ရှိခဲ့သော ဤဒြပ်ဝတ္ထုကို ဘရောင်းကဇိနာဟု အမည်ပေးခဲ့ကြသည်။

ထိုဒြပ်ဝတ္ထုပေါ်နေချိန်တွင် အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒအသင်းကြီး (IAU) အစည်းအဝေးကျင်းပနေချိန်ဖြစ်ပြီး ပလူတိုဂြိုဟ်ကို ဆန်းစစ်နေချိန်လည်း ဖြစ်ပါသည်။ ထို ညီလာခံက ယင်းကို ဂြိုဟ်သိမ် (dwarf planets) အဖြစ်လက်ခံ၍ ၂၀၀၃ UB ၃၁၃ ဟု အမည် ပေးခဲ့သည်။

သုံးလေးနှစ်ကြာ၍ IAU ၏(၂၆)ကြိမ်မြောက် အစည်းအဝေးတွင်မူ ပလူတိုဂြိုဟ်ကို ပယ်ပြီး သာမန်ဂြိုဟ်အဖြစ် သတ်မှတ်ခဲ့ကြသည်။

အဘယ်ကြောင့်သတ်မှတ်သနည်းဆိုသော် နေစကြဝဠာအတွင်း၌ ဂြိုဟ်သိမ်ပေါင်း (၄၀)ကိုထပ်မံတွေ့ရှိကြပြီး ယင်း(၄၀)အနက် ဆီရက်(စ်) (ceres) နှင့် ၂၀၀၃ UB ၃၁၃ ယာယီ ပေးထားသောအမည် (xena) ဂြိုဟ်သိမ်တို့က ပလူတိုထက်ကြီးမားသော ဂြိုဟ်သိမ်ဖြစ်နေသောကြောင့် ဖြစ်ပါသည်။

၂၀၀၃ UB ၃၁၃ ဂြိုဟ်ကိုဒေါက်တာမိုက်ဘရောင်းကပင် ဆန်ဒီယေးမြို့အနီးရှိပါလိုမာ လေ့လာရေးစခန်းမှ အချင်း ၄၈ - လက်မရှိ ဆင်မျူယယ်အော့စ်ချင်နက္ခတ်တာရာကြည့်မှန်ပြောင်းဖြင့် ကြည့်ခဲ့ရာ အလွန်ဝေးကွာသော နေစကြဝဠာအစွန်းမှ ဂြိုဟ်တစ်လုံးကို တွေ့ရှိ၍ (၃၁ - ၁၀ - ၂၀၀၃)နေ့တွင် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးခဲ့သည်။ ထိုဂြိုဟ်သည် နေစကြဝဠာ

အတွင်း အာကာသဟင်းလင်းပြင်တွင် တရွေ့ရွေ့ ရွေ့လျားနေသည်။ ထိုဂြိုဟ်သစ်ကို (1AU) က ၂၀၀၆ ခု၊ ဇန်နဝါရီလတွင် ၂၀၀၃ UB ၃၁၃ ဟု အမည်ပေးခဲ့ခြင်း ဖြစ်ပါသည်။

ပညာရှင်အသင်းက ဂြိုဟ်ဆိုသည်မှာ ယင်းဝန်းပတ်လျက်ရှိသော ဂြိုဟ်လမ်းကြောင်း အတွင်းသို့ မည်သည့်ဒြပ်ဝတ္ထုမဆို ဝင်ရောက်လာပါက မိမိကိုယ်ပိုင်စွမ်းအားဖြင့် လွှမ်းမိုးထား နိုင်ရမည်ဟူသော သိပ္ပံပညာရှင်တို့၏ သတ်မှတ်ချက်အရ ပလူတိုမှာ ယင်းပတ်ဝန်းကျင်အနီး ရှိ ဒြပ်ဝတ္ထုများအပေါ်၌ လွှမ်းမိုးနိုင်စွမ်းမရှိချေ။

ယင်း၏အနီးပတ်ဝန်းကျင်တွင် ချာရွန်(Charom)အမည်ရှိ ပလူတို၏ပမာဏထက် ထက်ဝက်မျှမက ကြီးမားသော လတစ်စင်းရှိပါသည်။ ယင်းလကိုလည်း ပလူတိုက ကိုယ်ပိုင် ဆွဲငင်အားဖြင့် လွှမ်းမိုးထားနိုင်ခြင်းမရှိပေ။ အမှန်အားဖြင့် နေစကြာဝဠာအတွင်းရှိ ဂြိုဟ်ကြီး များသည် ယင်းတို့အနီးရှိ ဒြပ်ဝတ္ထုများကို အမြဲတမ်း ထိန်းချုပ်ထားနိုင်သော စွမ်းအားရှိရ သည်။

ထို့အပြင် ယင်းတို့၏ ကိုယ်ပိုင်ဂြိုဟ် ပတ်လမ်းကြောင်းထဲသို့ ဝင်ရောက်လာကြသော ဂြိုဟ်သိမ်ဂြိုဟ်မွှား (asterouds) များ၊ ကြယ်ပျံကြယ်တံခွန်များ (comets) နှင့်အခြားသော ပြို ပျက်ကွဲကျေလျက်ရှိသော ဂြိုဟ်ပျက်ဂြိုဟ်ပဲ့ကလေးများ (debris)တို့အား မိမိကိုယ်ပိုင် ဂြိုဟ် ပတ်လမ်းကြောင်း (orbits)အတွင်းမှ လွှမ်းမိုး (dominate) လျက် ဖယ်ထုတ်နိုင်သော စွမ်း အား (sweep-up) ရှိရမည်။

ပလူတိုတွင် ထိုကဲ့သို့သော ကိုယ်ပိုင်စွမ်းအားများ အလျဉ်းမရှိသောကြောင့် ရှေးက ဂြိုဟ်စစ်ဂြိုဟ်မှန်ဟု သတ်မှတ်ယုံကြည်ထားခဲ့သော်လည်း ယနေ့အဖို့မူ ဂြိုဟ်သိမ်အဖြစ် သတ် မှတ်ကြပြီး ယခင်က ဂြိုဟ်ကြီး (၉)လုံးအစား သိပ္ပံပညာရှင်နှင့် နက္ခတ္တပညာရှင်တို့က (၈)လုံး သာ လက်ခံကြတော့သည်။

ကြယ်တံခွန်(coment)ကဲ့သို့သော သေးငယ်သော ရေခဲတုံးကလေးများဖြင့် ဖွဲ့စည်း ထားသောအရာဝတ္ထုများသည်လည်း သူ့လမ်းကြောင်းနှင့်သူ ကြယ်(နေ)စနစ်များအတွင်းလှည့် ပတ်နေကြပါသည်။

ဂလက်ဆီတစ်ခုအတွင်း၌ ကြယ် (နေ) သန်းပေါင်းများစွာရှိပြီး ပျက်စီးချုပ်ငြိမ်းလျက် ရှိသော ကြယ်များရှိနေကြသလို ကြယ်အသစ်များလည်း ပေါ်ပေါက်လျက်ရှိသည်။

ဆွဲအားအလွန်ကောင်းသော ဂလက်ဆီများ၏ဗဟိုတွင် ရေမတွင်းနက်ကြီးရှိသည် ဟု နက္ခတ္တပညာရှင်များက ယူဆကြသည်။ တွင်းနက်ဆိုသည်မှာ နက်ရှိုင်းသောတွင်းကြီးကို ဆိုလိုခြင်းမဟုတ်၊ ဆွဲအားအလွန်ကောင်းသော အလင်းရောင်မဲ့ဒြပ်မဲ့ပစ္စည်းကြီးကို ခေါ်ဆိုခြင်း ဖြစ်သည်။

ယင်းသည် မည်သည့်ဒြပ်ဝတ္ထုပစ္စည်းကိုမဆို ဆွဲယူစုပ်ယူနိုင်သော ဆွဲငင်အားရှိသည်။ ဥပမာ - နေကြီးတစ်လုံး တွင်းနက်နားသို့ ရောက်သွားပါက နေသည် လုံးဝပျောက်ကွယ်သွားပြီး ရုပ်ဒြပ်များ ဘာမျှမရှိတော့အောင် စုပ်ယူနိုင်စွမ်းရှိသော တွင်းနက်ကြီးဖြစ်သည်ဟု ဆိုလိုပါသည်။

ဂလက်ဆီများတွင် အုပ်စုလိုက်ဖွဲ့ပြီး တည်ရှိကြပါသည်။ နဂါးငွေ့တန်းဂလက်ဆီအတွင်းရှိ ဂလက်ဆီအားလုံးကို နဂါးငွေ့တန်းအတွင်းမှ ဖုန်မှုန့်များက ဖုံးကွယ်နေသောကြောင့် မမြင်ရပါ။ ဒေသန္တရအုပ်စုဝင် ဂလက်ဆီပေါင်း (၃၀) ခန့်ကိုသာ ရှာတွေ့နိုင်ပါသေးသည်။

နဂါးငွေ့တန်းဂလက်ဆီ၏ဗဟိုမှ (15) Kpc သာဝေးသော အနီးဆုံးဂလက်ဆီကိုပင် ၁၉၉၄ ခုနှစ်က ရှာဖွေတွေ့ရှိခဲ့သည်။

ဒေသန္တရဂလက်ဆီ၏အချင်းသည် (1) mpc ရှိပါသည်။ ယင်းဂလက်ဆီများသည် ထို 1 mpc အချင်းရှိသော စက်လုံးကြီးအတွင်း၌ တည်ရှိကြပါသည်။

ဒေသန္တရဂလက်ဆီနှင့် အနီးဆုံးဂလက်ဆီအုပ်စုများသည် 3-mpc မှ 5 mpc အကွာအဝေးတွင် တည်ရှိကြပါသည်။ ထိုဂလက်ဆီများ အကြားတွင် မည်သည့်ရုပ်ဒြပ်ပစ္စည်းမျှမရှိဘဲ ဟင်းလင်းပြင်ကြီးသာရှိပါသည်။

ဂလက်ဆီပေါင်း ၆၀၀၀ ပါရှိသော အစုအဖွဲ့ကြီးတစ်ခုကို ဗဟိုဂလက်ဆီအဖွဲ့ကြီးဟု ခေါ်ပါသည်။ ကမ္ဘာနှင့် 20 mpc အကွာတွင် ရှိပါသည်။ ယင်းတို့သည်တစ်စက္ကန့်လျှင် ၁၀၀၀ ကီလိုမီတာနှုန်းဖြင့် ထွက်ပြေးလျက်ရှိလေရာ ယင်းသည် စကြဝဠာကြီး ပြန့်ကားနေမှု၏ သဘောပင် ဖြစ်ပါသည်။

ကိုမာဂလက်ဆီအစုအဖွဲ့သည် ကမ္ဘာနှင့် 70 mpc အကွာအဝေးတွင် တည်ရှိပြီး အလွန်ပေါကြွယ်ဝသော ပုံစံကျအစုအဖွဲ့ဖြစ်သည်။ ဂလက်ဆီအားလုံး၏ ၉၅% ထက် ပိုပြီးပေါများကြွယ်ဝရာ တောက်ပသော ဂလက်ဆီပေါင်း ရာပေါင်းများစွာပါဝင်ပါသည်။

ဂလက်ဆီအစုအဖွဲ့ဒါဇင်ပေါင်းများစွာ ပါဝင်သော မဟာဂလက်ဆီအစုအဖွဲ့ကြီးများလည်း ရှိပါသည်။

ဤဂလက်ဆီအစုအဖွဲ့များနှင့် မဟာဂလက်ဆီအစုအဖွဲ့များ တည်ရှိမှုကိုကြည့်လျှင် စကြဝဠာ မည်မျှကျယ်ဝန်းကြောင်း မှန်းဆနိုင်ပါသည်။

စကြဝဠာကြီးသည် အလင်းနှစ် ၂၀ ဘီလီယံခန့်ထက်ပိုပြီး ကျယ်ဝန်းသည်ဟု ဆိုထားပါသည်။

ဆုပြည့်စုံထွန်းစာပေ

အခြားဂြိုဟ်များ

နေအဖွဲ့အစည်းတွင် အခြားဂြိုဟ်များ ရှိသေးသလားဟူသော တွေးခေါ်မှုဖြင့် သိပ္ပံပညာရှင် နက္ခတ္တပညာရှင်တို့က ခေတ်မီအာကာသယာဉ်များတည်ဆောက်ပြီး ဂြိုဟ်ကမ္ဘာများကို လေ့လာနေကြဆဲဖြစ်ပါသည်။

ဗုဒ္ဓဂေါတမက အနန္တစကြဝဠာဟုဟောထားခဲ့သည့်အတိုင်း သိပ္ပံပညာနှင့်အာကာသထိန်းချုပ်ရေးအဖွဲ့ (emqm) တို့သည် နေစကြဝဠာ၊ အဖွဲ့အစည်းအပြင်၊ ဂြိုဟ်များအပေါ်မှ သက်ရှိများကို ဆက်လက်ရှာဖွေနေမည်ဟု ကြေငြာခဲ့သည်။

၁၉၉၄ ခုမှစ၍ ထူးဆန်းသောဂြိုဟ်ပေါင်း (၃၀၀) ကျော်ကို ထပ်မံရှာဖွေတွေ့ရှိခဲ့သည်ဟုဆိုပါသည်။ စကြဝဠာအတွင်း ကမ္ဘာနှင့်တူသော ဂြိုဟ်များကိုလည်း ဆက်လက်ရှာဖွေလျက်ရှိပါသည်။ နောက်တွင် နာဆာအဖွဲ့က ဂြိုဟ်များထက်ငယ်သော ကြယ်တာရာအလုံးပေါင်း (၁၀၀၀၀၀၀) ခန့်ကိုလည်း သုတေသနပြု ရှာဖွေလေ့လာသွားမည်ဟု ကြေငြာထားပါသည်။

ယခင်က ဂြိုဟ်များနှင့် ကြယ်တာရာများ ဆက်နွယ်တည်ရှိနေပုံကို ကောင်းစွာမသိခဲ့ကြောင်း၊ ယခုအခါ ဂြိုဟ်များအကြောင်းနှင့်ပတ်သက်၍ တစ်စတစ်စ သိရှိလာနိုင်တော့မည်ဖြစ်ကြောင်း နာဆာအဖွဲ့မှ ထူးခြားသော ဂြိုဟ်များဆိုင်ရာ ညွှန်ကြားရေးမှူး ချာစီဆီချ်မန်းက နာဆာသိပ္ပံသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်ကို အင်တာနက်သတင်း၌ ဖော်ပြခဲ့ရာ ...င်းသတင်းကို (၆ - ၉ - ၂၀၀၈) ကြေးမုံသတင်းစာ၌ ထပ်မံဖော်ပြထားသည်ကို တွေ့ရပါသည်။

ဗုဒ္ဓက ဤလောကတွင် အနန္တစကြဝဠာ ရေတွက်၍မရနိုင်သော စကြဝဠာများဖြင့် တည်ဆောက်ထားကြောင်း ဟောကြားချက်နှင့် ယနေ့ သိပ္ပံပညာရှင်တို့ ရှာဖွေတွေ့ရှိထားမှု (၃၀၀) နှင့် နောက်ထပ် (၁၀၀၀၀၀၀) တစ်သိန်းထပ်မံရှာဦးမည်ဟုဆိုကာ စကြဝဠာဂြိုဟ်များစွာရှိသေးသည်ဟူသောသိပ္ပံပညာရှင်တို့၏အယူအဆသည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်က ဟောထားခဲ့သော ဗုဒ္ဓ၏အယူအဆနောက်သို့ တကောက်ကောက်လိုက်ပြီး သက်သေပြနေရပြီဟု ဆိုရပါမည်။

စကြဝဠာအတွင်းရှိ ရုပ်ဒြပ်များ

အနန္တစကြဝဠာဟုဆိုသည့်အတိုင်း စကြဝဠာကြီးအတွင်းဝယ် ရုပ်ဒြပ်များအလွန်များပြားစွာ ရှိနေပါသည်။ ထိုရုပ်ဒြပ်များကိုလည်း နက္ခတ္တပညာရှင်များ၊ သိပ္ပံပညာရှင်များက မိမိကိုစွမ်းနိုင်သမျှ ပြည့်စုံစွာလေ့လာပြီး လေ့လာဆဲလေ့လာလိမ့်ဦးမည်ဖြစ်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

သိပ္ပံပညာရှင်တို့က နေအဖွဲ့အစည်းမှကျော်လွန်ပြီး အနန္တစကြဝဠာကြီးကို လေ့လာရာ၌ အာကာသအကွာအဝေး တိုင်းတာနည်းစနစ်နှင့် ယူနစ်များကို သတ်မှတ်ပေးထားခဲ့ကြပါသည်။

အလင်းနှစ်တစ်ယူနစ် = တစ်စက္ကန့်လျှင် အလင်းရောင်သွားနှုန်း ၁၈၆၀၀၀ မိုင်ဖြင့်သွား၍ တစ်နှစ်အတွင်းရောက်မည့် မိုင်ပေါင်း (၆၀၀၀ ဘီလီယံခန့်) ရှိမည်။

၁ အေယူ (1 AU)	= ကမ္ဘာနှင့်နေ၏အကွာအဝေးမိုင်ပေါင်း ၉၃ သန်း
၁ ပါဆက် (1 pc)	= ၂၀၆၂၆၅ AU
	= ၃.၂၆ အလင်းနှစ်
၁ ကီလိုပါဆက် (1 kpc)	= ၁၀၀၀ PC
၁ မဂ္ဂါပါဆက် (1 mpc)	= ၁၀,၀၀,၀၀၀ PC
	= ၁ သန်း PC

၆၀ - စက္ကန့် × ၆၀ - မိနစ် × ၂၄ - နာရီ × ၃၆၅ - ရက် = ၃၁၅,၃၆,၀၀၀ (တစ်နှစ်အတွင်းရှိသော စက္ကန့်)

အလင်းရောင်တစ်စက္ကန့်သွားနှုန်း	= ၁၈၆၀၀၀ မိုင်
အလင်းနှစ်မိုင်	= ၃၁၅,၃၆၀၀၀ × ၁၈၆၀၀၀
	= ၅၈၆,၅၈၉၆,၀၀၀,၀၀၀
အလင်းနှစ်ရှိမိုင်ပေါင်း	= ၆၀၀၀ ဘီလီယံမိုင်ခန့်

နဂါးငွေ့တန်း (milkway)

ညအခါကြည့်လျှင် ကောင်းကင်၌ မိတ်တုတ်မိတ်တုတ်မြင်နေရသော အလင်းရောင်သေးသေးကလေးများကို လူသားတို့က ကြယ်ကလေးများဟု အသိအမှတ်ပြုခေါ်နေကြစမြဲဖြစ်သည်။

အမှန်မှာ ထိုကြယ်ကလေးများသည် နေများပင်ဖြစ်ပါသည်။ ထိုကြယ်(နေ)များမှာ မိုင်ပေါင်းဘီလီယံများစွာ ကွာဝေးနေသောကြောင့် မိတ်တုတ်မိတ်တုတ်အဖြစ်သာ မြင်နေရခြင်းဖြစ်ပါသည်။

ယနေ့ ကမ္ဘာလူသားတို့မြင်နေရသော နေမင်းကြီးသည် ကြယ်ကြီးတစ်လုံးဖြစ်သလို ထိုမိတ်တုတ်မိတ်တုတ်ကြယ်များသည်လည်း အခြားနေအဖွဲ့အစည်းတို့၏ နေများပင်ဖြစ်၍ နေနှင့်ကြယ်သည် အတူတူပင်ဖြစ်သည်ဟု သိပ္ပံပညာရှင်တို့က ဆိုကြပါသည်။

အလင်းရောင်များပေးနိုင်သောကြယ်များကို နေဟုခေါ်ပြီး နည်းနည်းပေးနိုင်သော ကြယ်ကို ကြယ်ဟုခေါ်လေ့ရှိကြပါသည်။

နေအပါအဝင်ကြယ်ပေါင်းမြောက်မြားစွာပါဝင်သောကြယ်အစုအဝေးကြီးကိုနဂါးငွေ့တန်း (milk-way) သို့မဟုတ် ဂလက်ဆီ (Galaxy) ဟုခေါ်သည်။ နေနှင့်ကြယ်တို့ကဲ့သို့ နဂါးငွေ့တန်းနှင့် ဂလက်ဆီတို့မှာ အတူတူပင်ဖြစ်ပါသည်။

နေအဖွဲ့အစည်းနှင့် အတော်နီးစပ်သောနေရာ၌ ကြယ်များ ပြွတ်သိပ်ပြီးရှိကြသဖြင့် ညည့်အခါတွင် နို့နှစ်ရောင်ကဲ့သို့ အရောင်မှိန်မှိန်ကို အပြင်လိုက်မြင်နေရခြင်း ဖြစ်ပါသည်။ ထိုမြင်ကွင်းသည် မိမိဂလက်ဆီအတွင်းမှမြင်ကွင်းဖြစ်သောကြောင့် အခြားဂလက်ဆီများအကွင်းမှ ကြည့်၍ရသော မြင်ကွင်းများသည်လည်း ထိုကဲ့သို့မျိုး ဖြစ်နိုင်ပါသည်။

ဂလက်ဆီများအတွင်းရှိကြယ်များသည် ပုံမှန်မရှိဘဲ အချို့နေရာများ၌ပြွတ်သိပ်နေပြီး အချို့နေရာများ၌ ကျဲနေတတ်ပါသည်။

ယနေ့ကမ္ဘာလူသားတို့ မြင်တွေ့နေရသော နေ (ကြယ်) နှင့် အနီးဆုံးနေ (ကြယ်) ကို ပရောက်ဇီမာစင်တော်ရီဟုခေါ်ပါသည်။ ၁၉၇၀ ပြည့်နှစ်က လွှတ်တင်ခဲ့သော အာကာသယာဉ် ဗွိုင်ယေဂျာနှင့် ပိုင်အိုနီးယားယာဉ်များသည် နေနှင့် (၆၀ AU) အကွာအဝေးသို့ရောက်ရှိခဲ့သည်။ ထိုအကွာအဝေးထက် နောက်ထပ်အဆ ၄၀၀ သွားမှသာလျှင် ထိုကြယ် (နေ) သို့ရောက်ရှိမည် ဟုဆိုပါသည်။

အကွာအဝေးခရီးမိုင်သန်းပေါင်းမှာ -

= ၄၀၀ × ၆၀ × ၉၃ = ၂၁၃၂၀၀၀ သန်းမိုင်

= ၂၁၃၂ ဘီလီယံမိုင်

= ၂.၁၃၂ ထရီလီယံမိုင်

ထို့ကြောင့် နေနှင့်အနီးဆုံးဖြစ်သော ပရောက်ဇီမာစင်တော်ရီ ကြယ်(နေ)သည် မိုင်ပေါင်း (၂) ထရီလီယံကျော်ခန့်ဝေးသည်ဟု ဆိုပါ သည်။

နေကဲ့သို့ ကြယ်ပေါင်းမရေမတွက်နိုင်အောင် မြောက်မြားစွာဖြင့် ဖွဲ့စည်းထားသော နဂါးငွေ့တန်းဂလက်ဆီကြီး၏အဝန်းအဝိုင်းများမှာအတော်ပင်ကြီးမားကျယ်ပြန့်လှသော်လည်း စကြာဝဠာတစ်ခုလုံးနှင့် နှိုင်းယှဉ်ကြည့်ပါက စကြာဝဠာကြီး၌ ဂလက်ဆီပေါင်း သန်းပေါင်းများစွာဖြင့် ဖွဲ့စည်းထားသောကြောင့် အလွန်ပင်သေးငယ်သည်ဟု ဆိုရပါမည်။

နေသည်နဂါးငွေ့တန်းဂလက်ဆီမှ (၈.၅ kpc) ဝေးပါသည်။ နဂါးငွေ့တန်းဂလက်ဆီကြီး၏ပမာဏနှင့်ပုံသဏ္ဌာန်ကို ဖော်ပြရလျှင် အချင်း (၃၀ kpc နှင့် ၄၀ kpc) အကြားရှိရောင်ခြည်စက်ဝန်းလုံးကြီး၏ အတွင်းမှာရှိပါသည်။

ထိုစက်ဝန်းလုံးကြီးထဲတွင် ဟိုက်ဒရိုဂျင် မော်လီယံအများဆုံး ပါရှိပြီး ကျန်ဒြပ်စင်များ မပါသလောက်ဖြစ်ပါသည်။

ထူးခြားသည်မှာ ကြယ်အများစုသည် ထိုစက်ဝန်းလုံးကြီး၏ဗဟိုတွင်အချင်း (40 pc) နှင့်အဟူ (2 kpc) ရှိစက်ဝိုင်းပြားကြီးထဲတွင် စုပြုံနေကြခြင်းဖြစ်ပြီး ထိုစက်ဝိုင်းပြားကြီး၏အလယ်တွင် ဂလက်ဆီနျူကလီးယားခေါ် ဂလက်ဆီအပေါင်းကြီး ရှိနေပြန်သည်။

နဂါးငွေ့တန်းဂလက်ဆီအတွင်းရှိ ရုပ်ဒြပ်များ၊ ကြယ်များ၊ ဓာတ်ငွေ့များနှင့် ဖုန်မှုန့်များစသည့် ရှိရှိသမျှအားလုံးသည် ဂလက်ဆီ၏ အလယ်ကိုဗဟိုပြု၍ လှည့်ပတ်နေကြပါသည်။ ဤကဲ့သို့ တစ်စုတစ်စပ်တည်း ပတ်လမ်းအတိုင်း လှည့်ပတ်နေမှုကိုပင် နက္ခတ်ပညာရှင်များက နဂါးငွေ့တန်းလှည့်ခြင်းဟု ခေါ်ဆိုပါသည်။

အလင်းမဲ့ဒြပ်ဝတ္ထုများကို မမြင်နိုင်သောကြောင့် ထိုဝတ္ထုများ မည်သို့မည်ပုံရှိသည်ကို နက္ခတ္တပညာရှင်များ မပြောပြနိုင်သော်လည်း နဂါးငွေ့တန်း ဂလက်ဆီအတွင်းမှာ ထိုအလင်းဝတ္ထုများ၏ ဆွဲအားအများဆုံး ရှိနေသောကြောင့် အနန္တစကြဝဠာကြီးတစ်ခုလုံးကို အလင်းမဲ့ရုပ်ဝတ္ထုများ၏ ဒြပ်ဆွဲအားများ ကြီးစိုးနေသည်ဟု ယူဆကြသည်။

နဂါးငွေ့တန်း၏ အလယ်ဗဟိုအနီးတွင် ထူထပ်သော အာကာသဖုန်မှုန့်များ ပိတ်ဆို့နေသောကြောင့် မမြင်နိုင်သော်လည်း အလယ်ဗဟိုမှလာသော ရေဒီယိုနှင့် အနီရောင်.ရောင်ခြည်များကြောင့်သာ အနည်းငယ် သိရခြင်းဖြစ်ပါသည်။

နေ၏အနီးတစ်ဝိုက်တွင် တစ် ကုဗ pc တွင် ကြယ်တစ်လုံးမျှပင် မရှိပါ။ အလယ်ဗဟိုမှ ၁၀၀ pc အကွာတွင် (၁) ကုဗ pc၌ ကြယ်အလုံးပေါင်း ၁၀၀ ခန့်ရှိပါသည်။ (10) pc အကွာတွင်ကား ကြယ်လုံးပေါင်း ထောင်ပေါင်းများစွာရှိသည်။

အလယ်ဗဟိုမှ စခ အနည်းငယ်အကွာ (၁) ကုဗ pc တွင်ကား သိန်းပေါင်းများစွာသော ကြယ်တို့ ထိန်ထိန်လင်းနေသည်ကိုတွေ့ရပါသည်။

ဤနေရာတွင်ကြယ်များပြွတ်သိပ်နေမှုကြောင့်ကြယ်တစ်လုံးနှင့်တစ်လုံးကြား အလင်းနှစ်အဖြစ်ဖြင့် မကွာတော့ဘဲ အလင်းရက်သတ္တပတ်မျှသာ ကွာဝေးပါတော့သည်။

ဗဟိုမှ (၂) pc နှင့် (၈) pc အကွာအဝေးကြားတွင် လှည့်ပတ်နေသော ပါးလွှာသော ဓာတ်ငွေ့များနှင့် ဖုန်မှုန့်များ ကွင်းတစ်ကွင်းရှိပါသည်။ ကွင်း၏လှည့်ပတ်နှုန်းသည် (၁) စက္ကန့်လျှင် ကီလိုမီတာ (၁၁၀) နှုန်းဖြစ်သည်။ ထိုကွင်းအတွင်းဓာတ်ငွေ့များ၏အကုမြူနှင့်မော်လီကျူးများပါဝင်ပြီး ယင်းတို့၏ ဒြပ်ထုပမာဏသည် နေ၏ဒြပ်ထုပမာဏထက် အဆ (၁၀၀၀၀) ရှိသည်။

ကွင်း၏အတွင်းဘက်နားတွင်ရှိသော ဓာတ်ငွေ့များသည် အလယ်ဗဟို ၂ pc မှလာသော ခရမ်းလွန်ရောင်ခြည်များကြောင့် အိုယန်းဖြစ်သွားရပါသည်။

ဓာတ်ငွေ့များ၏ လည်ပတ်မှုနှုန်းသည် ဗဟိုမှ (၀.၇) pc အကွာတွင် တစ်စက္ကန့်လျှင်

(၁၅၀) ကီလိုမီတာနှုန်းနှင့်လည်းကောင်း၊ (၀.၃ pc) အကွာတွင် တစ်စက္ကန့်လျှင် ကီလိုမီတာ (၇၀၀)နှုန်းဖြင့်လည်းကောင်း လည်ပတ်မှု တိုးမြှင့်လာရပါသည်။

ထို့ကြောင့် ဂလက်ဆီ၏အလယ်ဗဟိုတွင် နေ၏ဒြပ်ထုထက် အဆသန်းပေါင်းများစွာ ရှိသော ဒြပ်ထုဆွဲအားရှိနေသည်မှာ သေချာသလို ထိုအရာသည် တွင်းနက်ကြီးသာ ဖြစ်နိုင်ပါသည်။

Kpcရာဂဏန်းမျှရှိသော ဟိုက်ဒရိုဂျင်နှင့်ဟီလီယံများချည်းသက်သက်ပါသော ဓာတ်ငွေ့တိမ်တိုက်ကြီးများမှစတင်ပြီး နဂါးငွေ့တန်းဂလက်ဆီကြီးများ ဖြစ်လာပါသည်။ ယင်းတိမ်တိုက်ကြီးများသည် အခြားတိမ်တိုက်ကြီးများဘေးမှ ဖြတ်သန်းသွားချိန် အချင်းချင်းဆွဲငင်မှုသည် ဂလက်ဆီလောင်း၏လည်ပတ်မှုကို စတင်ခြင်းဖြစ်ပါသည်။

ဓာတ်ငွေ့စီးကြောင်းများနှင့် တိမ်တိုက်ငယ်များသည် ဦးတည်ရာအမျိုးမျိုးသို့ ရွေ့လျားနေဆဲဖြစ်သည်။ ဂလက်ဆီလောင်း၏ဘဝတွင် ပထမဦးဆုံးဖြစ်ပွားသော အခြင်းအရာများမှာ နေ၏ဒြပ်ထုထက် အဆ(၆၀) သန်းခန့်ရှိ ဓာတ်ငွေ့ဓာတ်လုံးကြီးများ မိမိဆွဲအားနှင့် မိမိပြိုကျကာ ကြယ်များအဖြစ် ပွင့်သိပ်ပေါ်ထွက်လာခြင်းဖြစ်ပါသည်။

ထို့ကြောင့်ကြယ်အပွင့်အသိပ်အခဲများသည် နဂါးငွေ့တန်းအတွင်း သက်တမ်းအရင့်ဆုံးသော ဝတ္ထုများဖြစ်ပြီး သက်တမ်း(၁၅) ဘီလီယံခန့်ရှိသည်ဟုဆိုပါသည်။

ဓာတ်ငွေ့တိမ်တိုက်များသည် ကနဦးကာလကတည်းက အချင်းချင်းတိုက်မိမှုများဖြစ်ခဲ့သောကြောင့် ဓာတ်ငွေ့များကို ဂလက်ဆီ၏ပြင်ညီပေါ်သို့ တဖြည်းဖြည်းချင်း ဖိသိပ်ပေးနေပါသည်။

ဤသို့အားဖြင့် ဂလက်ဆီအတွင်းရှိ ဓာတ်ငွေ့များ တစ်ခုနှင့်တစ်ခု တိုက်မိမှုအားဖြင့် ပို၍ပို၍ များပြားလာကာ နောက်ဆုံးတွင် ဓာတ်ငွေ့အများစုသည် (၁၀၀ pc) အထုရှိသော အလွှာအတွင်းသို့ ရောက်ရှိလာပါသည်။

ဂလက်ဆီများပြားလာပုံမှာ ဂြိုဟ်ပတ်လမ်းကြောင်းများအတွင်း လည်ပတ်နေသော အမှုန့်များ အချင်းချင်းတိုက်မိရာမှ လမ်းကြောင်းများ များပြားလာပြီး ပါးလွှာလာပုံနှင့် ဆင်တူပါသည်။

ကြယ်များအတွင်း နျူကလီးယားဓာတ်ပြုမှုများသည် ဟိုက်ဒရိုဂျင် နှင့် ဟီလီယံမှလေးသော ဒြပ်စင်များကို ထုတ်လုပ်ပေးပါသည်။ ဒြပ်ထုကြီးမားသောကြယ်ကြီးများတွင် ဇရာမပေါက်ကွဲမှု ဆူပါနိုဗွာ (Super nova) နှင့် ကြယ်ကလေးများမှတစ်ဆင့် ထိုလေးသော ဒြပ်စင်များကို အာကာသအတွင်းသို့ပြန်လွှတ်ပေးသည်။ အာကာသအတွင်း မူရင်းရှိနေနှင့်သော ဓာတ်ငွေ့များသည် ယင်းလေးသော ဒြပ်စင်များနှင့် ရောစပ်သွားသည်။

ဤသို့အားဖြင့် ကြယ်အသစ်များဖြစ်ပေါ်လာရာတွင် အဟောင်းများထဲမှ အမွေဆက်ခံရသဖြင့် သတ္တုများ ပေါ်ကြွယ်ဝလာရပါသည်။

ဂလက်ဆီအတွင်းရှိ ဓာတ်ငွေ့အအေးများသည် ယခုအခါတွင် အလွန်ပါးလွှာသော အလွှာအတွင်း၌သာ အားလုံးရှိနေကြရာ ယင်းအလွှာ အတွင်းကြယ်အသစ်များက ခရုပတ်၏ လက်တံများအဖြစ် ပေါက်ဖွားလျက်ရှိပါသည်။

နဂါးငွေ့တန်းအတွင်း ကြယ်အသစ်များ ပေါက်ပွားမှုနှုန်းသည် အလွန်အားကောင်းသဖြင့် ဓာတ်ငွေ့အသစ်ဖြည့်ဆည်းမှုမရှိပါက မကြာခင်မှာပင် ဓာတ်ငွေ့များ ကုန်ခမ်းသွားနိုင်ပါသည်။

သို့ရာတွင် ဓာတ်ငွေ့ဖြည့်ဆည်းမှုသည် ရောင်ခြည်စက်ဝန်းမှ လာနေဟန်တူပါသည်။ အကြောင်းမှာ ဓာတ်ငွေ့တိမ်တိုက်များသည် ရောင်ခြည်စက်ဝန်းမှ ဂလက်ဆီပြင်ညီဆီသို့ လျင်မြန်စွာ ကျဆင်းနေသည်ကို တွေ့မြင်ရသောကြောင့်ဖြစ်ပါသည်။

တစ်ဖန်ကျဆင်းနေသောရုပ်ပစ္စည်းများသည်ခေါင်တိုင်များမှတစ်ဆင့်ရောင်ခြည်စက်ဝန်းအတွင်းသို့ လွှတ်တင်နေသော ဓာတ်ငွေ့များ ဖြစ်ဖွယ်ရှိပါသည်။

ခေါင်တိုင်များဆိုသည်မှာ နပျိုသောကြယ်စုများရှိ ဇရောမပေါက်ကွဲမှု (စူပါနိုဗွာ)များမှ ထုတ်လွှင့်သော ဇရောမပူဖောင်းများအဖြစ် အလွန်ကြီးမားလာကာ ရောင်ခြည်စက်ဝန်းအထိရောက်အောင် ပြန့်ကားသွားခြင်းကို ဆိုပါသည်။

ဂလက်ဆီအပြားဝိုင်းမှ ခွဲထွက်လာသော ဤဓာတ်ငွေ့အပူများသည် ခေါင်တိုင်များအတွင်းသို့ ကျရောက်သောအခါ အအေးခံရန် အချိန်ရသွားပြီး ဂလက်ဆီပြင်ညီပေါ်သို့ တစ်ဖန်ပြန်ကျလာကာ ဓာတ်ငွေ့ပြန်လည်ဖြည့်ဆည်းခြင်းကို ဆောင်ရွက်သည်။

ယနေ့သိပ္ပံနှင့် နက္ခတ္တဗေဒပညာရှင်များသည်နဂါးငွေ့တန်းဂလက်ဆီနှင့်ဆင်တူသော ဂလက်ဆီများကိုလည်း ရှာဖွေတွေ့ရှိထားပါသည်ဟု ဆိုပါသည်။

နေအပါအဝင်နဂါးငွေ့တန်းဂလက်ဆီအတွင်းရှိကြယ်(နေ)များအားလုံးသည်ဂလက်ဆီ၏ဗဟိုကိုအခြေပြုပြီး လှည့်ပတ်နေသည်။ ယခုအခါ ဗဟိုမှအချင်းဝက် (၈.၅ kpc) ဝေးသော နေသည် နေ - စတင် ဖြစ်သွားသောအချိန်ကစပြီး ဗဟိုကိုအခြေပြုကာ အပတ်ပေါင်း (၂၀) ခန့် ပတ်ပြီးဖြစ်ပါသည်။

နဂါးငွေ့တန်း ဂလက်ဆီအတွင်းမှာ ကြယ်ဖြူများလည်း များစွာရှိပါသည်။ ဒြပ်ထုသိပ်သည်းကျစ်လျစ်လာပြီး အရောင်တောက်ပမှု နည်းပါးလာသောကြယ်များကို ကြယ်ဖြူများဟု ခေါ်ပါသည်။

ဒြပ်ထုအလွန်ကြီးမားပြီး များစွာတောက်ပသော ကြယ်များကိုမူ ကြယ်ဘီလူးများဟု ခေါ်ပါသည်။

ဆုပြည့်စုံထွန်းစာပေ

နဂါးငွေ့တန်း ဂလက်ဆီအတွင်းတွင်သာမဟုတ်ဘဲ ဂလက်ဆီတိုင်းတွင် ချုပ်ငြိမ်း ပျောက်ကွယ်သော ကြယ်များရှိသလို အသစ်ပေါ်ထွန်းနေသော ကြယ်များလည်း ရှိနေပါသည်။

ဂလက်ဆီခေါ်နဂါးငွေ့တန်းကြယ်စုများအတွင်းရှိအရာဝတ္ထုမှန်သမျှကိုစုပ်ယူနိုင်သည့် တွင်းနက်များဖြင့် ပတ်သက်ပြီး အသေးစားတွင်းနက်များနှင့် မဟာတွင်းနက်များကြား၌ ကွာခြားချက်များအား သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ပြီးဖြစ်သည်။

ပထမဆုံးတွေ့ရှိမှုအရကမ္ဘာနှင့်အလင်းနှစ်သန်း(၅၀၀)ဝေးကွာသည့်ဂလက်ဆီမှပြင်းထန်သည့် အိတ်စရေးတစ်ခုကိုတွေ့ရှိကာ ယင်းမှာ ကြီးမားသည့်တွင်းနက်မှ ထုတ်လွှင့်ခြင်းဖြစ်ကြောင်း အထက်ပါ အိတ်စရေးကြိမ်နှုန်းမှာ တွင်းနက်မှ စုပ်ယူလိုက်သည့်ဓာတ်ငွေ့မှ ပေါ်ထွက်လာခြင်းဖြစ်ကြောင်းနှင့် ထိုဂလက်ဆီ၏အမည်မှာ (REJ ၁၀၃၄ + ၃၉၆) ဟု သိပ္ပံပညာရှင်များက အမည်ပေးထားသည်။ အိတ်စရေးကြိမ်နှုန်း တိုင်းတာမှုများမှာ တွင်းနက်အသေးစားများအတွက် အလေ့အထတစ်ခုလိုဖြစ်နေသော်လည်း မဟာတွင်းနက်များမှ ထုတ်လွှင့်မှုအား ယခုအကြိမ်တွင် ပထမဆုံးအဖြစ် ဖော်ထုတ်နိုင်ခြင်းဖြစ်သည်။ ကမ္ဘာတွင်ရှိသည့် နဂါးငွေ့တန်းဂလက်ဆီကဲ့သို့ပင် အခြားသောဂလက်ဆီများ၏ဗဟိုတွင် ယင်းကဲ့သို့ မဟာတွင်းနက်များ ရှိနေတတ်ကြောင်းသိရသည်။

အာကာသသိပ္ပံပညာရှင်များသည်တွင်းနက်များအကြောင်းကိုလွန်ခဲ့သောဆယ်စုနှစ်သုံးခုလောက်ကပင် လေ့လာနေခဲ့ပြီးဖြစ်ပြီး ယင်းတို့ရှိသည့်နေရာ၌ ဓာတ်ငွေ့များ ပြင်းထန်စွာပူလာပြီး ရှိသမျှအရာအားလုံးစုပ်ယူကာ စကြဝဠာအတွင်းမှ အပြီးတိုင် ကွဲသွားတတ်ကြောင်း၊ ယင်းသို့ မပျောက်ကွယ်မီအချိန်အတွင်း အိတ်စရေးကို ထုတ်လွှင့်တတ်ကြောင်း လေ့လာမှုအရ သိရသည်။

စကြဝဠာကြီးဖြစ်ပေါ် လိုက်-ပျက်လိုက်သဘာဝ

လွန်ခဲ့သောနှစ်ပေါင်း(၂၀)ဘီလီယံခန့်က မဟာပေါက်ကွဲမှုကြီး ဖြစ်ခဲ့ပြီးချိန်မှစတင်ကာ ရုပ်ဒြပ်များဖြစ်ပေါ်လာပြီး တဖြည်းဖြည်းနှင့် ဂြိုဟ်နက္ခတ်၊ တာရာ၊ ကြယ်(နေ)၊ ဂလက်ဆီ၊ ဂလက်ဆီအုပ်စုကြီးများ၊ မဟာဂလက်ဆီအုပ်စုကြီးများစသော စကြဝဠာရုပ်ဒြပ်များ ဖြစ်ပေါ်လာခဲ့သည်ဟု ဆိုခဲ့ပါသည်။

ဆုပြည့်စုံထွန်းစာပေ

ထိုအချိန် ထိုဖြစ်စဉ်မှစတင်ပြီး တိုးချဲ့ပြန့်ကားလာသော စကြဝဠာကြီးသည် ယနေ့ထက်တိုင် ပြန့်ကားနေဆဲဖြစ်သည်။ သို့ရာတွင် တစ်နေ့တစ်ချိန်တွင်မူ ထိုပြန့်ကားမှုရပ်တန့်ပြီး ပြန်လည်ကျုံ့ဝင်သွားလိမ့်မည်ဟု သိပ္ပံပညာရှင်များက လက်ခံယူဆထားကြသည်။

ထိုသို့ကျုံ့ဝင်လာပါက ရုပ်ဒြပ်များသည်တစ်ခုနှင့်တစ်ခုဦးသထက်ဦးလာကာထပ်လာကြမည်ဖြစ်ပါသည်။ ထိုအခါဂလက်ဆီအစုအဖွဲ့ကြီးများအချင်းချင်း၊ ကြယ်(နေ)များအချင်းချင်း ပွတ်သပ်တိုက်ခိုက်မိလာမိကြမည် ဖြစ်ပါသည်။

ထိုသို့ဖြစ်လာလျှင် အလွန်ပူပြင်းသောမီးတောက်မီးလျှံများအလွန်အေးသောရေများ သို့မဟုတ် အလွန်ပြင်းထန်သော လေပြင်းများ တိုက်ခတ်လာမည်ဖြစ်၍ စကြဝဠာအတွင်းရှိ သက်ရှိသတ္တဝါအားလုံး သေကြေပျက်စီးမည်ဖြစ်ပါသည်။ ရုပ်ဒြပ်ဝတ္ထုအားလုံး ချုပ်ငြိမ်းပျောက်ကွယ်ကာ ရုပ်ဒြပ်မဲ့တွင်းနက်ကြီးများအဖြစ်သာ ကျန်ရစ်တော့သည်။

ထိုတွင်းနက်ကြီးများသည် ရုပ်ဒြပ်မရှိသော်လည်း အလွန်ဆွဲအားကောင်းသောကြောင့် တစ်ခုနှင့်တစ်ခုဆွဲယူကြပြီး နောက်ဆုံးတွင် အလွန်ဆွဲအားကောင်းသော တစ်ခုတည်းသော တွင်းနက်ကြီးအဖြစ်သာလျှင် ပေါ်ပေါက်လာပေမည်။

အလွန်ဆွဲအားကောင်းသော ထိုတွင်းနက်ကြီးသည်လည်း သိပ်သည်းကျစ်လျစ်လာမည်ဖြစ်၍ ထိုသို့ဖြစ်ခြင်းကို မဟာကြုပ်သိပ်မှုကြီး (Big Crunch) ဟုခေါ်ပါသည်။ ယင်းကြုပ်သိပ်မှုကြီးသည် ကြာရှည်စွာ ရပ်တည်မနေနိုင်သောကြောင့် တစ်ဖန်ပြန်ပြီး မဟာပေါက်ကွဲမှုကြီး (Big Bang)ဖြစ်ရပြန်ပါသည်။ ထိုပေါက်ကွဲမှုကြီးသည်ပင် စကြဝဠာအသစ်တစ်ခု ထပ်မံမွေးဖွားပေးခြင်းဖြစ်ပါသည်။

ဤသို့အားဖြင့် စကြဝဠာကြီးများသည် ဖြစ်လိုက်ပျက်လိုက်နှင့် အကြိမ်ပေါင်း မရေတွက်နိုင်အောင်ရှိနေပါသည်။

ဗုဒ္ဓဂေါတမက စကြဝဠာကြီးများသည် ဖြစ်လိုက်ပျက်လိုက်နှင့် မရေမတွက်နိုင်အောင်ရှိခဲ့သည်ဟု လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀) ကျော်က ဟောထားခဲ့ရာ ယနေ့သိပ္ပံပညာရှင်တို့၏ အယူအဆနှင့် ဗုဒ္ဓဂေါတမ၏ စကြဝဠာအယူအဆများသည် ထပ်တူထပ်မျှတူနေသည်ကို အံ့သြဖွယ်ရာ တွေ့နေရပါသည်။

ဗုဒ္ဓဂေါတမက စကြဝဠာအနန္တ ရေတွက်၍မရနိုင်ဟု ဆိုဟောထားခဲ့သလို ယနေ့သိပ္ပံပညာရှင်တို့က စကြဝဠာများကို ရှာဖွေနေကြရာ ဂြိုဟ်ပေါင်း (၃၀၀) ကျော်ကို တွေ့ရှိခဲ့ပြီဟုဆိုသလို ဆက်လက်ရှာဖွေနေဆဲလည်းဖြစ်ရာ တွေ့နေဆဲလည်း ဖြစ်နေပါသည်။

ဆုပြည့်စုံထွန်းစာပေ

စကြဝဠာ၏ သိပ္ပံပညာရှင်အမြင်နှင့် ဗုဒ္ဓဝါဒအမြင် ဝေဖန်စိစစ်ချက်

ကမ္ဘာပေါ်၌ဖြစ်ပေါ်လာသမျှ အရာဝတ္ထုမှန်သမျှသည် အကြောင်းအကျိုးဆက်စပ်ပြီး ဖြစ်ပေါ်နေသော အရာဝတ္ထုများသာဖြစ်သည်ဟု ဗုဒ္ဓဝါဒက လက်ခံထားပါသည်။

ခေတ်သိပ္ပံပညာရှင်တို့သည် မိမိတို့၏ တွေးခေါ်မှု၊ သိပ္ပံပညာကိရိယာတို့ဖြင့် စမ်းသပ်ရရှိသမျှ အပေါ်မူတည်၍ ကမ္ဘာကြီး၏အခြေအနေတို့ကို တင်ပြခဲ့ကြသည်။

ခေတ်သစ်သိပ္ပံပညာရှင်တို့က ကမ္ဘာကြီးသည် နေမှပေါက်ဖွားလာသော နေမိသားစုဝင် ဂြိုဟ်ကြီးတစ်လုံးဖြစ်သည်ဟု ဆိုထားပါသည်။

ဗုဒ္ဓဝါဒကား ကမ္ဘာသည် နေမှပေါက်ဖွားလာသည်မဟုတ်။ ကမ္ဘာပြုမိုးရေတို့၏ အဆီအနစ်မှ ပေါ်လာသည်ဟု ဆိုထားပါသည်။

သိပ္ပံဝါဒအရ ဓာတ်ခိုးဓာတ်ငွေ့တုံးကြီးမှ ကမ္ဘာကြီးဖြစ်ပေါ်လာသည်ဆိုသော သီအိုရီကို အခိုးအငွေ့သည် အစိုင်အခဲဖြစ်နိုင်သောကြောင့် သိပ္ပံပညာရှင်အချင်းချင်းပင် လက်မခံချင်ကြသေးချေ။

လောက၌ ပိတ်ပင်တားဆီးမှု ဒြပ်ထုမရှိသော အခိုးအငွေ့သည် အစိုင်အခဲဖြစ်နေသည်ကို မတွေ့ရဟုဆိုထားသည်။ ဥပမာ သာဓကပြရာ၌ ဂျပန်ပြည်ဟီရိုရှီးမားနှင့် နာဂါဆာကီမြို့သို့ ကြဲချခဲ့သော အဏုမြူအခိုး အငွေ့တို့သည် ဒြပ်ထုကြီးတစ်ခုအဖြစ်ဖြင့် ဖြစ်ပေါ်လာခြင်းမရှိသောကြောင့် အခိုးအငွေ့မှ ကမ္ဘာကြီးဖြစ်သည်ဟူသော အယူအဆကို သိပ္ပံပညာရှင်အားလုံး လက်မခံနိုင်သေးခြင်းဖြစ်သည်။

ဗုဒ္ဓဝါဒအရ ကမ္ဘာပြုမိုးရွာပြီး ထိုရေမှ ကမ္ဘာမြေပြင်ပေါ်လာသည်ဟုဆိုထားပါသည်။

ရေတို့မည်သည် တာရှည်စွာထားလျှင် ရေညှိမှော်ဖြစ်လာတတ်ပါသည်။

ထိုရေညှိရေမှော်များသည် ကာလကြာသောအခါ မြေကြီးသဘောပြောင်းလဲပြီး ရေပေါ်၌ ပေါလောပေါ်မျောနေတတ်ပါသည်။ လူတို့အသုံးပြုမှုနည်းပါးသော ရေတွင်းရေပြင်တို့၏ အတွင်း၌ရှိသော ရေညှိရေမှော်ပြင်များကို လေ့လာကြည့်ပါက ထိုရေညှိရေမှော်ပြားများသည် အပေါ်ပိုင်းမှာသာ ရေညှိပင်သဘောစိမ်းနေတတ်ပြီး အောက်ပိုင်း၌ မြေကြီးများကပ်နေသည်ကို တွေ့ရပါသည်။

အလားတူ ပုလင်းသန့်သန့်တစ်လုံးထဲသို့ ရေကြည်ရေကောင်းများကိုထည့်၍ ကာလရှည်ကြာစွာထားကြည့်ပါက ထိုရေများ ခမ်းခြောက်လာပြီးအနယ်များ၊ ရွှံ့မြေအဖြစ်သို့ ပြောင်းလဲသွားသည်ကိုတွေ့ရပါမည်။

ထို့ကြောင့် ဗုဒ္ဓဝါဒအရ ကမ္ဘာပြုမိုးရွာချ၊ ထိုရေမှ နှစ်ပေါင်းများစွာ ကြာလာသောအခါ မြေဆီလွှာဖြစ်သည်ဟူသော သဘာဝသည် သဘာဝမှန်သည်ဟုဆိုပါသည်။

ကမ္ဘာပျက်ပုံနှင့်ပတ်သက်၍ နေကြီးသည် လောင်စရာဓာတ်ငွေ့များကုန်၍ တဖြည်းဖြည်းကျုံ့ဝင်ကာမှောင်အတိကျပြီးတွင်းနက်ကြီးတစ်ခုဖြစ်သွားသည်။ ထိုတွင်းနက်ထဲ၌ကမ္ဘာဦး အဏုမြူဓာတ်လုံးကြီးတစ်လုံးတည်ရှိသည်ဟု သိပ္ပံက ဆိုထားပါသည်။

မီးတို့၏သဘောသည် လောင်ကျွမ်းမိပြီဆိုလျှင် မည်သည့်အရာဝတ္ထုကိုမျှ အစိုင်အခဲဘဝနှင့် တည်ရှိခွင့်မပေးသည်ကို တွေ့ရပါသည်။ မီးလောင်ခံရသောဝတ္ထုသည် အနည်းဆုံးပြာဘဝရောက်မည်။ ပြာတို့၏သဘောသည် ဟင်းလင်းပြင်အာကာသထဲ၌ တစ်နေရာတည်း ရပ်တည်နေမည်မဟုတ်ပါ။ အမှုန်အမွှားဘဝနှင့် လွင့်ချင်ရာလွင့် မျောချင်ရာ မျောနေပါမည်ဖြစ်သည့်အတွက် ကမ္ဘာပျက်ပုံ သိပ္ပံဝါဒအယူအဆသည် စဉ်းစားစရာရှိလာသည်ဟု ဆိုပါသည်။

ဗုဒ္ဓဝါဒကမူ ကမ္ဘာကြီးပျက်စီးသောအခါ အရာဝတ္ထုမှုန်သမျှ မည်သည့်အရာမျှ မကျန်၊ အာကာသဟင်းလင်းပြင် အမှောင်တိုက်ကြီးသာ ကျန်ရစ်သည်ဟု ဆိုထားပါသည်။

သိပ္ပံပညာရှင်တို့က စကြဝဠာနှင့် ပတ်သက်၍ -

- နေစကြဝဠာ
- မဟာစကြဝဠာ
- အနန္တစကြဝဠာ

ဟူ၍ကောင်းကင်၌ရှိသော ဂြိုဟ်တာရာတို့ကိုကြည့်၍ သတ်မှတ်ကြပါသည်။

ဗုဒ္ဓဝါဒကမူ စကြဝဠာကို -

- လောကဓာတ်
- စူဠလောကဓာတ်
- မဇ္ဈိမလောကဓာတ်
- မဟာလောကဓာတ်
- အနန္တလောကဓာတ်ဟူ၍ (၅)မျိုး သတ်မှတ်ပါသည်။

(အံ - ၁၊ ၈၂၂၈)

ဤ၌ စကြဝဠာသတ်မှတ်ပုံချင်းတူသည်ဟု ထင်ရသော်လည်း ဗုဒ္ဓဝါဒကမူ နေ၊ လ၊ နက္ခတ်၊ ကြယ်တာရာတို့ လှည့်လည်ရာ လေးကျွန်းတစ်မြင်းမိုရ်စကြဝဠာတောင် (၃၁) ဘုံဟူသော စကြဝဠာတိုက်တစ်ခုကို လောကဓာတ်တစ်ခုဟု သတ်မှတ်ထားပါသည်။

- ထိုလောကဓာတ်ပေါင်း(၁၀၀၀)ကို စူဠလောကဓာတ်
- လောကဓာတ်ပေါင်း(၁၀၀၀၀)ကို မဇ္ဈိမလောကဓာတ်
- လောကဓာတ်ပေါင်း ကုဋေတစ်သိန်းကို မဟာလောကဓာတ်
- လောကဓာတ်များ မရေမတွက်နိုင်အောင် များပြားစွာ တည်ရှိနေသောကြောင့် အနန္တလောကဓာတ်ဟူ၍ ခွဲခြားသတ်မှတ်ထားပေးပါသည်။

ဆုပြည့်စုံထွန်းစာပေ

သိပ္ပံပညာရှင်တို့က နေနှင့်တကွ နေကိုလှည့်ပတ်၍နေသော နေမိသားစုဝင်ဂြိုဟ်များ ကြယ်များကို စကြဝဠာတစ်ခုဟု သတ်မှတ်ထားပါသည်။

ထိုစကြဝဠာမျိုးများစွာ ပါဝင်ဖွဲ့စည်းထားသော ဂလက်ဆီခေါ် နဂါးငွေ့တန်းကြီးတစ်ခုကို မဟာစကြဝဠာကြီးတစ်ခုဟု သတ်မှတ်ထားပါသည်။

ထိုစကြဝဠာများ မရေမတွက်နိုင်လောက်အောင် များပြားစွာတည်ရှိနေမှုကို အနန္တစကြဝဠာဟု သတ်မှတ်ကြပါသည်။

ဤတွင် စကြဝဠာကို သတ်မှတ်ရာ၌ သိပ္ပံပညာရှင်များအနေဖြင့် နေမိသားစုဝင်ဂြိုဟ်များကိုစကြဝဠာတစ်ခုဟုသတ်မှတ်သည်။ ဗုဒ္ဓဝါဒကားနေနှင့်တကွမိသားစုဝင်ဂြိုဟ်များ၊ နက္ခတ်တာရာများ၊ ကျွန်းကြီးလေးကျွန်း၊ မြင်းမိုရ်တောင်၊ စကြဝဠာတောင် (၃၁) ဘုံလောကဓာတ်တစ်ခုလုံးကို စကြဝဠာတစ်ခုဟု သတ်မှတ်ထားသည်။

ဗုဒ္ဓဝါဒက သတ်မှတ်ထားသော စကြဝဠာကို သိပ္ပံကိုသာ အမှန်၊ သိပ္ပံသာအမှန် သိပ္ပံလက်တွေ့စူးစမ်းဆင်ခြင် သတ်မှတ်ထားသဖြင့်လည်းကောင်း၊ လေးကျွန်းတစ်မြင်းမိုရ်ဟူသော စကားသည်ဘုရားဟောဟုတ် - မဟုတ်ဟူ၍လည်းကောင်းယူဆကြကာထိုဝါဒကိုလက်မခံကြပါ။

အမှန်မှာ လေးကျွန်းတစ်မြင်းမိုရ်ဟူသောစကားကိုဗုဒ္ဓသည်အင်္ဂုတ္တိုရ်ပါဠိတိကနိပါတ်၊ ဒုတိယပဏ္ဏာသက၊ အာနန္ဒဝဂ်၊ စူဠနိကာ သုတ်၌လည်းကောင်း၊ ယင်းပါဠိတော်၊ သတ္တကနိပါတ်၊ မဟာဝဂ္ဂသတ္တ သူရိယသုတ်၌လည်းကောင်း၊ ဒီဃနိကာယ်ပါထိကဝဂ်၊ အာဋာနာဋိယသုတ်၌လည်းကောင်း၊ အတိအလင်းဟောကြားထားသည်ကို တွေ့ရှိရပါသည်။

(အံ - ၁ ၂၂၈၊ အံ - ၂ ၄၇၃၊ ဒီ - ၃ - ၁၆၇၊ ၁၆၈၊ ၁၆၉)

သို့သော် သိပ္ပံသမားတို့က ယနေ့မျက်မှောက်ခေတ်၌မြင်းမိုရ်တောင်ကိုမတွေ့ရသောကြောင့် ထိုအယူအဆကို လက်မခံနိုင်ဖြစ်နေကြသည်။

ထိုသို့ လက်မခံနိုင်ကြခြင်း၏ အကြောင်းကို လေ့လာဆန်းစစ်ကြည့်ပါက -

- သိပ္ပံပညာရှင်တို့၏ သီအိုရီသည် တည်ငြိမ်သော သီအိုရီမဟုတ်။ ပထမတွေ့ရှိထားသော သီအိုရီထက် နောက်ထပ်တွေ့ရှိသောသီအိုရီ ကောင်းမွန်နေလျှင် နောက်သီအိုရီကိုသာလက်ခံပြီး ပထမသီအိုရီများကို ပယ်ဖျက်သောသဘာဝ ရှိနေခြင်း၊
- သိပ္ပံပညာအရ စမ်းသပ်ထုတ်လုပ်ထားသော ကိရိယာတို့ဖြင့် တိုင်းတာကာ ထိုကရိယာထဲဝင်လာသမျှလောက်နှင့်သာ တွက်ချက်ပြီး အဖြေကိုမှန်းဆထုတ်ဖော်ခြင်း၊

- အလွန်ဝေးကွာသောအရပ်၌ အလွန်မြင့်မားစွာ တည်နေသောတောင်တန်း၌ တောင်နိုးတောင်ငွေ့ရေခိုးရေငွေ့တို့သည် မထွက်ဘဲရှိမည်မဟုတ် အမြဲထွက်ရှိနေသော သဘာဝရှိနေပါသည်။

ကမ္ဘာပထဝီမြေအနေအထားပြောင်းလဲနေခြင်းဟူသောအကြောင်းတို့ကြောင့်မြင်းမိုရ်တောင်ကို မတွေ့မြင်ရခြင်းဖြစ်ပါသည်။

သိပ္ပံအဆိုအမိန့်တို့သည် တည်ငြိမ်မှုမရှိအမြဲတမ်းပြောင်းလဲနေသည်။ သာဓကအားဖြင့် သိပ္ပံလောကထဲမှာ (၂၀) ရာစုလောက်အထိ ရုပ်မှန်သမျှသည် ဒြပ်ဝတ္ထုဖြစ်သည်။ နောက်ဆုံးအထိ ဓာတ်ခွဲလိုက်ပါက အဏုမြူများအဆုံးသတ်မည်။ အဏုမြူကို နောက်ထပ်ခွဲစိတ်၍မရတော့ဟု ယူဆကြပါသည်။

(၂၀) ရာစုအလယ်လောက်သို့ ရောက်သောအခါ သိပ္ပံပညာသည် အလွန်တိုးတက်လာသည်။ တိုးတက်လာသည့်အလျောက် ရှေးအခါက ခွဲ၍မရဘူးဆိုသော အဏုမြူကို သိပ္ပံပညာရှင်များက ခွဲစိတ်၍ ရသွားကြပါသည်။

ထိုအခြေအနေမှတဖြည်းဖြည်းတိုးတက်လာကာရုပ်ကိုနောက်ဆုံးအထိဓာတ်ခွဲလိုက်ရင် တစ်လောကလုံးမှာအရေ အဖတ် ဒြပ်ဆိုသည် မရှိ။ သူ့သဘောသူဆောင်နေသော သဘောမျှသာရှိသည်ဟု သိပ္ပံပညာရှင်တို့က တွေ့လာကြသည်။

ဤကဲ့သို့ တွေ့လာသောအချိန်မှစ၍ သိပ္ပံလောကရှိ ပညာရှင်များမှာ အယူအဆများ တစ်မျိုးတစ်ဖုံ ပြောင်းသွားခဲ့ကြပါသည်။ ထိုပြောင်းလဲမှုကို သိပ္ပံလောကကြီးထဲမှာ အကြီးဆုံး တော်လှန်ရေးကြီးဖြစ်သည်ဟု သိပ္ပံပညာရှင်များက ကြေငြာခဲ့သည်ကို တွေ့ရပါသည်။

(ရုပ်စုံအခြေခံသမိုင်းတွဲ ၁ စာ ၂၇)

ဤသို့လျှင် သိပ္ပံသီအိုရီသည် တည်ငြိမ်မှုမရှိသောကြောင့် ယနေ့ မြင်းမိုရ်တောင်ကို မြင်နိုင်သော သီအိုရီမပေါ်ပေါက်သေးသော်လည်း နောင်မြင်းမိုရ်တောင်ကို မြင်နိုင်စွမ်းသော သီအိုရီအသစ်များ ပေါ်ပေါက်လာလျှင် မြင်းမိုရ်တောင်ကို မုချမြင်ရပါမည်။

ခေတ်တစ်ခေတ်မှာရှိနေသောသိပ္ပံကိရိယာတန်ဆာပလာများကိုသုံးပြီးသိပ္ပံပညာရပ်တစ်မျိုးပေါ်ပေါက်လာသည်။ နောက်တစ်ခေတ်သိပ္ပံပညာ ပစ္စည်းကိရိယာများ အလွန်တိုးတက်လာနေသောကြောင့် ယခင်က အမှန်ယူထားသော သိပ္ပံပညာရပ်အချို့သည် အမှားများကို တွေ့လာရသည်။ ထိုသို့တွေ့လာရသဖြင့် သိပ္ပံပညာတွေ့ရှိချက်အရ နောက်ထပ်တစ်မျိုးပေါ်လာပြန်သဖြင့် ယနေ့သိပ္ပံသဘာဝကို အမှန်တွေချည်းဟူ၍ ယူဆ၍မရနိုင်သေးပါ။

သိပ္ပံပညာရှင်အချို့တို့ကလည်း ဤအယူအဆကို လက်ခံထားကြပါသည်။ ထို့ကြောင့် သိပ္ပံပညာသည် မှန်းဆတွက်ချက်မှုသာဖြစ်သည်။

ဆုပြည့်စုံထွန်းစာပေ

ဗုဒ္ဓကမူ အတိုင်းမသိသော သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူသဖြင့် ဗုဒ္ဓဟောကြားခဲ့သော အမှန်တရားကို သိပ္ပံပညာက ဆက်လက်လေ့လာရမည်သာဖြစ်သည်။

တောတောင်ရေမြေတို့၏သဘာဝသည် အမြဲပြောင်းနေသည်။ ရှေးအခါက အလွန်မြင့်မားသော တောင်ကြီးမှာ ယခုအခါ အလွန်နိမ့်ဆင်းလာသည်။ ထိုသို့နိမ့်ဆင်းလာမှုရှိသည်ကို ဗုဒ္ဓက ဝေပုလ္လပဗ္ဗတသုတ်၌ ဝေပုလ္လတောင်ကြီးသည် ကကုသန်ဘုရားလက်ထက်၌ ထိုခေတ်လူတို့ လေးရက်ခရီးတက်ရပြီး လေးရက်ခရီးဆင်းရသည်။

ကောဏာဂုဏ်ဘုရားလက်ထက်၌ ထိုခေတ်လူတို့ သုံးရက်ခရီးတက်ပြီး သုံးရက်ခရီးပြန်ဆင်းရသည်။

ကဿပဘုရားရှင်လက်ထက်၌ထိုခေတ်လူတို့ နှစ်ရက်ခရီးတက်ပြီး နှစ်ရက်ခရီးပြန်ဆင်းရသည်။

ယခုဂေါတမဘုရားရှင်လက်ထက်၌ မာဂဓတိုင်းသားတို့သည် ခဏချင်းတက်ပြီး ခဏချင်းပြန်ဆင်းနိုင်ခဲ့သည်ဟု ဟောကြားထားခဲ့သည်။

(သံ - ၁ စာ ၃၉၆ ၃၉၇)

ဤသို့ ပထဝီမြေအနေအထားပြောင်းလဲသွားသောကြောင့် သိပ္ပံစမ်းသပ်ချက်များတွေ့ရှိမှုများသည် ပြောင်းလဲမှုအမြဲရှိနေမည်ဟု ဆိုရပါမည်။

သိပ္ပံပညာနှင့်ပတ်သက်ပြီး သိပ္ပံပါရဂူကြီးတစ်ဦးဖြစ်သော ဆာဂျိမ်းဂျီအင်း (Sir James Jeans)က ယနေ့ နောက်ဆုံးတွေ့ရှိနေသော သိပ္ပံပညာအရ သတ္တဝါများသည် ဤကမ္ဘာကြီးထဲမှာ မတော်တဆဖြစ်ပေါ်လာကြသည်ဆိုသော သိပ္ပံပညာရှင်များ အရင်တုန်းက အလျင်စလိုယူဆခဲ့သော အယူအဆကို မပြင်ဘဲနေ၍ မရပါ။ ပြင်ရပါမည်။

ကျွန်ုပ်တို့သိပ္ပံပညာရှင်များသည် လူ သတ္တဝါ ကမ္ဘာများဖြစ်ပေါ်လာခဲ့ပုံနှင့်ပတ်သက်ပြီး စာပိုဒ်တိုင်းမှာ အရေးကြီးသောအချက်အဖြစ်နှင့် ကြားညှပ်ထည့်ခဲ့သမျှ ကျွန်ုပ်တို့ပြောပြီးသမျှ အစမ်းသဘောနှင့် တင်ပြခဲ့သော ကျွန်ုပ်တို့ယူဆချက်မှန်သမျှ ရှင်းလင်းစွာပြောရလျှင် အတွေးများသာ ဖြစ်နေပါသေးသည်။ မသေချာသေးပါ။

လူများ၏အသိဉာဏ်နှင့် ဘယ်တော့မှမမီနိုင်လောက်အောင် ဖြစ်ကောင်းဖြစ်နေတဲ့ အလွန်နက်နဲလှသော ပြဿနာတချို့ကို ယခုနောက်ဆုံးပေါ် သိပ္ပံပညာက ဘယ်လိုများ ဖြေရှင်းပေးနိုင်မယ်ဆိုတာကို သိရအောင် ကျွန်ုပ်တို့ကြိုးစားကြည့်ပါသေးသည်။ အလွန်တရာ အလွန်ဆုံး ကျွန်ုပ်တို့ အလင်းရောင်အမှုန်ကလေးများထက်ပိုပြီး မြင်ရသည်ဟု ကျွန်ုပ်တို့ မပြောနိုင်သေးပါ။

ကျွန်ုပ်တို့မြင်ရသည်က ကျွန်ုပ်တို့မျက်စိကိုလှည့်စားနေတာမျိုးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဤအမှုန်မွှားကလေးလောက်မြင်ရလို့ပဲ၊ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏မျက်စိကို တအားကုန် အားစိုက်ထားနေပါသည်။

ဒါကြောင့် ဒီကနေ သိပ္ပံပညာမှာ မဖောက်မပြန် မှန်ကန်တဲ့ သဘောတရားနှင့်ပတ်သက်ပြီး အမှန်တရားကို အတိအကျကြေငြာဖို့ ခဲယဉ်းနေပါသည်ဟု ပြောကြားခဲ့ပါသည်။

ဤသို့လျှင် ဤစကြဝဠာကမ္ဘာနှင့်ပတ်သက်၍ ဗုဒ္ဓဝါဒနှင့် ခေတ်သိပ္ပံဝါဒမည်သည့်ဝါဒက တိကျမှန်ကန်သည်ဟု သိပ္ပံပညာရှင်တို့ အဆုံးအဖြတ်မပေးနိုင်ပါ။

သို့သော်ယနေ့သိပ္ပံပညာရှင်တို့သိပ္ပံကိရိယာဖြင့်စမ်းသပ်တွေ့ရှိရသမျှသောစကြဝဠာအချက်အလက်များသည် လွန်ခဲ့သော နှစ်ပေါင်း(၂၅၀၀)ကျော်က ဗုဒ္ဓဟောကြားချက်များနှင့် လုံးဝ မကွဲပြားသေးပါ။ ဗုဒ္ဓဝါဒက မှန်ကန်လျက်ပင် ရှိနေပါသေးသည်။

စကြဝဠာ တည်ဆောက်မှု ပျက်မှု စသည်တို့ကို ဗုဒ္ဓက သဗ္ဗညုတဉာဏ်တော်ဖြင့် ဟောကြားခဲ့ရာ ယနေ့စမ်းသပ်တွေ့ရှိမှုများလည်း မှန်ကန်နေသဖြင့် နောင်သိပ္ပံပညာရှင်များ၏ ဆက်လက်စူးစမ်းရှာဖွေမှုများသည် ဗုဒ္ဓဝါဒနှင့် ကွဲပြားစရာမရှိဟု မှတ်ယူရပါမည်။

အခန်း [၃]

ရှေးဟောင်း နက္ခတ္တဗေဒပညာရှင်များ၏ ကမ္ဘာ(စကြဝဠာ) အယူအဆများ

ရှေးနက္ခတ္တပညာရှင်များ၏ ဂြိုဟ်များအပေါ် အမြင်သဘာဝ

ဗုဒ္ဓဘာသာစာပေ၌ ဂြိုဟ်များ၊ နက္ခတ်၊ တာရာများအကြောင်းကို ဇာတ်တော်တို့၌ များစွာ တွေ့ရှိရပါသည်။ ဗုဒ္ဓက မကျင့်သုံးမဆောက်တည်အပ်သော မဇ္ဈိမသီလ၊ မဟာသီလတို့၌ ထိုနက္ခတ်ပညာအကြောင်းများ၊ ပညာများကိုရဟန်းတို့မလိုက်စားသင့်ကြောင်းဟောကြားထား သည်ကို တွေ့ရပါသည်။

ကမ္ဘာ့သမိုင်းမှတ်တမ်းများ၌မူ မက်ဆိုပိုတေးမီးယားဒေသရှိ ဆူမေရိယန်၊ ဘေဘီလုံ၊ နီယန်၊ အဆီရိယန်၊ မီဒီယန်၊ ပါရှန် စသော လူမျိုးများသည် လွန်ခဲ့သောနှစ်ပေါင်း(၆၀၀၀) ခန့်ကတည်းက လေ့လာလိုက်စားခဲ့ကြသည်ဟု ဆိုပါသည်။

သူတို့သည် နေ၊ လ၊ နက္ခတ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ သောကြာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ကြာသပတေး ဂြိုဟ်နှင့် စနေဂြိုဟ်တို့ကို ကိုယ်စားပြုသော ဘုံ(၇)ဆင့်ပါဇီဂူရတ် ZZGURAT ခေါ်ပေ (၄၀၀)ခန့် မြင့်သော ပိရမစ်ပုံစံမျှော်စင်ကြီးများကို မြေအုတ်များဖြင့် ဘုရားကျောင်းဆန်ဆန်တည်ဆောက် ကာ နေလ နက္ခတ်များကို လေ့လာကြပါသည်။

စိုက်ပျိုးရေးကိုအခြေပြုသော မက်ဆိုပိုတေး လူ့အဖွဲ့အစည်းအတွက် နက္ခတ္တဗေဒ ပညာရှင်များသည် ရာသီဥတုကို သေချာစွာလေ့လာခဲ့ကြသည်။

သူတို့သည် စက်ဝိုင်းတစ်ခုကို (၃၆၀) ဒီဂရီ စိတ်ခဲ့ပြီး (၁) ဒီဂရီကို မိနစ် (၆၀)အဖြစ်လည်းကောင်း၊ တစ်မိနစ်ကို စက္ကန့်(၆၀)အဖြစ်လည်းကောင်း၊ ထပ်မံစိတ်သောစနစ်ကို စတင်တီထွင်ခဲ့ကြသည်။

စက်ဝိုင်းတစ်ပတ်၃၆၀ဒီဂရီသည်အကြမ်းဖျင်းရက်ပေါင်း(၃၆၀)ရှိသောနေ၏တစ်နှစ်လှုပ်ရှားခြင်းကို ဖော်ညွှန်းခြင်းဖြစ်သည်။ သူတို့၏ တစ်နှစ်တွင် (လ)အရေအတွက် ကိန်းပြည့်ပါဝင်သည်။

နှစ်တစ်နှစ်၏ အစစ်အမှန်အချိန်ကာလသည် ရက်ပေါင်း (၃၆၅ ၁/၄) အမှန်ဖြစ်ပါသည်။ ယင်းကို (၂၉၁/၂) လများအဖြစ် အညီအမျှ မခွဲဝေနိုင်ဘဲရှိသည်။ တစ်နှစ်တွင်ပါဝင်သော လပေါင်းအတိအကျမှာ (၁၂၁/၃) ဖြစ်သည်။

ဤပြဿနာအတွက် နက္ခတ္တပညာရှင်များက ရိုးရိုးတစ်နှစ်လျှင် (၁၂) လထားပြီး ကျန်တစ်မျိုးတွင် (၁၃) လထားခဲ့သည်။ ဤလထပ်သည် ပြက္ခဒိန်ကို ယနေ့တိုင် သုံးနေကြဆဲဖြစ်ပြီး (မြန်မာတို့၏ ဝါထပ်သည်နှင့် တူပါသည်)

မက်ဆိုပိုတေးမီးယားလူမျိုးတို့၏နက္ခတ္တဗေဒပညာအမွေကို ဒီဂျစ်လူမျိုးများက ရရှိခဲ့ကြပြီး အီဂျစ်တို့ထံမှ ဂရိလူမျိုးများ ဆက်လက်အမွေခံရခဲ့သည်ဟု သမိုင်းပညာရှင်များက ဆိုပါသည်။

နက္ခတ္တဗေဒပညာကို ဗေဒင်ဟောသည့်အဆင့်မှ စကြဝဠာအကြောင်းကို ပိုမိုနားလည်မှုနှင့် ရှင်းပြနိုင်မှုအဆင့်သို့ရောက်အောင် ပထမဦးဆုံးပြုလုပ်နိုင်သောလူမျိုးမှာ ဂရိလူမျိုးဖြစ်သည်ဟု ဆိုပါသည်။

ဘီစီ(၆၂၄ – ၅၄၇)တွင်ပေါ်ထွက်ခဲ့သော ဂရိနက္ခတ္တပညာရှင် သေးလိစ်(Thales)နှင့် A.D (၁၂၇) မှ (၁၅၀) အထိ အလက်ဇန္ဒြားမြို့တွင် သုတေသနပြုလုပ်ခဲ့သော တော်လမီတို့အပါအဝင် နှစ်ပေါင်း(၈၀၀)ခန့်အတွင်းဝယ် နက္ခတ္တပညာရှင် သိပ္ပံပညာရှင်များစွာ ပေါ်ထွက်လာခဲ့ပြီး နက္ခတ္တပညာများ များစွာ တိုးတက်ခဲ့ပါသည်။

ဘီစီ(၅၃၀)တွင် ပိုင်သာဂိုရပ်စ် (Phthagoras)သည် သိပ္ပံပညာသင်ကျောင်းကို တည်ထောင်ခဲ့သည်။ သူက ကမ္ဘာအပါအဝင် အာကာသဝတ္ထုများသည် လုံးဝန်းသောသဏ္ဌာန်ရှိကြောင်း ပထမဦးဆုံး ထုတ်ဖော်ခဲ့ပါသည်။

အရစ္စတိုတယ်(Arstotale)သည် နက္ခတ္တဗေဒပညာရှင် မဟုတ်သော်လည်း သူ၏ သိပ္ပံပညာနှင့် တွေးခေါ်မြော်မြင်မှုပညာတို့ကို သုံးပြီး ကမ္ဘာမြေကြီးလုံးကြောင်းကို သက်သေအမျိုးမျိုးနှင့် ပြသခဲ့သည်။

နောက်ပိုင်းကာလတွင်နက္ခတ္တဗေဒပညာရှင်များသည်သိပ္ပံပညာ၊သင်္ချာပညာနှင့်တွေးခေါ်မြော်မြင်မှုတို့ကိုပါ တွဲဖက်အသုံးပြုပြီး ကမ္ဘာနှင့် စကြဝဠာအတွင်းရှိဂြိုဟ်များသည် လုံးဝန်း

ကြပြီးစက်ဝိုင်းပုံသဏ္ဍာန်ရှိလမ်းကြောင်းများပေါ်၌လည်ပတ်နေကြကြောင်းအဆိုပြုဖော်ထုတ်ပြသခဲ့သည်။

ထို့ပြင် နေ၊ ကမ္ဘာ၊ လ - စသည်တို့၏ အရွယ်အစားပမာဏနှင့် အကွာအဝေးတို့ကိုပါ အကြမ်းဖျင်းတွက်ချက်လာနိုင်ပါသည်။ သို့ရာတွင် သူတို့သည် စကြဝဠာ၏အကျယ်အဝန်းသည် စနေဂြိုဟ်၏အတွင်း၌သာရှိသည်ဟု ယူဆခဲ့သည်။

နက္ခတ်ပညာရှင်တို့သည် နေကြတ်ခြင်း လကြတ်ခြင်းများကိုလည်း ကြိုတင်မှန်းဆနိုင်ခဲ့ကြသည်။

တရုတ်နက္ခတ္တပညာရှင်များသည် ဘီစီ (၁၃) ရာစုကတည်းက နေကြတ်မှုအကြိမ် (၉၀၀)နှင့် လကြတ်မှုအကြိမ် (၆၀၀) တို့ကို စနစ်တကျ မှတ်တမ်းတင်နိုင်ခဲ့ကြသည်ဟု ဆိုပါသည်။

ဥက္ကာပျံများနှင့် ကြယ်တံခွန်၊ ဟေလီကြယ်တံခွန်တို့ကိုလည်း မှတ်တမ်းတင်နိုင်ခဲ့ကြသည်။

ဥရောပတွင် (၅) ရာစု (A-D) နှစ်များအထိ ရောမအင်ပါယာကြီးကိုစတင်မြစ်ဖျားခံကာ မိမိတို့ကိုယ်ကိုမိမိသူရဲကောင်းများ (Knights)? မှူးမတ်များ (Barons) အဖြစ်သတ်မှတ်ထားသူတို့ ကြီးစိုးချယ်လှယ်နိုင်သော ပဒေသရာဇ်ခေတ်ကြီးတစ်ခု ထွန်းကားလာခဲ့သည်။ ခရစ်ယာန်ဘာသာတွင် ရိုမန်ကတ်သလစ်ဂိုဏ်းတော်မှ ပုပ်ရဟန်းမင်းကြီး ကာဒီနယ် ခေါ် ရဟန်းမင်းများကလည်း ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်စသည့် ဘာသာရေးခေါင်းဆောင်များအဆင့်ဆင့်ကလည်း ကိုယ်ပိုင်စစ်တပ် ကိုယ်ပိုင်နယ်မြေများဖြင့် ပဒေသရာဇ်ကြီးများသဖွယ် တစ်မျိုးတစ်ဘာသာ တန်ခိုးထွား အာဏာတည်ထောင်နေကြချိန်ဖြစ်ပါသည်။

ဘာသာရေးအယူအဆပြင်းထန်သူများက ကမ္ဘာကြီးလုံးပါသည်ဟုဆိုသော သိပ္ပံပညာရှင်ကြီးများကို ဘာသာရေးခုံရုံးဖွဲ့ကာစစ်ဆေးပြီးမီးရှို့သေဒဏ်ပေးခဲ့သည်မှာ (၁၆) ရာစုနှစ်ကုန်သည်အထိ ဖြစ်ပါသည်။

ထိုခေတ်အခါကာလသည် စစ်မက်ထူပြောသော ဥရောပ၏အမှောင်ကာလကြီးဖြစ်ပြီး နက္ခတ္တပညာရပ်များနှင့် အခြားသိပ္ပံဘာသာရပ်များမှာ ဘာသာရေး၏ အတင်းဖိနှိပ်လွှမ်းမိုးထားမှုကြောင့် တိုးတက်မှုမရှိသလောက် ဖြစ်စေခဲ့ပါသည်။

ဥရောပတွင် ထိုကဲ့သို့သောခေတ်ကြီး ဆိုက်ရောက်နေချိန်ဝယ် (၇) ရာစု၌ အာရေးဗျတွင် အစ္စလာမ်ဘာသာကို တည်ထောင်သူ မိုဟာမက်ပေါ်ထွန်းလာခဲ့သည်။

မိုဟာမက်သည် သာသနာမြေချဲ့ထွင်ရင်း အီဂျစ်၊ အာဖရိကမြောက်ပိုင်း ဥရောပတောင်ပိုင်းရှိစပိန်၊ အရှေ့အလယ်ပိုင်းဒေသ၊ အိန္ဒိယအနောက်ပိုင်း စသည်အထိ ကြီးမားသော အာရပ်အင်ပါယာကို တည်ထောင်လာခဲ့သည်။

ထိုအာရပ်လူမျိုးများသည် (၇)ရာစုမှ (၁၆)ရာစုအတွင်း နက္ခတ်နှင့် သိပ္ပံပညာကို လေ့လာခွင့်ရခဲ့ကြသည်။ ယင်းပညာရပ်တို့ကို နောက်ပိုင်းတွင် အာရပ်တို့ထံမှ ဥရောပနိုင်ငံသားတို့ ပြန်လည်လေ့လာခွင့် ရခဲ့ကြသည်။

ဆန်းသစ်မှုရှိလာသော နက္ခတ္တပညာရှင်များပေါ်လာမှု

အာရစ္စတာချူ(စ်) (Anstarchus) (B-C 310-230)သည် သင်္ချာပညာကိုသုံးပြီးနေ - လ နှင့် ကမ္ဘာတို့၏အကွာအဝေး အရွယ်အစားတို့ကို တွက်ချက်ဖော်ထုတ်ခဲ့သည်။ သို့သော်လည်း သူသည် လက်တွေ့တွက်မပြခဲ့ဘဲ သင်္ချာပုစ္ဆာများအဖြစ်သာ ထားခဲ့သည်။

သို့အတွက်ကြောင့် နေစကြဝဠာနှင့်ပတ်သက်သော သူ၏အယူအဆကို ထိုစဉ်က ဂရိပညာရှင်များက လက်မခံခဲ့ကြပါချေ။ သူ၏အဆိုမှာ -

"ကမ္ဘာသည် မိမိဝင်ရိုးပေါ်မှာလည်ရင်း နေကိုလှည့်ပတ်နေသည်" ဟု သူကဆိုခဲ့သည်။

ထိုအရေးပါသော အယူအဆမှာ နှစ်ပေါင်း (၂၀၀၀) ကြာပြီးသောအခါ ဂယ်လီယို (Galileo) နှင့် နယူတန် (NewTon) တို့ သက်သေပြနိုင်တော့မှသာ အတည်ဖြစ်သွားခဲ့ရပါသည်။

ဂရိနက္ခတ္တပညာရှင်များလက်ထက်တွင် ကမ္ဘာနှင့်နေတို့သည် မိုင်သန်းပေါင်းများစွာ ကွာဝေးသည်ဟု သိကြသည်။

ထို့ကြောင့် ကမ္ဘာကသာ နေကိုဗဟိုပြုပြီး လှည့်ပတ်ရမည်ဆိုလျှင် တစ်နာရီလျှင် မိုင်သောင်းနှင့်ချီပြီး ကမ္ဘာကြီးကသွားနေရမည်ဖြစ်သည်။ ထိုအခါ ကမ္ဘာပေါ်ရှိ ရုပ်ဝတ္ထုပစ္စည်းများ အာကာသထဲသို့ လွင့်စင်ကျရောက်ကုန်မည်ဖြစ်သောကြောင့် မဖြစ်နိုင်ဟု ယူဆခဲ့ကြသည်။

ယနေ့ခေတ် နက္ခတ္တပညာရှင်များကမူ ကမ္ဘာကြီးသည် အမှန်တကယ်ပင် တစ်နာရီလျှင် မိုင်ပေါင်း(၇၀၀၀၀)နှုန်းဖြင့် နေကိုလှည့်ပတ်နေကြောင်း တွက်ချက်ပြီး သက်သေပြလာနိုင်ကြပြီး ဖြစ်ပါသည်။

ဂရိတ်ခေတ်က နက္ခတ္တပညာရှင်များသည် ဤမျှလျင်မြန်သော နှုန်းဖြင့် ကမ္ဘာမြေကြီးက နေကိုလှည့်ပတ်နေလျှင် ကမ္ဘာမြေပေါ်က လူသားများသည် ထိုအရှိန်ကို သိသိသာသာ ခံစားနိုင်ကြရမည်ဟု ဆိုကြလိမ့်မည်ဖြစ်သည်။

အမှန်မှာ ကမ္ဘာကြီး၏ကြီးမားသော ရုပ်ဒြပ်ထုနှင့် ဆွဲငင်အားကြောင့် လူသားများသည် ထိုအရှိန် (speed) ကြီးကို ခံစားနိုင်ကြခြင်း မရှိပေ။

ထိုအရှိန်ကို လက်တွေ့ဂဲသြမေတြီသင်္ချာနည်းဖြင့် တွက်ချက်နိုင်သည်။ 2 Гir သည် တစ်နှစ်အတွင်း ကမ္ဘာကနေကိုပတ်သော မိုင်သန်းပေါင်း...

$$၂ \times \frac{၂၂}{၇} + ၉၄.၆ = ၅၈၄၄၁၂ \text{ မိုင်သန်းပေါင်း}$$

= ၅၈၄၄၁၂ ÷ ၃၆၅ = ၁.၆၂၆

(တစ်ရက်သွားနိုင်သော မိုင်သန်းပေါင်း)

= ၁.၆၂၆ + ၂၄ = ၆၇၈၆၁

(တစ်နာရီသွားနိုင်သည့်မိုင်ပေါင်း)

(၉၄.၆) သည် ကမ္ဘာနှင့်နေတို့၏ အကွာအဝေးမိုင်သန်းပေါင်း ဖြစ်သဖြင့် စက်ဝန်း (circumperence) နေသွားလမ်းကြောင်းကို တွက်ရာတွင် အချင်းဝက် (Radious) အဖြစ်ထား၍ 2 Tir - ၂ - မိုင်အချင်းဝက်ထားပြီး တွက်ထားခြင်းဖြစ်ပါသည်။ $(၂ \times \frac{၂၂}{၇} + ၉၄.၆)$

ထို့ကြောင့် ကမ္ဘာမြေကြီးသည် တစ်နာရီလျှင် မိုင်ပေါင်း(၇၀၀၀၀) နှုန်းခန့်ဖြင့် နေကို လှည့်ပတ်နေကြခြင်းဖြစ်သည်ဟူသော အဆိုမှာ မှန်ကန်သည် ဟု ဆိုရပါမည်။

ကမ္ဘာနှင့်တကွ အခြားဂြိုဟ်များသည် နေစကြဝဠာအတွင်း နေကိုဗဟိုပြု၍ လှည့်ပတ်နေကြသည်ဟူသော အဆိုပြုချက်ကို ကော်ပါနီးကပ် (p) (Copernieus) (AD၁၄၇၃ - ၁၅၄၁) က တင်ပြခဲ့သည်။

ဂယ်လီလီယိုနှင့် နယူတန်တို့၏ တွေ့ရှိချက် တီထွင်ချက်များ ထွက်ပေါ်လာသောအခါ တွင်မူ ယင်းအဆိုပြုချက်များမှာ အတည်ဖြစ်သွားပါသည်။

နှစ်ပေါင်း(၂၀၀၀) ကျော်ကြာ လက်ခံကြသော စက်ဝိုင်းပုံပတ်လမ်းများကို စွန့်ပယ် လိုက်ပြီး ဘဲဥပုံပတ်လမ်းကို အတည်ပြုလာခဲ့ကြသည်။

ဂယ်လီလီယို (၁၅၆၄ - ၁၆၄၂) ၏ အဝေးကြည့်မှန်ပြောင်းတီထွင်မှုကြောင့် ယခင်က မမြင်ရသော ဂြိုဟ်များကို စောင့်ကြည့်လေ့လာပြီး နေကိုဗဟိုပြု၍လှည့်ပတ်နေကြသည်ဟူ သော ကော်ပါးနီးကပ်စ်၏ အဆိုပါ အတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် နယူတန် (၁၆၄၂ - ၁၇၂၇) ၏ ရွေ့လျားမှုဆိုင်ရာ ဥပဒေသ (၃) ခုသည် ကမ္ဘာ ပေါ်ရှိအရာဝတ္ထုများအားလုံးအပြင် ကောင်းကင်ယံတွင်ရှိသော အရာဝတ္ထုအားလုံးကိုပါ အကျုံး ဝင်သက်ဆိုင်မှုရှိသည်ဟု ဆိုထားပါသည်။ နယူတန်၏ ထိုဥပဒေများကြောင့် နေကိုဗဟိုပြုပြီး ကမ္ဘာအပါအဝင် အခြားဂြိုဟ်များလှည့်ပတ်နေကြသည်ဆိုသော အယူအဆကို ခိုင်မာသွားစေ ပါသည်။

ဆုပြည့်စုံထွန်းစာပေ

၁၈ - ရာစုနှစ် သိပ္ပံပညာရှင်ကြီး နယူတန်နှင့် ၂၀ - ရာစုသိပ္ပံပညာရှင်ကြီး အိုင်းစတိုင်း တို့၏တွေ့ရှိချက်များကို အခြေခံပြီး ယနေ့သိပ္ပံပညာရှင်တို့သည် အာကာသလေ့လာစူးစမ်းရေး တို့ကို အထူးကြိုးစားလေ့လာခဲ့ကြသည်။

ယနေ့ခေတ်အာကာသသိပ္ပံပညာရှင်များသည် အာကာသယာဉ်များကိုကမ္ဘာမြေကြီး၏ဆွဲငင်အားမှ လွတ်နိုင်သော လွတ်မြောက်မှုအလျင် V ကို တွက်ချက်နိုင်ကြပြီဖြစ်သည်။

V = 112 km/s

တစ်စက္ကန့်လျှင် (၁.၂) ကီလိုမီတာနှုန်း ဖြစ်သည်။

အီကွေတာအနီးနေရာတစ်ခုခုမှ ပစ်လွှတ်လျှင် အီကွေတာတွင် အရှေ့ဘက်သို့လည် နေသည့်နှုန်း(၀.၅)ကီလိုမီတာ / စက္ကန့် အကူအညီရမည်ဖြစ်သောကြောင့် (၁၀.၇)ကီလိုမီတာ/ စက္ကန့်သာလိုပေသည်။

အီကွေတာမှ များစွာဝေးသော လတ္တီကျူ့များမှ ပစ်လွှတ်လျှင် ကမ္ဘာလည်ပတ်နှုန်း၏ အကူအညီများစွာ ရရှိမည်မဟုတ်ပေ။ အနောက်ဘက်သို့ ပစ်လွှတ်လျှင်ကား များစွာခက်ခဲမည်ဟု ဆိုသည်။

Newton's Law of Gravitation ESi:hf Laws of Motion.

F= Gm, m, where F is the force between objects of mass m, and m, seperated by distance R and G is the Grauitonal constant

Laws of motion

First Law of velocity of an object does not change unless a force cets on the object

second law a force F applied to an object of mass M causes an acceleration a according to F=ma

Third Law= Every action has an equal and opposite reaction.

Eimtsten's principle of relativity

All physical laws are the same in all forms of reference in uniform with suspect to one another.

ဆုပြည့်စုံထွန်းစာပေ

If the energy of a body changes by ammount E then is mass must change by E2 where C is the velocity of light (or expressed in its better known from $E=mc^2$)

ဗေဒင် ၁၂ ရာသီခွင်တည်ရှိသည့် သဘာဝ

မီး၊ ရေ၊ လေ၊ မြေဟူသော မဟာဘူတဓာတ်ကြီး(၄)ပါးနှင့် စရ၊ ထိရ၊ ဒွေးဒဟဟူသော ဂုဏ်သတ္တိ(၃)မျိုးတို့သည် အပြန်အလှန်ဆက်သွယ်ကာ ယင်း(၇)ပါးတို့သည် အနန္တစကြဝဠာတွင် ပေါင်းစပ်ပါဝင် ခြယ်လှယ်လျက်ရှိနေသည်ဟု ဆိုပါသည်။

တနင်္ဂနွေ၊ တနင်္လာဂြိုဟ်များနှင့်အခြားဂြိုဟ်များသည်နေစကြဝဠာအတွင်း၌သာတည်ရှိပြီး ထို(၇)ပါးမှာမူ နေစကြဝဠာတွင်သာမက အခြားစကြဝဠာများတွင်လည်း ပါရှိနေသည်ကို တွေ့ရပါသည်။

အခြားသောစကြဝဠာများ၏ ဖွဲ့စည်းပုံသည် ယနေ့လူသားတို့နေသော စကြဝဠာ၏ ဖွဲ့စည်းပုံနှင့် မတူညီသည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုပါသည်။

သို့သော် မူလမဟာဘူတဓာတ်ကြီး (၄)ပါးနှင့် ဂုဏ်သတ္တိ(၃)ပါးတို့သည် စကြဝဠာတိုင်း၌ ပါဝင်ဖွဲ့စည်းတည်ရှိလျက်နေသည်ကို တွေ့ရပါသည်။

(၁၂) ရာသီခွင်ဆိုသည်မှာနေ၊ လဂြိုဟ်များ လှည့်လည်သွားလာနေရာလမ်းကြောင်းကြီးတစ်ခုဖြစ်ပြီး ကမ္ဘာမြေကြီးနံဘေးပတ်လည်တွင် ပတ်ထားသော ခါးပတ်ကွင်းကြီးတစ်ခုကဲ့သို့ပင်ဖြစ်ပါသည်။

ထို (၁၂) ရာသီခွင် ခါးပတ်ကွင်းကြီးကို မျက်စိဖြင့်မြင်ရ၍ သတ်မှတ်ခြင်းမျိုးမဟုတ်ဘဲညဥ့်အခါကောင်းကင်တွင်ဂြိုဟ်နက္ခတ်များလှည့်လည်သွားလာနေသည်ကိုကြည့်ရှုပြီး သတ်မှတ်ထားခြင်းဖြစ်ပါသည်။

မရွေ့လျားနိုင်သော ကြယ်တာရာကြီးများမှာ (၁၂) ရာသီခွင်တွင် မပါဝင်ပါ။ ယင်းတို့သည်ကောင်းကင်အနှံ့အပြားတွင်ပျံ့နှံ့တည်ရှိနေပါသည်။ အင်တိရိ၊ အက်တင်ဗရမ်၊ ရီဂျူလပ်(စ်)၊ ပေါလစ် စသော အချို့တာရာကြီးများမှာ (၁၂) ရာသီခွင်တွင် ပါရှိပါသည်။

ကမ္ဘာမြေကြီး မည်သည့်နေရာ၊ မည်သည့်အချိန်မဆို ကြည့်ရှုလျှင် (၁၂) ရာသီခွင်တစ်ဝက်သာ ကောင်းကင်ပေါ်တွင် မြင်ရပြီး ကျန်တစ်ဝက်မှာ မိုးကုတ်စက်ဝိုင်းအောက်၌ မြုပ်လျက်တည်ရှိနေမည်ဟု ဆိုပါသည်။

(၁၂) ရာသီစွင်ကို (၃၆၀) ဒီကရီ(အံသာ) ထား၍(၁) ရာသီတွင် (၃၀) ဒီကရီ(အံသာ) ဖြင့် စိတ်ပိုင်းထားပါသည်။

ဒီကရီ(အံသာ)တစ်ခုကို (၆၀) မိနစ်(လိတ္တာ) ဟု ခွဲဝေစိတ်ဖြာပြီး (၁) မိနစ်(လိတ္တာ) ကို ၆၀ စက္ကန့် (ဝိလိတ္တာ) ဟု ပြန်လှန်စိတ်ထားပါသည်။

၁၂-ရာသီ	-	၃၆၀-ဒီကရီ(အံသာ)
၁-ရာသီ	-	၃၀-ဒီကရီ(အံသာ)
၁-ဒီကရီ(အံသာ)	-	၆၀-မိနစ်(လိတ္တာ)
၁-မိနစ်(လိတ္တာ)	-	၆၀-စက္ကန့်(ဝိလိတ္တာ)

ရာသီစွင်တစ်ခုတွင် ၃၀ ဒီကရီ(အံသာ) ရှိ၍ ယင်းကို (၃)ပိုင်း ပိုင်းပြီး တစ်ပိုင်းကို (၁၀) ဒီကရီအံသာရှိပါသည်။ ယင်း (၁၀)ဒီကရီအံသာကို ဒြေက်ာဏ်ဟု ခေါ်ပါသည်။ တစ်ဖန်(၁၂) ရာသီစွင်ကို ရုပ်ပုံလွှာများဖြင့်လည်းကောင်း၊ မဟာဘူတဓာတ်ကြီး (၄)ပါးဖြင့်လည်းကောင်း၊ ဂုဏ်သတ္တိသုံးပါးဖြင့်လည်းကောင်း ခွဲခြားသတ်မှတ်ထားပါသည်။

	ရာသီအမည်	ရုပ်ပုံလွှာ	ဓာတ်၄ပါး	ဂုဏ်သတ္တိ
၁။	မိဿ	သိုး	မီး	စရ
၂။	ပြိဿ	နွားသိုး	မြေ	ထိရ
၃။	မေထုံ	အမြွှာ	လေ	ဒွေးဒဟ
၄။	ကရကဋ်	ကဏန်း	ရေ	စရ
၅။	သိဟ်	ခြင်္သေ့	မီး	ထိရ
၆။	ကန်	ပျိုကညာ	မြေ	ဒွေးဒဟ
၇။	တူ	ချိန်ခွင်	လေ	စရ
၈။	ဗြိစ္ဆာ	ကင်းမီးကောက်	ရေ	ထိရ
၉။	ဓနု	လေးသမား	မီး	ဒွေးဒဟ
၁၀။	မကာရ	ဆိတ်၊ သမင်	မြေ	စရ
၁၁။	ကုမ်	ရေထမ်းသမား	လေ	ထိရ
၁၂။	မိန်	ငါးနှစ်ကောင်	ရေ	ဒွေးဒဟ

ဝိသမရာသီများကို မီး၊ လေ အဖိုဟု သတ်မှတ်သည်။

သမရာသီများကို ရေ၊ မြေ၊ အမ ဟု သတ်မှတ်ပါသည်။

အဖိုဓာတ်ရာသီ၏သဘောမှာ တွန်းကန်ခြင်းကျူးကျော်ရန်လိုခြင်း အတိုက်ဓာတ် သဘောရှိသည်။ အဖိုဓာတ်ရာသီများမှာမိမိတို့၏သဘောထားကိုထင်ရှားပွင့်လင်းစွာထုတ်ဖော် သော သဘောမျိုးတို့ကို ဖြစ်စေပါသည်။

အမဓာတ်ရာသီတို့၏သဘောမှာ အတွင်းသို့ကြုံ့ဝင်ခြင်း၊ ခံစစ်သဘောရှိခြင်း၊ ကာ ကွယ်စောင့်ရှောက်ခြင်း၊ အခံဓာတ်သဘောရှိပါသည်။ အမရာသီများမှာ မြဲစိစိလုပ်ခြင်း၊ ခံယူ စောင့်ရှောက်ခြင်းသဘောမျိုးကို ဖြစ်စေသည်။

(၁) တနင်္ဂနွေဂြိုဟ်နှင့် (၂) တနင်္လာဂြိုဟ်တို့သည်တစ်အိမ်စီသာပိုင်ဆိုင်၍ကျန်သော ဂြိုဟ်များမှာ (၂)အိမ်စီ ပိုင်ဆိုင်ပါသည်။

၁ တနင်္ဂနွေနှင့် ၂ တနင်္လာဂြိုဟ်တို့ကို အခြေပြု၍ အုပ်စု(၂)ခု ခွဲဝေထားပါသည်။

သီဟ်	ကရကဋ်	အပိုင်ဂြိုလ်
(၁ - တနင်္ဂနွေအုပ်စု)	(၂ - တနင်္လာအုပ်စု)	
ကန်	မေထုံ	ဗုဒ္ဓဟူးဂြိုဟ်
တူ	ပြိဿ	သောကြာဂြိုဟ်
ဗြိစ္ဆာ	မိဿ	အင်္ဂါဂြိုဟ်
ဓနု	မိန်	ကြာသပတေးဂြိုဟ်
မကာရ	ကုမ်	စနေဂြိုဟ်

ယူရေနပ်၊ နက်ပကျွန်း၊ ပလူတိုတို့တွင် အိမ်ပိုင်မရှိပါ။ ကုမ်၊ မိန်၊ ဗြိစ္ဆာရာသီတို့သည် ထိုဂြိုဟ်တို့နှင့် အစဉ်အတိုင်း သဟဇာတဖြစ်သော အိမ်များဖြစ်ကြပါသည်။

၁၂ ရာသီခွင်တွင် ကသစ်ဂြိုဟ် ဥစ်ဂြိုဟ်၊ နိစ်ဂြိုဟ်၊ ပြဂြိုဟ်ဟူ၍ ခွဲခြားပြပြန်ပါသည်။

အိမ်ရှင်ရာသီများကို ကသစ်ရာသီဟုခေါ်၍ သခင်မှာ သမသတ်ကို ပြရာသီဟုခေါ်ပါ သည်။

ဥစ်ရာသီမှ သမသတ်ရာသီကို နိစ်ရာသီဟုခေါ်သည်။ ဥစ်၊ ကသစ်ဂြိုဟ်များသည် အင်အားကောင်းသော ဂြိုဟ်များဖြစ်ကြသည်။ ပြ၊ နိစ်ဂြိုဟ်များသည် အင်အားနည်းပါးကြ သည်။

ဇာတာတွင် ဂြိုဟ်နှစ်လုံးသည် တစ်ဦး၏အိမ်တွင် တစ်ဦးလဲလှယ်နေကြစဉ် "သမ္ဗန္ဓ" ဖြစ်သည် ဟုခေါ်ပါသည်။ ထိုကဲ့သို့ ဖြစ်လျှင် တစ်ခုနှင့်တစ်ခု သဟဇာတဖြစ်သည်။

ဂြိုဟ်များ ကသစ်ရာသီ၊ ဥစ်ရာသီတို့တွင် ရပ်တည်သော် ဂုဏ်ရှိစွာရပ်တည်ခြင်းဟု ခေါ်၍ ကောင်းကျိုးကိုပေးသည်ဟု ဆိုပါသည်။

ဆုပြည့်စုံထွန်းစာပေ

ရာသီ	ကသစ်ဂြိုဟ်	ဥစ်ဂြိုဟ်	နိစ်ဂြိုဟ်	ပြဂြိုဟ်
မိဿ	အင်္ဂါ	၁-နွေ၁၀အံသာ	စနေ	သောကြာ
ပြိဿ	သောကြာ	၂-လာ၃-အံသာ	ယူရေနပ်	အင်္ဂါ
မေထုံ	ဗုဒ္ဓဟူး	-	၅-ကြာသပတေး	
ကရကဋ်	တနင်္လာ	၅-တေး၅-အံသာ	အင်္ဂါ	စနေ
သိဟ်	၁-နွေ	၅-တေး-၅အံသာ	အင်္ဂါ	စနေ + ယူရေနပ်
ကန်	၄-ဟူး	၄-ဟူး၁၅-အံသာ	၆-ကြာ	၅-ကြာသပတေး
တူ	သောကြာ	စနေ၂၀-အံသာ	၁-နွေ	အင်္ဂါ
ဗြိစ္ဆာ	အင်္ဂါ	ယူရေနပ်	၂-လာ	၆-သောကြာ
ဓနု	၅-တေး	ယူရေနပ်	၂-လာ	၄-ဗုဒ္ဓဟူး
မကာရ	စနေ	၃-အင်္ဂါ၂၈-အံသာ	၅-တေး	၂-လာ
ကုမ်	စနေနှင့်ယူရေနပ်	၃-အင်္ဂါ၂၈-အံသာ	၅-တေး	၁-နွေ
မိန်	၅တေး	၆ကြာ၂၇အံသာ	၄ဗုဒ္ဓဟူး	၄ဗုဒ္ဓဟူး

အရှေ့တိုင်းဗေဒင်ပညာ၌ ပြဂြိုဟ်ဟူ၍မရှိပါ။ မိမိအိမ်ဖြစ်သောဂြိုဟ်များအားရှိသည်။

ဇာတာတစ်စောင်တွင် ၁-တနင်္ဂနွေဂြိုဟ်ဖြစ်စေ၊ ၂-တနင်္လာဂြိုဟ်ဖြစ်စေ၊ သို့တည်းမဟုတ်၊ အခြားဂြိုဟ်တစ်လုံးဖြစ်စေ၊ အဓိကဇာတ်ဆောင် ဂြိုဟ်တစ်လုံးရှိပါသည်။

ကျန်ဂြိုဟ်များမှာ ပြင်ပဗဟိဒ္ဓကဲ့စွမ်းဖြစ်သော မိတ်ဆွေများ အလုပ်အကိုင်၊ ဇနီး၊ သားသမီးတို့ကို ဖော်ညွှန်းပါသည်။

ဇာတာတစ်စောင်တွင် အဓိကဇာတ်ဆောင်ကိုကြည့်၍ ဇာတာရှင်အား အင်္ဂါဂြိုဟ်စိုးမိုးသူ၊ ယူရေနပ်ဂြိုဟ်စိုးမိုးသူ၊ ၅-ကြာသပတေးဂြိုဟ်စိုးမိုးသူ စသည်ဖြင့် ဗေဒင်ပညာရှင်များက သတ်မှတ်ထားရှိပါသည်။

ထိုဇာတ်ဆောင်ဂြိုဟ်မှာ အများအားဖြင့် လဂ်အိမ်ရှင်ဂြိုဟ်ဖြစ်တတ်သော်လည်း လဂ်အိမ်ရှင်ဂြိုဟ်မှာ အားနည်းနေခဲ့လျှင် အခြားအားကြီးသောဂြိုဟ်များသည် အဓိကဇာတ်ဆောင်ဂြိုဟ်များ ဖြစ်လာတတ်ပါသည်။ ဥပမာ - လဂ်နှင့် အနီးကပ်ပူးနေသော ဂြိုဟ်(၁၀)တန့် ဘာဝတွင် ရပ်တည်နေသောဂြိုဟ်၊ အားကြီးစွာရပ်တည်၍ အမြင်အယှဉ်ကောင်းမွန်သော ဂြိုဟ်များသည် အဓိကဇာတ်ဆောင်ဂြိုဟ်များ ဖြစ်လာတတ်ကြပါသည်။

ထိုအဓိကဇာတ်ဆောင်ဂြိုဟ်သည် လဂ်ရာသီ ၁-တန့်ဘာဝက ဇာတာရှင်အားကိုယ်စားပြုသည့်နည်းတူပင် ကိုယ်စားပြုသည်ဟု ဆိုလာသည်။

ဥပမာအားဖြင့် အင်္ဂါဂြိုဟ်က ထိုဇာတာသခင်ကိုအဆိုးမြင်ထားလျှင် အင်္ဂါဂြိုဟ်ဆိုင်ရာ

သဘောတရားများသည် ဇာတာရှင်အားအဆိုပြုလာသည်။ ကမ္မုရှုးထိုးလုပ်တတ်သော၊ ဒေါသတရား ရှေ့ထားတတ်သော၊ ရန်ပြုလိုသူများဖြစ်လာတတ်သူဟုဆိုပါသည်။

ရာသီခွင်တစ်ခုတွင် (၃၀) ဒီကရီ (အံသာ) ရှိ၍ ယင်းကို (၃) ပိုင်းပိုင်းရာတွင် (၁) ပိုင်းကို (၁၀) ဒီကရီ (အံသာ) ရှိမည်ဖြစ်ပါသည်။ ယင်း (၁၀) ဒီကရီ (အံသာ) ကို တြင်းဟုခေါ်ပါသည်။

ပထမတြင်းကို မူလရာသီကပင် ပိုင်ပြီးဒုတိယနှင့်တတိယတို့မှာ ထိုရာသီမှ ၅ - တန့်/ ၉ - တန့် ရာသီသခင်တို့က ပိုင်ဆိုင်သည်။

ထိုသို့ပိုင်ဆိုင်ခြင်းမှာ ဓာတ်သဘာဝတူရာ ပိုင်ဆိုင်ခြင်းဖြစ်သည်ဟုဆိုပါသည်။

ပညာရှင် ချက်လ်ဒင်အဆိုအရမူ -

- မိဿရာသီပထမတြင်းကို အင်္ဂါဂြိုဟ်က ပိုင်ဆိုင်ပြီး ဒုတိယတြင်းကို ၆ - ကြာဂြိုဟ်က ပိုင်ဆိုင်သည်။
- ပြိဿရာသီ၏ပထမတြင်းကို ဗုဒ္ဓဟူးဂြိုဟ်ကပိုင်ပြီး ဒုတိယတြင်းကို ၂ - တနင်္လာဂြိုဟ်ကပိုင်ကာ တတိယတြင်းကို စနေဂြိုဟ်က ပိုင်သည်။
- မေထုံရာသီ၏ ပထမတြင်းကို ၅ - တေးက ပိုင်သည်ဟု ဆိုထားပါသည်။

ဗေဒင်အလို၊ ဇာတာခွင်၏ ဘာဝ(၁၂)ပါး

ကမ္ဘာမြေပြင်၏ တစ်နေရာအရပ်မှ ကောင်းကင်ကို ကြည့်လိုက်ပါက ကောင်းကင်ပေါ်တွင် ဘာဝ (၆) ခု၊ မိုးကုတ်စက်ဝိုင်းအောက်မှ ဘာဝ (၆) ခု၊ ပေါင်း ဘာဝ(၁၂) ခုရှိသည်ဟု ဆိုပါသည်။

ထိုဘာဝ(၁၂)ပါးသည် ရာသီ(၁၂)ပါးနှင့် ထပ်တူမကျပါ။ ထိုဘာဝ (၁၂)ပါးတို့ကို အီကွေတာမှနေ၍ စိတ်ပိုင်းလျှင် ဘာဝတစ်ခုလျှင် ၃၀ ဒီဂရီ (အံသာ)စီရှိမည်ဖြစ်ပါသည်။

ဤနေရာမှကြည့်သော် ဘာဝတစ်ခုလျှင် (၃၀) ဒီဂရီအတိအကျမရှိသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကမ္ဘာမြေကြီးမှာ မိမိ၏ဝင်ရိုးပေါ်တွင် လှည့်လည်မှုကြောင့် ထိုကောင်းကင်ကြီးလည်နေသည်ဟု မှတ်ထင်နေကြပါသည်။ ဤကမ္ဘာမြေကြီးက (တနင်္လာ)ဂြိုဟ်နှင့် အခြားဂြိုဟ်များသည် နေမင်းကိုဗဟိုပြုပြီး လည်ပတ်နေသည်ကို ကမ္ဘာမြေကြီးအပေါ်၌ ရပ်တည်နေသောသူက မိမိကိုယ်ကို မိမိတည်ငြိမ်သည်ဟုထင်ကာ မိုးကောင်းကင်ကြီးက ရွေ့လျားလည်ပတ်နေသည်ဟု ထင်မြင်ခြင်းသာဖြစ်သည်။

ဘာဝ(၁၂)ပါးကို အမည်မှည့်ထားခြင်းမရှိပါ။ ကိန်းဂဏန်းနှင့် သတ်မှတ်ထားပါသည်။ ပထမဘာဝကို ၁ - တန် ဘာဝဟုမှတ်၍ မိုးကုတ် စက်ဝိုင်းအောက်သို့ အစဉ်အတိုင်း ၂ - တန် ၃ - တန် ၄ - တန်စသည်ဖြင့် သတ်မှတ်ပါသည်။

ဘာဝတစ်ခု၏သဒ္ဓိဆိုသည်မှာ ဘာဝတစ်ခုနှင့်တစ်ခု ပိုင်းခြားထားသော နယ်နိမိတ် မျဉ်းကြောင်းဖြစ်ပါသည်။

၁၀ - တန်ဘာဝ၏အစမျဉ်းသည် လဂ်ဖြစ်ပါသည်။ ဥပမာလဂ်သည် မိဿရာသီ (၁၀) ဒီဂရီရှိလျှင် ရှေး (၃၀) ဒီဂရီပြိဿရာသီ ၁၀ ဒီဂရီ (အံသာ) အထိသည် ၁ - တန်ဘာဝပင်ဖြစ်ပါသည်။

၁၀ - တန်အိမ်ဦးကို မွန်းတည့်အိမ်ဟုခေါ်၍ ၇ - တန်အိမ်ဦးကို အဆင်းနေရာ ၁ - တန် အိမ်ဦးကို အတက်နေရာ ၄ - တန်အိမ်ဦးကို အောက်တည့်တည့်နေရာဟု ခေါ်ကြပါသည်။

- ၁ - တန်၊ ၄ - တန်၊ ၇ - တန်၊ ၁၀ - တန်တို့ကို ကိန်းအိမ်
- ၂ - တန်၊ ၅ - တန်၊ ၈ - တန် ၁၁ - တန်တို့ကို မဏိဖလ အိမ်
- ၃ - တန်၊ ၆ - တန်၊ ၉ - တန် ၁၂ - တန်တို့ကို အာပေါကလိမအိမ်ဟူ၍ အသီးသီး မှည့်ခေါ်ထားပါသည်။

ယေဘုယျအားဖြင့် (၁၂)ရာသီခွင်ဟူသည် လူတစ်ဦး၏ စိတ်နေစိတ်ထားစရိုက်၊ အကျင့်ကိုဖော်ပြပြီး ဘာဝ(၁၂)ပါးမှာ ထိုဇာတာရှင်အား ဆက်နွယ်နေသော ပတ်ဝန်းကျင် လောကကို ဖော်ပြသည်ဟုဆိုပါသည်။

ပြိဿရာသီသည် ဒုတိယမြောက်ရာသီဖြစ်၍ စည်းစိမ်ချမ်းသာကို လိုလားနှစ်ခြိုက် ခြင်းကို ဖြစ်စေသည်။ ၂ - တန်ဘာဝသည် စည်းစိမ်ဥစ္စာပိုင်ဆိုင်မှု၊ စည်းစိမ်ဥစ္စာရရှိစေရန် လုပ်ယူနိုင်သော နည်းလမ်းများကို ညွှန်ပြပါသည်။

ဘာဝ ၁ - ခုကို ဘာဝအိမ်ဦးရှိသော ရာသီကသာ အုပ်စိုးပါသည်။ ဘာဝတစ်ခုသည် ရာသီ(၂)ခုတို့တွင် ရပ်တည်နေခဲ့လျှင် ဒုတိယရာသီကို ဒုတိယဦးစားပေးအဖြစ်သာ သတ်မှတ် ရပါသည်။

ဂြိုဟ်အမြင်များဟူသည်

တနင်္ဂနွေ + တနင်္လာဂြိုဟ်များသည် တစ်ခုနှင့်တစ်ခု သတ်မှတ်ထားသော အကွာ အဝေးတို့တွင် တည်ရှိနေလျှင် ဂြိုဟ်မြင်ကြသည်ဟု ခေါ်ပါသည်။

ထိုဂြိုဟ်မြင်များကို ဒီဂရီ (အံသာ)နှင့် တိုင်းတာရပါသည်။ ၁၂ - ရာသီစက်ဝန်း၏

အကျယ်အဝန်းဖြစ်သော (၃၆၀) ဒီဂရီကို ၂၊ ၄၊ ၈ - တို့ဖြင့် စားခြင်းဖြင့် ရလာသောရလဒ်များကို အဆိုးမြင်များဟု သတ်မှတ်သည်။

၃၊ ၆၊ ၁၂ - တို့ဖြင့် စား၍ရသော ရလဒ်များကို အကောင်းမြင်များဟု သတ်မှတ်သည်။

ဂြိုဟ်အမြင်များနှင့် သင်္ကေတ

သင်္ကေတ	ဒီဂရီ	အမည်	ကောင်း/ဆိုး
၁	၃၀	ဆီသီးဆပ်စတိုင်း	အကောင်း
၂	၄၅	ဆီသီးဆကွဲယား	အဆိုး
၃	၆၀	ဆပ်စတိုင်း	အကောင်း
၄	၇၂	ကွပ်တိုင်း	အကောင်း
၅	၉၀	စကွဲသမား	အဆိုး
၆	၁၂၀	တြင်း	အကောင်း
၇	၁၃၅	ဆပ်စကွီကွပ်ဒရိတ်	အဆိုး
၈	၁၄၄	ဘီကွမ်းတိုင်း	အကောင်း
၉	၁၅၀	ကွင်းကင်(န်)	အဆိုး
၁၀	၁၈၀	သမသတ်	အဆိုး
၁၁	၀	ပါရာလယ်	အဆိုး
၁၂	၀	ဂြိုဟ်ပူး	အဆိုး

ပါရာလယ်နှင့်ဂြိုဟ်ပူးခြင်းတို့မှာဂြိုဟ်ကိုလိုက်၍အဆိုးအကောင်းကိုဖြစ်စေပါသည်။ ကြာသပတေးဂြိုဟ်သည် နက်ပကျွန်း၊ ယူရေးနပ်၊ စနေ၊ တနင်္ဂနွေ၊ သောကြာ၊ ဗုဒ္ဓဟူးတို့နှင့် ပူးလျှင် ကောင်းကျိုးပေးပါသည်။ သောမချင်းပူးလျှင် ကောင်းပါသည်။ ပါပချင်းပူးလျှင် ဆိုးပါသည်။

အချို့သောပညာရှင်များကသမသတ်အမြင်ကိုအမြင်ဆိုးမကောင်းမြင်ဟုမသတ်မှတ်ဘဲမြင်သောဂြိုဟ်(၂)လုံး၊ သို့မဟုတ် ၂အုပ်စု သဘောတရားတို့ကို ပေါင်းစပ်ပေးပြီး သဟဇာတဖြစ်စေသည်ဟု ယူဆကြသည်။

ခေတ်သစ်နက္ခတ်ပညာရှင်တို့ကမူ အကောင်းမြင်၏ဟူသော သဘာဝမှာ လွယ်ကူစွာ ဖြစ်စေသည်။ ညီညွတ်မျှတ သဟဇာတဖြစ်သောအကျိုးကို ပေးပါသည်။

အဆိုးမြင်များမှာ တားမြစ်ပိတ်ပင်သောနှောင့်နှေးကြန့်ကြာသော အကြောင်းတရားများကို ပေးပါသည်ဟုဆိုကြသည်။

(၃၆၀) ဒီဂရီကို (၅) နှင့်စားသော် (၇၂) ဒီဂရီ၊ (၃၆၊ ၁၈၊ ၁၀၈) ဒီဂရီ (၁၄၄) တို့သည်အား နည်းသော်လည်း အကောင်းမြင်မှာ ဖြစ်ပါသည်။ တစ်ရာသီတည်းမှာဖြစ်စေ၊ ရာသီတစ်ခုအဆုံး နှင့် နောက်ရာသီတစ်ခု၏ အစ၌ဖြစ်စေ၊ ဂြိုဟ် (၂) လုံး နီးကပ်စွာ ပူးယှဉ်ကြပါလျှင် ဂြိုဟ်များ ပေါင်းစပ်ခြင်းဖြစ်ပါသည်။ ထို့နောက် သမသတ်အမြင်မှာ အားကြီးပါသည်။ ထို့နောက် ကိန်း အမြင် တြိလုံးအမြင်အားကြီးပါသည်။

(၆၀) ဆပ်စတိုင်း၊ (၄၅) ဆီမီးစကွဲယား၊ (၁၃၅) ဒီဂရီ ဆပ်စကွီ ကွပ်ဒရိတ်တို့သည် တန်းတူအားရှိကြသည်။ ကျန်သောအမြင်များမှာ အားနည်းကြပါသည်။

ကောင်းကင်တွင် တစ်လုံးနှင့်တစ်လုံး တောင်ဘက်တွင်ဖြစ်စေ၊ မြောက်ဘက်တွင် ဖြစ်စေ တစ်တန်းတည်းရှိခြင်းကို ပါရာလယ်ဟု ခေါ်ပါသည်။ ပါရာလယ်များသည် သောမဂြိုဟ် အချင်းချင်းဖြစ်ကြလျှင် ကောင်းကျိုးပေးပြီး သောမနှင့် ဥဒါသိမ်ဖြစ်လျှင်လည်း ကောင်းကျိုးပေး ပါသေးသည်။

သောမနှင့် ပါပဖြစ်လျှင်မူ သောမဂြိုဟ်အတွက် နစ်နာပြီး ပါပဂြိုဟ်တွင်မူ ကောင်းကျိုး ရရှိပါမည်။ ပါပနှင့် ဥဒါသိမ်ဆိုလျှင် ဆိုးကျိုးပေးပါသည်။

ဂြိုဟ်တို့၏ပရိယာယ်တည်ရာရာသီ၏သဘာဝနှင့်အခြားပေါင်းစပ်ပါဝင်သောသဘော တရားများကို ဆက်စပ်စဉ်းစား၍ယူရပါသည်။

ဥပမာ - ၁ - တနင်္ဂနွေဂြိုဟ်နှင့် ၃ - အင်္ဂါတို့ ပေါင်းစပ်ကြခြင်းသည် ၂ - လ်ာနှင့် ၃ - အင်္ဂါ တို့ ပေါင်းစပ်ခြင်းထက် ကောင်းပါသည်။ အကြောင်းမှာ ၃ - ဂါနှင့် ၁ - တနင်္ဂနွေဂြိုဟ်တို့မှာ ပို၍ သင့်တော်သောကြောင့်ဖြစ်ပါသည်။ အင်္ဂါဂြိုဟ်၏ မိဿရာသီတွင် ၁ - တနင်္ဂနွေဂြိုဟ် ဥစ်မူပြီး ၃ - ဂါ၏ ပြိဿာရာသီတွင် ၂ - လ်ာဂြိုဟ် နိစ်မူသောကြောင့်ဖြစ်ပါသည်။

ဇာတာခွင်တွင် ပါဒ် ၂ - လုံး ပူးယှဉ်ခြင်းသည် ဇာတာရှင်၏ဘဝ၊ စိတ်နေစရိုက်တို့ အတွက် အရေးကြီးသဖြင့် အထူးဂရုပြုရမည်ဟုဆိုပါသည်။

ကိန်းအမြင်၊ သမသတ်အမြင်များနှင့် စရ၊ ထိရ၊ ဒွေးဒဟာဂုဏ်များကို လေ့လာသုံးသပ် ကြရသည်။

ဂြိုဟ်များသည် စရရာသီတွင် အလျင်အတွေးအခေါ် အပြုအမူများ ပြုပြင်ပြောင်းလဲ တတ်သည်။

ထိရရာသီများတွင် ဂြိုဟ်များလျှင် သဘောတရားများနည်းပါးပြီး တရားသေသမား ဖြစ်နေတတ်ပါသည်။

ဒွေးဒဟာရာသီများမှာ မတည်ငြိမ်သော သဘောလက္ခဏာကို ဆောင်ပါသည်။ အထူး သဖြင့် ကျန်းမာရေးပိုင်းတွင် ပြင်းပြင်းထန်ထန်ထိခိုက်ခြင်း ထိခိုက်ဒဏ်ရာရစေခြင်းတို့ကို ဖြစ် စေသည်။

ဆုပြည့်စုံထွန်းစာပေ

မြန်မာနက္ခတ္တဗေဒ ပညာရှင်များ အယူအဆအရ နေစကြာဝဠာဂြိုဟ်များ

အနောက်တိုင်း နက္ခတ္တဗေဒအရ ဂြိုဟ်ဟူသည် နေကိုဗဟိုပြု၍ ယင်းတို့ဆိုင်ရာ ဝန်းပတ်လမ်းကြောင်းအတွင်းမှ လှည့်ပတ်နေသော ကိုယ်ပိုင်အလင်းမဲ့သောကောင်းကင်တန်ဆာများဟု ဆိုကြပါသည်။

ဂြိုဟ်တို့တွင် ကြယ်ကဲ့သို့ ကိုယ်ပိုင်အလင်းရောင်မရှိပါ။ မျက်မြင်အားဖြင့် ဂြိုဟ်တို့မှ ထွက်နေသော အလင်းရောင်သည် နေမှရရှိသော အလင်းရောင်ဖြစ်ပါသည်။

ဂြိုဟ်တို့သည် အရှိန်နှုန်းအမျိုးမျိုးတို့ဖြင့် နေကိုဗဟိုပြုလျက် လှည့်ပတ်နေကြသည်။ ယင်းတို့၏ဝန်းပတ်လမ်းကြောင်းများသည် တစ်လမ်းချင်းစီ တည်နေကြသည်။ ဂြိုဟ်ပတ်လမ်းကြောင်းများ၏ ပုံသဏ္ဌာန်မှာ ဘဲဥပုံသဏ္ဌာန်နှင့်တူသည်ဟု ဆိုပါသည်။

မြန်မာနက္ခတ္တဗေဒအရ ဂြိုဟ်ဆိုသည်မှာ သက္ကတစာပေမှလာသော ဂဟန၊ ဂဟော၊ ဂြဟ ပုဒ်အရ နေအိမ်၊ ဗိမာန်ဟူ၍လည်းကောင်း၊ ကိုင်ခြင်း၊ ဆွဲခြင်း၊ ဖမ်းခြင်းစသော အဓိပ္ပာယ်ရှိသည် ဟုဆိုပါသည်။

ဂြိုဟ်တစ်ခုနှင့်တစ်ခု လွင့်စင်ကွာဝေးမသွားအောင် ကိုင်ဆွဲထားခြင်းဟု ဆိုလိုပါသည်။

မြန်မာဗေဒင်ကျမ်းများအလိုအရမူ ဂြိုဟ်ဟူသည် ကမ္ဘာမြေပေါ်ရှိ လူခပ်သိမ်းတို့၏ ကံကြမ္မာအဆိုးအကောင်းတို့ကို ဖော်ပြညွှန်းဆိုနိုင်သော ကောင်းကင်တာရာဟု ဆိုပါသည်။

ဤစကြာဝဠာကောင်းကင်တွင် အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဂြိုဟ်(၅) လုံးရှိသည်ဟု ပထမရေတွက်သည်။ တစ်ဖန် ရာဟုနှင့် ကိတ်ဂြိုဟ်(၂)ခုပေါင်း၍ ဂြိုဟ်ကြီး(၇) လုံးဟု ရေတွက်ကြပြန်သည်။

ထို့နောက် နေ(တနင်္ဂနွေ)နှင့် လ(တနင်္လာ)တို့ကို ထပ်ထည့်၍ဂြိုဟ်ကြီး(၉)လုံးဟူ၍ သတ်မှတ်ခဲ့ကြသည်။ တစ်ဖန် ကိတ်ဂြိုဟ်ကိုပယ်၍ ဂြိုဟ်ကြီး(၈)လုံးဟု သတ်မှတ်ကြသည်။

မြန်မာတို့၏ နက္ခတ္တဗေဒအရ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေဂြိုဟ် (၅)လုံးနှင့် နေ - လ(တနင်္ဂနွေ၊ တနင်္လာ၊ ဂြိုဟ်(၂)ခုကို ပေါင်း၍ (၇)နေ့အဖြစ် သတ်မှတ်ခဲ့ကြသည်မှာ ယနေ့အထိပင်ဖြစ်ပါသည်။

ယင်းကောင်းကင်ရှိဂြိုဟ်များကိုသိပ္ပံအရရှေးခေတ်သက္ကတ၊ပါဠိ၊ဟိန္ဒီ၊မြန်မာဝေါဟာရ အရ အခေါ်အဝေါ်တို့သာ ကွဲပြားသည်။

ဆုပြည့်စုံထွန်းစာပေ

သိပ္ပံအခေါ်	သက္ကတအခေါ်	ပါဠိအခေါ်	ဟိန္ဒီအခေါ်	မြန်မာအခေါ်
မာကျူရီ	ဗုဓ	ဗုဒ္ဓ	မုဓ	ဗုဒ္ဓဟူးဂြိုဟ်
ဗီးနပ်(စ်)	ဝုကြ	သောကြ	ဝုကြ	သောကြာဂြိုဟ်
ကမ္ဘာမြေ	ပထွီ	ပထဝီ	ပထွီ	သောကြာဂြိုဟ်
မား(စ်)	မံဂလံ/အင်္ဂါရံ	သောမ	မံဂလံ	အင်္ဂါဂြိုဟ်
ဂျူပီတာ	ဗုဟာသ္ပတိ	ဂုရု	ဂုရု	ကြာသပတေးဂြိုဟ်
ဆက်တန်	ဝနိ	သောရီ	ဝနိ	စနေဂြိုဟ်
ယူရေနပ်(စ်)	ဝနိ	သောရီ	ဝါရုဏ	စနေဂြိုဟ်
နက်ပကျွန်း	-	-	ဟရိဂြဟ	-
ပလူတို	ဝနိ	သောရီ	သိတဂြဟ	စနေဂြိုဟ်
-	ရာဟု	ရာဟု	ရာဟူး	-
-	-	ကေတု	ကေတု	ကိတ်
Sun (နေ)	အသုရ	သုရိယ	သုရိယ	တနင်္ဂနွေ (နေ)
Moon (လ)	ဓြန္ဒြ	စန္ဒရ	ချန်ဒြ	တနင်္လာ (လ)

၁၂-ရာသီခွင်နှင့် နက္ခတ်များ

ရာသီဥတုကြည်လင်သောညအခါတွင် အာကာသကောင်းကင်၌ ငွေကြယ်ကလေးများအစုလိုက်၊ အပြုံလိုက်၊ အုပ်စုများဖွဲ့လျက် တလက်လက် ထွန်းတောက်နေကြသည်ကို တွေ့မြင်ကြပြီး ယင်းကြယ်စုများ၏ တည်နေရာများသည် တစ်ညနှင့်တစ်ည တစ်ပတ်နှင့်တစ်ပတ်၊ တစ်လနှင့်တစ်လ မတူညီကြဘဲ အမြဲတမ်း ပြောင်းရွှေ့နေကြသည်။

ဤသို့တွေ့မြင်နေရသော အစိတ်အပိုင်းများမှာ (၁၂) ရာသီ၏အစိတ်အပိုင်းတစ်ခုကို တွေ့မြင်ရခြင်းဖြစ်ပါသည်ဟု ဆိုပါသည်။

ဤရာသီစက်ဝိုင်းတွင် တနင်္ဂနွေဂြိုဟ် နေသွားလမ်းကိုအမှီပြု၍ ကမ္ဘာ့နေလမ်း (ecliptic) စက်ဝိုင်းဟု သတ်မှတ်ထားကြသည်။ ယင်းကမ္ဘာနေလ၏ စက်ဝိုင်းသည် ဘဲဥပုံသဏ္ဌာန်ရှိပြီး ဂျှင် ဝန်းဝိုင်း၍ နေ၏ဗဟိုချက်၌ အံသာဒီဂရီ (၃၆၀) ရှိသော ရာသီစက်ဝိုင်း နေသွားလမ်းကြောင်းကို ဖော်ပြသည်ဟုဆိုပါသည်။

ဤနေသွားလမ်းကြောင်းပေါ်တွင် အာသာဝတီ၊ ဘရဏီ၊ ကြတ္တိကာ၊ ရောဟဏီအစ

ရှိသော အောက်ဖော်ပြပါနက္ခတ်(၂၇)လုံးကို့တည်ရှိနေကြပါသည်။ နေသွားလမ်းပေါ်ရှိနက္ခတ်(၂၇)လုံးကို ဂြိုဟ်ကြီး (၉)လုံးက ခွဲဝေပိုင်ဆိုင်ထားသည်ဟု နက္ခတ္တဗေဒပညာရှင်များက ဆိုပါသည်။

ဂြိုဟ်(၉)လုံးနှင့် နက္ခတ်(၂၇)ပိုင်ဆိုင်မှု

၁။	၁ - တနင်္ဂနွေဂြိုဟ်	ကြတ္တိကာ	ဥတ္တရဖလဂုံ	ဥတ္တရာသာဠ်
၂။	၂ - တနင်္လာဂြိုဟ်	ရောဟဏီ	မာဿကာ	သရဝဏ်
၃။	၃ - အင်္ဂါဂြိုဟ်	မိဂသီ	စိတြ	ဓနသိဋ္ဌ
၄။	၄ - ဗုဒ္ဓဟူးဂြိုဟ်	အသဠိဿ	ဇေဋ္ဌ	ရေဝတီ
၅။	၅ - ကြာသပတေးဂြိုဟ်	ပုဏ္ဏဖုသျှ	ဝိသာခါ	ပြုဗ္ဗဘဒြပိုဒ်
၆။	၆ - သောကြာဂြိုဟ်	ဘရဏီ	ပြုဗ္ဗဖလဂုနီ	ပြုဗ္ဗသာဠ်
၇။	၇ - စနေဂြိုဟ်	ဖုသျှ	အနုရာဓ	ဥတ္တရာဘဒြပိုဒ်
၈။	၈ - ရာဟုဂြိုဟ်	အဒြ	သွာတိ	သတဘိသျှ
၉။	ကိတ်ဂြိုဟ်	အာသာဝဏီ	မာဃ	မူလ

အံသာဒီဂရီ(၃၆၀)ရှိသော ရာသီစက်ဝန်းနေသွားလမ်းကြောင်းကို နက္ခတ်(၂၇)လုံးတို့ဖြင့်ဝေပုံကျခွဲသော်နက္ခတ်(၁)လုံး၏အကျယ်အဝန်းနယ်နိမိတ်ပိုင်ဆိုင်မှုမှာ(၃)အံသာ(၂၀) လိတ္တာရှိလေသည်။

နက္ခတ်(၁)လုံးတွင် (၄)ပါဒ်စီရှိသောကြောင့် နက္ခတ်(၁)ပါဒ်၏အကျယ်အဝန်း နယ်နိမိတ်ပိုင်ဆိုင်မှုမှာ (၃)အံသာ (၂၀)လိတ္တာရှိသည်။

ဤသို့ဖြင့် (၁၂)ရာသီစက်ဝန်းရှိရာသီ (၁၂)ပါး၊ ရာသီအသီးသီးရှိနက္ခတ်များနှင့်ပါဒ်များ ထိုနက္ခတ်များကို ပိုင်ဆိုင်ကြသော နက္ခတ်သခင်ဂြိုဟ်ကြီးများစသည်တို့ကို မြန်မာ၊ နက္ခတ်ပညာရှင်များက သတ်မှတ်ထားကြပါသည်။

ရာသီ(၁၂)ပါးနှင့် စိုးမိုးဓာတ်ကြီးများ

၁၂ - ရာသီစက်ဝန်းရှိ (၁၂) ပါးတို့ကို မဟာဘူတဓာတ်ကြီးများ စိုးမိုးပိုင်ဆိုင်မှုဖြင့် ပိုင်းခြားလျက်ပြသထားပါသည်။

ဆုပြည့်စုံထွန်းစာပေ

၁။ တေဇောရာသီ - မိဿ၊ သိဟ်၊ ဓနု

၂။ ပထဝီရာသီ - ပြိဿ ကန် မကာရ

၃။ ဝါယောရာသီ - မေထုံ၊ တူ - ကုံ

၄။ အာပေါရာသီ - ကရကဋ်၊ ဗြိဿာ၊ မိန်

၁။ မိဿရာသီ၊ သိမ်ရာသီ၊ ဓနုရာသီဟူသော တေဇောရာသီတို့၏ ပထမ (၀) အံသာမှ (၁၃) အံသာ (၂၀) လိတ္တာအထိ နယ်ပယ်တွင်ရှိသော အာသာဝတီမာဃ မူလနက္ခတ်များကို (၉) ကိတ်ဂြိုဟ်က ပိုင်ဆိုင်သည်။

ဒုတိယ (၁၃) အံသာ၊ (၂၀) လိတ္တာမှ ၂၆ အံသာ ၄၀ လိတ္တာအတွင်းရှိ ဘရဏီ ပြုဗ္ဗဖလဂ္ဂုနီ ပြုဗ္ဗာသာဠ် နက္ခတ်များကို ၆ (သောကြာ) ဂြိုဟ်က ပိုင်ဆိုင်သည်။

တတိယ (၂၆) အံသာ (၄၀) လိတ္တာမှ (၃၀) အံသာအထိ နောက်ဆုံး (၃) အံသာ (၂၀) လိတ္တာ စိတ်အပိုင်းကို ကြတ္တိကာ ဥတ္တရဖလဂ္ဂုနီ ဥတ္တရာသာဠ်နက္ခတ် ပဋ္ဌမပါဒ်ကို (တနင်္ဂနွေဂြိုဟ်က ပိုင်ဆိုင်သည်)။

ဤကဲ့သို့တေဇောရာသီများအတွင်းရှိနက္ခတ်များကို (၉ - ကိတ်ဂြိုဟ်) (၆ - သောကြာဂြိုဟ်) နှင့် (၁ - တနင်္ဂနွေဂြိုဟ်) တို့က အသီးသီးပိုင်ကြသည်ဟု ဆိုပါသည်။

၂။ ပြိဿရာသီကန်ရာသီမကာရရာသီဟူသောပထဝီရာသီများ၏ပထမ (၁၀) အံသာကို ကြတ္တိကာ ဥတ္တရဖလဂ္ဂုနီ၊ ဥတ္တရာသာဠ် နက္ခတ်တို့က ဥပါဒ်နှင့်သက်ဆိုင်၍ (၁ - တနင်္ဂနွေဂြိုဟ်) ပိုင်သည်။

(၁၀) အံသာမှ (၂) ခု၊ အံသာ (၂၀) လိတ္တာ အထိ နယ်ပယ်ကို ရောဟဏီ၊ ဟဿတ၊ သရဝဏ်နက္ခတ်များနှင့် သက်ဆိုင်သောကြောင့် (၂ - တနင်္လာ ဂြိုဟ်) က ပိုင်သည်။

(၃) အံသာ (၂၀) လိတ္တာမှ (၃၀) အံသာ အထိ နောက်ဆုံး (၆) အံသာ (၄၀) လိတ္တာကို မိဂသီ၊ စိကြဲဓနသိဋ္ဌ နက္ခတ် (၂) ပါဒ်နှင့် သက်ဆိုင်၍ (၃ - အင်္ဂါဂြိုဟ်) က ပိုင်သည်။

ထို့ကြောင့် ပထဝီရာသီများအတွင်းရှိ နက္ခတ်များကို တနင်္ဂနွေဂြိုဟ်၊ တနင်္လာဂြိုဟ်၊ အင်္ဂါ ဂြိုဟ်တို့က ပိုင်ဆိုင်သည်ဟုဆိုပါသည်။

၃။ မေထုန်ရာသီ၊ တူရာသီ၊ ကုံရာသီဟူသောဝါယောရာသီများ၏ပထမ (၆) အံသာ (၄၀) လိတ္တာကို မိဂသီ၊ စိကြဲ၊ ဓနသိဋ္ဌ နက္ခတ် (၂) ပါဒ်နှင့် သက်ဆိုင်၍ (၃ - အင်္ဂါဂြိုဟ်) ကပိုင်သည်။

(၆) အံသာ (၄၀) လိတ္တာမှ (၂၀) အံသာအထိ နယ်ပယ်ကို အဒြဲသွာတိ၊ သတဘိသျှ နက္ခတ်များနှင့် သက်ဆိုင်၍ (၈ - ရာဟုဂြိုဟ်) က ပိုင်သည်။

(၂၀) အံသာမှ (၃၀) အံသာအထိ နောက်ဆုံး (၁၀) အံသာကို ပုဏ္ဏ ဖုသျှ၊ ဝိသာခါ၊ ပြုဗ္ဗဘဒြပိုဒ်၊ နက္ခတ် (၃) ပါဒ်နှင့် သက်ဆိုင်၍ (၅ - ကြာသပတေးဂြိုဟ်) က ပိုင်သည်။

၄။ ကရကင့်ရာသီ၊ ပြိဿာရာသီ၊ မိန်ရာသီဟူသော အာပေါရာသီများ၏ပထမ (၃) အံသာ၊ (၂၀) လိတ္တာကို ပုဏ္ဏဖုသျှစိသာခါ ပြုဗ္ဗဘဒြပိုဒ် နက္ခတ်နောက်ဆုံးပိုဒ်နှင့် သက်ဆိုင်၍ (၅ - ကြာသပတေးဂြိုဟ်) နှင့် ဆိုင်သည်။

(၃) အံသာ (၂၀) လိတ္တာမှ (၁၆) အံသာ (၄၀) လိတ္တာအထိနယ်ပယ်ကိုဖုသျှ၊ အနုရာဓ၊ ဥတ္တရဘဒြပိုဒ်နက္ခတ်များနှင့် သက်ဆိုင်၍ စနေဂြိုဟ်ကပိုင်သည်။

(၁၆) အံသာလိတ္တာမှ (၃၀) အံသာအထိ နယ်ပယ်ကို အသလိသာ ဇေဋ္ဌ၊ ရေဝတီ၊ နက္ခတ်များနှင့်သက်ဆိုင်၍ (၄) ဗုဒ္ဓဟူးဂြိုဟ်က ပိုင်သည်။

ထို့ကြောင့် အာပေါရာသီများအတွင်းရှိနက္ခတ်များကို (၅ - ကြာသပတေးဂြိုဟ်) (၇ - စနေဂြိုဟ်) နှင့် (၄ - ဗုဒ္ဓဟူးဂြိုဟ်) တို့က ပိုင်သည်။

ကိုးနဝင်းခေါ် ဆိုမှုများ

နက္ခတ္တနယဓာတ်၊ ဗိန္ဒော၊ ဗေဒင်ဟူသော လောကီယဝိဇ္ဇာမယပညာရပ်တို့မှာ ကိုးနဝင်းဟူသော ဝေါဟာရသည် ထင်ရှားသည်။ နက္ခတ်နဝင်း၊ ဓာတ်နဝင်း၊ ဗိန္ဒောနဝင်း၊ ဗေဒင်နဝင်းဟူ၍ ခေါ်ဆိုကြသည်။

ယင်းကိုးနဝင်းဟူသောစကားသည်မြန်မာသင်္ချာအရေအတွက်ပြ (၈) နှင့် (၁၀) ကြားရှိ ကိန်းကို (၉) ဟုခေါ်ကြသည်။ အလားတူပါဠိဘာသာမှ ကိန်းစဉ်ပြနဝမဟူသောပုဒ်နှင့် သက္ကတဘာသာမှ နဝံသဟူသော ပုဒ် (၂) ရပ်ကိုရောစပ်၍ (မနှင့်သ) ကိုချေကာ = နဝံကိုယူလျက် မြန်မာဘာသာ၌ နဝင်းဖြစ်လာသည်။

မြန်မာဘာသာစကား "ကိုး" နှင့် ပါဠိသက္ကတဘာသာစကား (နဝံ) ကို ပေါင်းစပ်၍ ကိုးနဝင်းဟူ၍ ခေါ်ဆိုကြခြင်းဖြစ်ပါသည်။

အာကာသကောင်းကင်ပြင်တွင် နေ၊ လ၊ ဂြိုဟ်၊ နက္ခတ်၊ တာရာတို့ ရွေ့လျားသွားလာရာ ခရီးပိုင်းကို "ရာသီစက်ဝန်း" ဟုခေါ်ပါသည်။

စက်ဝန်းမည်သည်မှာ ကြီးသည်၊ ငယ်သည်မဟူ အံသာအစိတ် သို့မဟုတ် ဒီဂရီ ၃၆၀ ထားရှိမြဲဖြစ်သည်။

ယင်းရာသီစက်ဝန်းအတွင်းပိုင်း (၁၂) ပိုင်းခွဲခြားကာ နေသွားလမ်းကို အကြောင်းပြု၍ပြီးလျှင် (၁၂) ရာသီ (၁၂) လဟူ၍ သတ်မှတ်ပြီး မိဿ၊ ပြိဿ၊ မေထုန်၊ ကရကဋ် စသည့် ရာသီအမည်များပေး၍ သူ့အစိတ်၊ သူ့အပိုင်း၊ သူ့အကန့်နှင့်သူ ပိုင်းခြားသတ်မှတ်ပေးထားပါသည်။

ထိုရာသီစက်ဝန်းအံသာ (၃၆၀) ကို (၁၂) ရာသီအရ (၁၂) ပုံဝေလျှင် တစ်ပုံအတွက် ရရှိသော အံသာ (၃၀)မှာ တစ်ရာသီအတွက်ဖြစ်သည်။

တစ်ရာသီတွင် နက္ခတ်နဝင်းအားဖြင့် (၈)လုံး၊ တြင်းအားဖြင့် (၃)လုံးစီရှိကြ၍၊ (၁၂) ရာသီ၌ (၁၀၈)နဝင်းနှင့် ၃၆ တြင်း ရှိလေသည်။

(၃+၆=၉)ဤသည်ကား နက္ခတ်နဝင်းဖြစ်ပါသည်။ ထို (၁၀၈) (၁+၀+၈=၉) နဝင်း နှင့် (၃၆) တြင်းတို့ကို ပေါင်းစုသည်ရှိသော် သင်္ချာအရေအတွက်ပြု (၉)တစ်လုံးသာရပါသည်။

"နက္ခတ်ကိုနိုင်၊ ဂြိုဟ်နှင့်ပြိုင်၊ ရှစ်ဆိုင်၊ နက္ခတ်၊ နဝင်းပြတ်" ဟူသော ရှေးတားရပိကျမ်း အဆိုအရ နဝင်းပြတ်သည်၊ နဝင်းရသည်၊ နဝင်းဖြစ်သည်ဟူ၍ဆိုသော အဆိုအရ သင်္ချာအရေ အတွက်ပြကိန်းဖြစ်သော (၉)ကို နဝင်းဟုခေါ်လေရာ၊ ထိုနဝင်းကိုပင်လျှင် ဂြိုဟ်ကြီး(၈)လုံး၊ နက္ခတ် (၂၇)လုံးဟူ၍ ခေါ်ဆိုပါသည်။

သတ္တဝီသနက္ခတ်(၂၇) လုံးတို့ သက္ကတဝေါဟာရမှ မြန်မာဝေါဟာရသို့ ပြောင်းလဲ အမည်ပေးထားမှုရှိပါသည်။

	သက္ကတ(သသ်ကရိုက်)	မြန်မာ(ပါဠိ)
၁။	အသွိနီ	အဿဝဏီ
၂။	ဘရဏီ	ဘရဏီ
၃။	ကရိတိကာ	ကြတ္တိကာ
၄။	ရောဟိနီ	ရောဟဏီ
၅။	မိဂသိရာ	မိဂသီ
၆။	အဒ်ရဒရာ	အဒြ
၇။	ပုရ်ဏဖသု	ပုဏ္ဏဖုသျှ
၈။	ဖုသျှ	ဖုသျှ
၉။	အဿလေသာ	အဿလိဿ
၁၀။	မဃာ	မာဃ
၁၁။	ပုရ်ဖာလဂုဏီ	ပြုဗ္ဗဖလဂုဏီ
၁၂။	ဥတ္တရဖာလဂုဏီ	ဥတ္တရဖလဂုနီ
၁၃။	ဟာသတာ	ဟဿတ
၁၄။	စိတရာ	စိတြ
၁၅။	သွာတိ	သွာတိ
၁၆။	ဝိသာခါ	ဝိသာခါ
၁၇။	အနုရာဓ	အနုရာဓ
၁၈။	ဇျေသဌာ	ဇေဋ္ဌ

၁၉။ မူလာ	မူလ
၂၀။ ပုရ်ဖသာဠ	ပြုဗ္ဗသာဠ်
၂၁။ ဥတ္တရသာဠ	ဥတ္တရာသာဠ်
၂၂။ သာရဝဏ	သရဝဏ်
၂၃။ ဓနိသ်ဌာ	ဓနသိဋ္ဌ
၂၄။ သတဝိသာ	သတ္တဘိသျှ
၂၅။ ပုရ်ဗဘာဒြပဒ	ပြုဗ္ဗာဘဒြပိုဒ်
၂၆။ ဥတ္တရဘာဒြပဒ	ဥတ္တရာဘဒြပိုဒ်
၂၇။ ရေဝတီ	ရေဝတီ

ဤနက္ခတ်(၂၇)လုံးတို့သည် (၁၂)ရာသီတွင် မိဿရာသီမှ မိန်ရာသီအတွင်း အစဉ်လိုက် တည်နေကြသည်။

ဤနက္ခတ်တို့ (၁၂)ရာသီအတွင်း ရပ်တည်နေပုံကို ပျမ်းမျှအနေအထားဖြင့် အညီအမျှ သတ်မှတ်လျှင် ရာသီတစ်ရာသီတွင် (၂)လုံး (၁)ပါဒ်ရှိသည်။ ပါဒ်သည် နက္ခတ်၏ အစိတ်အပိုင်းဖြစ်သည်။

ဤအစိတ်အပိုင်းကို အဆင့်ဆင့် ပိုင်းခြားထားသည်ကို တွေ့ရပါသည်။

နက္ခတ်တစ်လုံး	၄ - ပါဒ်
တစ်ပါဒ်	၁၅ - ဃဋီ
နက္ခတ်တစ်လုံး	၆၀ - ဃဋီ
တစ်ဃဋီ	၆၀ - ဝိဃဋီ
တစ်ဝိဃဋီ	၆၀ - အနုဃဋီ

ဂြိုဟ်နေပြကိန်းဇယား

ရာသီခွင်အမှတ်အသား



ဆုပြည့်စုံထွန်းစာပေ

မွန်းတည့်-စန်းယှဉ်နက္ခတ်

နက္ခတ်တို့၏အနေအထားကိုတနင်္လာဂြိုဟ်ရပ်တည်မှုနှင့်တိုက်ဆိုင်၍စန်းယှဉ်နက္ခတ်ကို ဖော်ပြကြသည်။ (မွန်းတည့်နက္ခတ်ကိုလည်း ဖော်ပြသည်။)

ရာသီအစိတ်အပိုင်းများ

ဂြိုဟ်(၈)လုံးတို့၏ရာသီကိုကိန်းဂဏန်းဖြင့် တွဲစပ်၍ သိနိုင်ပါသည်။ ရာသီများကိုစိပ်ဖြာကြည့်လျှင် -

၁၂ - ရာသီ	၃၆၀ - အံသာ
၁ - အံသာ	၃၀ - အံသာ
၁ - အံသာ	၆၀ - လိတ္တာ
၁ - ဝိလိတ္တာ	၆၀ - ဝိလိတ္တာ
၁၂ - ရာသီ	၁ - ဘဂဏ

ဂြိုဟ်(၈)လုံး၏နံ့သက်ဓာတ်သက်

ဂြိုဟ်(၈)လုံးကို နံ့သက်၊ ဓာတ်သက်များ ပေါင်း၍တွက်သည့်ရှိသော် (၁၀၈)နဝင်းရသည်။

နာမ်သက်၊ဓာတ်သက်ဆိုသည်မှာယင်းတို့(၁)ရာသီအတွင်းတည်နေကြသောကာလအပိုင်းအခြားကို ဆိုလိုပါသည်။

(၁၀၈)နဝင်းရရှိပုံမှာ -

ဂြိုဟ်အမည်	နံ့သက်ဓာတ်သက်
၁။ တနင်္ဂနွေဂြိုဟ်	၆ - နှစ်
၂။ တနင်္လာဂြိုဟ်	၁၅ - နှစ်
၃။ အင်္ဂါဂြိုဟ်	၈ - နှစ်
၄။ ဗုဒ္ဓဟူးဂြိုဟ်	၁၇ - နှစ်

၅။ ကြာသပတေးဂြိုဟ် ၁၉ - နှစ်
၆။ သောကြာဂြိုဟ် ၂၁ - နှစ်
၇။ စနေဂြိုဟ် ၁၀ - နှစ်
၈။ ရာဟုဂြိုဟ် ၁၂ - နှစ်

- - - - - - - - - -

စုစုပေါင်း ၁၀၈ - နှစ်

ဤနံသက်ဓာတ်သက်(၁၀၈)ကို နဝင်းဟူ၍လည်းကောင်း၊ ဂြိုဟ်သက်ဟူ၍လည်း ကောင်း ခေါ်ပါသည်။

ယင်းနံသက်ဓာတ်သက်ဂြိုဟ်သက်ပေါင်း နဝင်းကို သတ္တဝီသ (နက္ခတ် - ၂၇)လုံး နှင့် ချေသည်ရှိသော် အသုဉ်းဖြစ်သည်ဟုဆိုပါသည်။

၄.

၂၇ နက္ခတ် | ၁၀၈ နဝင်း
၁၀၈
- - - - - - - - -
၀သုဉ်း၏

ပညတ်သတ်မှတ်မှု

ဝိဇ္ဇာမယ ဂမ္ဘီရပညာအရစိစစ်သော် မူလကမ္ဘာတည်စအခါက လောကကို စောင့် ရှောက်သော ပြဟ္မာ(၉)ယောက် ဤကမ္ဘာကို သက်ဆင်းကြသည်။ ထိုပြဟ္မာများရောက်ကြ သောခဏ၌ သံဝဋ္ဋဌာယီကပ်တည်ရာသောအကြောင်းကို ကမ္ဘာတည်ထုံးစံရှိသည်နှင့်အညီ ပညတ်၍အမည်ရလာကြသော ပြဟ္မာကြီးတို့၏ အမှတ်အသားကိုအစွဲပြု၍...

၁ - ခဏစက် ၂ - နရစက် ၃ - နာရီ ၄ - ခရာ
၅ - ပြန် ၆ - ဗီဇနာ ၇ - ပါဒ် ၈ - ရက်
၉ - လ ၁၀ - နှစ် ၁၁ - ကောဇာ ၁၂ - ကပ်

ဟူသော (၁၂) လက်သော စက်တို့သည် ပြဟ္မာတို့ ဆင်းသက်လာသော ခဏမှအစ ပြု၍ ဝိဝဋ္ဋကပ် ကမ္ဘာပျက်သည့်ခဏတိုင်အောင် အစဉ်မပြတ် လည်၍နေပါသည်။

ထို့ကြောင့် ခဏ၊ နရ၊ ပြန်၊ ဗီဇနာအစရှိသော (၁၂)လက်ရှိသော စက်တို့သည် ကမ္ဘာ နိယာမအမည်ရပါသည်။

ပါဒ်၊ ဗီဇနာ၊ နာရီများစွာရှိမှ ပြဟ္မာတို့ကိုယ်ရောင်ကွယ်ပြီးသည့်နောက် နေထွက်သည် ကစပြီးလျှင် ပထမဆုံးသောနေ့ဖြစ်သော သက္ကတဘာသာအာဒိတျဟုခေါ်ဆိုသော တနင်္ဂနွေ (သူရဇ္ဇ) ဟု ပညတ်၍ စနေ (သောရိ)တိုင်(၃၆)တြင်း (၁၈) နဝင်းဖြစ်ကာ ထိုတြင်းနဝင်းဓာတ် တို့သည် အရပ်(၈)မျက်နှာတို့၌ နိယာမအစဉ်မပျက် ကမ္ဘာအဆက်ဆက်တိုင်အောင် တည်နေ လေတော့သည်။

၁။ ကမ္မဇကလာပ်စည်း(၉) (ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဟူသော မဟာဘုတ်၄ ပါး၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာဟူသော ရုပ် ၄ ပါး စုပေါင်းပါဝင်သော မကွဲမပြားသော (အဝိနိဗ္ဘောဂရုပ်) ၈ ပါးနှင့် ဇီဝိတကလာပ်)

၂။ စိတ္တဇကလာပ်(၉) (အဝိနိဗ္ဘောဂရုပ် - ၈၊ ဝိညတ် ရုပ်ကလာပ်)

၃။ ဥတုဇကလာပ်(၉) (အဝိနိဗ္ဘောဂရုပ် - ၈၊ သဒ္ဒရုပ်)

၄။ အာဟာရဇကလာပ်(၉) (အဝိနိဗ္ဘောဂရုပ်၊ လဟုတာဒိရုပ်)

ဤကလာပ်စည်း(၄)ခုပေါင်းသော် (၉ × ၄ = ၃၆) (၃ × ၆ = ၉) အဘိဓမ္မာရုပ်အရ (၉) နဝင်းဖြစ်သည်။

ထိုကလာပ်စည်း(၄)မျိုးတို့ကိုသော်လည်းကောင်း၊ နက္ခတ် ၂၇ လုံးတို့ကိုလည်း ကောင်း၊ နဝင်းဖြတ်သည်ရှိသော် အသုဉ်းဖြစ်သောကြောင့် ယင်းဂဏန်း (၉)လုံးကိုပင်လျှင် နဝကလာပဟုခေါ်သော နဝင်းကလပ်ဖြစ်သည်။

ထိုနဝင်းကလာပ်သတ္တဗိသကလာပ်တို့ကို အဋ္ဌကလာပဖြိုဟ်တို့နှင့်ပေါင်း၍ ကလာပ် စည်းတည်ရှိသော် နဝင်း(၉)လုံးဖြစ်လေ၏။

တစ်ဖန် ယင်းကိုးနဝင်းကို ရှေးပညာရှိတို့က - (၁) တစ်လုံးအရ ကောက်၊ လေးဆယ့် ငါးယောက် တစ်ဝမ်းပေါက်"

ဟုဆိုထားသည့်အကိုင်း မူလ(၁)တစ်လုံး၌ နောက်ထပ်တစ်များ တစ်လုံးစီတစ်လုံးစီ တိုး၍ ပေါင်းသွားသော် ဂဏန်း(၉)လုံး၌ ကလာပ်စည်းတစ်ခုဆုံးသည်။ ယင်းကိုလည်း ကိုးနဝင်း ဟု ခေါ်ပါသည်။

၄၅ယောက်တစ်ဝမ်းပေါက်ဆိုသောစကားအရ (၄ + ၅) ၏ပေါင်းသော်ဂဏန်း(၉) လုံး ရ၏။ ယင်းသည်လည်း ကိုးနဝင်းဖြစ်သည်။

ယင်း(၄၅)ကို နဝင်းဖြတ်လျှင် အသုဉ်းဖြစ်၏။ ထိုအသုဉ်းဆိုက်သော နဝင်းကိုပင်လျှင် ကိုးနဝင်းဟုခေါ်ပါသည်။

တြွင်း

နက္ခတ္တဗေဒပညာအရတြွင်းဆိုသည်မှာရာသီတစ်ခုကို (၃) ပိုင်းစိတ်ပိုင်း၍ဖော်ပြခြင်းကို ဆိုလိုပါသည်။ တစ်ရာသီတွင် အံသာ (၃၀) ရှိသဖြင့် အပိုင်းတစ်ပိုင်းလျှင် (၁၀) အံသာစီ စိတ်ပိုင်း၍ ဖော်ပြထားခြင်းဖြစ်သည်။ ဤသို့သော စိတ်ပိုင်းမှုဖြင့် လ (လဂ်) နှင့် တနင်္ဂနွေစသည့် ဂြိုဟ်များရပ်တည်သော အံသာကိုကြည့်၍ တြွင်းရာသီကို ဖော်ပြခြင်းဖြစ်ပါသည်။

တစ်ရာသီတွင်အံသာ (၃၀) ရှိသည်ဖြစ်ရာ တစ်ပိုင်းတွင် (၃၀) အံသာ (၂၀) လိတ္တာဖြင့် စိတ်ပိုင်းထားခြင်းဖြစ်ရာ လ (လဂ်) နှင့် တနင်္ဂနွေ၊ တနင်္လာစသော ဂြိုဟ်တို့ရပ်တည်နေသော အံသာလိတ္တာကိုကြည့်၍ ဤနဝင်းကို ရာသီနဝင်းဟုဆိုပါသည်။

တြွင်း၊ နဝင်း၊ နေ၊ လ၊ နက္ခတ်၊ တာရာ၊ မဟာမြင်းမိုရ် သတ္တရဇ္ဈာန်နှင့်တကွ လောကရှိ လူဟူသမျှတို့သည် အစဉ်အဆက် နိယာမအစဉ်လာ ဓမ္မတာထုံးစံအတိုင်း ကပ်ကမ္ဘာဖြင့် ပိုင်းခြားသတ်မှတ်ပညတ်ခဲ့ကြသည်။

ထိုသို့ ပညတ်တော်မူရာတွင်က အစ၊ အ အဆုံးရှိသော (၃၃) လုံးသော အက္ခရာ (၈) လုံးသောသရဟူသော (၄၁) လုံးသော ဝဏ္ဏတို့သည် ပါဠိကိုပြုပြင်ခြင်း၊ အနက်ကိုပြုပြင်ခြင်း၊ အဓိပ္ပာယ်ကိုပြုပြင်ခြင်းစသော နည်းအသွယ်သွယ် ဆန်းကြယ်လှသော လောကီလောကုတ္တရာ အရာရာတို့ကို ပြုပြင်၍ စီရင်ဖန်ဆင်းသောကြောင့် နိယာမပညတ်ဟု ခေါ်ဆိုသတ်မှတ်ကြသည်။

အလားတူ (၁) အစ၊ (၉) အဆုံး ဤ (၉) လုံးသောသချာတို့သည်လည်း မြှောက်ခြင်း၊ စားခြင်း၊ ပေါင်းခြင်း၊ နုတ်ခြင်း၊ သိန်းသောင်း သချာ၊ ကုဋေကုဋာရေတွက်ခြင်း မှန်သမျှတို့ကို ပြုပြင်စီရင်တတ်သောကြောင့် သချာနိယာမပညတ်ဟု ခေါ်ဆိုသတ်မှတ်ကြပါသည်။

တနင်္ဂနွေ (သူရဿ) အစစနေ (သောရီ) အဆုံးဤ (၇) လုံးတို့သည်နေမည်၏။ ၁၀၈နဝင်း၊ တြွင်းပေါင်း၊ ကောင်းကင်၊ တာရာ၊ နေ၊ လ၊ နက္ခတ်အစရှိသည်တို့ကိုပြုပြင်စီရင်တတ်သောကြောင့် နေဟူသော နိယာမပညတ်သတ်မှတ်ကြပါသည်။

"နဝနဝါ၊ ကိုးခုဖြာ၊ ဓာတ်အတိပေါင်း၊

အဟုတ်မှန်လျက် ကျမ်းအတွက်၊ အသက်အသေလောင်း"

ဟူ၍ ပေါက်ကန်ရှင်အရဟံက ဆိုခဲ့ပါသည်။

ဗုဒ္ဓဟောကြားခဲ့သော အဘိဓမ္မာဒေသနာတော် ပုဂ္ဂလပညတ္တိကျမ်း၌၊ ဓာတုပညတ္တိ၊ ခန္ဓပညတ္တိ၊ ရူပပညတ္တိ၊ အာယတနပညတ္တိဟူ၍ ပညတ်ဟောကြားခဲ့သည်ကိုတွေ့ရပါသည်။

ယင်းကို မြန်မာအနက်ယူသော် ဓာတ်လေးပါးဟူ၍ ခေါ်ဝေါ်သမုတ်အပ်သော ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်လေးပါးနှင့် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာဟူသော ခန္ဓာငါးပါးအမည်တို့ ရကြပါသည်။

ထို့ပြင် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မန၊ ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသ၊ ဖောဋ္ဌဗ္ဗ၊ ဓမ္မဟူသော အာယတန (၁၂)ပါး တို့ရပါသည်။

စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ်၊ ဇိဝှာဓာတ်၊ ကာယဓာတ်၊ မနဓာတ်၊ ရူပဓာတ်၊ သဒ္ဒဓာတ်၊ ဂန္ဓဓာတ်၊ ရသဓာတ်၊ ဖောဋ္ဌဗ္ဗဓာတ်၊ စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဝိညာဏဓာတ်ဟူသော ဓာတ် ၁၈ ပါးတို့ ရပါသည်။

ဤတွင် သချာအရာ၊ ခန္ဓာအရာ၊ အာယတနအရာ၊ ဓာတ်အရာတို့ ဆိုထားသော်လည်း -

၁ - ၂ - ၃ - ၄ - ၅ - ၆ - ၇ - ၈ ဟူသော (၈) စင်းသောကြိုး

အ - အာ - ဣ - ဤ - ဥ - ဦ - ဧ - ဩဟူသော (၈)လုံးသော သရ

က - အစ၊ အ - အဆုံး ဗျည်း အက္ခရာ(၃၃)လုံးသော ဆင်ပြောင်ကြီး

ပထဝီ၊ အာပေါ၊ တေဇော ဝါယောဟူသော ဓာတ်မဟာဘူတရုပ် ၄ ပါး

ဤသဘာဝများကို အနိုင်အမာ သိထားရမည်ဟုဆိုပါသည်။

ကမ္ဘာဦးအစ ပြဟ္မာတို့က အရင်းစ၍ ပညတ်ခဲ့သော ထုံးစံ အတန်တန်မှာ ဉာဏ်ခံ၍ ကြည့်တတ်မည်ဆိုလျှင် နိဗ္ဗာန်သည်ပညတ်၊ ပရမတ်ဆက်ဆတ် အသခံတဓာတ်များဟု သိမှတ်ထားရမည်။

လောကဓာတ်ပုဂ္ဂလမှာလည်း ဗုဒ္ဓဂေါတမ ဟောကြားခဲ့သော ပညတ္တိဓမ္မသခံတ သမ္မုတိ = ဓာတ်ရင်းသဘောကိုလည်း သိကြရပါမည်။

ရှိရှိသမျှလောကဓာတ်သဘာဝသည်ပညတ်ကစသောကြောင့်(၁)စသောသချာ၃၃ခု လုံး အက္ခရာ တနင်္ဂနွေအစ စနေအဆုံး နေ့နံ ဤ(၃)တန်ကို ဉာဏ်နှင့်ယှဉ်၍ကြည့်တတ်သော် ကိုးနဝင်းသဘာဝကို သိရှိကြမည်ဟုဆိုပါသည်။

ဓာတ်ပစ္စည်းများအရဓာတုပစ္စယကျမ်းနှင့်ညီရပါမည်။ ဤကျမ်းအဆိုအရ (၂၄၀၀၀) ရှိသော မြင်းမိုရ်တောင်၏ အခြင့်ကိုတည်ပါ၊ အောက် ဓာတ် (၈) ပါးနှင့်ပေါင်း၍ စားလဒ်ကို စားမြဲ စား၊ အကြွင်း အထက်ဓာတ်၏ပဋိသန္ဓေတေဇောဖြစ်၏။ အကြွင်း(သေသ) မီးခဲ၊ မြှောက်ခြေက မီးတောက်ဖြစ်၏။

စင်စစ် အောက်မီးခဲ၏၊ အလျှံသည် (၆)ပါးရှိသည်။ ထိုခြောက်ပါးကို မီးခဲလောင်း၊ ပဋိသန္ဓေကိုဖြစ်စေသော မီးခဲကိုလောင်း၊ (၉)ခုစား၊ (၁) ကစ၍နော၊ အဆုံးဂဏန်းသည် အစဉ် အတိုင်း ပဝတ္တိဖြစ်၍၊ နက္ခတ်ကို ဝေနိုင်သည်ဟုဆိုပါသည်။

စမှာနဝဂဏန်းခြေဖြစ်၍ မြင်းမိုရ်ခါးပန်းမှာပေါ်သည်။

ဓာတ်ဖွဲ့သော်အစဉ်အတိုင်း ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ သည်းခြေ၊ အာဟာရ၊

အာကာသ၊ ဓာတ်မီး၊ ဓာတ်ဆုံးဟု သမုတ်ကြသည်။ ပဝတ္တိဓာတ်သာဖြစ်သည်။ မူလဓာတ်မဟုတ်ဟု ဆိုပါသည်။

နေလယူဇနာ

(၉) ခုသင်္ချာကိုတည်၊ ဥတု(၃)ပါးနှင့်မြှောက် နက္ခတ်(၂၇)လုံးရ၏။ ယင်းဓာတ်(၉)ပါးကိုတည်၊ ဓာတ်(၄)ပါးနှင့်မြှောက်၊ (၃၆)တြင်းပါပဂြိုဟ် ၄ - လုံးတို့၏ ဓာတ်သက်ဖြစ်၏။

ယင်းဓာတ်(၉)ပါးကိုတည် အတွင်း(၄)ပါး၊ အပြင်(၄)ပါး၊ ဓာတ်(၈) ပါးနှင့်မြှောက်၊ မြေအောက်လဒ် - ၇၂ တည်ဟူသော သောမဂြိုဟ် - ၄လုံး တို့၏ဓာတ်စက်ဖြစ်သည်။

ဂြိုဟ်(၈)လုံးအသက်၊ နက္ခတ်(၂၇)လုံး သင်္ချာအသက်၊ ဓာတ်(၉) ပါးတို့ကို ပေါင်းသော် (၁၄၄) ရပါသည်။

(၈၄၀၀) ကိုတည်၊ နာမ်ရုပ်(၂)ပါးရော၊ (၁၄၄) နှင့်စားအကြွင်းသည်နေမင်း၏ယူဇနာသင်္ချာ ဖြစ်သည်။

ယင်းနေမင်းယူဇနာတွင် အပူကိုဆောင်တတ်သော တေဇောဓာတ်တစ်ခုကိုနုတ်လျှင် လမင်းယူဇနာဖြစ်သည်။

ပါပဂြိုဟ်(၄)လုံးအသက်

နေမင်းကိုတည်ဓာတ်(၈)ခုနှင့်စား၊ စားလဒ်ကားနေမင်း၏အသက်ဖြစ်သည်။ ယင်း၌ (၈)ခုထပ်ရော (၁၀) ဖြစ်၏။ ယင်း (၁၀)တွင် (၂)ခုထပ်ရော (၁၂)ဖြစ်၍ပါပဂြိုဟ် (၄)လုံးတို့ကို ဝေနိုင်သည်။

နေလနဝင်း

လမင်းကိုတည်၊ ယင်းဓာတ်(၈)ခုနှင့်စား၊ ရလဒ်အကြွင်းစားချေ(၃)ပါးရော၊ လမင်း၏အသက်ဖြစ်သည်။ ရုပ် - နာမ်(၂)ပါးရော၍ချေပါက သောမဂြိုဟ် - ၄လုံးတို့ကို ဝေနိုင်သည်။

နေ - လတို့ကိုမှ ဝေဖန်၍ရသော ဂဏန်းဂြိုဟ်သက်ပေါင်းသော် (၁၀၈) နဝင်းဖြစ်၏။ ထို(၁၀၈)ကိုတည် (၉)နဝင်းနှင့်စား၊ စားလဒ်(၁၂) ရသည်။ ယင်း(၁၂)သည် ရာသီဖြစ်ပြီး နဝင်းကြေ၍ အစဥ်တည်ပါသည်။

နက္ခတ်တစ်လုံးသွားနှုန်း

ရာသီ(၁၂)ပါးကိုတည်၊ ဓာတ် (၄)ပါးနှင့်စား၊ စားလဒ်သည် ဥတု (၃)ပါးဖြစ်သည်။ ယင်းဥတု(၃)ပါးကို နေ - လ(၂)ပါးနှင့်မြှောက်က - ရတု(၆)ပါး ရသည်။

ရတု (၆)ပါး

၁။ သသီရ - သိသိရ - ရတု = ပြာသိုလဆန်း ၁၅ရက်
ညဥ့်(၂)ချက်တီးကျော်အချိန်မှစ၍တပေါင်းလဆန်း၁၅ရက်
ညဥ့်(၂)ချက်တီးအထိ

၂။ နိဒ္ဓြရ - ဝသန္တရတု = တပေါင်းလဆန်း၁၅ရက်၊ညဥ့်(၂)ချက်တီးကျော်မှစ၍ကဆုန်
လပြည့်နေ့ ညဥ့်(၂) ချက်တီးအထိ

၃။ ဂိမ္ဟန္တ - ဂိမှရတု = ကဆုန်လဆန်း ၁၅ရက်၊ ညဥ့်(၂)ချက်တီးကျော်မှစ၍ ဝါဆို
လပြည့် ညဥ့်(၂)ချက်တီး အချိန်အထိ

၄။ ဝဿန္တ - ဝဿာနရတု = ဝါဆိုလပြည့်နေ့ညဥ့်(၂)ချက်တီးကျော်မှစ၍တော်သလင်း
လဆန်း(၁၅)ရက်၊ ညဥ့်(၂)ချက်တီးအချိန်အထိ၊

၅။ သာရဒ - သရဒရတု = တော်သလင်းလပြည့်နေ့၊ညဥ့်(၂)ချက်တီးအချိန်မှစ၍တန်
ဆောင်မုန်းလဆန်း (၁၅) ရက်၊ ညဥ့် (၂) ချက်တီးအချိန်
အထိ၊

၆။ ဟေမ - ဟေမန္တရတု = တန်ဆောင်မုန်းလပြည့်နေ့၊ ညဥ့်(၂)ချက်တီးအချိန်မှစ၍
ပြာသိုလဆန်း(၁၅)ရက်၊ ညဥ့်(၂)ချက်တီး အချိန်အထိ၊

တစ်ဖန် (၁၂)လကိုတည်၊ ရက်(၃၀)နှင့်မြှောက်၊ အံသာ(ဒီဂရီ) ရက်ပေါင်း (၃၆၀) ရ၏။ ယင်းအံသာ(၃၆၀)ကိုတည်၊ ရတု(၆)ပါးနှင့်စား၊ ရလဒ်က တစ်ရက်၏နာရီပေါင်း ၆၀ ရ၏၊ အံသာရက်ပေါင်း ၃၆၀ ကို တည်၊ နာရီ(၆၀)နှင့်မြှောက်၊ တစ်နှစ်၏နာရီပေါင်း - ၂၁၆၀၀ ဖြစ်၏။ ယင်းနာရီပေါင်း (၂၁၆၀၀) ကိုတည်၊ နက္ခတ် ၂၇ လုံးနှင့်စား၊ ရလဒ်ကား ၈၀၀ ဖြစ်၏။ ယင်းလဒ် ၈၀၀မှာ နက္ခတ်တစ်လုံးလျှင် နာရီ (၈၀၀)စီသွားကြောင်း ပြလေသည်။

တစ်နည်းအားဖြင့် တနင်္ဂနွေဂြိုဟ်မင်းသည် တစ်နေ့လျှင် နာရီ ပေါင်း ၆၀ အမှန်သွား၏။ ယင်းနာရီ (၆၀)ကိုတည်၊ ဗီဇနာ ၆၀ နှင့်မြှောက်က နာရီ ၃၆၀ ရ၏။

ဆုပြည့်စုံထွန်းစာပေ

ယင်းနာရီ (၃၆၀)ကိုတည်၊ (၆)ပြန်နှင့်မြှောက်၊ ပြန်ပေါင်း (၂၁၆၀၀)ရ၏။ ယင်း (၂၁၆၀၀)ကိုတစ်ဖန် အနကရဏာသချာ ၂၇ ခုနှင့် စားသော် ရလဒ်သည် နေ့တစ်နေ့၏ပြန်ပေါင်း(၈၀၀)ဟု မှတ်ရပါသည်။

ထို့ကြောင့် တနင်္ဂနွေဂြိုဟ်ဟု သမုတ်အပ်သော နေမင်းသည် တစ်နေ့လျှင် နာရီပြန်ပေါင်း(၈၀၀) အမှန်သွား၏။ မှန် - မမှန်ကိုသိလိုသည် ရှိသော် နာရီပြန်ပေါင်း ၈၀၀ကိုတည်၊ ၁၆ ပြန်နှင့်စား၊ အကြွင်းမရှိ လဒ်သည် နေဝင်၏။ တစ်နည်း ယူဇနာဖြစ်၏။

ဓာတုပစ္စယကိုးနဝင်း

နေ့ - ရက် - နာရီ - ဗီဇနာ - ပြန် - အမှန် နက္ခတ်၊ ဂြိုဟ်(၈)ရပ်နှင့်တကွ ပဝတ္တိရတျဉတုရာသီတို့ကို အထက်တန်းဂဏန်း(၇)လုံး၊ (၈)လုံး၊ (၄)လုံး တို့ဖြင့် ပိုင်းခြားဝေဖန်၍ ဓာတုပစ္စယကိုးနဝင်းကိုပြသည်ဟု ဆိုပါသည်။

(နဝ ဓာတုဝိနိစ္ဆယ ကျမ်းပြုပုဂ္ဂိုလ် အဆိုအရမူ ထိုကိုးနဝင်းကို ဝေဖန်ပိုင်းခြားတွက်ဆနိုင်လျှင်ကား လူစစ်စစ်လော နတ်နှင့်မခြား၊ ကျင့်တရားကို၊ မမှားမယွင်း၊ ဒေါသကင်း၍၊ အလင်းကိုရောက်၊ ဖောက်ကြီးပေါက်မှ၊ ပါမောက္ခစစ်၊ ဝိဇ္ဇာဖြစ်သည်၊ မှတ်ရစ်နှောင်လာနှင့်လူတည်းဟူ၍ ဆိုထားပါသည်)

နဝဓာတုနဝင်းဇယား

၁

က	ဋ္ဌ	ဗ	၁၅	ဂ	ပ	မ
ဖ	၆	ခ	ဍ	ဘ	၈	ဃ
ဎ	ဌ	စ	ဝ	ည	ယ	ဏ
၂၁	ပ	သ	အ	ဓ	င	၁၇
ဟ	ည	ဗ	က	ဌ	တ	၇
န	၁၂	ဇ	ဝ	ဒ	၁၀	စ
ဈ	သ	ဓ	၁၉	ဆ	လ	ထ

ဝ-လေးလုံးကိုးနဝင်း (စမ္မာနဝ)

"ကရဏီယအောက်၊ ဝ.လေးထောက်၊ ပေါက္ကံရှင်ကြီး၊ ထီးနှင့်ပျောက်"

"၁-၂-၃-၄၊ စာမထွေးနှင့်၊ နဝတိုင်အောက်ကောက်"

"ပိဋကတ်မှာ၊ နောက်၍ရှာ၊ ဗေဒင်အကြောင်းနှင့် ပေါင်းလိုက်ပါ"

"စမ္မာနဝ အင်းမှာ တွေ့အောင်ရှာ"

ဟူ၍ ရှေးခေတ်ထွက်ရပ်ပေါက် ဆရာတို့က ကိုးနဝင်း လျှို့ဝှက်လင်္ကာကို စီရင်ရေးသားခဲ့သည်ဟုဆိုပါသည်။

ဤကိုးနဝင်းလျှို့ဝှက်ဂါထာအရ(ဝ) လေးလုံးကိုတွေ့အောင်ရှာနိုင်ကဂဏန်း(၉)နဝင်းမှာ ရွှေလည်းသည်ပင်၊ ငွေလည်းသည်မှာ ဆေးသာမှချ၊ ဝပဏ၊ မိစောရင်လှ၊ တွေ့မည်ပ၊ ခေမာအမက နိဗ္ဗာနဟူ၍ ထပ်မံညွှန်းဆိုထားသည်ကို တွေ့ရပါသည်။

ဤနည်းကို ရှာတွေ့ပါက ရွှေ၊ ငွေနှင့် အသက်ရှည်ဆေးရပြီး နောက်ဆုံးပွင့်မည့်အရိမေတ္တေယျဘုရားကို ဖူးခွင့်ရပြီး နိဗ္ဗာန်သို့ကူးမည်ဟု ဆိုထားပါသည်။

ဤနဝင်းလျှို့ဝှက်ချက်အလင်္ကာအရ ပရိတ်ကြီး(၁၁)သုတ်မှ၊ မေတ္တာသုတ်ကို ညွှန်းဆိုသည်ဟု ဖွင့်ဆိုပြထားပါသည်။ မေတ္တာသုတ်၏ ဥယျောဇနဂါထာဖြစ်သော -

"ယဿနုဘာဝတော၊ ယက္ခာနေဝ ဒဿေန္တိ ဘိသနံ၊

ယံမှိစေဝ နုယုဉ္ဇန္တော၊ ရတ္တိဒိဝ မတန္ဒိတော"

ဂါထာပါ (ဝ)လေးလုံးကို ကောက်ယူရသည်ဟု ဆိုပါသည်။

ထို (ဝ)လေးလုံးကိုရှာရာ၌ -

၁-ကား	ဘုရား-၉-ကား	ဂုဏ်တော်	၁+၉=	၁ဝ(ဝ)တစ်လုံး
၂-ကား	ရုပ်-နာမ်-၈-ကား	မဂ္ဂင်	၂+၈=	၁ဝ(ဝ)တစ်လုံး
၃-ကား	လက္ခဏာ-၇-ကား	ဗောဇ္ဈင်	၃+၇=	၁ဝ(ဝ)တစ်လုံး
၄-ကား	သစ္စာ-၆-ကား	အာရုံ	၄+၆=	၁ဝ (ဝ)တစ်လုံး

၅-ကား ခန္ဓာငါးပါးရှိသောလူသည်ယင်း(ဝ)လေးလုံးကိုရအောင် ရှာနိုင်ပါမှ (၉)ပါးဓာတ်နဝင်းဖိုင်ကား ထွက်ရပ်ပေါက်ကို သွားနိုင်သည်ဟုဆိုပါသည်။

ထို(ဝ)လေးလုံးတွေ့ရှိချက်ကို အခိုင်အမာပြနိုင်ရန် ၁-၂-၃-၄ ဂဏန်းများရေးပြီး ရှုပ်ထွေးသွားအောင် တွေးစရာမလိုကြောင်းဖြစ်သည်။ လင်္ကာက ဆိုလိုရင်းအနက်ကို ဖော်ပြထားသည်ဟု ဆိုပါသည်။

ပိဋကတ်မှာ နောက်၍ရှာဟူသော အညွှန်းအားဖြင့် ပိဋကတ်သုံးအက္ခရာ(၃၃)လုံး စ-မ-ဗျည်းများအနက်မှ-(ဝ)အက္ခရာကို အစထားယူရမည်။

ထို(ဝ)အက္ခရာကစပြီးနောက်ပြန်ရေတွက်သော် - ၁၃ - လုံးမြောက်ဖြစ်သော - ပ - နှစ်လုံးပူး၊ ထ - ဆင်ထူး(ထ)တည်းဟူသော အက္ခရာ စ - မထူးကို တွေ့ရှိကြရပါမည်။

ယင်း ထဆင်ထူး(ထ)၏ ထူးခြားချက်မှာ(၃၃)လုံးသော စ - မဗျည်း အားလုံးတို့၏ အလယ်တည့်တည့် ဗဟိုချက်တွင် တည်နေပြီးနောက် ထူးခြားသောအသွင်ရှိသဖြင့် အားလုံးသော စ - မဗျည်းတို့၏ ဘုရင်ဇကေရာဇ်ဟု တင်စားခေါ်ထားပါသည်။

ယင်း ထဆင်ထူး(ထ)စမဗျည်း အက္ခရာဆိုသည်မှာ ပါဠိဘာသာအရ (ဂဇ)ဟူသော ဆင်ဟောအနက်ဖြစ်သည်။ ဆင်ဟူသည် ခွန်အားဗလ စွမ်းရည်သတ္တိထူးနှင့် ပြည့်စုံရုံမက အန္တရာယ်အပေါင်းတို့ကိုလည်း တားဆီးကာကွယ်မှုပေးနိုင်ပြီး အရာရာကို အောင်မြင်အောင် စွမ်းဆောင်နိုင်သူ သိဒ္ဓိထူးစမဗျည်းဟု တားမဲ့ဆရာတော်စီရင်သော မဟာသိဒ္ဓိကျမ်း၌ ရေးထားသည်ဟု ဆိုပါသည်။

ဤ(ထ)ကို ရှေ့- နောက် - တောင် - မြောက် ဌာနလေးရပ်ကြက်ခြေခတ်၍ ကြည့်ရှုပါက (ဝ)လုံးများ ပူးယှဉ်ဆက်စပ်နေသည်ကို တွေ့ရသည်ဟုဆိုပါသည်။

တစ်ဖန် လင်္ကာက "ဗေဒင်အကြောင်းနှင့် ပေါင်းလိုက်ပါ၊ စမှာနဝ အင်းမှာ တွေ့အောင်ရှာ" ဟူသောစကားအရ စမှာနဝအင်းကိုချပြီး (ဝ) လေးလုံးကို ရှာ၍ရသည်ဟု ဆိုပါသည်။

၁ ၂ ၃

၄ ၅ ၆

၇ ၈ ၉

ဤအင်းကို ဝ - (၄)လုံးရအောင်ရှာနည်းမှာ -

၁ + ၉ = ၁၀ (ထောင့်ဖြတ်တစ်ခု (ဝ)တစ်လုံး)

၃ + ၇ = ၁၀ (ထောင့်ဖြတ်တစ်ခု (ဝ) တစ်လုံး)

၂ + ၈ = ၁၀ (ထောင့်ဖြတ်တစ်ခု (ဝ) တစ်လုံး)

၄ + ၆ = ၁၀ (ထောင့်ဖြတ်တစ်ခု (ဝ) တစ်လုံး)

ဤနည်းတွင် (၁၀)၌ (၁)ကိုချေ၍ (ဝ) ရခြင်းဖြစ်ပါသည်။

ယင်းကိုမြန်မာအင်္ဂဝိဇ္ဇာသိပ္ပံပညာနည်းစနစ်အရ နာမ်ဓာတ်သတ်ဆေးအဖြစ်ထားပြီး အလယ်မှ (၅)ကို ရုပ်ဓာတ်တည်းဟူသော ပြဒါး (သို့မဟုတ်) မိမိနှစ်သက်ရာ ရွှေ - ဘော်စသည်တို့ကိုထား၍ သတ်နိုင်သည်ဟုဆိုပါသည်။

"ဝ လေးထောင့်နှင့်တွေ့အောင်ကောက်"

ဆိုသောလင်္ကာအရစမှာနဝအင်း၌ကောက်လိုက်သောအခါ အာယုခတ် နဝင်းသတ် (ကိုးနဝင်း)နည်းစနစ်(ဝ) လေးလုံးသတ်ဆေးနည်း ပေါ်ထွက်လာသည်ဆိုပါသည်။

ဝလေးလုံး နာမ်ဓာတ်ဆေး

၁။	ဆားစိမ်း	၁ - မတ်	၁၀ (ဝ) တစ်လုံး
၂။	ယမ်း	၉ - မတ်	
၃။	စိန်	၃ - မတ်	၁၀ (ဝ) တစ်လုံး
၄။	ဆေးဒါန်း	၇ - မတ်	
၅။	ကန့်	၂ - မတ်	၁၀ (ဝ) တစ်လုံး
၆။	ဟင်းရိုင်း	၈ - မတ်	
၇။	လက်ျာ	၄ - မတ်	၁၀ (ဝ) တစ်လုံး
၈။	ဇဝက်သာ	၆ - မတ်	

(၅) ရုပ်ဓာတ်ဆေး

၉။ ပြဒါး/ရွှေ/ဘော် = ၅ - မတ်သား

ယင်း (ဝ)လေးလုံးနာမ်ဓာတ်ဆေးနှင့် ရုပ်ဓာတ်ဆေးတို့ကို ပေါင်းရန်းသည်ရှိသော် (၄၅) မတ်သားရရှိသဖြင့် နဝင်းဓာတ်သက်အာယုခက် (ကိုးနဝင်းဆေး)ဖြစ်လာသည်ဟုဆိုပါသည်။

အင်္ဂဝိဇ္ဇာနဝင်း

အင်္ဂဝိဇ္ဇာနဝင်းဆိုသည်မှာ တနင်္ဂနွေ၊ တနင်္လာစသော နံ့ဂြိုဟ်တို့၏ အတွဲများကိုခေါ်ပါသည်။

(က) နံ့ဂြိုဟ်တို့၏ (၅)ခုမြောက် (ကြာသပတေးနံ)ကို ပဋ္ဌပွတ်ဟုခေါ်၍ လေးခုမြောက် (ဗုဒ္ဓဟူးနံ)ကို (စတုရန်း)ဂြိုဟ်နံတို့ဟုခေါ်သည်။

(ခ) လေးခုမြောက်(ဗုဒ္ဓဟူးနံ)(စတုရန်း) နှင့်ငါးခုမြောက် (ကြာသပတေး) (ပဋ္ဌပွတ်)တို့ကို နဝင်းတွဲဂြိုဟ်ကိန်း(ဂဏန်း)များဟု သတ်မှတ်ထားကြပါသည်။

နံ့ဂြိုဟ်အသီးသီးတို့၏အရပ်အတည်တို့ကိုအင်္ဂဝိဇ္ဇာခယားဖောက်နည်းဖြင့်တိုင်ထု၍ကြည့်ပါက ယင်းနံ့ဂြိုဟ်အသီးသီးတို့၏ပဋ္ဌပွတ်နှင့်စတုရန်းနဝင်းတွဲများကို သိရှိနိုင်သည်ဟုဆိုပါသည်။

ပဋ္ဌပွတ်မှာ ကိန်းဂဏန်း(၅) ဖြစ်၍စတုရန်းမှာ ကိန်းဂဏန်း(၄) ဟု သတ်မှတ်ထား၍ ယင်း(၂) ရပ်ပေါင်းက (၅ + ၄ = ၉)နဝင်းရပါသည်။

နံ့ဂြိုဟ်အသီးသီးတို့၏နဝင်းတွဲဇယား

နံ့ဂြိုဟ်	၁-နွေ	၂-လာ	၃-ဂါ	၄-ဟူး	၅-တေး	၆-ကြာ	၇-နေ
အညွန့်	၂	၃	၄	၅	၆	၇	၁
တြိရန်း	၃	၄	၅	၆	၇	၁	၂
စတုရန်း	၄	၅	၆	၇	၁	၂	၃
ပဉ္စပွတ်	၅	၆	၇	၁	၂	၃	၄
ဆပွတ်	၆	၇	၁	၂	၃	၄	၅
အမြစ်	၇	၁	၂	၃	၄	၅	၆

အထက်ပါဇယားတွင်နံ့ဂြိုဟ်ကိန်းဂဏန်းနှင့်ပဉ္စပွတ်ကိန်းဂြိုဟ်ကိန်းဂဏန်းများသည် အင်္ဂဝိဇ္ဇာနဝင်းတွဲများဖြစ်သည်ဟုဆိုပါသည်။ ယင်းနံ့ဂြိုဟ်အလိုက်နဝင်းတွဲများအနက်တနင်္ဂနွေဂြိုဟ်စတုရန်းနှင့်ပဉ္စပွတ် (၂)ရပ်ပေါင်းကိန်းရလဒ်သည် (၉) ဂဏန်းဖြစ်သည်မှအပကျန်နံ့ဂြိုဟ်ကိန်းဂဏန်းများမှာ နဝင်းတွဲ (၉) ဂဏန်းမဖြစ်သည်ကို တွေ့ရပါမည်။

၁။ တနင်္ဂနွေဂြိုဟ်၏စတုရန်းနှင့် ပဉ္စပွတ်ပေါင်းမှာ - ၄+၅ = ၉

၂။ တနင်္လာဂြိုဟ်၏စတုရန်းနှင့် ပဉ္စပွတ်ပေါင်းမှာ - ၅+၆ = ၁၁

၃။ အင်္ဂါဂြိုဟ်၏စတုရန်းနှင့် ပဉ္စပွတ်ပေါင်းမှာ - ၆+၇ = ၁၃

၄။ ဗုဒ္ဓဟူးဂြိုဟ်၏စတုရန်းနှင့် ပဉ္စပွတ်ပေါင်းမှာ - ၇+၁ = ၈

၅။ ကြာသပတေးဂြိုဟ်၏စတုရန်းနှင့် ပဉ္စပွတ်ပေါင်းမှာ - ၁+၂ = ၃

၆။ သောကြာဂြိုဟ်၏စတုရန်းနှင့် ပဉ္စပွတ်ပေါင်းမှာ - ၂+၃ = ၅

၇။ စနေဂြိုဟ်၏စတုရန်းနှင့် ပဉ္စပွတ်ပေါင်းမှာ - ၃+၄ = ၇

စတုရန်း ပဉ္စပွတ်နဝင်းတွဲ

အင်္ဂဝိဇ္ဇာပညာအလိုအရ နံ့ဂြိုဟ်တစ်ခု၏ လေးခုမြောက်စတုရန်းနှင့် ငါးခုမြောက်ပဉ္စပွတ်ပေါင်းလဒ်ကိန်းဂဏန်းများသည် သက်ဆိုင်ရာနံ့ဂြိုဟ်၏ နဝင်းတွဲပင်ဖြစ်သည်။

နဝင်းဝေဒမူလဘူတအလိုအရမူကိန်းဂဏန်းသာလျှင်နဝင်းဖြစ်သည်ဟုကောက်ယူကြပါသည်။ထို့ကြောင့်ယင်း(၉)ဂဏန်းကိုသာ(ကိုးနဝင်း)ဟုပညာအခေါ်အဝေါ်အားဖြင့်သမုတ်ကြခြင်းဖြစ်ပါသည်။

နေ့နံအလိုက် စတုရန်းနှင့် ပဉ္စပွတ်နဝင်းတွဲများ

၁။	တနင်္ဂနွေနဝင်းတွဲ	ဗုဒ္ဓဟူး ၄ + ကြာသပတေး	= ၅
၂။	တနင်္လာ၏နဝင်းတွဲ	ကြာသပတေး ၅ + သောကြာ	= ၆
၃။	အင်္ဂါနဝင်းတွဲ	သောကြာ ၆ + စနေ	= ၇
၄။	ဗုဒ္ဓဟူး၏နဝင်းတွဲ	စနေ ၇ + တနင်္ဂနွေ	= ၁
၅။	ကြာသပတေးနဝင်းတွဲ	တနင်္ဂနွေ ၁ + တနင်္လာ	= ၂
၆။	သောကြာ၏နဝင်းတွဲ	တနင်္လာ ၂ + အင်္ဂါ	= ၃
၇။	စနေ၏နဝင်းတွဲ	အင်္ဂါ ၃ + ဗုဒ္ဓဟူး	= ၄

ဤနဝင်းတွဲတို့ကိုတနင်္ဂနွေနဝင်းတွဲဗုဒ္ဓဟူး(၄)နှင့်ကြာသပတေး(၅)ကိုကြာသပတေး(၅)နှင့်ဗုဒ္ဓဟူး(၄)ဟူ၍(၄ + ၅ = ၅ + ၄) ပြောင်းပြန်အပြန်အလှန်ပြုပါက နံဂြိုဟ်တစ်ခုလျှင် နဝင်းတွဲ (၂)ခုစီရပါမည်။

ထို့ကြောင့် နေ့နံအလိုက် စတုရန်းနှင့် ပဉ္စပွတ်နဝင်းတွဲပေါင်း (၁၄)တွဲ ရရှိမည်ဖြစ်ပါသည်။

တြိရန်းနှင့် ဆပွတ်နဝင်းတွဲ

တြိရန်း - ဆိုသည်မှာ နံဂြိုဟ်တစ်ခု၏ သုံးခုမြောက် ကိန်းဂဏန်းဖြစ်သည်။ ဆပွတ်ဆိုသည်မှာ ခြောက်ခုမြောက် ကိန်းဂဏန်းဖြစ်သည်။ တြိဆိုသည်မှာ - ၃၊ ဆ ဆိုသည်မှာ - ၆ ဖြစ်သည်။

ယင်းတြိရန်းခေါ် ၃ နှင့် ဆပွတ်ခေါ်(၆) ဂဏန်းတို့ပေါင်းသော် ၃ + ၆ = ၉ ဂဏန်းရသည်။ ယင်းသည် နဝင်းဖြစ်ပါသည်။

အထက်ဖော်ပြပါဇယားတွင် ကြည့်ပါက တြိရန်း + ဆပွတ်အတွဲများကို တွေ့ရပါသည်။

၁။ တနင်္ဂနွေနဝင်းတွဲ အင်္ဂါ - ၃ + သောကြာ - ၆
၂။ တနင်္လာနဝင်းတွဲ ဗုဒ္ဓဟူး - ၄ + စနေ - ၇
၃။ အင်္ဂါနဝင်းတွဲ ကြာသပတေး - ၅ + တနင်္ဂနွေ - ၁
၄။ ဗုဒ္ဓဟူး၏နဝင်းတွဲ သောကြာ - ၆ + တနင်္လာ - ၂
၅။ ကြာသပတေး၏နဝင်းတွဲ စနေ - ၇ + အင်္ဂါ - ၃
၆။ သောကြာ၏နဝင်းတွဲ တနင်္ဂနွေ - ၁ + ဗုဒ္ဓဟူး - ၄
၇။ စနေ၏နဝင်းတွဲ တနင်္လာ - ၂ + ကြာသပတေး - ၅

ဤနဝင်းတွဲများကိုလည်း တြိရန်းဆပွတ် ဆပွတ် + တြိရန်းဟူ၍ အပြန်အလှန်တွဲမည်ဆိုပါက နဝင်းတွဲ (၂)တွဲစီရမည်ဖြစ်သည်။

အညွန့်အမြစ် နဝင်းတွဲ

အညွန့်အမြစ်ဆိုသည်မှာ သစ်ပင်တစ်ပင်ကို ပမာပြု၍ဆိုသော စကားဖြစ်ပါသည်။ ပင်စည်တစ်ခု၏ထိပ်ဖျားသည် အညွန့်ဖြစ်၍ ပင်စည်၏အောက်ခြေတွင်စိုက်ဝင်၍ ထိုသစ်ပင်ရှင်သန်ကြီးထွားစေရန် အထောက်အကူပြုထားသော အစိတ်အပိုင်းကို အမြစ်ဟူ၍ ခေါ်ပါသည်။

အလားတူ နံဂြိုဟ်တနင်္ဂနွေ၏အညွန့်မှာ ထိုတနင်္ဂနွေ၏ တစ်ခုတိုး တနင်္လာဖြစ်၍ အမြစ်ဆိုသည်မှာ ထိုတနင်္ဂနွေ၏တစ်ခုအရ စနေဖြစ်သည်။

တစ်နည်း အညွန့်ဆိုသည်မှာ ယင်းသက်ဆိုင်ရာဂြိုဟ်နံ၏ဒုတိယမြောက်ဂြိုဟ်ဖြစ်၍ အမြစ်ဆိုသည်မှာ ယင်းနံဂြိုဟ်၏ သတ္တမမြောက်ဂြိုဟ်ဖြစ်ပါသည်။

အင်္ဂဝိဇ္ဇာပညာအရ အမြစ်၊ အညွန့်၊ နံဂြိုဟ်နဝင်းတွဲမှာမှ အောက်ပါအတိုင်း ဖြစ်ကြပါသည်။

အညွန့်-အမြစ် နဝင်းတွဲများ

၁။ တနင်္ဂနွေနဝင်းတွဲ တနင်္လာ - ၂ + စနေ - ၇
၂။ တနင်္လာနဝင်းတွဲ အင်္ဂါ - ၃ + တနင်္ဂနွေ - ၁
၃။ အင်္ဂါနဝင်းတွဲ ဗုဒ္ဓဟူး - ၄ + တနင်္လာ - ၂
၄။ ဗုဒ္ဓဟူးနဝင်းတွဲ ကြာသပတေး - ၅ + အင်္ဂါ - ၃
၅။ ကြာသပတေးနဝင်းကွဲ သောကြာ - ၆ + ဗုဒ္ဓဟူး - ၄
၆။ သောကြာနဝင်းတွဲ စနေ - ၇ + ကြာသပတေး - ၅
၇။ စနေနဝင်းတွဲ တနင်္ဂနွေ - ၁ + သောကြာ - ၆

ဤနဝင်းတွဲတို့ကို ပြောင်းပြန်လှန်၍ ကောက်ယူသော် အညွန့် + အမြစ် = အမြစ် = အညွန့်ဟူ၍ နဝင်းတွဲ(၁၄)ရပါမည်။

နံဂြိုဟ်တစ်ခုတွင် နဝင်းတွဲ (၆) တွဲစီရရှိပါသည်။

စတုရန်းနှင့် ပဥ္စပွတ်အပြန်အလှန် နဝင်းတွဲ (၂)တွဲ

တြိရန်းနှင့် ဆပွတ်အပြန်အလှန် နဝင်းတွဲ (၂)တွဲ

အညွန့်အမြစ် အပြန်အလှန် နဝင်းတွဲ (၂)တွဲ

အားဖြင့် (၆)တွဲစီရရှိမည်ဖြစ်ပါသည်။

အများဆိုင်နဝင်း

အထက်ဖော်ပြပါ နဝင်းတို့မှာ သင်္ချာကိန်း(၉)ဂဏန်းကို အခြေတည်၍ ဖြစ်ပေါ်လာသော နဝင်းများသာဖြစ်ကြပါသည်။

ယင်းနဝင်းများမှာ တနင်္ဂနွေအစ စနေ အဆုံးရှိသော ၇နေ့ ၇နံ သားသမီးများ၊ တနင်္ဂနွေ အစ ရာဟုအဆုံးရှိသော (၈)နေ့ (၈)နံ သားသမီးဟူသော မည်သည့်နေ့နံ သားသမီးနှင့်မဆို သက်ဆိုင်သော နဝင်းလည်းဖြစ်ပါသည်။

လောကရှိ လောကီအတည်တည်အရပ်ရပ်၌ ရှိသမျှသော သတ္တလောက၊ သင်္ခါရလောက၊ ဩကာသလောက သက်ရှိသက်မဲ့ အရာအားလုံးနှင့် သက်ဆိုင်သောနဝင်းဖြစ်ပါသည်။

ပုဂ္ဂလိကဆိုင်နဝင်း

ဝိဇ္ဇာ၊ ဂမ္ဘီရပညာတွင် (၉)ဂဏန်းဆိုက်သော နဝင်းများရှိသကဲ့သို့ (၉)ဂဏန်းမဆိုက်သော ပုဂ္ဂလိကဆိုင်ရာ နဝင်းများလည်း ရှိပါသည်။ ယင်း နဝင်းမှာ နံဂြိုဟ်တစ်ခုတည်းနှင့်သာ သက်ဆိုင်သော နဝင်းဖြစ်သည်။

နံဂြိုဟ်(၇)လုံးရှိသည်။ ယင်းနံဂြိုဟ် (၇) လုံးတို့မှာ တနင်္ဂနွေအစ စနေအဆုံးဟူသော (၇)နေ့ (၇)နံ ဂြိုဟ်(၇)လုံးဖြစ်ပါသည်။

ထိုနံဂြိုဟ်တို့နှင့် သက်ဆိုင်သော နဝင်းတို့သည် အများဆိုင်ရာ သဘောမဆောင်ဘဲ တစ်သီးတခြား နံဂြိုဟ်တစ်ခုချင်းစီသာ သက်ဆိုင်သောသဘောရှိသောကြောင့် ပုဂ္ဂလိကဆိုင် နဝင်းဟု ခေါ်ပါသည်။

တနင်္ဂနွေနံဂြိုဟ် နဝင်းသည် အခြားနံဂြိုဟ် နဝင်းတို့နှင့် လုံးဝမတူညီ။ တစ်သီးတခြား အသွင်သာဆောင်နေ၍ ယင်းကို သီးခြားဆောင်နဝင်းဟူ၍ ခေါ်ပါသည်။

(၉) ဂဏန်းဖြစ်တိုင်း နဝင်းမဟုတ်

ဤအပိုင်းဤအဆင့်၏အလိုအရဆိုသော်နဝင်းဆိုသည်မှာ (၉) ဂဏန်းဖြစ်တိုင်းနဝင်း မဟုတ်ဟု အခိုင်အမာပြောဆိုနိုင်ရာသည်။

နဝင်းသင္ချာ ကိုးနဝင်းပညာဆိုသည်မှာ နက္ခတ္တဗေဒနယ်တွင်လည်းကောင်း၊ ဗေဒင် ပညာနယ်ပယ်တွင်လည်းကောင်း၊ လောကီနိမိတ်တိတ္ထိုဟောပညာတွင်လည်းကောင်း၊ ပုဂ္ဂလ ပညတ်ဓာတ်ပညာတွင်လည်းကောင်း၊ ဘေးသဒ္ဒနယဆေးပညာ၊ ဓာတ်ပညာတွင်လည်း ကောင်း၊ ရေးဓာတုဗေဒ အင်္ဂါယတ်ပညာရပ် စသည်တို့တွင်လည်းကောင်း လွန်စွာကျယ်ဝန်း စွာ စူးဝင်နစ်မြှုပ်နေသော ပညာရပ်ဖြစ်နေပါသည်။

⊙ ⊙ ⊙

အခန်း [၄]

ဗုဒ္ဓ၏ အာကာသသိပ္ပံ၏ အာကာသ

သိပ္ပံရှုထောင့်အမြင် အာကာသဟင်းလင်းပြင် လေဟာနယ်

ဤလောကတွင် ဘာမျှမဟုတ် ဘာမျှမရှိသောအရာဟူသည် အဘယ်နည်း။ ယင်းအရာကို မည်သူကမျှ ရေးကြီးခွင်ကျယ်လုပ်၍အဖြေမရှာကြသော်လည်း ရူပဗေဒသိပ္ပံပညာရှင်တို့ကမူ အလေးအနက်ထား၍ အဖြေရှာခဲ့ကြသည်။

ဘာမျှမဟုတ်မရှိသော အရာဟူသည် အရာတစ်ခုခု၏ ထူးခြားဆန်းကြယ်သော အဖြစ်ကြီးတစ်ရပ်ဟု ဆိုကြသည်။

လေဟာနယ် (Vaccum) ခေါ်ဟင်းလင်းပြင်နေရာ (open exponce) သည် ဘာမျှမဟုတ်မရှိသောအရာဟူ၍ အဘိဓာန်က ဖွင့်ဆိုပါသည်။

ရူပဗေဒဘာသာအရဆိုသော် လေဟာနယ်ဟူသည်မှာ ဘာမျှမဟုတ်။ မရှိသောအရာမဟုတ်၊ မျက်စိဖြင့် မမြင်မတွေ့နိုင်သော တုန်ခါလှုပ်ရှားနေသော ပြင်းထန်သော စက်ကွင်း (fields) များသောအမှုန်များ (particles) နှင့် ထိ.တိုက်ပေါက်ကွဲလျက်ရှိသော နေရာဖြစ်သည်ဟု ဆိုပါ သည်။

ဤလေဟာနယ်၏ဖွဲ့စည်းတည်ဆောက်ပုံကို အတွင်းကျကျ ပိုင်းခြားစိတ်ဖြာ၍ စိစစ်လေ့လာကြည့်ပါက အနန္တစကြဝဠာကမ္ဘာ လောကဓာတ်ကြီး တစ်စတစ်စဖြစ်လာသောဖြစ်စဉ်နှင့် ဤအနန္တစကြဝဠာအတွင်း၌ရှိနေသော အမှုန်များ၏အရွယ်အစားနှင့် ဂုဏ်သတ္တိများကို ပိုမိုနားလည်သိရှိလာနိုင်ကြသည်ဟု သိပ္ပံပညာရှင်တို့က ဆိုပါသည်။

ဤဘာမျှမဟုတ်မရှိသောအရာ၊ သက်ဆိုင်သောအမြင်သစ်သည်မမြင်နိုင်၊မမျှော်မှန်းမမှန်းဆနိုင်သော တော်လှန်မှုတစ်ရပ်အနေဖြင့် သိပ္ပံပညာရှင်များနှင့် သိပ္ပံလောကတွင် ကြံဆတွေးဆခံယူနေဆဲဖြစ်သည်ဟုဆိုသည်။

ဘာမျှမဟုတ် မရှိဟူသောအရာကို အဟုတ်အရှိအဖြစ် ရေးသားတင်ပြဖော်ထုတ်ရမည်မှာ အလွန်ခက်ခဲသည်ဟု ပညာရှင်တို့ ဆိုကြသည်။

ဘာမျှမဟုတ်မရှိသောအရာ၏အစိတ်အပိုင်းတစ်ခုသည်ယင်း၏အခြားသောအစိတ်အပိုင်းနှင့် ထပ်တူဖြစ်သောကြောင့် ယင်းကို အသေးအဖွဲ့ အသေးအနုပ်အဖြစ် မှတ်ယူ၍မဖြစ်နိုင်ပါ။ ထင်ရှားသည်ထက်လည်း ပို၍နက်နဲသိမ်မွေ့သောသဘောကို ဆောင်နေသည်။

စိတ်အာရုံတွင်သာရှိသော အာရုံသိလေဟာနယ်နှင့် မဟုတ်မမှန် စိတ်ကူးဖြင့်တည်ရှိသော စိတ္တဇလေဟာနယ်တို့ကို ထိုကဲ့သို့ပင် ရှင်းပြရမည်ဖြစ်သည်။

ဥပမာအနေနှင့် ငါးတစ်ကောင်ကို ပမာထား၍ကြည့်ပါဟုဆိုပါသည်။ ငါးတစ်ကောင်အတွက် ဘာမျှမဟုတ်။ မရှိသောအရာသည် ရေဖြစ်သည်။ ငါးအတွက် ရေသည် အပြောကျယ်လှသည်။ ပုံသဏ္ဍာန်အစအဆုံးမရှိ မည်ရွေ့မည်မျှ ပမာဏဖြစ်သည်ကို ထိသိ၍မရနိုင်ပါ။

သူ့အတွက်အာဟာရမှာ ရေထဲတွင်မျောနေသည်။ ရေစီးကြောင်းသည် ရေထဲတွင်စီးနေသည်။ အပူရှိန်သည် ရေထဲတွင် ပြောင်းလဲနေသည်။

သို့သော် ငါး၏ အာကာသအဆောက်အအုံသည် ရေပင်ဖြစ်ပါသည်။ ရေမျက်နှာဖြစ်သည်။ ငါးအတွက် ကမ္ဘာ၏အစွန်းဖြစ်သည်ကို ငါးက မသိပါ။

ရေထဲတွင် ငါးများသည် တစ်စတစ်စ ပြောင်းလဲဖြစ်တည်လာသကဲ့သို့ လူတို့သည်လည်း အတိုင်းအတာလေးမျိုးရှိသော အာကာသဟင်းလင်းပြင်တွင် ပြောင်းလဲဖြစ်တည်နေကြပါသည်။

လေဟာနယ် (၄)မျိုးမှာ -

၁။ စိတ်အာရုံတွင်သာတည်ရှိသော အာရုံသိလေဟာနယ်
(Ideal Vaccum)

၂။ မဟုတ်မမှန်စိတ်ကူးဖြင့် တည်ရှိသော စိတ္တဇလေဟာနယ်
(False Vaccum)

၃။ အရည်အသွင်ဖြင့်တည်ရှိသော အာပေါဓာတုလေဟာနယ်
(Liquid Vaccum)

၄။ အအေးလွန်အရည်ခဲအသွင်ဖြင့် တည်ရှိသော အာပေါကကွဋလေဟာနယ်
(Frozen Vaccum)

ဟူ၍ ရူပဗေဒပညာရပ်ရှုထောင့်မှ ဖော်ပြထားသည်ကို တွေ့ရပါမည်။

ဘာမျှမဟုတ်မရှိသော ပြည့်ဝသည့်အဖြစ်သည် ထိုလေဟာနယ်တွင်ရှိသည်။ ယင်းကို ဟစ်ဂ်စ်အမှုန် (Higgs Particle) ဟု အမည်ပေးထားသည်။ ယင်းအမှုန်သည် သဘာဝနယ်ပယ်ထဲ၌ တည်ရှိနေည်ကို ပြိတိသျှလူမျိုး ရူပဗေဒပညာရှင် ပီတာဟစ်ဂ်စ်က တွေ့ရှိခဲ့သဖြင့် ယင်း၏အမည်ဖြင့် အမှုန်နာမည်ပေးခဲ့သည်ဟုဆိုသည်။

ထိုအမှုန်ကိုပင် အမေရိကန်နိုင်ငံ၊ ကာလီဖိုးနီးယားတက္ကသိုလ်မှ ရူပဗေဒပညာရှင် ဖရန့်စ်ဝီးလ်ဇက်၏ (Frank Wile Zek) က မူလ လေဟာနယ်အဟောင်းမှ ခွဲထွက်၍လာသော လေဟာနယ်အချပ်ကလေး (space-chip) ဟု ဆိုပြန်ပါသည်။

လူတို့၏အာကာသသည်လည်း ထူးခြားသော လေဟာနယ်ဖြစ်ပါ သည်။ လူသားတို့၏ လေဟာနယ်သည်လည်း ရေထဲကငါးများသဖွယ်သာဖြစ်ပါသည်။

လူသားတို့နေထိုင်ရာ လေဟာနယ်သည် မမြင်နိုင်သော စက်ကွင်းများ (Invisible fields) ဂယက်များဖြင့် လှုပ်ရှားနေပါသည်။ အားတိုင်းအတွက် စက်ကွင်းများရှိကြသည်။ ဒြပ်တိုင်းတွင်လည်း စက်ကွင်းများရှိကြသည်။ ယင်းစက်ကွင်းများသည် ရှုပ်ထွေးလိမ်ယှက်၍ တည်နေကြသည်။

အနန္တစကြဝဠာသည်ပင် စက်ကွင်းသီဝရီတစ်ခုဖြစ်သည်ဟု ဟာဗတ်တက္ကသိုလ်မှ ရူပဗေဒပညာရှင် ဆစ်ဒနီကိုးလ်မင်း (Sidney Coleman) က ဆိုပါသည်။

စက်ကွင်းများသည်ကျောက်ကျောလေဟာနယ်၏ဝတ္ထုပစ္စည်းများဖြစ်ကြသည်။ ယင်းစက်ကွင်းတို့သည် ကျောက်ကျောဂျယ်လီ (Jelly) နှင့်တူကြောင်း တစ်ဖက်ကဖျစ်လိုက်လျှင် ကျန်တစ်ဖက်သို့ တွန့်လိမ်၍ နေရာယူကာ ရွေ့လျားသွားသည်ဟု ဝီလ်ဇက်ကဆိုပါသည်။

နေမှအီလက်ထရွန်တစ်ခုသည် တွန့်လိမ်၍ လှုပ်ရှားသွားသည့်အခါ လျှပ်စစ်သံလိုက်စက်ကွင်း (electro magnetic field) တစ်ခုဖြစ်ပေါ်လာပြီး (၈) မိနစ်ခန့်ကြာသောအခါ စက်ကွင်းလိုင်း (electro magnetice wave) သည် ကမ္ဘာမြေလွှာသို့ ရောက်ရှိလာ၏။ ဤသို့ဖြင့် လူသား၏မျက်စိထဲသို့ ဝင်လာသည်။ ဤနည်းဖြင့် လူသားတို့သည် နေ၏အလင်းကို မြင်ရခြင်းဖြစ်ပါသည်။

ဤအမှုန်တို့သည် လျှပ်စစ်သံလိုက် စက်ကွင်းတွင်ပါဝင်သော ဂျယ်လီနှင့်တူပါ၏။ သို့သော် ထိုအမှုန်များသည် ထူးခြားဆန်းကြယ်သော ဂျယ်လီဖြစ်ကြောင်း၊ ယင်းတို့အချင်းချင်း အပြန်ပြန်အလှန်လှန် ထိုးဖောက်ဝင်ရောက်နိုင်ကြောင်း၊ ယင်းဂျယ်လီကို မိမိကိုယ်တိုင် အပြင်ဘက်မှ ကြည့်သည်ဖြစ်စေ၊ ထိုဂျယ်လီအတွင်း မိမိကိုယ်တိုင် ဝင်ရောက်ထိုးဖောက်လျက် လှုပ်ရှားနေသည်ဖြစ်စေ၊ ထိုဂျယ်လီသည် အတွင်းအပြင် အတူတူပင်ဖြစ်သည်။

မမြင်နိုင်သော စက်ကွင်းများ (Invisible fields) တွင် ဘာမျှမရှိဟုဆိုလျှင် မဟုတ်ပါ။ ယင်းစက်ကွင်းများသည် လေဟာနယ်၏ အစိတ်အပိုင်းအဖြစ် အမှန်တကယ် ရှိနေကြပါသည်။

အငြိမ်သက်ဆုံး အခြေအနေတွင် ရှိနေကြသော စက်ကွင်းများသည် လေဟာနယ်ပင် ဖြစ်ပါသည်။ ဖြစ်နိုင်သော တစ်စုံတစ်ရာတိုင်းကို ထုတ်ပယ်ပြီးသော် ကျန်ရှိသောနေရာသည် လေဟာနယ်ဖြစ်ပါသည်။

ငါး၏ဥပမာကိုပြန်ကြည့်ပါက ငါးသည် ရေစည်ထဲ၌ကူးနေသည်။ ထိုရေစည်အတွင်း၌ လှိုင်းများ၊ လှိုင်းတွန့်များ၊ စီးကြောင်းများ၊ ဝဲဂယက်များ၊ ဆပ်ပြာမြှုပ်များနှင့် ဖုန်မှုန့်များအားလုံးကို ဖယ်ရှားလိုက်သော် ယင်းရေစည်ထဲ၌ တစ်စုံတစ်ရာသည် ကျန်ရှိနေပါသေးသည်။ ယင်းမှာ ရေထုထည်ဖြစ်ပါသည်။

ထိုရေသည် ငါး၏ စကြဝဠာဖြစ်နေသောကြောင့် ယူပစ်၍မရ။ ငါးအတွက် လေဟာနယ်သည် အမှန်တကယ်ပင် ရေဖြစ်နေသလို လူသားတို့အတွက် လေဟာနယ်သည် အမှန်ရှိနေပါသည်။

ဘာမျှထုတ်ပစ်၍ မရတော့သောအရာသည် လေဟာနယ် ဖြစ် သည်။ ထိုအရာသည် ပုံးအလွတ်ဖြစ်သည်။ သို့သော် ထိုပုံးအလွတ်သည် အဆောက်အအုံမရှိမဟုတ်ပါ။

နေရာတစ်ခုခုမှထုတ်ပစ်၍ရသောအရာအားလုံးကိုထုတ်ပစ်လိုက်သော် ဘာမျှမကျန်ရှိတော့ဟု ယူဆခဲ့ကြသည်။ ထိုအယူအဆကို ရူပဗေဒပညာရှင်တို့က အချိန်ယူကာ စဉ်းစားကြသည်။ စမ်းသပ်နေကြသည်။

အမေရိကန်၊ ကာလီဖိုးနီးယားတက္ကသိုလ်မှ ရူပဗေဒပညာရှင် ဖရန့်စ်ဝီလီဇက် (Frank WileZek) က "သင်စိတ်ကူး၍ရနိုင်သည်ထက် ပို၍ဝေးသော အာကာသတစ်နေရာသို့ရောက်ရှိသွားပြီး အဝေးကြည့်မှန်ပြောင်းဖြင့် ကြယ်တာရာများကို ကြည့်ရှုသည် ဆိုပါအံ့။

ထိုနေရာသည် လေဟာနယ်မဟုတ်သေး။ သင်၏ဝန်းကျင်၌ သေတ္တာပုံးဖြင့် နေရာယူ၍ ကြယ်တို့ကား အလင်းမှကာကွယ်ထားသည်ဆိုအံ့။

ဤသို့တိုင်အောင် သင်၏သေတ္တာထဲ၌နယူထရီနိုများ၊ ကော့စမစ်ရောင်ခြည်များ မိုက်ကရိုလှိုင်းများ ရှိနေကြဦးမည်ဖြစ်ပါသည်။

အကယ်၍အရာအားလုံးကို သင်၏သေတ္တာထဲမှ ထုတ်ပစ်လိုက်နိုင်သည်ဆိုဦးအံ့။ လေဟာနယ်ဟူ၍ ကျန်ရှိနေသော ထိုသေတ္တာတွင် နေရာသည် ဘာမျှမဟုတ်မရှိဟု မယူဆနိုင်ပါဟု ဆိုခဲ့သည်။

သိပ္ပံပညာရှင်တို့က အာကာသလေဟာနယ်ကိုငြိမ်သက်နေသော စက်ကွင်းများ၊ ငြိမ်သက်မနေသောအခြေအနေများဖြင့် တည်နေကြသည့် အရာများလည်းရှိသည်။ ထိုအရာသည် တန်ဖိုးရှိသော အားရှိသော၊ ဒြပ်၏ သတ္တိများအပြည့်အဝရှိသော ဟစ်စက်ကွင်း(Higg's field) ရှိသည်ဟု ဆိုထားပါသည်။

လေဟာနယ်တွင်ပါဝင်သော အဆောက်အအုံအချို့က အမှုန်များတွင် ထုနင့် အခြား ဂုဏ်သတ္တိများရှိစေရန် ဆောင်ကြဉ်းနေသည်ဟု ရူပဗေဒပညာရှင်များက ယူဆထားကြ သည်။

လေဟာနယ်တွင် လေဟာနယ်ကိုယ်တိုင်ကပင် ကိုးယို့ကားယားရှိနေပြီး အမှုန်များ သည် ပေါ်လိုက်ပျောက်လိုက်ဖြင့် လှုပ်ရှားနေသဖြင့် အမှုန့်အဖြစ် ဖြစ်တည်ချိန်ပင် အလွန်နည်း နေ၍ ၎င်းအရာသည် အမှုန့်ဖြစ်သည်ဟု လက်ပူးလက်ကြပ် ဖမ်းယူပြသနိုင်ရန် မလွယ်ကူသဖြင့် သဘောသက်ဝင်သောအမှုန့် (Virtual Particle) ဟု အချို့ပညာရှင်များက ဆိုကြပါသည်။

လေဟာနယ်အတွင်းရှိစက်ကွင်းများသည် တွန့်လိမ်ခြင်းမရှိပေမယ့် အမြဲတမ်း လှုပ် ရှားနေကြသည်။ စက်ကွင်းတစ်ခုသည် စွမ်းအင်အပြည့်အစုံရလာလျှင် စက်ကွင်း၏ အစိတ် အပိုင်းတစ်ခုခွဲထွက်လာပြီး မိမိဘာသာလှုပ်ရှားလာရာမှ အမှုန့်တစ်ခု ဖြစ်လာလေသည်။

သို့သော် မရှိ - အရှိဟူသောအရာကို အဖြူအမဲ သဲကွဲစွာ မဖော်ပြနိုင်။ မရှင်းပြနိုင် ဟုဆိုပါသည်။

လေဟာနယ်များ (Vacuums) သဘော သက်ဝင်သောအမှုန့်များ (Virtual Particles) နှင့် တကယ့်အမှုန့်များ (Real Particles) အကြား၌ ချိန်ဆက်မှုကြီးတစ်ခုရှိနေသည်ဟု ဆိုပါ သည်။

အာကာသနှင့် အာကာသအတွင်း၌ မည်သည့်အရာများ တည်ရှိနေသည်ကို ယနေ့ ထက်တိုင် မခွဲခြားနိုင်ပေ။ တကယ့်အမှုန့်များသည်ပင် တစ်မှုန့်နှင့်တစ်မှုန့် ချိတ်ဆွဲနေသဖြင့် တစ်မှုန်တစ်မှုန့်ကို သီးခြားခွဲထုတ်၍ အမှုန့်တစ်ခုဆိုသည်မှာ အဖြေပေးကြလိမ့်မည်ဟု ရူပဗေဒ ပညာရှင် ဒေါက်တာအလန်ဂွတ် (Dr.Alan Good) ကဆိုပါသည်။

အမှုန့်အမှုန်များ

လေဟာနယ်ဟူသည့် သဘောသက်ဝင်သောအမှုန့်များ (virtual particle)ဖြင့် ပွင့်အန် လှုပ်ရှားနေသည်မဟုတ်။ တကယ့်သဘာဝ အစစ်အမှန်အမှုန့်များဖြစ်သော -

- ဂလူယွန် (Gluon)
- ဆန့်ကျင်ဘက်ဂလူယွန် (antigluon)

များ ပေါင်းစပ်ပါဝင်လှုပ်ရှားနေခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဂလူယွန်ဆိုသည်မှာ အမှုန့်များဖြစ်၍ အခြားအမှုန့်များဖြစ်သော ကွပ် (Quarks) များကို

တုပ်နှောင်ထားသည်။ ကွပ်များက အက်တမ်၏နျူကလီးယားတွင်ပါဝင်သော ပရိုတွန် (proton) နှင့် နျူထရွန် (neutron) များကို ဖြစ်စေ၏။

ထိုကွပ်များက မည်သည့်အတွက်ကြောင့် ဤကဲ့သို့စွဲစွဲမြဲမြဲ တုပ်နှောင်ထားနိုင်သည်ကို ရူပဗေဒပညာရှင်များ ယနေ့ထိ အဓိပ္ပာယ်ရှာဖွေမရသေးဟုဆိုပါသည်။

ကွပ်တစ်ခုတည်းကိုလည်း ရှာမတွေ့နိုင်ကြသေးပါ။ ကွပ်တစ်ခုဟည်း ထီးထီးချည်း မတည်ရှိ။ ကွပ်တစ်ခုနှင့်တစ်ခုအကြား၌ တည်ရှိသောအားသည် ကွပ်(၂)ခုကွာဝေးလေလေ ကြီးလေလေဖြစ်သည်ဟုဆိုပါသည်။

အရည်လေဟာနယ် (liquid vaccum)က အထက်ပါ ပြဿနာအတွက် အဖြေပေးနိုင်ခဲ့သည်။

ယင်းလေဟာနယ်တွင် ဂလူယွန်နှင့် ဆန့်ကျင်ဂလူယွန်များ မြောက်မြားစွာ ပါဝင်လျက်ရှိသည်။ ရေမော်လီကျူးများကဲ့သို့ပင် ဂလူယွန်များသည် တစ်ခုနှင့်တစ်ခု ဆက်တွဲချိတ်ဆက်လျက်ရှိနေကြသည်။ ကွပ်တစ်ခုရှိလာပြီဆိုလျှင် လေပူပေါင်းအတွင်း လေရှိသကဲ့သို့ သိနိုင်သည်။

အက်တမ်၏နျူကလီးယားသည် ပူဖောင်းများဖြင့် အတိပြီးနေကြောင်း ပူပေါင်းတစ်ခုစီ၌ ပရိုတွန်တစ်ခု သို့တည်းမဟုတ် နျူထရွန်တစ်ခုသည် ကွပ်များဖြင့် ပြည့်နေကြောင်း၊ ကွပ်များသည် အပြင်သို့ထွက်သွားရန် မဖြစ်ကြောင်း ပညာရှင်ဘီမူလာနှင့် ဂျေရာဖဲလ်စကီ (B muller and J rafelski) တို့က ရှင်းပြထားပါသည်။

လေဟာနယ်တွင် စွမ်းအင်သည် အနိမ့်ဆုံးအခြေ၌ရှိပါသည်။ စွမ်းအင်ရှိသဖြင့် လေဟာနယ်ဟူ၍ ထီးထီးမတည်နိုင်။ လေဟာနယ်တွင် စွမ်းအင်သည် သုညအခြေရှိသည်ဟု ပညာရှင်တစ်ဦးကဆိုသလို တစ်ဦးက အစအမှတ်ဖြင့် ရှိနေသည်ဟုဆိုပါသည်။

စွမ်းအင်နှင့်စပ်လျဉ်း၍ သမာသမတ်ပြု အဆုံးအဖြတ်ပေးသော အားတစ်ရပ်သည် အနန္တစကြဝဠာတွင်ရှိသည်။ ထိုအားကို လေဟာနယ်တွင် ပါဝင်သည်ဟု ရေးကယူဆခဲ့ကြသော်လည်း ထိုအားများ ဆွဲငင်အားဖြစ်ပြီး ဆွဲငင်အားသည် စွမ်းအင်တစ်ရပ်ဖြစ်သည်ဟုဆိုပါသည်။

သိပ္ပံပညာရှင်ကြီး အိုင်းစတိုင်းအဆိုကမူ ဆွဲငင်အားသည် အာကာသအချိန်၏ မျဉ်းကွေး (curb) ဖြစ်သည်။ လေဟာနယ်တွင် စွမ်းအင်ရှိပါက အာကာသသည် ကွေးနေရမည်၊ တစ်ဖက်တွင်လည်း ဆွဲငင်အားစက်ကွင်းမရှိဟုဆိုလျှင် စွမ်းအင်မရှိနိုင်ပါ။

ဤအဆိုသည် အနန္တစကြဝဠာတွင် မှန်ကန်နေပါလျှင် အာကာသ သည် ပြန့်နေရမည်ဖြစ်သည်ဟုဆိုပါသည်။ ပြန့်သည်ဖြစ်စေ၊ ကွေးသည်ဖြစ်စေ၊ အာကာသ၊ အချိန်သည် ဝတ္ထုပစ္စည်းတစ်စုံတစ်ရာဖြစ်သည်ဟု ပညာရှင်အလန်ဂွတ်က ဆိုထားသည်။

ထိုဥပမာကို ပြန်၍ကြည့်မည်ဆိုလျှင် ရေဝန်းကျင်သည် အမှန်မဟုတ်သော လေဟာနယ်ဖြစ်နေပါက စွမ်းအင်အခြေသည် အနိမ့်ဆုံးအခြေတွင်ရှိမည်မဟုတ်။ ရေတွင် အပူပါဝင်နေပြီးဖြစ်ရာ စွမ်းအင်ရှိနေပြီးဖြစ်သည်။ ရေသည် စွမ်းအင်အနိမ့်ဆုံးသို့ ရောက်သွားသောအခါ ခဲသွားပြီး စွမ်းအင်ကို ထုတ်ပေးလေ့ရှိသည်။

ငါးနေသော ရေသည်ခဲသွားသည့်အတိုင်း ငါးသည် ဆက်လက်၍ အသက်ရှင်သည်ဆိုက ယင်းရေခဲသည် ပုံဆောင်ခဲ (crystal) သဏ္ဍာန်ရှိလေရာ ယင်း၏အဆောက်အအုံရှိနေပါသည်။ ရေခဲထဲတွင် မနေရခင် ငါးသည် ရေထဲတွင်နေခဲ့ရသည်။

ထို့အတူပင် လက်ရှိအနန္တစကြဝဠာတွင် လူသားတို့သည်ရေခဲပုံဆောင်ခဲတွင် နေ - နေရခြင်းဖြစ်သည်နှင့်တူပါသည်ဟု ရူပဗေဒပညာရှင်တို့က ယူဆစဉ်းစားလျက်ရှိနေပါသည်။

ဒြပ်ဟူသည် ထူးခြား ခြားနားသလို စွမ်းအင်သည်လည်း ထူးခြား ခြားနားပါသည်။ ထို့ကြောင့် ဘာမျှမဟုတ်။ မရှိသောအရာမှ တစ်စုံတစ်ခုမရနိုင်ဟူသော အယူအဆသည် မမှန်တော့ပါ။ အနန္တစကြဝဠာကမ္ဘာလောကဓာတ်ကြီးအတွင်းဝယ် ဘာမျှမဟုတ်။ မရှိဟူသောအရာဆိုသည်မရှိဟု ယူဆခဲ့သည်ကို ယခုအခါ အရှိဟူ၍ ပြောင်းလဲယူဆကြရတော့မည်ဟု ပညာရှင်တို့က လက်ခံလာခဲ့ကြပေပြီ။

ဗုဒ္ဓရှုထောင့်အမြင် အာကာသဟင်းလင်းပြင် လေဟာနယ်

လွန်ခဲ့သောနှစ်ပေါင်း (၂၅၅၀)ကျော်က အိန္ဒိယတွင် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဂေါတမသည် အာကာသဟင်းလင်းပြင်နယ်၏ စစ်မှန်တိကျသော သဘာဝတရားများကို ဖော်ထုတ်ဟောကြားခဲ့ပါသည်။

ဗုဒ္ဓဂေါတမဟောပြောထားသော အာကာသဟင်းလင်းပြင် လေဟာနယ်ဆိုသည်မှာ ရုပ်ဝတ္ထုဒြပ်မဟုတ်ပါ။ ရူပဗေဒဆိုင်ရာနှင့် ဓာတုဗေဒဆိုင်ရာ အသွင်အပြင်လက္ခဏာ(၂)မျိုးလုံး၏နယ်ပယ်မှ ဒြပ်ဝတ္ထုဆိုင်ရာ ဖွဲ့စည်းဖြစ်တည်မှု ပုံသဏ္ဍာန်သွင်ပြင်လက္ခဏာမျိုးမဟုတ်ဟု ဆိုလိုပါသည်။

ဗုဒ္ဓဂေါတမက အာကာသဟင်းလင်းပြင်နှင့်ပတ်သက်၍ အဘိဓမ္မာ၌ ရုပ်ကလာပ်(၂)ခု ပေါင်းမိသောအခါ တစ်ခုနှင့်တစ်ခု မရောနှောမိအောင် အလယ်က ပိုင်းခြားထားသော အကြားအရပ်ကို ပရိစ္ဆေဒါကာသဟု ဟောကြားခဲ့သည်။

ဤပရိစ္ဆေဒါကာသရုပ်နှင့် ပတ်သက်၍ ဖွင့်ဆိုထားသည်မှာ -

ပရိစ္ဆေဒရုပ် - အပိုင်းအခြားရုပ်

အာကာသရုပ် - ဟင်းလင်းပြင်ရုပ်

လက်ချောင်းများတွင် အကြားရှိသည်။ ထိုအကြားများကို အာကာသရုပ် ပရိစ္ဆေဒဟု ခေါ်သည်။

အဘိဓမ္မာသဘောအရ အဏုမြူမှုန်တစ်ခုကို ၃၆ စိတ်ခွဲကြည့်လျှင် ပရမာဏုမြူမှုန် ကလေးများ ဖြစ်လာပါသည်။ ယင်းမြူကလေးများကို ရုပ်ကလာပ်မှုန်များဟု ခေါ်ပါသည်။

ရုပ်ကလာပ်မှုန်ကလေးများ၏ တစ်ခုနှင့်တစ်ခုအကြား ကလေးများကို ပရိစ္ဆေဒရုပ် (အာကာသရုပ်)ဟုခေါ်ပါသည်။

ကောင်းကင်သည် ကမ္ဘာကြီးတစ်ခုနှင့်တစ်ခုအကြားဖြစ်သည်။ အကြားကြီးဖြစ်သော ကြောင့် အာကာသဟုခေါ်သည်။

အာကာသဓာတ်သည် (၂)မျိုးရှိသည်။

၁။ **အဇ္ဈတ္တိကာကာသဓာတ်** - သတ္တဝါတို့၏ သန္တာန်၌ဖြစ်သော၊ နားပေါက်၊ မျက်လုံး ပေါက်၊ နှာခေါင်းပေါက်၊ ခံတွင်းပေါက် အစရှိသောအပေါက်များ၊

၂။ **ဗာဟိရာကာသ** - သတ္တဝါတို့မှ တစ်ပါးသော တောတောင်စသောဝတ္ထုတို့၌ အခေါင်းပေါက် စသည်များခေတ်ပေါ် သိပ္ပံပညာရှင်တို့က အာကာသဟင်းလင်းပြင် လေဟာနယ်ကို (၂)မျိုး ပိုင်းခြားပြထားသည်။

(၁) ပထမအမျိုးအစားမှာ အီသာဟုခေါ်သော လေထုအာကာသဟင်းလင်း ပြင်(သုဌ္ဌိတထာ)ဖြစ်၍ ယင်းဟင်းလင်းပြင်မှာ ရုပ်ဒြပ်များ လွှမ်းခြုံဖုံးအုပ် ထားသည်ဖြစ်သောကြောင့် မြင်သိ၊ ထိတွေ့နိုင်သောနေရာ နယ်ပယ်ဖြစ် လေသည်။

(၂) ဒဿနိကဗေဒတွင်ပါဝင်ပြီးသဘာဝဖြစ်တည်မှုမှန်ကန်သောသစ္စာတရား၊ အသိပညာရပ်များနှင့် သက်ဆိုင်သော ပညာရပ် ဖြစ်သည့် တက္ကဗေဒ ခေါ် ရုပ်လွန်ပညာရပ်အလိုအရ ဤအာကာသလေဟာနယ်ကို (၂) မျိုး ထပ်မံခွဲခြားသတ်မှတ်ပြန်ပါသည်။

(က) **ပထမအမျိုးအစား** - ဒြပ်ဝတ္ထုကြားခံ ဟင်းလင်းပြင်အာကာသ နယ် (material akash)

(ခ) **ဒုတိယအမျိုးအစား** - ခံစားသိမြင်နိုင်သော အာကာသဟင်း လင်းပြင် (sentient space)

အာကာသဟင်းလင်းပြင် လဟာနယ်ဆိုသည်မှာ ထူးထူးခြားခြား ကြုံတွေ့မြင်သိခံစားမှုများအရ ဘာမျှမဟုတ် ဘာမျှမရှိသောအရာသာဖြစ်သည်ဟု ဆိုရမည်ဖြစ်သော်လည်း၊ အနာဒိအနန္တအဆုံးအပိုင်းအခြားအကန့်အသတ်မရှိသော သတိနှင့်ယှဉ်သော**စိတ်နယ်အတွင်း**သို့ ဖြတ်သန်းဝင်ရောက်သွားသောအခါ ထိုအာကာသဟင်းလင်းပြင်လဟာနယ်၏ သဘောအနက်အဓိပ္ပာယ်ကို သိမြင်နားလည်ခံစားမိမည်ဖြစ်သည်။

ထူးထူးခြားခြားကြုံတွေ့ မြင်သိ၊ ခံစားရမှုများအရ အာကာသဟင်းလင်းပြင်လဟာနယ်ကို ဘာမျှမဟုတ် ဘာမျှမသိသောအရာဟု ပြောဆိုရမည်ဖြစ်နေသော်လည်း နောက်ဆုံးပန်းတိုင်ဖြစ်သော နိဗ္ဗာန်သို့ မျက်မှောက်ပြုဆိုက်ရောက်နိုင်အောင် ဆောင်ကြဉ်းသွားမည့်ဖြစ်သော ဈာန်အဘိညာဉ်ဖြင့် ယင်းအာကာသဟင်းလင်းပြင် လဟာနယ်အကြောင်းကိုဖွင့်ဆိုရှင်းပြနိုင်ပါသည်။

သို့သော် စူးစူးစိုက်စိုက် အတူးမြဲမြဲစွာကျင့်ရသော အဘိညာဉ်၏ အခြေခံဖြစ်သော ဈာန်တရားကျင့်စဉ်လေးမျိုးနှင့် သိပ္ပံပညာရှင်တို့သည် ထေရဝါဒဗုဒ္ဓဘာသာကို တိတိကျကျ နိုင်နိုင်မာမာ ဖွင့်ဆိုရှင်းပြနိုင်ကြမည် မဟုတ်ကြပါ။

ဈာန်တရားကျင့်စဉ်၏ ဈာန်အင်္ဂါများသိရှိဖို့ အဘိညာဉ်တရား ရဖို့ဆိုသည်မှာ ကိုယ်တိုင်ကိုယ်ကျ သက်ဝင်ယုံကြည်ပြီး ကျင့်ဆောင်နိုင်မှ ကိုယ်တိုင်တွေ့ကြုံ၊ မြင်သိ၊ ခံစားမိမှ တတ်သိနားလည်နိုင်ပါမည်။ ယနေ့သိပ္ပံပညာရှင်တို့က စမ်းသပ်မှုအရ တွေ့ရှိမှုကိုသာ ပြောဆိုနိုင်ကြခြင်းဖြစ်ပါသည်။

အာကာသဟင်းလင်းပြင် လဟာနယ်နှင့်ပတ်သက်၍ ဗုဒ္ဓဘာသာကလည်း ဗုဒ္ဓဘာသာဝေါဟာရဖြစ်သော ဈာန်တရား၊ မဂ်တရား၊ ဝေါဟာရဖြင့် ဖော်ပြသလို သိပ္ပံပညာကလည်း ဟီလီယမ်၊ ဟိုက်ဒရိုဂျင် စသော ဝေါဟာရများဖြင့် ဖော်ပြသုံးစွဲလျက်ရှိပါသည်။

ဗုဒ္ဓဝါဒအရအာကာသဟင်းလင်းပြင် လေဟာနယ်နှင့်စပ်လျဉ်း၍အယူအဆတစ်ရပ်ကိုတိကျနိုင်မာသေချာစွာ ပြောဆိုနိုင်ရန်မှာ ကိုယ်တိုင် တွေ့သိ၊ သိရှိသည့်အလျောက် ပြန်လည်ရှင်းလင်းတင်ပြနိုင်သော အကြောင်းတရားမဟုတ်။ အာကာသဟင်းလင်းပြင် လဟာနယ်ဆိုသည်မှာ မသိမမြင်၊ မထိတွေ့နိုင်သော တည်ရှိနေမှုတစ်ရပ်ဖြစ်သောကြောင့် စိတ်ဖြင့် သို့မဟုတ် မျက်စိဖြင့် မြင်သိ၊ ထိတွေ့၍ အာရုံခံစားခြင်းအားဖြင့် နိဗ္ဗာန်ကဲ့သို့ နားလည်နိုင်စွမ်းမရှိသော အကြောင်းတရားတစ်ရပ်ဖြစ်သည်။ ထိတွေ့ကိုင်တွယ်၍ ရကောင်းသော အရာဝတ္ထုပစ္စည်းတစ်ရပ် မဟုတ်သောကြောင့် မည်သူတစ်ဦးတစ်ယောက်မျှ အာရုံခံအင်္ဂါရပ်များဖြစ်သောစိတ် (သို့မဟုတ်) မျက်စိဖြင့် မြင်သိ၊ ထိတွေ့ခံစားနားလည်သော အရာမဟုတ်ဟု လက်ခံထားပါသည်။ ဤအကာသဟင်းလင်းပြင် လဟာနယ်ကို အခြေခံဒြပ်စင်တစ်ရပ်အသွင်အနေအထားဖြင့် လက်ခံမထားပါချေ။

ဆုပြည့်စုံထွန်းစာပေ

ဗုဒ္ဓဓမ္မရှုထောင့်မှ အာကာသဟင်းလင်းပြင် လဟာနယ်ကို ပိုင်းခြားစိတ်ဖြာ လေ့လာသောအခါတွင် ခေတ်သိပ္ပံပညာရပ်မှ ထုတ်ဖော်တင်ပြသော အမြင်ဖွင့်ဆိုချက်များထက် ပို၍ တိကျပြတ်သားစွာ ဖွင့်ဆိုထားသည်ကို တွေ့ရပါသည်။

ဓမ္မသင်္ဂဏီခေါ်သော အဘိဓမ္မာကျမ်း၌ ထိုနေရာ ထိုအရပ်၌ တစ်စုံတစ်ရာ ဟန့်တားပိတ်ပင်မှုမရှိ၊ ဟင်းလင်းပြင်ဖြစ်နေသည်ဖြစ်၍ ထိုနေရာ ထိုအရပ်ကို အာကာသလဟာနယ်ဟု ခေါ်ဆိုကြောင်း ဖွင့်ဆိုပြထားပါသည်။

ဗုဒ္ဓအဘိဓမ္မာ၏ဝေါဟာရအရ ယင်းနေရာကို အာကာသ (ဟင်းလင်းပြင်လဟာနယ်) ဟု ဆိုပါသည်။

ထို့နောက် အာကာသ(၄)မျိုးကို ဖွင့်ဆိုပြထားပါသည်။

၁။	အဇဋာကာသ	-	ဟာလာဟင်းလင်း ယခုမျက်စိဖြင့် မြင်နေရသော ကောင်းကင်အရပ်
၂။	ပရိစ္ဆိန္နာကာသ	-	တစ်စုံတစ်ခုသောဝတ္ထုဖြင့် ပတ်ဝန်းကျင်ကာရံ ပိုင်းခြားထားသော အလယ်ကအပေါက်
၃။	ကသိဏုဂ္ဃါဋိမာကာသ	-	ကသိုဏ်း(၉)ပါးတွင် တစ်ပါးပါးကို ခွာခြင်းကြောင့် ရအပ်သော ကောင်းကင်ပညတ်
၄။	ပရိစ္ဆေဒါကာသ	-	ရုပ်ကလပ်(၂)ခုတို့ ပေါင်းမိကြသောအခါ တစ်ခုနှင့်တစ်ခု မရောမယှက်ရလေအောင် အလယ်ခေါင်က ပိုင်းခြားထားသောအရပ်၊

(ဤအာကာသနှင့် ပတ်သက်၍ ဟိန္ဒူဘာသာ၌ (၂) မျိုးဖော်ပြထားသည်ကို တွေ့ရပါသည်။

၁။ အီသာခေါ် လေထုလွှမ်းခြုံထားသော အာကာသ ယင်းမှာ အာရုံဖြင့် မခံစား၊ မထိတွေ့ မသိမြင်နိုင်သော တည်ရှိမှု
(Insentient entity)

၂။ အာကာဆစ်ကာသရုပ်မှုန်ဒြပ်များလွှမ်းခြုံထားသောအာကာသ၊ ယင်းမှာ လူတို့အာရုံဖြင့် ထိတွေ့ခံစားသိမြင်နိုင်သော တည်ရှိမှု (asentiered entity)
ဟူ၍ ဟိန္ဒူပြဟ္မဏဝါဒ၌ ဖော်ပြထားသည်ကိုတွေ့ရပါသည်)

ဗုဒ္ဓဂေါတမသည် ရုပ်ပိုင်းဆိုင်ရာအာကာသလဟာနယ်နှင့်ပတ်သက်၍တည်ဆောက်ပြုမှုပုံအခြင်းအရာ အကြောင်းအချက်အလက် အသေးစိတ်တို့ကို မဇ္ဈိမနိကာယ် ဩပမ္မဝဂ်၊ မဟာဟတ္ထိပဒေါသသုတ်၌ အာကာသဟင်းလင်းပြင်လဟာနယ်တစ်ခုဖြစ်ပေါ်စေရန် လေးဘက်လေးတန်တို့မှ သစ်သားပျဉ်ချပ်ဖြင့်ဖြစ်စေ၊ နွယ်ပင်ပေါင်းပင်တို့ဖြင့်ဖြစ်စေ၊ သို့တည်းမဟုတ်၊

မြက်ခြောက်များကို ရွံ့ညွှန်ဖြင့် ရောနှောကာရံ၍ဖြစ်စေ၊ အပိုင်းအခြားသတ်မှတ်ထားသော နေရာနှင့် ကာလအတွင်း နေအိမ်တစ်လုံး တည်ဆောက်ပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ထိုနည်းတူ အာကာသဟင်းလင်းပြင် လေဟာနယ်တစ်ခုကို လေးဘက်လေးတန်တို့မှ အရိုးများ၊ ကြွက်သားများ၊ အကြောအမျှင်များဖြင့်ဖြစ်စေ၊ အသားစိုင် အရေပြားဖြင့်ဖြစ်စေ၊ အပိုင်းအခြားသတ်မှတ်ထားသော နေရာကာလအတွင်း ဒြပ်ဝတ္ထုပုံစံတစ်ရပ်အဖြစ် တည်ဆောက်ပေးခြင်းအားဖြင့်လည်းကောင်း၊ ခန္ဓာအိမ်တစ်ခုဖြစ်ပေါ်လာလင့်ကစား၊ ယင်းခန္ဓာအိမ်မှာ အတ္တတည်းဟူသော ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာ စသည့် ငါစွဲ အတ္တစွဲတို့မှ ကင်းဆိတ်သော သဘာဝခန္ဓာမျိုးသာလျှင် ဖြစ်သော အနတ္တဓမ္မလဟာနယ်၏ အနဝိဇ္ဇာရကို သာလျှင် ဗုဒ္ဓက ဟောကြားလမ်းညွှန်ခဲ့ပါသည်။

ဗုဒ္ဓဟောကြားလမ်းညွှန်ခဲ့သော ဒြပ်သားခန္ဓာဟုခေါ်ဆိုနေကြသော ခန္ဓာအိမ်ဆိုသည်မှာလည်း တကယ်တမ်း ပိုင်းခြားလေ့လာစိစစ်သောအခါ မဟုတ်မရှိသောအရာသာလျှင်ဖြစ်သည်ကို တွေ့ရှိရပါသည်။

ရေ၊ မြေ၊ လေ၊ မီး၊ ဓာတ်ကြီးလေးပါးတို့ဖြင့် ပေါင်းစုဖွဲ့စည်းတည်ဆောက်ထားသော အပေါင်းအစုဖြစ်၍ ယင်းဓာတ်လေးပါးတို့ဖြစ် တည်နေကြရာ၌ တစ်စုနှင့်တစ်စု မရောယှက်စေရန် ကြားခံနယ်အဖြစ်၊ အာကာသလေဟာနယ်တို့က ဝဲယာထက်အောက် ပိုင်းခြားကာရံကြလျက် လူ၏ခန္ဓာကိုယ်တစ်ခုလုံး၌ ပါးစပ်ပေါက်မှသည် စအိုဝတိုင်အောင် အကြားအလပ်မရှိ တစ်ဆက်တစ်စပ်တည်း တည်ဆောက်ထားသည်။

ဗုဒ္ဓက ရှင်ရာဟုလာကို အာကာသလဟာနယ်ဆိုတာကို သိပါသလား။ ယင်းလဟာနယ်အတွင်းပိုင်းမှာ မည်ကဲ့သို့ ဖြစ်နေပါသလဲဆိုတာ သိပါသလားဟု မေးခဲ့သည်။

အာကာသဟင်းလင်းပြင် လဟာနယ်နှင့် ဆက်စပ်နေသော လူ့ခန္ဓာကိုယ်မှာ မျက်စိ၊ နား၊ နှာခေါင်း၊ ပါးစပ်အစရှိသော အပေါက်များသည် အာကာသလေဟာနယ်နှင့်စပ်သော အရာများသာဖြစ်သည်ဟူ၍ ဟောကြားခဲ့ပါသည်။

မိလိန္ဒပဉှာတွင် အရှင်နာဂသေနက...

"အာကာသဟင်းလင်းပြင်လဟာနယ်ဆိုသည်မှာ ခိုင်ခိုင်မြဲမြဲ ဆွဲယူဆုပ်ကိုင်ပြနိုင်သော အရာမဟုတ်၊ အပိုင်းအခြားအကန့်အသတ်မရှိ။ အနာဒိအနန္တ အဆုံးအစကင်းဆိတ်သော အရာသာဖြစ်သည်" ဟူ၍ ဟောကြားအဖြေပေးခဲ့သည်။

ဗုဒ္ဓဂေါတမက ရှင်အာနန္ဒာကို -

"အာနန္ဒာ...ငါဘုရားရှင်ကိုယ်တော်တိုင် အနာဒိအနန္တအဆုံးအစ အပိုင်းအခြားမရှိ၊ ရှည်လျားလှစွာသော ဘာမျှမရှိလွတ်နေသောအရာကို မကြာခဏ စူးစမ်းဆင်ခြင်နေရပါ၏"

ဆုပြည့်စုံထွန်းစာပေ

ဟူ၍ဟောတော်မူခဲ့သည်။ ထိုမှဆက်၍ ဗုဒ္ဓက ရှင်အာနန္ဒာကို ဆက်လက်မိန့်ကြား ရာ၌ -

“ရဟန်းသံဃာများအနေနှင့် မိမိတို့၏အတွင်းသိစိတ်များကို စူးစမ်းစိစစ်နေကြရမည် ဖြစ်ပါသည်။ ထိုသို့စိတ်ကို စူးစမ်းစိစစ် ရှာဖွေနေရင်းကနေ အတွင်းစိတ်ကလေးသည် ဆိတ်ငြိမ်အေးချမ်းသွားပြီးနောက် တစ်ခုတည်း တစ်စိတ်တည်း တစ်ရုပ်တစ်နာမ်တည်းသာရှိသော စိတ်ကလေးဖြစ်လာမည်။ နောက်ဆုံး ချုပ်ငြိမ်းပျောက်ကွယ်သွားသော အဖြစ်မျိုးဆီသို့ အလိုလို ရောက်သွားမည်။ ထိုကဲ့သို့ဖြစ်ပေါ်လာသည်နှင့် တစ်ပြိုင်နက်ထဲလိုလိုမှာပင် မိမိ၏ခန္ဓာကိုယ် တစ်ခုလုံး အနှောင်အဖွဲ့ကင်းမဲ့ လွတ်မြောက်ပြီးနေသောအဖြစ်ကို လက်ငင်းလက်တွေ့ မိမိ ကိုယ်တိုင်ထိတွေ့ ခံစားနားလည်နေသူအဖြစ် ဖြစ်သောသဘောလက္ခဏာများကို အားလုံးခြုံ ပြီး အာကာသဟင်းလင်းပြင်လဟာနယ်၏အဓိကထူးခြားသော လက္ခဏာအဖြစ် ပြောဆိုနေကြ ခြင်း ဖြစ်ပေသည်။

အာကာသဟင်းလင်းပြင် လဟာနယ်နှင့်ပတ်သက်သော သွင်ပြင်လက္ခဏာ ပုံဟန် သဏ္ဌာန်မှာ လုံးဝန်းသော ပုံသဏ္ဌာန်မျိုးသာလျှင် ဖြစ်သင့်သည်ဟု ထင်မြင်ယူဆ ယုံကြည်နေမိ ကြသည်။

အမှန်လက်တွေ့အားဖြင့် သင်တို့၊ ကျွန်ုပ်တို့၏အတွင်းအဇ္ဈတ္တ စိတ်သဘောသဘာဝ ကို စိစစ်စူးစမ်းလေ့လာကြည့်သောအခါ ငါ.ငါတို့ ငါ့ဟာ ငါ့ဥစ္စာစသည့် ငါတည်းဟူသော အတ္တ စွဲများ၊ အတ္တမာန်များဖြင့် ပြည့်နှက်နေသော အဇ္ဈတ္တစိတ်လွှာပြင်ကြီးကိုသာ တွေ့နေကြလေရာ အာကာသဟင်းလင်းပြင်လဟာနယ်၏ ပုံဟန်သဏ္ဌာန်သွင်ပြင်လက္ခဏာကို ဆလင်ဒါထုလုံး ရှည်ပုံသဏ္ဌာန်လော၊ သို့မဟုတ် ဝန်းဝိုက်ကွေ့ပတ်နေသော ကြောင်လိမ်လှေကားပုံသဏ္ဌာန် လောဟူ၍ ခွဲခြား၍မရ ဖြစ်နေကြရသည်။

အတ္တ၊ မာန၊ ငါစွဲပြင်းထန်လျက်ရှိနေသော ဤကမ္ဘာလောကကြီးထဲတွင် အာကာသ ဟင်းလင်းပြင်လေဟာနယ်၏ ပုံဟန်သဏ္ဌာန်သွင်ပြင်လက္ခဏာကို သာမန်အားဖြင့် ဆလင်ဒါ တုလုံးရှည်ပုံ ဟုတ်လျှင်ဟုတ်၊ မဟုတ်လျှင် ကွေ့ပတ်ရစ်ခွေသွားသော ကြောင်လိမ်စက်ဝန်းပုံ ဖြစ်မည်ဟု အကြမ်းဖျဉ်း ချင့်တွက်ခန့်မှန်းပြီး လက်ခံလိုက်ကြရမည်သာဖြစ်သည်။

ဤအဆင့် ဤအခြေအနေသို့ ဆိုက်ရောက်နေပြီဆိုသည်နှင့် လုံးဝပြည့်စုံနေပြီဖြစ် သောအခြေခံအကြောင်းတရားများနှင့်အတူလိုက်တာထက်ပိုနေပြီးဖြစ်သောကိုယ်ကျင့်သီလ သိက္ခာများ အကြွင်းမရှိ ပြည့်စုံနေသောအဆင့်သို့ ဆိုက်ရောက်နေပါပြီ”

ဟူ၍ ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

ဆုပြည့်စုံထွန်းစာပေ

ရုပ်သက်သက်ကို အခြေခံပြီး အမှန်တကယ် စိတ်ကူးကြည့်ရုံဖြင့် အနောင်အဖွဲ့မှ ကင်းရှင်းလွတ်မြောက်နေသောသတိနှင့် အမြဲယှဉ်လျက်ရှိနေသော စိတ်ကို နားလည်သိရှိနိုင်ကြမည်ဖြစ်သည်။

ထိုအနောင်အဖွဲ့မှ ကင်းရှင်းလွတ်မြောက်နေသော သတိနှင့် အမြဲယှဉ်လျက်ရှိသော စိတ်ဖြင့်တစ်ခုတည်းတစ်စိတ်တည်းတစ်ရုပ်တစ်နာမ်တည်းအဖြစ်တည်ရှိနေသောစိတ်ကလေး ချုပ်ဆုံးပျောက်ကွယ်သွားပြီးသည့်နောက် အကန့်အသတ် အပိတ်အပင် အဟန့်အတားမရှိ၊ အဆုံးမရှိသောတည်နေရာကြီးအတွင်း တသိမ့်သိမ့် ထိတွေ့ခံစားရင်း ပီတိဖြစ်နေရာကနေ တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် ငါတည်းဟူသော အတ္တကင်းဆိတ်သွားသည့်အဖြစ်သို့ ဆိုက်ရောက်ပေသည်။

ငါဆိုတာ ဘယ်လိုကနေ စတင်ဖြစ်တည်လာတာလဲဆိုသည်ကို သေချာစွာ တွေးခေါ်ကြည့်သောအခါ ငါဖြစ်တည်လာဖို့ရာ အနောင်အဖွဲ့မှ ကင်းမဲ့သော အာကာသဟင်းလင်းပြင် လေဟာနယ်ထဲမှာ ဘယ်လိုအတွေ့အကြုံရလောက်အောင် ရှာဖွေနိုင်ဖွယ်ရာမရှိသည်ကို တွေ့ရပါသည်။

ထို့ကြောင့် ငါဆိုတာ ဘယ်လိုကနေစတင်ဖြစ်လာသည်ဆိုတာကိုစက်ဝန်းပုံသဏ္ဌာန်ရှိသော ဤအာကာသဟင်းလင်းပြင် လေဟာနယ်သို့ အပြန့်အနှံ့ဝင်ရောက်ထိုးဖောက်ပြီး စေ့စပ်စွာ ရှာကြည့်သောအခါ အကန့်အသတ်၊ အပိတ်အပင် အတားအဆီးများမရှိသော တစ်ဦးတစ်ယောက် တစ်စုံတစ်ခုဆိုသော တစ်ရုပ်တစ်နာမ်မှကင်းဆိတ်သည့် အနာဒိအနန္တ အတိုင်းအဆပမာဏ ဆိတ်သုဉ်းသောအဆင့် သို့မဟုတ် အခြေအနေတစ်ရပ်ဆီသို့ မြင့်တက်ဆိုက်ရောက်သွားပါသည်။

ရှင်မဟာဗုဒ္ဓဃောသ၏ဝိသုဒ္ဓိမဂ်ကျမ်း၌မူ အာကာသဟင်းလင်းပြင်လေဟာနယ်နှင့် ပတ်သက်၍ ဖော်ပြရာ၌ -

"အနောင်အဖွဲ့အဟန့်အတား၊ အတားအဆီးကင်းမဲ့သော အာကာသဟင်းလင်းပြင် လေဟာနယ်ဆိုသည်မှာကမ္ဘဋ္ဌာန်းတရားပွားများအားထုတ်နေသူတစ်ယောက်၏သတိနှင့်ယှဉ်လျက်ရှိသော စိတ်အစဉ်မှ မဂ်ဈာန်သို့ ကူးဝင်သွားသောစိတ်မှာ အကန့်အသတ် အပိုင်းအခြားမရှိသောတစ်ခုတည်းသောနာမ်ရုပ်တို့မှကင်းဆိတ်လျက်ရှိသောအဆုံးအစမရှိသောအာကာသဟင်းလင်းပြင်လေဟာနယ်၏အနန္တသင်္ကေတသဘောသို့ တစ်စုံတစ်ရာအခံမရှိဝင်ဆံ့ရောက်ရှိသွားလေသည်" ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

အာကာသဟင်းလင်းပြင် လဟာနယ်ဆိုသည်မှာ ရုပ်ဝတ္ထုအစိုင်အခဲဒြပ်မဟုတ်သော တည်ရှိမှုတစ်ရပ်သာဖြစ်သည်ဟု အမြဲတမ်းဆိုသလို ရှင်းလင်းဖော်ပြပြောဆိုနေကြသည်။

ဆုပြည့်စုံထွန်းစာပေ

သို့သော် အချိန်အခါကာလနှင့်တစ်ချိန်တည်း တစ်ပြိုင်တည်းတွင် မဂ်ရှာနိတရားကို ပွားများအားထုတ်နေသူတစ်ယောက်၏စိတ်အစဉ်၌ ယင်းအာကာသဟင်းလင်းပြင်လဟာနယ် ဆိုသော ပုံသဏ္ဌာန်ကို လုံးဝန်းသောသဏ္ဌာန်အဖြစ် စိတ်အားဖြင့် သိမြင်ယုံကြည်မိသည့် အလျောက် ထိုသို့လုံးဝန်းသော အာကာသလဟာနယ်၏ ဆုံမှတ်နေရာမှ ရပ်တည်လျက် ရှု ကြည့်လေ့လာသောအခါ ငါစွဲ၊ ငါတို့စွဲ သို့မဟုတ် ငါဟူသော အစွဲစိတ်များဖြစ်သော အတ္တစွဲကို ထင်ရှားသိသာပေါ်လွင်စွာ တွေ့ရှိရပေသည်။

ထိုသို့သောအကြောင်းများကြောင့် ခံစားသိမြင်နိုင်သောဖြစ်တည်မှုအားလုံးတို့သည် ဤစကြာဝဠာ၊ ဤကမ္ဘာ၊ ဤအာကာသဟင်းလင်းပြင် လဟာနယ်၏ဗဟိုချက်နှင့် ဆက်စပ်မှုရှိ သည့်နည်းတူ ငါတည်းဟူသော အတ္တစွဲသည်လည်း ဖြစ်တည်ပေါင်းစပ်ပါဝင်လျက် ရှိလာရခြင်း ဖြစ်သည်။

မဂ်ရှာနိကျင့်စဉ်တရားကို စတင်ကျင့်ခါစ အချိန်ကာလများတွင် အပိတ်အပင် အတား အဆီးကင်းမဲ့သော အာကာသဟင်းလင်းပြင် လေဟာနယ်သည် ဖြန့်ကျက်ယှက်သန်းလျက် အာရုံတည်ရှိနေမှုအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာတတ်သည်ကို စိတ်အာရုံ၌ ထင်မြင်လာ တတ်ပါသည်။

စိတ်ကူးပုံရိပ်ဖြင့်ထင်ဟပ်လာသော စိတ္တဇအာကာသလဟာနယ်သည် နေရာအနှံ့ ကျယ်ပြန့်လာရာမှ အာရုံတည်ရှိနေမှုဗဟိုချက်သို့ထိုးဖောက်ကာ အနှောင်အဖွဲ့၊ အကန့်အသတ်၊ အတားအဆီး ကင်းမဲ့ဆိတ်သုဉ်းနေသော သတိနှင့်ယှဉ်လျက်ရှိသော အသိဓာတ်သည်ဖြစ်ပေါ် လာရသည်။

ထိုအနှောင်အဖွဲ့အကန့်အသတ် အတားအဆီးကင်းမဲ့ ဆိတ်သုဉ်းနေသောသတိနှင့် ကပ်လျက်ရှိသောအသိစိတ်အစဉ်မှသည် တစ်ဆင့်တက်လျက် အရာရာအချဉ်းခပ်သိမ်းပကတိ ဆိတ်သုဉ်းနေ ပျောက်နေ သောအဖြစ် သို့မဟုတ် အခြေအနေသို့ အလိုလို ဆိုက်ရောက်သိမြင် နားလည်လာပေတော့မည်။

အရာခပ်သိမ်းပကတိဆိတ်သုဉ်းချုပ်ပျောက်နေသောအဖြစ်ကိုအလိုလိုဆိုက်ရောက် သိမြင်နားလည်လာသည်၏နောက်ဝယ် အာရုံတည်ရှိနေမှု အဖွဲ့တွဲ့အလွှာသည်လည်း ဖယ်ရှား ပျောက်ကွယ်သွားပြီးလျှင် နောက်ဆုံးအဆင့်၌ စိတ်ဖြင့်သိရှိခြင်း၊ သို့မဟုတ် စိတ်ဖြင့် မသိရှိနိုင် ခြင်းဟူသော သိမှု(၂)မျိုးစလုံး တစ်ခုမှမဟုတ်တော့ပေ။ ပြည့်စုံပြီးမြောက်သည့် အသိဉာဏ် ပွင့်လင်းထွန်းပေါက်လာတော့သည်" ဟူ၍ ဗုဒ္ဓဝါဒအယူအဆအရ စိတ်၏အနှောင်အဖွဲ့မှ လွတ် မြောက်မှုသဘာဝကိုပင် အာကာသဟင်းလင်းပြင်နယ်ပယ်ဟု ဆိုပါသည်။

ဆုပြည့်စုံထွန်းစာပေ

စကြာဝဠာနှင့်(ကမ္ဘာ) တည်ထောင်ဖြစ်ပေါ် လာသောကာလ (ဝိဝဋ္ဋကပ်)

စကြာဝဠာနှင့် (ကမ္ဘာ)သစ် တည်ထောင်လိုသောအချိန်ရောက်သော် ကောင်းကင် အပြည့်ရှိနေသော မိုးတိမ်၊ မိုးခဲအဖြစ် တည်ရှိနေ ကြသောဥတုတို့မှ ရှေးဦးစွာ မိုးသေးမိုးဖွဲလေး တို့သည် ရွာကုန်သည်။ ယင်းမိုးဖွဲကလေးများသည် တဖြည်းဖြည်း စကြာရိုးခန့်၊ ဝါးလုံးခန့်၊ ကျည် ပွေ့ခန့်၊ ထန်းပင်လုံးခန့် စသည်ဖြင့် မိုးအလျဉ် ကြီးသထက်ကြီးလာကာ အဆက်မပြတ် ရွာ သွန်းလေရာ စကြဝဠာကုဋေတစ်သိန်းထုရှိပြီး မီးလောင်ထားရာတစ်လျှောက်တွင် ရေအလျဉ် များ ပြည့်လာပါသည်။

ကမ္ဘာပြုမိုးရွာသောအခါ အောက်ခံမြေမရှိဘဲ မည်သို့ တည်သနည်းဆိုသော် ကမ္ဘာ မီးလောင်ရာ၌ ကမ္ဘာမြေကြီးနှင့် ရေကိုသာလောင်သည်။ ရေအောက်ကနေသော လေသည် လောင်ရန် အထည်ဒြပ်မရှိ၍ မီးမလောင်ချေ။

ထို့ကြောင့် ထိုရေများအောက်သို့ လျော့ကျမသွားစေရန် အဇဋာကာသခေါ်အောက် ကောင်းကင်တွင် လေအဟုန်ထ.လျက် အထက်သို့ ပင့်တင်ထားပေးပါသည်။

ထို့ကြောင့် ကမ္ဘာပြုမိုးရေတို့သည် အောက်သို့လည်းမကျ ဘေးနံပါးသို့လည်းမစီး ဘဲ ပဒုမ္မာကြာဖက်ထဲက ရေပေါက်ရေခဲပမာ၊ တစ်ခဲနက် တည်ရှိနေပါသည်။

ထိုမိုးခဲ ရေခဲတို့နှင့် ထိစပ်ရာအောက်ရေခဲတို့သည် ခဲ၍ခဲ၍ လိုက်လာကြသည်။

မိုးရွာမှုပြတ်စဲသော်လည်း ရေခဲ မိုးခဲတို့သည် တဖြည်းဖြည်း လျော့ကြကုန်သည်။ အောက်၌ ကမ္ဘာကိုခံသော လေ၊ ရေ တို့သည် မိုးရေ၊ မိုးခဲတို့ အားကြီးလာသောအခါ မဆောင် ကြဉ်းနိုင်ဘဲ ရှိလာသည်။

ပိုပိုသမျှသောမိုးရေ မိုးခဲတို့သည် တဖြည်းဖြည်း လျောကျကုန်သည်။ မဟာပထဝီ တည်မည့်နေရာသို့ ရောက်သောအခါ ကမ္ဘာကိုခံသော လေတို့သည် ဆောင်ကြဉ်းနိုင်၍ မိမိတို့ ၏စွမ်းအားအဟုန်ဖြင့် ပိတ်ဆို့ကုန်လျက် ရွက်ဆောင်တားဆီးချုပ်ထားကြသည်။

ကမ္ဘာ့လေထုကြီးသည် စကြာဝဠာအနန္တ တစ်ဆက်တည်း တည်၍ပျက်လေသော အာကာခေတ်ဟု ဆိုအပ်သော စကြာဝဠာကမ္ဘာတစ်သိန်းအတွင်းမှာ အောက်ကလည်ခံလျက် ရှိပါသည်။ နံဘေးဖီလာကလည်း ကားလျက်ရှိပါသည်။

ထိုရေခဲပြင်ကြီးတို့သည် အစဉ်အတိုင်း လျော့ကျလာခဲ့ရာ ထိုထိုဌာန၌ ရှိကြကုန် သော ဥတုအထူးတို့၏အစွမ်းဖြင့် ပြဟ္မာဘုံနေရာ၌ ပြဟ္မာဘုံ၊ နတ်ဘုံတို့နေရာ၌ နတ်ဘုံ၊ မြင်းမိုရ် တောင်နေရာ၌ မြင်းမိုရ်တောင်၊ စကြဝဠာတောင်နေရာ၌ စကြဝဠာတောင်၊ သတ္တရဘ္ဘာန်နေရာ

၌ သတ္တရတနာန်တောင်များ၊ ရွှံ့မြေနေရာ၌ ရွှံ့မြေ၊ ကျောက်မြေနေရာ၌ ကျောက်မြေ၊ သီတာသမုဒ္ဒရာတို့နေရာ၌သီတာသမုဒ္ဒရာ၊နေ - လနက္ခတ်တာရာတို့နေရာ၌နေ - လနက္ခတ်တာရာတို့ အသီးသီး ပြန်၍ဖြစ်ပေါ်လာပါသည်။ ရွှေ၊ ငွေ၊ ရတနာတို့သည်လည်း အလွန်ပေါများ ဖြစ်ပေါ်လာသည်။

မြေအထက်ကောင်းကင်တစ်ခုလုံး၌ မလှုပ်မရှားတည်ရသော လေသေလေထုကြီးသည် ခံလေသည်။ (အတွင်း၌ငှက်တို့သည်ထိုလေသေတို့ကိုလှုံ့ဆော်၍ကောင်းကင်၌ပျံသန်းကြရပါသည်)

မြင်းမိုရ်တောင် သတ္တရတနာန်တောင်တို့မှ အပသို့ထွက်သော လေနှင့် စကြဝဠာတောင်အဝိုင်းကြီးမှ အတွင်းသို့ထွက်သော လေရှင်တို့သည် တိုက်ဆိုင်ကြကုန်ရာ မြင်းမိုရ်တောင်ကို ဗဟိုမဏ္ဍိုင်ပြု၍ စကြဝဠာတောင်ဝိုင်းကြီးအလိုက် ပတ်ပတ်လည်ဝိုင်းလျက် အဟုန်ပြင်းစွာ လက်ျာရစ်လှည့်ပတ်နေသော လေပွေစက်ဝိုင်းကြီးကြောင့် စကြဝဠာ(ကမ္ဘာ) တို့သည် လှည့်ပတ်နေရပါသည်။

(ဤကမ္ဘာပြန်တည် (ဝိဝဋ္ဋကပ်)တွင် အလွန်အေးမြသော လေတို့တွေ့ထိမှုကြောင့် ကမ္ဘာမိုး၊ ကမ္ဘာရေတို့ အခဲအပြင်များဖြစ်ကုန်ကြသည်ဟု ဆိုရာဝယ် ယနေ့ခေတ်၌ ဇမ္ဗူဒီပါကျွန်း၏မြောက်အရပ် ရပ်ရှားစသော ဒေသများ၊ အာတိတ်စက်ဝိုင်းဒေသ၊ အန္တာတိတ်စက်ဝိုင်းဒေသများ၌ အေးမြသောလေတို့ တွေ့ထိမှုကြောင့် သမုဒ္ဒရာပင်လယ်ရေနယ်တစ်ခွင် ရေခဲပြင်များဖြစ်နေသော သာဓကများ ရှိနေပါသည်။)

ကမ္ဘာရေပြင် ကမ္ဘာရေခဲတို့မှာကား သံဝဋ္ဋဌာယီ(ကမ္ဘာပျက်အတိုင်းတည်၊ နောက်ပိုင်းမှစ၍ကမ္ဘာပြန်တည်(ဝိဝဋ္ဋကပ်) ပတ်လုံးနေပူ လေပူဟူ၍မထိတွေ့ရသဖြင့် အရည်ဖြစ်ရန်ဝေးပြီး ခက်မာသည်ထက် ခက်မာလာကြသော သဘောရှိနေကြပါသည်။

ကမ္ဘာသစ်တည်ဆောက်ဖြစ်ပေါ်လာပုံ

လေကြောင့်ပျက်စီးသွားသော ပြဟ္မာဘုံများ၏တည်ရာအရပ်မှ ရေအလျဉ်များ တဖြည်းဖြည်းလျော့ကျလာပြီးနောက် ပျက်စီးသောပြဟ္မာဘုံများ ပြန်လည်တည်ထောင်ဖြစ်ပေါ်လာပါသည်။

ပြဟ္မာဘုံများသည် ပျက်သည့်အခါ နောက်ကျပြီးမှပျက်ပြီး တည်သည့်အခါတွင် ရှေးဦးစွာ ဖြစ်တည်ကြပါသည်။

ထို့နောက် အထက်နတ်ဘုံလေးထပ်ဖြစ်သော ပရနိမ္မိတဝသဝတ္တီ၊ နိမ္မာနရတိ၊ ယာမာ၊ တုသိတာ နတ်ဘုံများတည်လာပါသည်။ အထက်နတ်ဘုံ၊ ဗြဟ္မာဘုံများသည်ကား နောင်ရောက်လာမည့်ကံနှင့်မကင်းသော ဥတုဇရုပ်များသာဖြစ်ပါသည်။

တာဝတိံသာနှင့် စတုမဟာရာဇ်နတ်ပြည်နှစ်ထပ်မှာမူ မြင်းမိုရ်တောင်မြေနှင့်ဆက်စပ်နေသောကြောင့် မြင်းမိုရ်တောင်တည်သောအခါ အတူပါလာမည်ဖြစ်ပါသည်။

တဖြည်းဖြည်း ရေအလျဉ်လျော့ကျ၍ ရှေးရှေးက မြေကြီးတည်ရာအရပ်သို့ရောက်သော်အလွန်အားကောင်းသောလေအဟုန်ကြီးဖြစ်ပေါ်လာသည်။ ဓမ္မကရိုဏ်းရေစစ်၏အထက်ပေါက်ကို ပိတ်ထားသည့်အခါ ရေစစ်အတွင်းရှိလေများက ရေများကို ပိတ်ဆို့ချုပ်ထားသကဲ့သို့ ထို့အတူ လေအဟုန်က ချုပ်ထားသဖြင့် အောက်သို့လျောမကျစေဘဲ ရေပြန်ပြီးရပ်တန့်နေလေရာ အတန်ကြာသော် ရသပထဝီဟုခေါ်သော မြေဆီအဖြစ်သို့ ရောက်လေသည်။

ထိုရသပထဝီမြေအဆီသည် နို့ရည်အထက်၌တက်သော မလိုင်ကဲ့သို့ကြိုင်လှိုင်မွှေးချိုဆိမ့်သော အရသာရှိသည်။

ဤမျှအစဉ်ဖြင့် ကမ္ဘာသစ်တည်ထောင်မိသော်လည်း နေ - လ နက္ခတ်တို့ မစုံသေးရကား ကမ္ဘာတည်ခြင်းကိစ္စ မပြီးပြတ်သေးပါ။

ရသပထဝီမြေပေါ်ပေါက်ပြီးနောက် စကြဝဠာပျက်စဉ်က မပါခဲ့သော အထက်ဗြဟ္မာဘုံမှဗြဟ္မာအချို့သည်ကံအရှိန်ကုန်၍သော်လည်းကောင်း၊ သက်တမ်းစေ့၍သော်လည်းကောင်း၊ သေလွန်၍အောက် အောက်ဗြဟ္မာဘုံ၊ နတ်ဘုံသို့ရောက်ကြလေရာ အချို့မှာလူပြည်၌ ပဋိသန္ဓေတည်မိကြလေသည်။

ဗြဟ္မာပြည်မှ စုတေ၍ လူ့ပြည်မှာ လူလာဖြစ်ကြရသည်ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ဗြဟ္မာကိုယ်တိုင်ဆင်းလာကြသည်မဟုတ်ပါ။ လူ့ပြည်၌လူသားများမရှိသေးသောကြောင့်ရှေးဦးလူများ ပဋိသန္ဓေတည်သည်မှာ ဗြဟ္မာများအသွင်ဖြင့် ရောက်ရှိလာကြသည်ဟုဆိုပါသည်။

ထို့ကြောင့် ဗုဒ္ဓ၏အဘိဓမ္မာ ပဋိသန္ဓေ(၄)မျိုးဟူသော ဂဗ္ဘသေယျက၊ သံသေဒဇ၊ ဩပပါတိက၊ ဇလာဗုဇပဋိသန္ဓေ(၄)မျိုး၌ ဩပပါတိက ပဋိသန္ဓေသတ္တဝါဖြစ်မှု၌ ဘဝဟောင်းချုပ်ငြိမ်းပြီးသည်နှင့် တစ်ပြိုင်နက်တည်း ဘွားခနဲပေါ်လာသကဲ့သို့ ခန္ဓာကိုယ်အထင်အရှားဖြစ်သော သတ္တဝါသည် ဩပပါတိက ပဋိသန္ဓေမည်၏။ ကမ္ဘာဦးလူသား၊ နတ်၊ ဗြဟ္မာများ အချို့သော ပြိတ္တာများ၊ ငရဲသားများစသည်တို့သည် ဩပပါတိကပဋိသန္ဓေနေသော သတ္တဝါများဖြစ်ကြသည်ဟု ဟောထားသည်ကို တွေ့ရပါမည်။

ကမ္ဘာဦးဗြဟ္မာပြည်မှ စုတေလာကြသော လူသားများသည် တန်ခိုးဣဒ္ဓိပါဒ်များရှိနေပြည့်စုံနေသေးသဖြင့်လည်းကောင်း၊ ဗြဟ္မာစိတ် အထုံအရင်းခံ ပါလာသောကြောင့်လည်း

ကောင်း၊ ကာမစိတ်ကိုအားပေးသော ဣတ္ထိယဘာဝ၊ ပုရိသဘာဝရုပ်တို့ မပါရှိကြပေ။ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာဖြင့် ကောင်းကင်မှာပင် သွားလာနေကြပါသည်။

မည်သည့်အစားအသောက်ကိုမျှမစားဘဲ နှစ်သက်မှုပီတိတို့ကို အားပြုကာ ပြဟ္မာသွေး ပြဟ္မာဟန်ဖြင့်သာ အတန်ကြာအောင် နေထိုင်လာခဲ့ကြသည်။

လူသားစစ်စစ် စတင်ဖြစ်ပေါ်လာပုံ

ထိုကဲ့သို့ ကမ္ဘာဦးလူသားတို့ ပြဟ္မာအသွင်တန်ခိုးဖြင့် နေထိုင်လာခဲ့ကြရာမှ တစ်ဦးသောသူသည် ရသာပထဝီမြေဆီကို ကြည့်ပြီး...

"အဆင်း၊ အနံ့ကမူ အလွန်ပင် သင်းပျံ့မွှေးကြိုင်လှသည်။ မည်ကဲ့သို့သော အရသာရှိပါလိမ့်"

ဟုဆိုပြီး လက်ဖြင့်တို့ယူပြီး စားသောက်ကြည့်ရာ ထူးကဲသော အရသာခံစားရပြီး ဆန္ဒကိုမတားဆီးနိုင်ဘဲ ထပ်ကာထပ်ကာ ယူငင်စားသုံးသကဲ့သို့ အခြားသူများကိုလည်း စားသုံးရန် တိုက်တွန်းနှိုးဆော်ရာမှ အခြားသူများသည်လည်း အားကျနှစ်သက်လာကြကာ ထမင်းလုတ်ကဲ့သို့ ဆုပ်၍ဆုပ်၍ စားမိကြလေသည်။

ထိုအခါ တဏှာပူလောင်လှသည်အတွက် ကိုယ်ရောင်များ ကွယ်ပျောက်ကြပြီး အမှောင်တိုက်ကြီးဖြစ်သွားကြကာ အမှောင်တိုက်ကြီးထဲ၌ နေကြရလေသည်။

ထိုသို့ အမှောင်တိုက်ကြီးကျလာသောအခါ ကမ္ဘာဦးလူသားတို့ အလွန်ကြောက်ရွံ့ထိတ်လန့်ကြသည်။ အလင်းရောင်တစ်ခုခုရလျှင် ကောင်းမည်ဟု တမ်းတကြသည်။

ထိုအခါ ယူဇနာ - ၅၀ - ခန့်ရှိသော အရောင်အဝန်းကြီးသည် အရှေ့လောကဓာတ်မှ ပေါ်ထွက်လာခဲ့သည်။ ထိုထွက်လာသော အလင်းရောင်ဝန်းကြီးသည် ကမ္ဘာဦးလူသားတို့ကို ကြောက်ရွံ့ခြင်းမှကင်းပြီး ရဲရင့်စေသောကြောင့် သူရိယ - ဟူ၍ အမည်ပေးခဲ့ကြသည်။

ထိုသူရိယ(နေ) ကြီးသည် ကမ္ဘာလေထုအတွင်း လှည့်ပတ်ရာ နေလုံးကြီးကွယ်ပျောက်သွား၍ အမှောင်ထုပြန်ဖြစ်ပေါ်လာပြန်ရာ ကမ္ဘာဦးလူသားတို့သည်...

"ယခင် သူရိယလို အလင်းရောင်တစ်ခုခု ပေါ်ပေါက်လာရပါက ကောင်းလေစွ"

ဟု စိတ်အလိုဆန္ဒများ ဖြစ်ပေါ်လာကြသည်။

လူသားတို့၏ အလိုဆန္ဒနှင့်အညီ ၄၉ ယူဇနာရှိသော အရောင်ဝန်းကြီးတစ်ခု ထွက်ပေါ်လာခဲ့ပြန်သည်။ ကမ္ဘာဦးလူသားတို့၏ဆန္ဒအတိုင်း ဖြစ်ပေါ်လာသောကြောင့် ဆန္ဒ၊ ဆန္ဒဟု

ခေါ်ခဲ့ကြသည်။ ကာလရှည်ကြာသော် လဝန်း၏အလင်းရောင်ကလည်း အေးမြသောကြောင့် စန္ဒ - စန္ဒဟူ၍ ပြောင်းလဲခေါ်လာခဲ့ကြသည်။

ကမ္ဘာပြုမိုးကြီးရွာပြီး ကမ္ဘာသစ်အဆောက်အအုံများ ပြည့်စုံပြီး နေ. လ. နက္ခတ် တာရာတို့ လှည့်ပတ်သွားလာရာကာလသည် တပေါင်းလပြည့်နေ့ဟု သတ်မှတ်ကြသည်။

ဤကမ္ဘာသစ်တည်ဆောက် ဖြစ်ပေါ်ရာတွင် ...

- မြင့်မောက်နေသည့်တောင်ဟု ခေါ်ဆိုအပ်သော အရပ်သည်လည်းကောင်း၊
- နိမ့်ဆင်းသဖြင့် သမုဒ္ဒရာ၊ မြစ် - အိုင်ဟုခေါ်ဆိုအပ်သော အရပ်သည်လည်း ကောင်း၊
- မနိမ့် - မမြင့် အဆင်သင့် မြေပြင်အရပ်သည်လည်းကောင်း တပေါင်းလပြည့် နေ့၌ ထင်ရှားဖြစ်လာပါသည်။

ဤစကြဝဠာ(ကမ္ဘာ)လောကကြီးသည် ကျောက်တောင်ကြီးတစ်ခုပမာ အခွန့်ရှည်စွာ တည်နေသည်ကို ကမ္ဘာသစ်တည်ပြီးနောက် ဆက်လက်တည်နေသောကာလ(ဝိဝဋ္ဋဋ္ဌာယီ) ကပ်ဟုခေါ်ပါသည်။

ဤကမ္ဘာရွှံ့မြေကြီးသည် အန္တရကပ် - တစ်ကပ်အတွင်း၌ တစ်ယူဇနာတက်မြဲဖြစ် သည်ဟု အနမတဂ္ဂသံယုတ်၊ ဝေပုလ္လသုတ်တို့၌ ဗုဒ္ဓကဟောထားသည်ကို တွေ့ရပါသည်။

တက္ကသိုလ်သျှင်သိရိ
မဟာသဒ္ဓမ္မဇောတိကဓဇ
(ဓမ္မာစရိယ - ဘီ.အေ)

ကျမ်းကိုးစာရင်း

၁။	သီလက္ခန္ဓပါဠိ + အဋ္ဌကထာ + ဋီကာ	
၂။	ပါရာဇိကပါဠိ + အဋ္ဌကထာ + ဋီကာ	
၃။	ဓမ္မသင်္ဂဏီပါဠိ	
၄။	အဋ္ဌသာလိနီအဋ္ဌကထာ	
၅။	ပါထိကဝဂ်ပါဠိ + အဋ္ဌကထာ + ဋီကာ	
၆။	မဟာဝဂ္ဂပါဠိ + အဋ္ဌကထာ + ဋီကာ	
၇။	မူလပဏ္ဏာသပါဠိ + အဋ္ဌကထာ	
၈။	မဇ္ဈိမပဏ္ဏာသပါဠိ + အဋ္ဌကထာ	
၉။	ဥပရိပဏ္ဏာသပါဠိ + အဋ္ဌကထာ	
၁၀။	အင်္ဂုတ္တိုရ်ပါဠိ + အဋ္ဌကထာ	
၁၁။	မဟာဝံသပါဠိ + အဋ္ဌကထာ	
၁၂။	ဝိသုဒ္ဓိမဂ်ပါဠိ + အဋ္ဌကထာ	
၁၃။	အဘိဓမ္မတ္ထသင်္ဂဟ	အရှင်အနုရုဒ္ဓါမထေရ်
၁၄။	အဘိဓမ္မာဝိဘာဝနီဋီကာ	အရှင်သုမင်္ဂလမထေရ်
၁၅။	ပရမတ္ထဒီပနီ	လယ်တီဆရာတော်
၁၆။	ပဏ္ဍိတဝေဒနီယဒီပနီကျမ်း	ဦးတိလောက(သေကျွတောင်)
၁၇။	သင်္ဂြိုဟ်ဘာသာဋီကာ	အရှင်ဇနကာဘိဝံသ
၁၈။	မယ်လမုအဘိဓမ္မာပို့ချချက်	ဦးကိုကိုမြိုင်
၁၉။	ဗုဒ္ဓနိုင်ငံတော်	အရှင်သံဝရ
၁။	မြန်မာ့စွယ်စုံကျမ်း	
၂။	ရုပ်စုံအခြေခံသမိုင်း	ဦးန
၃။	နက်နဲလှစွာ စကြာဝဠာ	ဘုန်းကြည်(ပေါင်းတည်)
၄။	စကြာဝဠာနှင့်သံသရာ	ဗိုလ်လုံ
၅။	မကြံ့အပ်ရာဤလေးဖြာ	ဗိုလ်လုံ

ဆုပြည့်စုံထွန်းစာပေ



စာမူခွင့်ပြုချက်အမှတ် - ၆၀၀၂၁၁၀၁၂
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၃၆၁၀၅၁၂

တက္ကသိုလ်သျှင်သီရိ (မဟာစရိယ၊ ဘီအေ) ၏

အုပ် ၁၀၀ မြောက် စာအုပ်

သိပ္ပံပညာရှင်များ မသိမြင်သေးသော ဗုဒ္ဓ၏ ရုပ်နာမ်သဘာဝအမြင်များ

အမှတ် - ၅၀၈/၅၁၂(၂-၁)၊ (ပထမထပ်)၊ ကုန်သည်လမ်း(ဆိပ်ကမ်းသာလမ်းထောင့်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၁၈၁၁၆၆၄၊ ၁၈၆၈၁၁။

ဗုဒ္ဓဂေါတမ၏ အနန္တစကြာဝဠာ
နှင့်
သိပ္ပံ၏ အနန္တစကြာဝဠာ အမြင်များ

တက္ကသိုလ် သျှင်သီရိ
(ဓမ္မာစရိယ၊ ဘီအေ)